# မိုးစက်ပွင့်

ကပ်ခြောင်းသော် နှင်းတွေ
တစ်ခါဝေဝေဆိုင်းမှာ



## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၃၂၀၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၃၅၂၀၁၁
ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၁၂ ဧပြီလ။
ထုတ်ဝေသူ - ဦးအေးလွင်(၀၄၁၅၂)
ရွှေဥစာပေတိုက်
တိုက် ၄၊ အခန်း ၁၀၊
ပြည်တော်သစ်ရိပ်သာ၊
ပုဇွန်တောင်၊ ရန်ကုန်မြို့
မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၇၂၁၀)
အတွင်းပုံနှိပ်သူ - ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်
ဖြန့်ချေး - ၁၀၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

၈၉၅.၈၃
မိုးစက်ပွင့်
တစ်ဆောင်းသစ် နှင်းတွေတစ်ခါဝေတိုင်း/ မိုးစက်ပွင့်။
- ရန်ကုန်၊ ရွှေဥစာပေ ၊ ၂၀၁၂ ။
၃၅၂ - စာ၊ ၁၂.၃ x ၁၈ စင်တီ။
(၁) တစ်ဆောင်းသစ် နှင်းတွေတစ်ခါဝေတိုင်း



**အခန်း ( ၁ )**

တစ်ဆောင်းသစ်
နှင်းတွေတစ်ခါဝေတိုင်းမှာ
ညွတ်ကိုင်းသွားတဲ့ နလုံးသားပင်စည်တစ်ခု
ကာရံဖို့ဆိုရတုနဲ့ လက်ဖျားသတ်ချင်ပေနဲ့
ငိုကြွေးခဲ့ဖူးတဲ့ ဒိုင်ယာရီဟောင်းက
စိတ်ထောင်းလို့ ကိုယ်ကြေ . . . တဲ့။

"ဖျောက် . . . ဖျောက် . . . ဖျောက်"
ဝဠာရှစ်ခွင် တိမ်မဲကိုမမြင်ပါဘဲ အရာအားလုံး မှိုင်း

ညှို့ရီပြာ ဘာဆိုဘာမှ မမြင်ရပေ။ တဖျောက်ဖျောက် မြည်နေခြင်းကသာ အာရုံကို လက်ဆစ်နှင့်ခေါက်နေသည့်နယ်။ မိုးရွာနေခြင်းမဟုတ်သော်ငြား သစ်ရွက်များမှာ စိုရွှဲခြင်းတို့ကြောင့် လက်ဖျားလေးတွေ အေးစက်နေပေပြီ။

ဦးဇေလင်းမောင်၏ ပါးပြင်ပေါ်သို့ မျက်ရည်တစ်ပွင့်က အထီးကျန်စွာ ထီးထီးမားမားကျလာလေသည်။ ဆောင်းသခင်က ကကြိုးဆင်လျက် အေးချမ်းစရာ စမ်းရေသာတစ်ခွက် ကမ်းပေမယ့် သူ့ရင်ထဲမှာတော့ နွေထက်သာလွန်နေသော နွေအလွန်ရဲ့တစ်နေ့ခင်း။ သူ့ပါးပြင်ပေါ်က မျက်ရည်တစ်ပေါက်ဟာ . . .

အရာတစ်ခုကို ဝမ်းနည်းတာကြောင့်လား

ဒုက္ခတဆိုတဲ့ဘဝကို စိတ်နာတာကြောင့်လား

ဒါမှမဟုတ်

အတိတ်မှာ ကြေကွဲလွမ်းဆွတ်ဖွယ်ရာတွေ ရှိခဲ့ဖူးလို့လား။

ဘာမှန်းမသိရပေမယ့် မချမ်းမြေ့တာတော့ မျက်ရည်တစ်ဖွင့်က မျက်မြင်သက်သေပဲလေ။

ဦးဇေလင်းမောင် အံကိုတင်းတင်းကြိတ်လျက် ဆွဲ





လက်စ ပန်းချီကားချပ်ကို တွန်းပစ်လိုက်ပြီး စုတ်တံကို လွှင့်ပစ်လိုက်တာ ဆေးခွက်တွေရောပါ အကုန်လုံး။

"ဝုန်း"

"ဒုန်း"

"ခွမ်း"

ထိုကျွသံ၊ ထိသံ၊ ကွဲသံတွေကြောင့် ပထမဦးဆုံး ပြေးထွက်လာသူက ဒေါ်ခင်လွန်းကြင်။ ဒေါ်ခင်လွန်းကြင်ဆိုတာ ဦးဇေလင်းမောင်၏ဇနီးပင်။ ရောက်လာသည်နှင့် မြင်လိုက်ရသည့်မြင်ကွင်းကြောင့် နှုတ်မှ အာမေဋိတ်သံပင် ထွက်နိုင်တော့။

"ကိုဇေ . . . ကိုဇေ . . . ဟင်"

ဘာဖြစ်လို့လဲဟင်လို့ မေးဖို့ပြင်ပြီးမှ ပတ်ဝန်းကျင်ကို မော့ကြည့်မိပြီး မေးဖို့ အားနာသွားရ၏။

"သက်ဆက် . . . သက်ဆက် ဘယ်ရောက်နေလဲ။ လာပါဦး"

ဒုတိယအပြေးရောက်လာသူက သက်ဆက်ဆိုတဲ့ မိန်းကလေး။

"ဘာဖြစ်လို့လဲ ကြီးကြီးခင်"

"ကိုဇေ့ကို ဒီအပြင်ကို ဘယ်သူထုတ်ပေးတာလဲ"

"သက်ဆက်ပါ ကြီးကြီးခင်။ ဘဘက မနက်စော စော ပန်းချီဆွဲချင်စိတ်ပေါ်လာတယ်ဆိုလို့ပါ"

ဒေါ်ခင်လွန်းကြင် မသိမသာ သက်ပြင်းချမိ၏။ ဒီ ကလေးမလေးကို ဆူလည်းမဆူရက်ပါ။ ရောက်တာ မကြာ သေးဘူးဆိုတော့ ဒီအိမ်သားတွေ၏ အတွင်းရေးကို သူမ ဘယ်သိနိုင်ဦးမှာလဲ။

ခုလို နှင်းတွေ ဝေတိုင်း

သစ္စတ်ပန်းတွေ ပွင့်တိုင်း

ကိုဇေ့စိတ်တွေ မတည်ငြိမ်တာ သူမသာ သိပါ သည်။ ပြန့်ကျဲနေသောအရာတွေကို သက်ဆက် ရှင်းနေစဉ် သူမက ကိုဇေ့ဝှီးလ်ချဲကို တွန်း၍ အိမ်ထဲသို့ ပြန်ဝင်ခဲ့တော့ သည်။



## အခန်း ( ၂ )

"ခွန်အား"

"ပြော"

လှည့်မကြည့်ဘဲ ထူးတာကြောင့် သရ နည်းနည်း တော့ ရှိန်သွားသည်။ ဒါပေမယ့် . . .

"အဲဒီကောင်မလေးက ဘယ်သူလဲ"

ကော်ဖီလာချပေးပြီး ဘယ်သူ့ကိုမှ မော့မကြည့်ဘဲ လှည့်ထွက်သွားသော ရှာတီတ်မလေးကို သရ စိတ်ဝင်စား နေသည်။

"ဒယ်ဒီ့ကို ပြုစုဖို့ခေါ်ထားတာ"

"နှာမည်ကရော"

စပ်စုလှချေလားဆိုတဲ့အကြည့်ကြောင့် သရ ဟီး ခနဲ ရယ်ကာ . . .

"ဘာလုပ်မလို့လဲ"

"စိတ်ဝင်စားလို့"

"ကျောင်းတုန်းက အကျင့်မပျောက်ပါလား"

"ဒီတစ်ခါ တကယ်ကြွေတာကွ၊ မင်းရော ဒီလောက် မြင်တွေ့နေရတာ နည်းနည်းလေးမှ စိတ်မဝင်စားဘူးလား"

"မဝင်စားဘူး"

သရ ခေါင်းတခါခါဖြစ်ရချေ၏။ အသားလေးတွေက ထိလိုက်ရင် ပွန်းပဲ့သွားမလားထင်ရလောက်အောင် ဝင်းမွတ်နေပြီး မျက်ဝန်းတောက်တောက်ကလေးမှာ တောညွတ်နေသော မျက်တောင်လေးတွေက မရဲတရဲမော့ကြည့်လိုက်တော့ တစ်ဖက်လူရင်ကို သုံးဆယ့်ခုနစ်မင်း တစ်မင်းမကျန် ဝင်ရောက်ပူးကပ်စေသည်။ ပြီးတော့ လုံးပြီးစင်းနေသော နှာတံအောက်က ထူပြည့်ပြည့် နှုတ်ခမ်းလေး၊ ဒီလောက်ရက်ရက်စက်စက်လှသည့် မိန်းကလေးကို စိတ်





မဝင်စားဘူးဆိုတဲ့ မောင်မင်းကြီးသားကို ကျောက်တုံးကြီးဟုဘူနဲ့ထုကြည့်လိုက်ချင်သည်။

"မင်းကိုတော့ ငါ တကယ် အံ့သြတယ်"

"ဘာကိုလဲ"

"လောကမှာ မင်းစိတ်ဝင်စားတဲ့မိန်းမ ရှိသေးရဲ့လားလို့၊ အသက်ပဲ အစိတ်ကျော်လို့ သုံးဆယ်ဘက်ကို လျှောက်နေပြီ၊ ခုထိ အမြီးမပေါက်သေးဘူး"

"အမြီးပေါက်ရအောင် ငါက တိရစ္ဆာန်မှ မဟုတ်ဘာ"

စကားပြောနေပေမယ့် ခွန်အား ကွမ္ပျူတာနှင့်ပတ်သက်သည့် စာရင်းဇယားတွေ အကြည့်မပျက်။

"ဒါနဲ့ လုပ်စမ်းပါဦး၊ အဲဒီရှာတိတ်အကြောင်း"

ခွန်အား စိတ်မရှည်သလို ကျောဆန့်ရင်း ပေါင်ပေါ်သို့လက်ထောက်ကာပင် . . .

"နှာမည်က သက်ဆက်ရှင်၊ အသက် ဆယ့်ရှစ်၊ အဖေမရှိ အမေကို လုပ်ကျွေးနေတဲ့သူ၊ ကဲ . . . ဘာသိချင်သေးလဲ"

"ရပါပြီ၊ ဒါပေမယ့် နှာမည်က ဘယ်လို"

"သက်ဆက်ရှင် . . . သက်ဆက်ရှင်"

"လာပါပြီ ကိုကိုကြီး"

ခွန်အား စိတ်မရှည်စွာ နှစ်ခွန်းဆင့် ခေါ်ပြလိုက်တာကို သက်ဆက် ကြားသွားသည် ထင်၏။ အူရားဖားယား ပြေးတော့မလိုနှင့် ဝင်လာသည်။ ပြီး သူ့ရှေ့မှာ ခပ်ရိုရိုလေး ရပ်ပြီး ခေါင်းငုံ့နေရာသို့ မျက်မှောင်ကြုတ်၍ မော့ကြည့်လိုက်ရင်း . . .

"ဘာရပ်လုပ်နေတာလဲ"

"ရှင် . . . ဟို . . . ကိုကိုကြီးခေါ်သလားလို့"

"ဘယ်သူလဲခေါ်လို့လဲ။ သွား . . . ငါ့ရှေ့မှာ လတ်ယား လတ်ယား လာမလုပ်နဲ့။ မျက်စိနောက်တယ်"

"ဟုတ်"

သက်ဆက် သူ့ရှေ့မှ ခပ်သုတ်သုတ်ကလေး ထွက်သွားလေသည်။

"မင်းကလည်း ဆရာကြီးလေသံနဲ့"

"မင်းလို သွားကြီးဖြဲပြမနေနိုင်ဘူး"

"အဟွန်း . . . နာမည်က သက်ဆက်ရှင်တဲ့ ထူးဆန်းတယ်နော်။ သူ့ကြောင့် ဘယ်သူက အသက်ဆက်ရှင်ခဲ့





တာလဲ မသိဘူး"

"သရ"

ခွန်အားလေသံက မာဆတ်ဆတ်။ သရ ပါးစပ်ပိတ်ထားရတော့၏။

"မင်းအလုပ်ရော လုပ်ဖြစ်အုံးမှာလား"

"လုပ်မှာပါကွ"

ပြောရင်း ဗိုင်ကို ဖွင့်လိုက်၏။ ခွန်အားဆိုတဲ့ကောင်က မိန်းကလေးတွေနှင့် ပတ်သက်လာရင် အဲဒီလိုဇီဇာကြောင်တဲ့ကောင်မျိုးပါ။ ကျောင်းတုန်းကဆို . . .

"ခွန်အား . . . ဟိုကောင်မလေး လန်းတယ်ကွ"

လို့ သူငယ်ချင်းတွေက လက်ကုပ်ပြလျှင် တစ်ချက်သာ မော့ကြည့်ပြီး . . .

"ရေချိုးလာလို့ လန်းတာပေါ့"

ဟုပြောပြီး ချက်ချင်း မျက်လွှာပြန်ချပစ်တတ်သူ။ ကောင်မလေးတွေက ပြောကြသည်။ ကင်းဆိုတဲ့ကောင်တောင် ခွန်အားလောက်ဆွဲဆောင်မှု မရှိဘူးတဲ့။ မှုန်နေအောင် ချောတာမျိုးမဟုတ်ဘဲ ဘာပဲဝတ်ဝတ် ကြည့်ကောင်းနေတတ်တာနဲ့ မိန်းကလေးတွေကို ဂရုမစိုက်တတ်

တာကိုက လူအများ၏ အာရုံကို စုစည်းသိမ်းပိုက်နိုင်သော စွမ်းအားတစ်ခု။ ရှင်းလင်းသုတ်သင်ထားသော နွတ်ခမ်းမွေးရာ စိမ်းစိမ်းလေးတွေကပဲ ယောကျ်ားပီသမှုကို ထောက်ခံစာ ဖြည့်ထားပေးပြန်သတဲ့။

"သရ"

"ဟင်"

"ငါ့ကိုငေးနေရအောင် ဘာလဲ ငါက နေတိုးနဲ့တူနေလို့လား"

"မဟုတ်ဘူး . . . ရေမချိုးဘူးလားလို့"

ခွန်းအား ပြုံးစိစိဖြစ်သွားရသည်။ သရ ဆိုတဲ့ကောင်က ဒီလိုပဲ အစအနောက်သန်သူပင်။ အကျီစားသန်က ရန်များ၏ဆိုသလို အစလွန်လို့ ပြဿနာတက်ရတာလည်း ခဏ ခဏ။ အဆိုးဆုံးက ပျော်ဘွယ်ဆိုတဲ့ကောင်။ ပြဿနာကို သူကစရှာပြီး ဖြစ်လာပြီဆို သူပဲကြောက်တတ်တာမို့ ကျန်တဲ့သူတွေကပဲ ဖြေရှင်းပေးရတတ်၏။ လူသဲဆိုပြီး မိဘတွေက ခြေငြိမ်သွားအောင် ကျောင်းပြီးတာနှင့် လက်ထပ်ပေးလိုက်ကြသည်။ သရသာ သူနှင့်အတူ စီးပွားရေး သောင်းကျန်းရင်း အိမ်ထောင်မပြုဖြစ်သေးတာ။



"သား"

"ဪ . . . မာမီ"

"ခုည သရ ဒီမှာအိပ်မှာလား"

"ဟုတ်တယ် မာမီ။ သားတို့ အလုပ်ကိစ္စ အရေးကြီးနေလို့ နောက်ထပ်စီမံကိန်းတွေအတွက် သူနဲ့ကျွန်တော် ဆွေးနွေးစရာရှိတယ်"

"ဟုတ်လား . . . ဒါဆို မာမီ လက်ဖက်သုပ်ပို့နိုင်းလိုက်မယ်။ အိပ်ချင်ပြေပေါ့"

ခေါင်းညိတ်ပြလိုက်သည်နှင့် မာမီက အလိုက်တသိ ထွက်ခွာသွားလေတော့၏။

## အခန်း ( ၃ )

ဒီနေ့ ဘဘမျက်နှာ ကြည်လင်နေသဖြင့် သက်ဆက်လည်း ပျော်နေမိသည်။ ဘဘမျက်နှာညှိုးနေပြီဆို သက်ဆက် ငိုချင်မိတာအမှန်။ ကြီးကြီးခင်က ပြောသည်။ ဘဘကို ပြုစုဖို့ငှားတဲ့ မိန်းကလေး သက်ဆက်နဲ့ဆို လေးယောက်ရှိပြီတဲ့။ သက်ဆက်ကိုကျမှ ဘဘက လိုလိုလားလား လက်ခံပါသတဲ့။ မြီးခဲ့တဲ့ သုံးယောက်တုန်းက ဘဘ အော်ဟစ်အော်လွှတ်လို့ ကြောက်ပြီးပြန်ပြေးကြတာတဲ့။ သက်ဆက်လည်း ဘဘကို ကိုယ့်အဖေရင်းတစ်ယောက်လို





ခင်မင်တွယ်တာခဲ့သည်။ ထို့ကြောင့် ဖခင်မေတ္တာငတ်ခဲ့ရသော သက်ဆက် ဘဘကို အဖေလိုသဘောထားပြီး ကိုယ်ဒိ ရင်ဖိပြုစုနေတာ။

"သက်ဆက်"

"ရှင် . . . ဘဘ"

"ညည်း . . . ကတ်ကြေးကိုက်လုပ်တတ်လား"

သက်ဆက် ဘဘရဲ့ခြေသလုံးတွေကို နှိပ်ပေးနေခင်းက ဖက်ကလေးမော့သွားသည်။

"လုပ်တတ်ပါတယ် ဘဘ။ ဘဘ စားချင်လို့လား။ သက်ဆက်လုပ်ကျွေးမယ်လေ"

"အင်း . . . ကောင်းတာပေါ့။ လုပ်ကျွေးလေ။ ခုနှိပ်ရတာ ညောင်းနေပြီလား"

"မညောင်းပါဘူး ဘဘ။ ဘဘ စိတ်ချမ်းသာရင် သမီးလည်း ပျော်တယ်။ ဘဘကို နေကောင်းစေချင်ပါပြီ"

ဦးဇေလင်းမောင် အပြုံးနှင့်ပင် သက်ဆက် ခေါင်းကို ပုတ်လိုက်၏။

"သွား . . . သွားတော့ အခြားလုပ်စရာရှိတာ သွားလုပ်တော့နော်"

"ဟုတ်ကဲ့"

သက်ဆက် ဦးဇေလင်းမောင်ကို ပြတင်းပေါက်နားသို့ ဝိုးချလ်တွန်းပို့ခဲ့ပြီး ပြတင်းတံခါးကို ဖွင့်ပေးထားခဲ့သည်။ ပြီး မီးဖိုဘက်သို့ ဒေါ်ကြီးစုကို ကူရန်ဝင်လာခိုက် . . .

"သက်ဆက်လေး"

"ရှင်"

"အိမ်မှာ သကြားကုန်နေပြီ။ သွားဝယ်ပေးပါဦး"

"ဟုတ်ကဲ့"

ဒေါ်ကြီးစုထုတ်ပေးသော ပိုက်ဆံကို လက်ထဲတွင်အုပ်၍ ထွက်လာခဲ့သည်။ ဘာပဲလုပ်လုပ် သွက်သွက်လက်လက်ရှိလှသော သက်ဆက်ခြေလှမ်းတွေက ခဏနှင့် မြို့ကို ရောက်လာခိုက် . . .

"ဒီမှာ"

"ဟင်"

ဘယ်သူ့ကိုခေါ်မှန်းမသိသော်လည်း သက်ဆက်လှည့်ကြည့်လိုက်သည်။ ဘယ်သူ့ကိုခေါ်သလဲဟု ဘေးဘီကို ဝေ့ကြည့်လိုက်သေးတော့ သူမကလွဲရင် အနီးအနားမှာ ဘယ်သူမှမရှိ။





"နင့်ကိုခေါ်နေတာ"

"ဘာလဲ"

သက်ဆက် ခပ်မာမာပင် ပြန်ထူးလိုက်သည်။

"မယဉ်ကျေးလိုက်တာ"

"နင်ကရော ယဉ်ကျေးလို့လား"

"ငါက နင့် ငါ့ထက်မကြီးလောက်ဘူးထင်လို့"

သက်ဆက် မျက်စောင်းထိုးလိုက်သည်။ ရုပ်ကိုကမှုန်ကုပ်ကုပ်နဲ့။ သက်ဆက်ကိုများ သူ့သမီးကျနေတာပဲ။ နင်လား ငါလားနဲ့ အော်ပေါက်နေတာ သူက ဘာလဲ။ သူကလည်း သက်ဆက်ကို ခြေဆုံးခေါင်းဆုံး နှစ်ခါကြည့်ကာ . . .

"နင်က ဘာလဲ"

"လူလေ။ နင် မမြင်ဘူးလား"

"ဟ . . . လူမှန်းတော့ သိတာပေါ့။ ဒီအိမ်နဲ့ ဘယ်လိုပတ်သက်နေလဲလို့ မေးတာ"

"နင်မေးတိုင်းဖြေရအောင် ငါ နင့်ဆီမှာ ဘာအလုပ်မှ လျှောက်မထားဘူး"

"တောက် . . . ကွာ"

သူက စိတ်တိုသွားဟန်နှင့် တောက်ခေါက်လာ

သဖြင့် သက်ဆက် နှုတ်ခမ်းကို ဖိကိုက်ထားလိုက်သည်။ ရွယ်တူချင်းဆို ဩဇာပေးတာတို့ အမိန့်ပေးတာတို့ သက်ဆက် လက်မခံ။ သူက ချိုချိုသာသာပြောရင်တော့ တစ်မျိုးပေါ့။

"ဒီအိမ်က ဒေါ်ခင်လွန်းကြင်ရှိလား"

"မရှိဘူး"

မှတ်ကရော။ မရှိဘူးပြောလို့ မြန်မြန်ပြန်သွားတော့ အေးတာပေါ့။

"ဘယ်သွားလဲ"

"မသိဘူး"

"ဟာ"

သက်ဆက် တမင်မျက်နှာလွှဲထားလိုက်သည်။ မြင်မြင်ချင်း ပုံစံကိုက ဆောက်နဲ့ထွင်းပစ်ချင်စရာ။ နှုတ်ခမ်းကိုက ကြက်တူရွေးလို ယောက်ျားတန်မဲ့ နှုတ်သီးကောင်းမယ့်ရုပ်။

"ဘူးတစ်လုံးဆောင် အိုတောင်မဆင်းရဲဘူးလို့ မင်း ထင်နေတာလား။ ဒါဆို မှားမယ်နော်။ ငါ့ကို ဘူးဆောင်ရင် မင်းအလုပ်ပြုတ်သွားမယ်။ နားလည်လား"

သိင်္ဂယာဇဥ်-



"ဘာ"

သူက ဘာကောင်မို့ သက်ဆက်ကို အလုပ်ဖြုတ်မှာလဲ။ သက်ဆက် နှာခေါင်းရှုံ့၍ လှည့်ထွက်ခဲ့စဉ် . . .

"ဟေ့ ‥ . နေဦးလေ"

". . ."

"ပြောနေတာ မကြားဘူးလား"

သူ့စကားကို မကြားကျိုးနွံပြုသွားတဲ့ ကောင်မလေး၏ ကျောပြင်ကို ကျောက်ခဲကြီးကြီးနဲ့သာ ပစ်ပေါက်လိုက်ချင်တော့၏။

"ဘယ်လိုဟာမလေးမှန်းမသိဘူး"

တစ်ဦးတည်း မကျေမချမ်း ရေရွတ်၍ ချထားသော အဝတ်အိတ်နှစ်လုံးကို ဘယ်တစ်လုံး ညာတစ်ထုပ် မနိုင်မနင်း ကောက်ယူလိုက်၏။ ကျောပေါ်မှာလည်း အိတ်တစ်လုံး။ မြဲတံခါးကလည်း အဆင်သင့်ပွင့်နေသည်မို့ ဝင်လာခဲ့တော့၏။

"ဘုတ်"

အိမ်ထဲရောက်သည်နှင့် လက်ထဲက အိတ်တွေကို ပစ်ချလိုက်၏။

"ဟဲ့ . . . ဒါက ဘယ်လိုဖြစ်လာတာလဲ"

"အိမ်ပေါ်က ဆင်းလာတာ"

"အလို"

တူတော်မောင်ကို မြင်မြင်ချင်းပဲ ဒေါ်ခင်လွန်းကြင် ရင်ဘတ်ဖိရပြီ။

"သျှမ်းရယ်"

"ဆူမလို့လား။ ကိုယ့်အထုပ်ကိုယ်ဆွဲပြီး ပြန်ခေါက်မှာနော်"

"အလိုလေးလေ . . . စကားတောင် လုံးပတ်မစေ့သေးဘူး။ ဒေါသက အရင်ပစ်သွင်းလာတာပဲ။ ပြန်ခေါက်ရင်နင် အိမ်ပြန်မှာမှ မဟုတ်တာ။ ဒီမှာပဲ နေသာသလိုနေပါ မောင်မင်းကြီးသားရယ်"

သျှမ်းသျှမ်းတောက်ဆိုတာ အဲဒီလိုကောင်စားမျိုးလေး။ ထစ်ခနဲဆို သူပဲ စိတ်တို၊ သူပဲ ဒေါသထွက်။

"ဘယ်လိုဖြစ်လာတယ်ဆိုတာတော့ မေးခွင့်ရှိပါတယ်နော်"

ငေါ့ပြီး သျှမ်းက ပေစောင်းစောင်းထိုင်လျက် . . .

"ထုံးစံအတိုင်းပဲပေါ့။ ခေါင်ကာမလုံဘဲနဲ့ တံစက်





မြိတ်ကို ထီးနဲ့မိုးချင်ကြတာ။ အဲဒါကြောင့် ကျွန်တော်က မုန်တိုင်းထန်ပစ်လိုက်တာ"

"ဖြစ်ရမယ်။ မင်းတို့ သားအဖကြားမှာ ငါ့ညီမက တော့ ဒုက္ခလှလှနဲ့ပေါ့"

"မာမီက နေတတ်ပါတယ်"

ဒေါ်ခင်လွန်းကြင် ဟင်းခနဲ သက်ပြင်းချလိုက်၏။ ညီအစ်မလေးနှစ်ယောက် ရှိပါတယ်။ တစ်ယောက်မှ လင်ရကံမကောင်းဘူး။ သူမကမှ သားလိမ္မာလို့ တော်သေး။ ခင်သွန်းကြင်ကတော့ သားလေးတစ်ယောက် မွေးထားပါတယ်။ မိုက်ရိုင်းတာလည်း မဟုတ်၊ လိမ်လည်း မလိမ္မာတော့ စိတ်ဆင်းရဲရှာပေမည်။

"ဒါနဲ့ ကြီးကြီးခင် အိမ်မှာမရှိဘူးဆို"

"ဘယ်သူကပြောလဲ"

သျှမ်း ခပ်လျှောလျှောမှီနေရာမှ ကိုယ်မတ်သွားလေ၏။ ဒါ ဟိုကောင်မလေး သူ့ကို သက်သက်ကြောသွားတာ။

"တောက်"

"ဒါက ဘာဖြစ်တာတုန်း"

"ကြီးကြီးခင်မရှိဘူးလို့ပြောတဲ့ ကောင်မလေးကို ဒေါ်သထွက်လို့"

ဒေါ်ခင်လွန်းကြင် ပြုံးမိသွားသည်။ သူ သက်ဆက်နဲ့ တွေ့လာတာပဲ ဖြစ်မယ်။

"မင်း သက်ဆက်နဲ့ တွေ့လာပြီထင်တယ်"

"ဘယ်သူ"

"သက်ဆက်ရှင်လေ။ မင်းရဲ့ဘဘကို ပြုစုနေတဲ့ ကောင်မလေး"

သျှမ်း သက်ဆက်ရှင်ဆိုတဲ့နာမည်ကြားပြီး ပရုံးတွန့်မိ၏။

"နာမည်ကလည်း မှည့်စရာရှားလို့၊ လူနာမည်ကို သက်ဆက်ရှင်ရယ်လို့။ တကယ်ဆို မြန်မာ့တိုင်းရင်းဆေး တံဆိပ်ဖြစ်ရမှာ"

"ဘာအတင်းပြောတာလဲ။ ယောကျ်ားဖြစ်ပြီး သိပ်စပ်စုတာပဲ"

မြန်းစားကြီး ဝင်လာသော သက်ဆက်ရှင်ကို မြင်လိုက်ရတော့ သျှမ်း အံ့သြသလိုကနေ နှုတ်ခမ်းမဲ့ပစ်လိုက်၏။





"အတင်းပြောတာမဟုတ်ဘူးဟေ့။ ထိုင်ပြီးပြောနေတာ"

"အတင်းမဟုတ်ရင် သူများအကြောင်းပြောနေတာ ဘယ်ပါးစပ်လဲ"

သျှမ်းက ဂရုမစိုက်သလို အဒေါ်ဖြစ်သူဘက်သို့ လှည့်၍ . . .

"ကြီးကြီးခင်တို့အိမ်က ခွေးမွေးစရာမလိုဘူးနော်"

"ဘာစကားပြောတာလဲ"

"နင် မကြားဘူးလား။ လူစကားပြောနေတာ"

"နင်"

သက်ဆက် ဒေါသဖြစ်ဖြစ်နှင့် သူ့ကိုပေါက်ရန် နီးဝပ်ရာက ဖန်ခွက်တစ်လုံးကို ဆွဲယူလိုက်စဉ် . . .

"ဩော် . . . ဟဲ့ . . . သက်ဆက် မလုပ်ရဘူးလေ။ အဲဒီဖန်ခွက် မနေ့ကမှ ဝယ်လာတာ"

"အမ်"

သက်ဆက် ခုမှပင် ကြီးကြီးခင်ကို သတိရ၍ အားနာစွာပင် . . .

"ဩော် . . . အင်း . . . ဟုတ်သားပဲ"

"အဲဒါပေါ့ . . . ပေါင်လွှန်းတဲ့ခွေး လူမလေးဆိုတာ။ မင်း သိပ်ပေါင်မနေနဲ့။ ငါက ခွေးပြီးဆေးစားထားတာ"

"နင်"

ပြောပြီး သူက ထသွားလေသဖြင့် သက်ဆက်မှာသာ။





## အခန်း (၄)

"သျှမ်း"

"ဗျာ"

ထူးပုံက အသက်မပါ။ ခွန်အားကိုတော့ သျှမ်းလန့်ပါသည်။ ကလန်ကဆန်မလုပ်ရဲတာ သူက စိတ်မထင်လျှင် မထင်သလို ဆွဲထိုးပစ်တာ။ အစ်ကိုဝမ်းကွဲဆိုပေမယ့် ဒယ်ဒီ့ထက် ပိုကြောက်နေရ၏။

"ဒီမှာနေမယ်ဆိုရင် မင်းအချိုးကိုပြင်"

"ကျွန်တော် ဘာလုပ်နေလို့လဲ"

"ဘာမှမလုပ်သေးပေမယ့် အလားအလာရှိလို့ ပြောတာ။ လောလောဆယ် မင်းရဲ့ခေါင်း ရှေ့စပ်က ဆံပင် ဖြူဖြူတွေ ဒီနေ့ပဲ အရောင်ပြောင်းပစ်။ မဟုတ်ရင် ငါ ကိုယ်တိုင် ဇာဂနာနဲ့ဆွဲနုတ်ပစ်မယ်"

သျှမ်း မသိမသာ နှုတ်ခမ်းစူသွားသည်။ ခုခေတ်မှာ ဘယ်လူငယ်ကများ ပင်ကိုဆံပင်ထားကြလို့လဲ သူသာ မင်းတုန်းမင်းခေတ်က လူကြီးလိုနေလို့ ခုထိ မိန်းမမရဘဲ လူပျိုကြီးဖြစ်နေတာ။

"ငါပြောတာ ကြားရဲ့လား"

"ဟုတ်"

"ဟုတ်ဆိုရင် ဟုတ်အောင်လုပ်။ ဘာလဲကွာ မြန်မာလူမျိုးဖြစ်ပြီး အမေရိကန်သားလိုလို ဂျပန်လိုလိုနဲ့"

မျက်မှန်ပေါ်ကနေ ဝဲကျပြီး နားရွက်ကို ဖုံးနေသော ဆံနွယ်တွေကို သျှမ်း ကိုင်ကြည့်လိုက်မိသည်။ သျှမ်းကို လူတိုင်းက ဒီဆံပင်ပုံလေးနဲ့ မိုက်တယ်ဟုဆိုကြတာ။ ခုတော့

"ကိုကိုကြီး"

"ဘာအထွန့်တက်ဦးမလို့လဲ"

ပြောမယ့်စကားကို ရှေ့ကပိတ်ထားတော့ ကုပ်ကို

မြူးဧသာ



သာ လက်နှင့်ပွတ်မိ၏။ ဒါပေမယ့် အရဲစွန့်ကာ . . .

"ဆံပင်ညှပ်ရဦးမှာလား။ ပြီးတော့ အဖြူရောင် ပျောက်ရင်ပြီးရောမို့လား"

"ဟုတ်တယ်။ အဖြူရောင်ပျောက်ရင်ပြီးရော။ အခြားအရောင်ပြောင်းရင်လည်း မသိမသာဘဲ ပြောင်း။ အရောင်ရင့်တာသုံးလာရင် ခေါင်းတုံးတုံးပစ်မယ်။ ညှပ်လည်း ညှပ်ရမယ်။ အမေမွေးတုန်းက အကောင်းသား။ ကြီးလာမှ မျက်စိကို ဆံပင်ထိုးမိပြီး ကန်းနေမှာစိုးလို့"

သျှမ်းမျက်နှာက ပုပ်သိုးသိုးနှင့် ထသွားလေလျှင် ခွန်အားပြုံးမိပါ၏။ ဒီလို ကြွပ်မတ်နေတာ သူ သျှမ်းကို မုန်းလို့မှ မဟုတ်တာ။ သျှမ်း တစ်ခုခုဖြစ်ပြီဆို ရှေ့ဆုံးက ရောက်သွားတတ်တာ သူပဲလေ။ အချုပ်တို့ ရဲစခန်းတို့ဆိုလည်း သျှမ်းနှင့်ပတ်သက်ပြီးမှ ရောက်ဖူးခဲ့ရတာ။

"သျှမ်း နေမကောင်းလို့"

လို့ အန်တီဖုန်းဆက်တာနှင့် ခွန်အား သျှမ်းဆီ ရောက်သွားပြီ။

"သျှမ်း ရန်ဖြစ်လို့ ဆေးရုံတင်ထားရတယ်"

ဆိုတော့လည်း ကိုယ့်အလုပ်ထားပြီး ရှေ့ဆုံးက

မြူးဧသာ

ရောက်သွားတာလည်း သူ။

"သျှမ်း အချုပ်ထဲရောက်နေလို့ လုပ်ပါဦး"

ဆိုပြီး အန်တီပြောလာတော့ အာမခံပြီး လိုက်ထုတ်ပေးရတာလည်း သူပါပဲ။

အဲဒီလောက်အထိ ချစ်ပေမယ့် တစ်ခါတလေ ဂျစ်ကန်ကန်နိုင်လွန်းလို့ လက်သီးနဲ့ နှစ်ချက်လောက်ထိုးပြီး ဆုံးမခဲ့ရတဲ့အခါတွေလည်း ရှိပါသေးသည်။

"သျှမ်းကို နိုင်မယ့်သူဆိုလို့ သားတစ်ယောက်ပဲရှိတာနော်။ သားပဲ သူ့ကိုထိန်းပေးတော့"

မာမီက အပြုံးလေးနှင့်ဝင်လာပြီး တူတော်မောင်ကို သူ့လက်ထဲသို့ ထိုးအပ်လေပြီ။

"သူက လူတစ်မျိုး မာမီရဲ့၊ မိုက်ရိုင်းတာလည်း မဟုတ်ဘူး။ စည်းကမ်းနဲ့အုပ်ချုပ်ရင်တော့ နာခံတတ်တာပဲ။ သိပ်မလိမ္မာတာက ပြုပြင်ရမှာပေါ့"

"မာမီကတော့ တာဝန်မယူရဲဘူးနော်"

ခွန်အား ပြုံးလိုက်သည်။ သျှမ်းကို သူ့ဒယ်ဒီ အန်ကယ်ထွန်းတောင် အရှော့ပေးထားခဲ့ပြီ။ ဒီလိုမနိုင်တာလည်း သျှမ်းအပြစ်မှမဟုတ်တာ။ အန်ကယ်ထွန်းကိုယ်တိုင်





က မိန်းမကိစ္စ ခြေရှုပ်တတ်သူမို့ သျှမ်း မိန်းကလေးတွေ ထည့်လဲတွဲတာကို မဆုံးမရဲတာ။ တစ်ခါတလေ . . .

"သျှမ်း . . . မင်း ဘယ်ကောင်မလေးနဲ့ တွဲနေပြန်ပြီဆို"

လို့ မေးလိုက်မိရင်တောင် သျှမ်းက ဘာပြန်ဖြေတယ်ထင်သလဲ။

"သားက အဖေ့ခြေရာနင်းတာဆန်းသလား"

ဟု ပြန်ဖြေတတ်သူပင်။ တကယ်တော့ သျှမ်းက သူ့အဖေကို မကျေနပ်လို့ အရွဲ့တိုက်နေတာကို ခွန်အား သိတာပေါ့။ ဒီကလေးရဲ့ပင်ကိုစိတ်က ဖြူစင်သူလေးပါ။

"သား"

"ဗျာ"

"မင်းအသက် နှစ်ဆယ့်ရှစ်နှစ်ရှိပြီနော်။ အိမ်ထောင်ပြုဖို့ မစဉ်းစားသေးဘူးလား"

ခွန်အား မျက်နုံးနှစ်ဖက်မြင့်တက်သွားလေ၏။ ဘာဆိုင်လို့လဲ မဆီမဆိုင် မာမီတို့ကတော့ လက်ပံပင် ဓားနဲ့ချိုင်ပြီ။ သျှမ်းအကြောင်းပြောနေရင်းက သူ့ဘက်လှည့်လာတာ။

"သား အရွယ်မငယ်တော့ဘူးလို့ပဲ မာမီ ပြောချင်တယ်"

"မာမီ သားကို ထောင်ချချင်တာလား"

"အိမ်ထောင်ဆိုတာက ကြည်နူးချမ်းမြေ့စရာလေးတွေလည်း ရှိတယ်လေ သားရဲ့"

"ဒီထက်ပိုပြီး မချမ်းမြေ့ပါရစေနဲ့ မာမီ။ သားက လက်ရှိဘဝကိုပဲ ကျေနပ်တယ်"

ဒေါ်ခင်လွန်းကြွင် စိတ်ပျက်သွားရ၏။ သားကို အိမ်ထောင်ပြုဖို့ ဘယ်လိုတိုက်တွန်းရမှန်း မသိတော့။ သူများတွေလို အာဏာ [illegible]သုံးပြီးလည်း အကျပ်ကိုင်စီစဉ်တာမျိုး မလုပ်ချင်တော့ အခက်သား။

"ဒယ်ဒီ့အခြေအနေ ဘယ်လိုရှိလဲ"

ကုမ္ပဏီသို့သွားရန် ကုတ်အင်္ကျီကို ထပ်ဝတ်ရင်း မေးလိုက်၏။ ဒယ်ဒီ့ကို စိတ်နာတာမဟုတ်ပေမယ့် အလိုမကျမှုတစ်ခုတော့ သူ့မှာရှိနေသည်။ မာမီရှိနေပါလျက် အခြားမိန်းမတစ်ယောက်ကို တမ်းတနေတာ ခွန်အား ဘဝင်မကျပါ။ နှင်းတွေဝေတဲ့နေ့ဆို ကျိတ်ငိုနေတတ်တာက အဆိုးဆုံး။





"ထူးတော့ထူးခြားလာပါပြီ။ သက်ဆက်ကလည်း ဂရုစိုက်တော့ မတ်တတ်တောင် တစ်ခါတစ်ခါ ရပ်နိုင်နေပြီ သားရဲ့"

မာမီက အားတက်သရောပြောလေသည်။ သူလည်း လိုက်ခန့်တော့ ဝမ်းသာသွားရသည်ပါပဲ။ သက်ဆက်က တော်တော်စိတ်ရှည်သည်းခံပြီး ဒယ်ဒီ့ကို ပြုစုခဲ့တာပဲ။ ဒီကောင်မလေး အရွယ်ငယ်ပေမယ့် လုပ်ရည်ကိုင်ရည်ကတော့ ချီးကျူးလောက်ပေ၏။

"အခြေအနေကြည့်ပြီး သူ့ကို လစာတိုးပေးလိုက်ပေါ့ မာမီ"

"မာမီက အဲဒီအဆင့်ထက်ကျော်ပြီး စဉ်းစားထားတာ"

"ဗျာ"

မာမို့အပြောကြောင့် ခွန်အား မျက်လုံးပြူးရချေ၏။ ဒီစကားက ဘာအဓိပ္ပာယ်လဲ။

"ဒီလောက်ဆိုရပြီလား"

နောက်ကျောမှ ကပ်ပေါ်လာသောအသံကြောင့် ရှာခနဲ လှည့်ကြည့်လိုက်သည်။ သျှမ်းလေး။ ဘုတ်သိုက်

ဆံပင်တွေ မရှိတော့ဘဲ ရှေ့တည့်တည့်မှ ခွဲထားသော ဆံပင်တို့က ဟိုတစ်မျှင် ဒီတစ်မျှင် နဖူးပေါ်သို့ ဝိုတွဲကျနေသည်။ ကုပ်နှင့်နားရွက်နေရာ ရှင်းသွားတော့ သျှမ်း၏ချော မောပြေပြစ်သော မျက်နှာပြင်က ပေါ်လွင်ပြီး ပို၍ချစ်စရာ ကောင်းလာသည်။ ကာလာတွေလည်း မရှိတော့။

"မင်း . . . ဘယ်လို"

"ကိုယ်တိုင်ပဲ ရှေ့မှန် နောက်မှန်နဲ့ ရှင်းပစ်လိုက်တာ"

"ဒီလိုတော့လည်း ဖြစ်တယ်လား"

"ဘာရယ်မဟုတ်ပါဘူး။ သူငယ်ချင်းတစ်ယောက် ဆံပင်ညှပ်သင်တန်းတက်လို့ လိုက်တက်တာ။ ထမင်းစားလက်မှတ်တစ်စောင်တော့ ရထားတာပေါ့"

"ဒီလိုတော့လည်း သျှမ်းက တော်သားပဲ သားရဲ့"

ခွန်အား ကျေနပ်စွာခေါင်းညိတ်လျက် . . .

"အစကတည်းက သျှမ်းရဲ့အစွမ်းအစကို သား သိပါတယ်။ ဒါပေမယ့် အိုးပုံ့တာနဲ့ စလောင်းက လိုက်ရှဲ့နေတော့ဆိုးတာပေါ့။ မှုရင်းစိတ်ကို ပြန်လည်တူးဖော်နိုင်အောင် ကြိုးစားဦး"





ခွန်အားက သျှမ်းပခုံးကို ပုတ်၍ထွက်သွားလေသည်။ သျှမ်းကတော့ မပြုံး မပဲ့မျက်နှာနှင့် တွေတွေကလေး ရပ်နေဆဲ။

အခန်း (၅)

"ဖျောက် . . . ဖျောက်"

"ဟင်"

သက်ဆက် နှုတ်က အာမေဋိတ်သံနှင့်အ
ပြတင်းဆီသို့ရောက်သွားပြီး ကာထားသော အဝတ်စ
ကို ဖယ် အပြင်သို့ကြည့်မိလျက်သား ဖြစ်သွားလေ၏။
တွေ ဝေပြန်ပြီ။

ဘဘ ဝိုနေမလား။

"ဘဘ"





နှုတ်မှ တီးတိုးရေရွတ်ရင်း အခန်းထဲမှ ပြေးထွက်
ခဲ့သည်။ လှေကားသို့အရောက် . . .

"အင့်"

"ဟ"

ဆင်းလာသူတစ်ယောက်နှင့် ဝင်တိုက်မိလိုက်၏။
သက်ဆက်ကိုယ်လေး ယိုင်သွားတော့ သူက လှမ်းထိန်းပေး
. . .

"ဘယ်လိုဖြစ်လာတာလဲ။ ကျားလိုက်လို့လား"

သက်ဆက် မျက်စောင်းထိုးပစ်လိုက်၏။

"နင့်အပူမပါဘူး"

သူ့လက်ကို ဖယ်ချခဲ့ပြီး သက်ဆက်ထွက်လာခဲ့
သည်။

"စေတနာနဲ့လည်းမေးရသေးရဲ့ . . . တောက်"

မကျေမချမ်း ရွတ်ဆိုသွားတာ အဘိဓမ္မာဒေသနာ
တရားတော် မဟုတ်သဖြင့် သက်ဆက် လှည့်ကြည့်စရာ
လိုပါ။ ဟင်း . . . နာမည်က သျှမ်းသျှမ်းတောက်တဲ့။ လူက
မရောက် ဒီမရောက်ပုံစံမျိုးနဲ့။ နေနှင့်ဦးပေါ့။

"ကျွီ"

သက်ဆက် အခန်းတံခါးကို အသာတွန်းဖွင့်ပြီး ဝင်ခဲ့တော့ ဘဘ ပန်းချီဆွဲနေသည်။ သက်ဆက်အနားသို့ တိုးကပ်သွားလေလျှင် . . .

"အပြင်မှာ နှင်းတွေဝေနေတယ် ထင်တယ်"

" . . . "

သက်ဆက်ဘက်သို့ လှည့်လာသော ဘဘမျက်နှာမှာ အပြုံးရိပ်ကလေးတွေ သမ်းနေတာကြောင့် ဝမ်းသာမှုကို မတားဆီးနိုင်စွာ သက်ဆက် ပြုံးလိုက်၏။ သူမထင်ထားတာက . . .

"သမီး . . . ဘာကိုပြုံးတာလဲ"

"ဝမ်းသာလို့ပါ"

"ဘာအတွက်လဲ"

"နှင်းတွေဝေနေတယ်လေ။ အဲဒါ သက်ဆက်က ဘဘ ငိုနေမယ်လို့ ထင်ထားတာ"

ဦးဇေလင်းမောင် အစိမ်းရောင်ဆေးခွက်ထဲသို့ စုတ်တံကို ထိုးနှစ်လိုက်ရင်း . . .

"ဘဘမှာ ငိုစရာမျက်ရည်တွေ ခန်းကုန်ပါပြီကွာ။ ဘဘ မငိုချင်တော့ပါဘူး"



ဪ . . . အချစ်ကြီးတတ်လိုက်တာ ဘဘရယ်။ ကြီးကြီးခင်လို ရုပ်ချော၊ သဘောကောင်းကို ဘာဖြစ်လို့ ဘဘ မချစ်နိုင်ခဲ့တာလဲ။ ကြီးကြီးခင်ကရော ကိုယ့်ကို မချစ်တဲ့သူကို ဘာလို့သည်းခံပြီး ပေါင်းနေရတာလဲ။

အို . . . သူများအတွင်းရေးကို ဘာလို့စဉ်းစားနေမိပါလိမ့်။ ငါနဲ့ ဘာဆိုင်လို့လဲ။

"သမီး"

"ရှင် . . . ဘဘ"

"သမီး ဘာအရောင်ကို အကြိုက်ဆုံးလဲ"

"အစိမ်းရောင်ပါ ဘဘ"

ဦးဇေလင်းမောင် ဆွေးမြည့်ကြေကွဲခြင်းတို့ကာရံထားသော အပြုံးတစ်ချက်ကို နှုတ်ခမ်းပေါ်သို့ ကူးလူးသယ်ဆောင်ထားလေ၏။ သက်ဆက် ယခုမှပင် ပန်းချီကားဆီသို့ အကြည့်ရောက်ခိုက် နှုတ်ခမ်းလေး ပွင့်ဟသွားလေသည်။

"ဟင်"

"သိပ်အံ့ဩသွားသလား သမီး"

"ဘဘ . . . သမီးရဲ့ပုံတူကို ဆွဲနေတာပဲ။ သမီး ဆံပင်က အဲဒီလောက်မှ မရှည်တာ ဘဘရဲ့"

ဦးဇေလင်းမောင်နှုတ်ဆိတ်နေသည်။ သက်ဆက်အုံပြည့်လို့ မဆုံးတော့။ သက်ဆက်ကိုယ်ပေါ်မှာ ဝတ်ဆင်ပေးထားလိုက်တာ အစိမ်းရောင်ပါတိတ်ဝမ်းဆက်။ အပြင်မှာ သက်ဆက် ဒီဝတ်စုံမျိုး တစ်ခါမှ မဝတ်ဖူးပါ။

"သမီးအစိမ်းရောင်ကြိုက်တာ ဘဘ ဘယ်လိုသိလဲဟင်"

"မသိပါဘူး"

စကားစက ပြတ်သွားသည်။ သက်ဆက် ပန်းချီကားပေါ်က သူမရုပ်ပုံလွှာကို ကြည့်မဝနိုင်ဖြစ်နေရှာ၏။ ဓာတ်ပုံတစ်ပုံလားဟု ထင်မှားရလောက်အောင် ဘဘလက်ရာက အဝီအပြင်။

"ဒယ်ဒီ"

"ဟင်"

ခွန်အား ဝင်လာတာမြင်တော့ ဦးဇေလင်းမောင် သက်ဆက်အကူအညီဖြင့် ခွန်အားဘက်သို့ လှည့်လိုက်၏။

"ဒီနေ့ အလုပ်ကစောစောပြန်လာတာ။ ဒယ်ဒီနဲ့ မတွေ့ဖြစ်တာ ကြာလို့"

"ဒယ်ဒီလည်း သားကိုသတိရနေတာ"





ဒီသားဟာ သူ့ဘဝအတွက် ကြီးမားသော မျှော်...ချက်တစ်ခုကို ပေးစွမ်းနိုင်သော ခွန်အားပါ။ ထို့ကြောင့် ...ကိုယ်တိုင် ဒီနာမည်ကိုပေးခဲ့တာ။ သားသာမရှိခဲ့လျှင် ...မှုမှာ ဇေလင်းမောင်ဆိုတာ ရှိမှာမဟုတ်တော့တာ ...ရှာသည်။

"သက်ဆက်ပုံပါလား"

ခွန်အား ပန်းချီကားကို သတိထားမိသွားသည်။ သက်ဆက်ကို လှည့်ကြည့်လျက် . . .

"ဒယ်ဒီက သက်ဆက်ကို တော်တော်သံယောဇဉ် ...ရတယ်နော်"

ခေါင်းမညိတ် ခေါင်းမခါနှင့် ဦးဇေလင်းမောင် သား ...ဖြစ်သူကို စူးစူးစိုက်စိုက် ကြည့်နေ၏။ ခွန်အား စိတ်မလုံ သလို သူ့ကိုယ်သူ ငုံ့ကြည့်လျက် . . .

"ဒယ်ဒီ ဘာလို့ သားကို ဒီလောက်ကြည့်နေတာလဲ"

"သားက ပိုချောလာလို့ပါ"

"ဒယ်ဒီတောင် မြှောက်တတ်လာပြီပဲ"

ဦးဇေလင်းမောင် သက်ဆက်ကို သမင်လည်ပြန်

လှည့်ကြည့်ကာ . . .

"သက်ဆက်"

"ရှင် . . . ဘဘ"

"သမီးရဲ့အစ်ကိုအနားကို ခဏလောက် သွားရပ်ပေးပါလား"

"ရှင်"

သက်ဆက်နှင့် ခွန်အား အကြည့်ချင်းဆုံသွားကြလေ၏။

"ခဏလေးပါ။ ဒီနေ့ ဒယ်ဒီသိပ်ပျော်တယ်။ သားနဲ့သမီးကို ခုလိုနှစ်ယောက်အတူ မြင်လိုက်ရတော့ ပိုပြီးကြည်နူးမိလို့ပါ"

ခွန်အားက ခေါင်းညိတ်ပြသဖြင့် သက်ဆက် မရဲတရဲပင် ခွန်အားဘေးမှာ ရပ်လိုက်သည်။

ဦးဇေလင်းမောင် သူကိုင်နေကျ ကင်မရာလေးကို စားပွဲပေါ်မှ လှမ်းယူပြီး ချိန်လိုက်လျှင် . . .

"ဒယ်ဒီ"

ဦးဇေလင်းမောင်က မကြားဟန်ပြုလျက်ပင် . . .

"သမီး . . . သားရဲ့လက်မောင်းကို ချိတ်ပြီး အားရ





ပါးရရယ်လိုက်။ သားက လက်နှစ်ချောင်းထောင်ပြီး ရယ်"

"ဟို . . . ဒယ်ဒီ မသင့်တော်ဘူးထင်တယ်"

"ဘာလို့မသင့်တော်ရမှာလဲ။ ဒီပုံကို ပြပွဲဝင်မှာမှ မဟုတ်တာ။ ဘယ်သူက ဝေဖန်မှာလဲ။ သားရော သမီးရော စိတ်ထဲမှာ တကယ့်မောင်နှမအရင်းတွေလို့ သတ်မှတ်ထားလိုက်။ ဟုတ်ပြီလား"

ခွန်အားက သက်ဆက်ကို အားနာ၊ သက်ဆက်က ခွန်အားကို ကြောက်ဖြစ်နေကြ၏။

"ချိတ်လေ သမီးရဲ့"

နောက်ဆုံး ဘဘစိတ်ချမ်းသာဖို့ကိုပဲ ဦးစားပေးပြီး သက်ဆက် အရဲစွန့်ကာပဲ ခွန်အားလက်မောင်းကို ဖက်တွယ်ထားလိုက်သည်။ ခွန်အားကလည်း တောင့်တောင့်ကြီး ရပ်နေရာမှ သက်ဆက်ပခုံးကို ဖွဖွဖက်၍ ကျန်လက်တစ်ဖက်က ဒယ်ဒီပြောသလို လက်ညှိုးနှင့် လက်ခလယ် နှစ်ချောင်း ထောင်လိုက်သည်တွင် . . .

"ဟုတ်ပြီ . . . ပြုံးပြုံးလေးနော်။ ရိုက်မယ် . . . ကိုယ့်ကိုယ်ကိုယ် ပြေတီဦးနဲ့ မသောက်နိုင်လို့ သဘောထားကြ"

"ချပ်"

ပြေတီဦးနှင့်မေသက်နိုင်ဟုဆိုတော့ နှစ်ယောက်စလုံး ရယ်မိကြစဉ် ထိုပုံကိုပဲ ဦးဇေလင်းမောင် အမိအရ ရိုက်ယူထားလိုက်၏။ ပြီး ကျေနပ်ပီတိဖြစ်ကာ ကင်မရာလေးကို ကြည့်နေဆဲ . . .

"ဘဘ . . . သမီး မီးဖိုထဲမှာ ဒေါ်ကြီးစုကို သွားကူလိုက်ဦးမယ်နော်"

"အေး . . . အေး"

သက်ဆက် လှည့်ထွက်သွားသည့်တိုင် ခွန်အားနားမလည်နိုင်စွာ ဒယ်ဒီ့ကို ကြည့်နေမိသည်။ ဒီကောင်မလေးက ဒယ်ဒီ့ကို အသွင်ပြောင်းသွားအောင် ဖန်ဆင်းပေးနိုင်တဲ့ မှော်မင်းသမီးလား။ သူတို့နှစ်ယောက်ကို ဓာတ်ပုံတွဲရိုက်နိုင်းတာ မဟုတ်မှလွဲရော။

"သား"

"ဗျာ . . . ဒယ်ဒီ"

"သက်ဆက်ကို ပြေပြေလည်လည် ဆက်ဆံပါနော်။ သူ့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့။ နောက်မှ ဝါသား နောင်တရနေမှာစိုးလို့ပါ"





"ဒယ်ဒီ ဘာကိုဆိုလိုချင်တာလဲ။ သားကို ပွင့်ပွင့်လင်းလင်း ပြောပါလား"

"ခုအချိန်မှာ ပြောဖို့စောပါသေးတယ် သားရယ်"

"သားက စောင့်ရတဲ့အလုပ်ကို စိတ်မရှည်တတ်ဘူးလေ"

ခွန်အား သိသိသာသာပင် သိချင်ပါသည်။ သက်ဆက်နဲ့ သူ့ကိုသဘောတူလက်ထပ်ပေးချင်တာမျိုးဆိုရင်လည်း သူတို့နှစ်ဦးစလုံးမှာ ကြိုတင်ပြင်ဆင်သင့်တာတွေ ရှိချင်ရှိမှာပေါ့။ ခုတော့ ဘာကြောင့်မှန်းမသိတာကို သူ ဘယ်လို စဉ်းစားမလဲ။

"မင်း အိမ်ထောင်ပြုသင့်ပြီ သား"

"ဗျာ"

ပြောချလိုက်တော့လည်း အစီအစဉ်မရှိ။

"ဒယ်ဒီ သားအတွက်တွေ့ထားလို့ ဒီစကားကို စတာလား"

"ဆိုပါတော့ . . . သားက ဒယ်ဒီပေးစားတဲ့မိန်းမကို ယူမှာတဲ့လား"

ထင်တဲ့အတိုင်းပါပဲ။ ဒယ်ဒီ စိတ်ချမ်းသာဖို့အတွက်

ဆို ခွန်အား ဘာမဆိုလုပ်ပေးခဲ့တာတွေ ဒယ်ဒီမသိလို့လား။

"မိဘစကား နားထောင်ခြားက သံပြားကျောက်ဆောင် ကျိုသော်ပြောင်း၏ ဆိုတဲ့ဆိုရိုးက သားအတွက်ပါ ဒယ်ဒီ"

"ခုလိုကြားရတာ ဒယ်ဒီဝမ်းသာပါတယ်"

ခွန်အား ဒယ်ဒီ့ကို ငေးခနဲ ကြည့်မိသွားလေ၏။ အသက်အရွယ်ရလာပေမယ့် ခုထိတိုင် ဒယ်ဒီက ခန့်ညား ချောမောနေဆဲပါ။ ဒယ်ဒီ့မိတ်ဆွေတွေဆိုလျှင် ခွန်အားက ဒယ်ဒီငယ်ငယ်ကအတိုင်းပဲတဲ့။ အဖေတူသားမို့ ချောတာဟု ဆိုကြပြန်သည်။

"ဟော့ . . . သား ကြည့်လှချေလားကွ။ မင်းရှေ့က မင်းရဲ့ဒယ်ဒီနော် မိန်းမလှလေးမဟုတ်ဘူး"

ဒယ်ဒီကစတော့ ခွန်အားရယ်မိပါသည်။ သည့်လို ရက်မျိုးလေးတွေကို ခွန်အားလိုချင်ခဲ့တာ ကြာပါပြီကော လား။ မင်းကို ကျေးဇူးတင်ပါတယ် သက်ဆက်ရယ်။ ဒယ်ဒီ ငိုတဲ့ ရက်တွေကို မင်းက သိမ်းဆည်းထုပ်ပိုးသွားတဲ့အတွက် ပေါ့။ ৲





## အခန်း ( ၆ )

"မီးနဲ့ရေ ကိုယ်ဘာကိုရွေးမလဲ × × × ရေနဲ့မီးနဲ့ ကြားမှာ နှလုံးသားလေးက မွဆုံးဖြတ်ရဲဘူး။ တော်ပြီ ပေး နာနာ × × × ဟိုးနာနာ × × × ပေးနာနာ × × × ဟိုး"

အုပ်လိုက်ဝိုင်း၍ အော်နေကြသော အသံသေး အသံကြောင်တွေကြောင့် မီးခဲရဲ့မြေလှမ်းတွေက ရှေ့ကို ဆက်လို့မရတော့သဖြင့် နောက်သို့သာပြန်လှည့်လာသည်။

"လာပြီ . . . လာပြီ . . . ပြေးရတော့မလား"

"ပြေးရောလား။ မိန်းမနဲ့ယောကျ်ား ကြောက်စရာ

လား"

"ဒါတော့ ဒါပေါ့။ ဒါပေမယ့် မီးခဲလက်သီး တစ်ချက်
မြည်း အီအီးထွက်သွားမယ်တဲ့။ ခံဖူးတဲ့ကောင်တွေ ပြောကြ
တယ်ကွ"

"အသာနေ"

မီးခဲ ကျောင်းတွေအုပ်စုရှေ့မှာ မကြောက်မရွံ့ ခေါင်း
ထောက်၍ ရပ်လိုက်သည်။ မီးခဲဆိုတဲ့ မီးမီးခဲက အဆိုတော်
မီးမီးခဲလိုတော့ သံစဉ်ချိုချိုလေးနဲ့ ရင်အေးစရာတေးတစ်ပုဒ်
ကို သီဆိုဖျော်ဖြေပေးမှာ မဟုတ်ပေ။ တံတောင်နဲ့ ဒူးကို
သကာလူးပြီး ကျွေးပစ်ခဲ့မှာ။ မိန်းကလေးတစ်ယောက်တည်း
ဆိုပြီး လာကျောလို့ကတော့ မှားရမယ်သာမှတ်။

"မင်းတို့ ဘယ်ကကောင်တွေလဲ။ မီးခဲအကြောင်း
မသိသေးဘူးထင်တယ်"

"သိသားပဲ။ မီးခဲဆိုတာ အမှိုက်ထည့်လိုက်ရင် ထ
တောက်မယ်။ ထမင်းတွေ၊ ဟင်းတွေ ချက်လို့ရတယ်။ ဟုတ်
တယ်မို့လား"

မျောက်မျက်နှာလို စုတ်ချွန်းချွန်းနဲ့ကောင်က ပြီတီ
တီမျက်နှာထားနှင့်ဆိုတော့ မီးခဲ ဆောင်းထားသော လျှာထိုး





ဦးထုပ်၏လျှာကို နောက်သို့လှည့်ပို့လိုက်ရင်း ထိုသူကို ခပ်စူး
စူးစိုက်ကြည့်ပစ်လိုက်သည်။

"မင်းတို့ပြောတာ ကျန်ခဲ့သေးတယ်။ မီးခဲဆိုတာ
ထိမိုက်တာနဲ့ ပူတတ်တယ်ဆိုတာလေ"

"ဟုတ်လား။ ဘယ်လောက်အထိ ပူတတ်လဲ"

သူတို့ကလည်း မခိုးမခန့်။ မီးခဲကလည်း မိုက်တိ
မိုက်ကန်းလေးပါ။ မျက်လုံးကို မေးစင်းပြီးမှ . . .

"သိချင်ရင် ထိကြည့်လိုက်လေ"

မီးခဲက အဲဒီလိုမိန်းကလေးမျိုးပါ။ သူမရှေ့မှာ ရပ်
နေတာ ယောက်ျားသုံးယောက်ပေမယ့် နည်းနည်းလေး
တောင် မဖြုံပေ။ အစ်ကိုနှစ်ယောက်၏ သင်ကြားပေးမှု
ကြောင့် ဂျူဒို၊ ကရာတေး အကုန်တတ်ထားသည်။ ဒယ်ဒီနဲ့
မာမီက မီးခဲကို မိန်းကလေးပီပီ သိမ်သိမ်မွေ့မွေ့လေးနေစေ
ချင်တာ။ ဒါပေမယ့် ကိုကြီးနဲ့ကိုလေးက မရ။

"ခုခေတ်ထဲမှာ မိန်းကလေးဆိုပြီး ခြေတစ်လှမ်း
ဘုဋ္ဌေတစ်သန်းတန်အောင် လျှောက်ပြနေရင် ကျားစာမိ
သွားမှာပေါ့။ ကြမ်းနိုင်ရမ်းနိုင်မှ တန်ကာကျတာ"

"ဟုတ်တယ် ညီမလေး။ ညီမလေးနာမည်က မီးခဲ

နော်။ ရဲနေအောင် တောက်ပြရမယ်။ လာမထိနဲ့ ထိတာနဲ့ ထိတဲ့လက်ပြတ်ကျသွားအောင် ပူပြလိုက်စမ်း"

"ဟဲ့ . . . ကိုယ့်ညီမကို"

"အာ . . . မာမီကလည်း အခိပ္ပာယ်ကောက်မလွဲ ပါနဲ့။ သားပြောတာက မဟုတ်ရင် မခံ စိတ်ဓာတ်ထက်မြက် ဖို့ ပြောတာ"

ကိုကြီးနဲ့ကိုလေးရဲ့ ပြောက်စားပေးမှုတွေကြောင့် မိုးခဲကလည်း ချက်ခနဲဆို လက်ကပါပြီးသား။ ယောက်ျား လျာလေးလုံးလုံးမဟုတ်ပေမယ့် မိန်းမတွေရဲ့ နူးညံ့ခြင်းတွေ လည်း ပျောက်ဆုံးနေပြန်သည်။ ဒီလိုကျားကျားလျားလျား နေတာကိုပဲ အစ်ကိုတွေက သဘောတကျရှိနေခဲ့တာ။

"မင်းက အဲဒီဖိုက်တိဖိုက်ကန်းပုံစံလေးနဲ့ကို ချစ်စရာကောင်းတာ"

"ဘာ"

"ဒေါသအရင်မလိုပါနဲ့။ မင်း ဒီလောက်ကြမ်းရမ်း နေတာ မျက်နှာလေးနဲ့ မလိုက်ဖက်ဘူး"

"ငါ့ဘာသာ ဘယ်လိုပုံစံမျိုးပဲဖြစ်ဖြစ် မင်းတို့နဲ့ ဘာ ဆိုင်လို့လဲ"



"ဆိုင်တာပေါ့။ ကိုယ်က မင်းကို ကိုယ့်ရဲ့ မဒီလေး ...ဘွဲ့ကိုပေးချင်တာ"

"အဟွန်း"

ထိုမဲ့ပြုံးတစ်ချက်ထဲမှာ ဘယ်လိုလျှို့ဝှက်ချက်တွေ ...နေမလဲမသိတော့။

"ဘယ်လိုလဲ လက်ခံမလား"

"အဲဒါက မင်းတို့ရဲ့ အရည်အချင်းပေါ်မူတည်ပြီး ...ဖြတ်မှုရမှာ"

ရွှပ်သုံးကောင် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ပြီး ဆံပင်ကောက်နှင့်လူက အင်္ကျီလက်မောင်း ...ကို လိပ်တင်ကာ မေးငေါ့အချက်ပြလိုက်သည်နှင့် . . .

"ဟဲ . . . မိုးခဲရေ လွတ်အောင်ရှောင်ပေတော့"

"စိန်လိုက်လေ။ ငါ့ကိုထိအောင်ပဲ ကြိုးစားပါဦး"

ပွဲကစပြီ။ သုံးယောက်နဲ့တစ်ယောက်။ ယောက်ျား ...တွေနဲ့ မိန်းကလေး။ ဘယ်သူကသာလို့ ဘယ်သူက ပြာကျ ...လဲ။ မိုးခဲကို သုံးပွင့်ဆိုင် ဝိုင်းထားလိုက်ကြချိန် . . .

"ကျွီ"

"ဟေ့ကောင်တွေ . . . ခုရပ်စမ်း"

ခွန်အား ကားတံခါးကိုတွန်းဖွင့်၍ လျင်မြန်စွာဆင်း
လိုက်၏။ ပွဲက ကြည့်မှမကောင်းတာ။ မိန်းကလေးတစ်
ယောက်ကို ယောကျ်ားသုံးယောက်က ဝိုင်းထားလိုက်တာ
အမဲတစ်ကောင်ကို ခွေးသုံးကောင် ချောင်းပြီးဆွဲတော့မ
အတိုင်းပဲ။

"ကျစ်"

မီးခဲ စိတ်ပျက်စွာပင် နှာခေါင်းရှုံ့မိတော့၏။ ဒီလို
မျိုးမှာ မီးခဲက လက်ရည်ဘယ်လောက်တက်လာသလဲ
ကြည့်ချင်နေတာ။ ခုတော့ သွားပြီထင်ပါ့ရဲ့။

"ဟင် . . . မင်း ဦးကျော်မြိုင်ရဲ့သား ညီမင်းထွန်း
မဟုတ်လား"

"ဟုတ်ပါတယ်"

ညီမင်းထွန်း ခွန်အားကို မြင်လိုက်ကတည်းက မျ
သွားတာ။ ဒီလူကြီးက ဖေဖေ့ရဲ့အလုပ်ရှင်။ ဖေဖေနဲ့တိုင်
သူ ကျိုင်တက်မှာ။ ဒါကြောင့် စိတ်လျော့လိုက်ရသည်။

"မင်းတို့ကွာ မိန်းကလေးတစ်ယောက်ကို ယောကျ်ား
သုံးယောက် အသည်းအသန်ဝိုင်းဖဲ့ဖို့ ကြိုးစားနေတာ မရှ
ဘူးလား"



"သူက အရင်စိန်ခေါ်လို့ပါ"

"သူ စိန်ခေါ်တိုင်း မင်းတို့က ပြိုင်မိုက်မလို့ပေါ့"

ညီမင်းထွန်းတို့အဖွဲ့ အားလုံး ခေါင်းငုံ့သွားကြလေ
၏။ မီးခဲကတော့ ကိုယ်နဲ့မဆိုင်ဘဲ လူစွမ်းကောင်းဝင်လုပ်တဲ့
ကြီးကို ကျိတ်၍ ကျိန်နေမိတော့သည်။

"ကဲ . . . မင်းတို့ ကိုယ့်လမ်း ကိုယ်သွားကြကွာ။
များကို လိုက်ပြီးမနှောင့်ယှက်စမ်းပါနဲ့ . . . သွား . . . သွား"

ညီမင်းထွန်းတို့အဖွဲ့ မကြည့်မလင်နှင့်ဘဲ နောက်
လှည့်သွားကြလေသည်။ ဒါကိုပဲ မီးခဲ မကျေမနပ်ဖြစ်
စောစောက ညီမင်းထွန်းတို့ လွှင့်ပစ်ခဲ့သော စီးကရက်
ကို ခြေထောက်နှင့် ကန်ထုတ်ပစ်လိုက်သည်။

"တောက်"

"ဖောင်း"

"ဟ"

ခွန်အား အံ့ဩသလို လှည့်ကြည့်လိုက်တော့
တိတ်မလေးက အောက်နှုတ်ခမ်းကို ဖိကိုက်ထားလေ
သည်။ သူ့ကို မကျေနပ်တာလား။ ညီမင်းထွန်းတို့အဖွဲ့ကို
မကျေနပ်တာလား။

"ဘာဖြစ်တာလဲကွ"

"ခင်ဗျားကို မကျေနပ်လို့"

"ဟေ"

ခွန်အား မျက်လုံးကြီးကျွတ်ထွက်မတတ် ရာဇဝင်ကို ပြူးကြည့်မိတော့သည်။ အမြင်မတော်လို့ ဝင်ကူညီတာကိုပဲ သူမက စိတ်ဆိုးပြန်သတဲ့။ ဘယ်လိုဟာမလေးပါလိမ့်။

"အမြင်မတော်လို့ ဝင်ကူညီတဲ့သူကိုပဲ မင်းက ရန်လုပ်နေသေးတယ်"

"ဒီပွဲမျိုးကို ကျွန်တော်က စိတ်ဝင်စားတာဗျ။ မဆီမဆိုင် ခင်ဗျားဝင်ရှုပ်လိုက်လို့ တကယ့်ပွဲစဉ်ကြီး လက်လွတ်သွားပြီ။ ခင်ဗျား တော်တော်ရှုပ်တဲ့လူပဲ"

ခွန်အား ဒေါသထွက်သွားရသည်။ ဒီလိုမှန်းသိရင် စောစောကတည်းက ရပ်ကြည့်နေလိုက်ရအကောင်းသား။ ခုတော့ အသားလွတ်ကြီး ကိုယ်ကပဲ ပွဲဖျက်တဲ့မိုးဖြစ်ရပြီး ပြီ။ ရပ်ကလေးကြည့်တော့ ချောတောမောတောနဲ့ နေတာက တောင်မရောက်မြောက်မရောက်ပုံစံ။ ကြည့်ရတာ မျက်စိထဲ ငါးဖင်ရိုင်းအကောင်လိုက် မူးခံရသလိုပဲ။

"ဒီမှာ ဦးလေးကြီး"





"ဘာလဲကွ"

ဒေါသူနဲ့ထူးသူ အသံက ညှိယူစရာမလိုပေ။ မီးခဲ ... ခွန်အားကို ပေစောင်းစောင်းကြည့်၍ ...

"ခင်ဗျားကို လူကြီးမို့လို့ ကျွန်တော် ခွင့်လွှတ်လိုက်မယ်။ ရှယ်တူသာဆိုလို့ကတော့ ဟိုကောင်တွေကို မကျွေးလိုက်ရတဲ့လက်သီး ခင်ဗျားပါးစပ်ထဲကို အလုံးလိုက် ပစ်သွင်းပစ်လိုက်မှာ သိလား"

"အောင်မာ ... သွားကြည့်ပါလား။ ငါကလည်း လက်မရှိတဲ့ကောင်မှ မဟုတ်တာ"

"ခင်ဗျားက စိန်ခေါ်တာလား"

အံမယ်။ သူကများ လက်သီးတရှယ်ရှယ်နဲ့။ စိတ်ရှိလက်ရှိ ထိုးကျိတ်ကိုင်ပေါက်ပစ်လိုက်ရရင်တော့ ဘဲဥ အစရှာမရသလို ဖြစ်တော့မယ်။ ယောကျ်ားလေးမဟုတ်လို့ ပေါ့။ ဒေါသအရှောက် ထင်တိုင်းကြဲရင်လည်း မိန်းကလေးနဲ့ တုပြီး မိုက်တယ်လို့ အပြောခံရဦးမယ်။ ပြီးတော့ သူက လမ်းပေါ်မှာ လေလွင့်နေတဲ့ ဂျလေဘီလည်းမဟုတ်ဘူး။ ကုမ္ပဏီပိုင်ရှင်သူဌေး။ လူအများ ကြည်ညိုလေးစားခြင်းခံရတဲ့ လူကြီးလူကောင်းတစ်ယောက်။ ခုန်ဆွခုန်ဆွဖြစ်နေတဲ့

ဒေါသစိတ်ကို ခေါင်းမဖော်နိုင်အောင် ဖက်ပိုးကို ရိုက်ချပြီး ကိုယ့်ကားပေါ်သို့သာ ကိုယ်ပြန်တက်ခဲ့တော့ . . .

"ဟော့လူကြီး ကြောက်လို့ ပြေးပြီလား"

ကြည့်စမ်း။ သည်းခံတာကို စော်ကားပြန်ပြီ။

"ချာတိတ် . . . မင်း တော်တော်ရန်လိုနေပါလား။ မင်းကို ကြောက်လို့မဟုတ်ဘူးကွ။ မင်းနဲ့ပြိုင်မိုက်ရင် ခဲလုံးကို မာန်ဖီတဲ့ခွေးကို တုတ်နဲ့ရိုက်သလို ဖြစ်မှာစိုးလို့"

"ဘာဗျ . . . ခင်ဗျား"

ခွန်အား ချာတိတ်မခံချင်အောင် ပြောပြီး ကားကို စက်နိုးလိုက်စဉ် ချာတိတ်က လမ်းဘေးမှ အုတ်ခဲကျိုးကို ကောက်ပြီး ပစ်ရန်ရွယ်တာမြင်လိုက်ရသဖြင့် အရင်စလိုကားကို ဝူးခနဲ မောင်းထွက်ခဲ့တော့၏။

"တောက်"

"ဟား . . . ဟား . . . ဟား"

ချာတိတ် ပစ်လိုက်သော အုတ်ခဲကျိုးက သူ့ကားကို ပွတ်ကာသီကာ ရှပ်ထွက်သွားသဖြင့် တော်သေး၏။ ပထမတော့ ထိတ်ခနဲဖြစ်သွားပေမယ့် လွတ်ပြီဆိုတာ သိလိုက်ရတော့ ခပ်လျောင်လျောင်ပင် ရယ်ပစ်လိုက်သည်။





ချာတိတ်မလေးတစ်ယောက်တည်း ဒေါသထွက်ကျန်နေခဲ့ပြီ။ သူ ဒီလိုပြုမူမိခဲ့တာ ကလေးနဲ့တူပြီး ကလေးလားဆန်ရာများကျနေမလား။ ခွန်အားဆိုတဲ့သူက အမြဲ လူကြီးလူကောင်းဆန်စွာ တည်တည်ကြည်ကြည် နေလာခဲ့တာ။

"ခွန်အား"

ကုမ္ပဏီရုံးခန်းထဲသို့ ဝင်လိုက်သည်နှင့် သူ့အရင်ဦးစွာရောက်နှင့်နေသော သရက ပြုံးဖြဲဖြဲမျက်နှာနှင့် ဆီးကြိုနေသည်။

"မင်း ဘာတွေဒီလောက်အတွေးလွန်လာတာလဲ"

"ငါက ဘာကိုတွေးရမှာလဲ။ ဘာမှတွေးစရာအကြောင်းမရှိဘူး"

"ဟုတ်လို့လား"

"ငါက ဘာဖြစ်နေလို့ ဒီလောက်စစ်ဆေးမေးမြန်းနေရတာလဲ"

"မင်းရဲ့ညာဘက်အကျီလက်မောင်းကို ငုံ့ကြည့်လိုက်လေ"

သရ ပြောလို့ ငုံ့ကြည့်လိုက်တော့ . . .

"ဟင်"

ကြည့်စမ်း။ သူဝတ်ထားတာက ရှပ်အကျီအဖြူ လက်ရှည်၊ အကျီလက်မောင်းမှာ ကွမ်းတံတွေးကွက်ကြီးက ရဲနေသည်။ ဒါ . . . ဟိုရှာတိတ်လက်ချက်ပဲဖြစ်ရမယ်။ ပါးစပ် ထဲမှာ ကွမ်းယာတမြုံ့မြုံ့ဝါးနေတာကိုတော့ အမြင်သား။ သူ လှည့်အထွက်မှာ တမင်ညစ်ပြီး ထွေးလိုက်တာ။

"မင်း ကွမ်းမစားတတ်ဘူးဆိုတာ ငါသိတယ်နော်။ ကဲပြော . . . သူများကွမ်းတံတွေးနဲ့ထွေးတာကို မသိရ လောက်အောင် မင်းရဲ့အာရုံတွေ ဘယ်ရောက်နေလဲ"

သူ အမှန်ကို ပြောပြလိုက်ရင် မိန်းကလေးတစ် ယောက်ကို ကူညီဖို့ ကြိုးစားခဲ့တဲ့သူကို သရ ဟားတိုက် ရယ် ဦးမှာ။ ဘာဖြစ်လို့လဲဆို သူက မိန်းကလေးတွေကို စိတ်မဝင် စားတဲ့ကောင်လေ။ ရှာတိတ်နဲ့တွေ့ဆုံပုံကို ပြောလိုက်လို့က တော့ . . . ဟင်း။



## အခန်း (၇)

"မဟာကပ်ကမ္ဘာ × × × ကြောဝဠာတိုင်း × × × ခိုင်းနှိုင်းမရပါ × × × သူတစ်ယောက်အပေါ်ပဲ စွဲလမ်းမိတာ နှိုးဝဉ်မှ အိုမင်းရင့်ရော်ရင်း × × × ငို၍သော်လည်းကောင်း ရွှက်၍ ရိုက်၍သော်လည်းကောင်း × × × စောင့်မျှော်လျက် နေဆဲပါ × × × မောင်ရေးလာမယ့် စာချွန်လွှာ × × × မနက် ဖြန်သို့မဟုတ် ဘယ်သောအခါ × × ×

စာချွန်လွှာ × × × မောင်ရေးမှာ မေ့စာပါရင်ပေးပါ လို့ × × × မေးရမှာများတောင် × × × မရှက်နိုင်ပါ။

ရေဒီယိုမှလာသော သီချင်းသံကြောင့် ဒေါ်ဆောင်း တစ်ယောက် သစ္စတ်ပွင့်၏ ဝတ်ဆံများကို နှင်ထုတ်နေသော လက်ချောင်းကလေးတွေ နေးကွေးသွားလေသည်။ သီချင်းက ဆွေးမြည့်ရာမှ ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ် ကူးပြောင်းသွားခဲ့သော သူမ၏နှလုံးသားတစ်ခုလုံးကို ပုဆိန်နှင့် အထုခံလိုက်ရသလို အစိတ်စိတ်အမွှာအမွှာ ကြေကွဲသွားစေခဲ့သည်။

အစ်ကိုရယ် . . . အစ်ကို ပြန်လာမယ့်ရက်ကို မျှော်ကိုးရင်း လက်ချိုးရေတွက်လာခဲ့ရတာလည်း လက်ကလေးတွေတောင် ဖက်ညောင်းနေပြီထင်ပါရဲ့။ အစ်ကိုနဲ့ဆုံတွေ့ခဲ့ရတဲ့နေ့လေးလို နှင်းတွေဝေတိုင်း၊ သစ္စတ်ပန်းတွေပွင့်တိုင်း ဆောင်းငိုနေရတယ် အစ်ကို။ တစ်ခါတလေ ဆောင်းနှင်းမှုန်လေးတွေကတောင် ဆောင်းရဲ့မျက်ရည်ကို အရှုံးပေးပြီး လက်မြှောက်လို့ နေ့ကာလကို သတင်းပေး အစားထိုးနေပေးနိုင်းခဲ့တယ်။

အတိတ်ကာလဆိုတာကို ပစ္စုပ္ပန်နဲ့အမျိုးမတော်မဘူးလို့ အစ်ကို ယူဆနေသလားဟင်။ ချစ်ခဲ့ဖူးသူကိုတကယ်ပဲ သတိမရခဲ့ဘူးလား။ ပြီးခဲ့တဲ့ကာလကို မရှိခဲ့တဲ့





ရင်မှ တမ်းတခြင်းမျိုးနဲ့ ဆောင်းကတော့ တစ်စက္ကန့်လေးတောင် မမေ့ရက်နိုင်ခဲ့ပါဘူး။

အစ်ကိုနဲ့အတူ သစ္စတ်ပင်အောက်မှာ သစ္စတ်ပန်းတွေ ကောက်ခဲ့ဖူးတာ၊ နှင်းမှုန်ဖွေးဖွေးလေးတွေကို လက်ဖြန့်ခံရင်း ချစ်စကားတွေ ခွန်းဆိုဖွဲ့ခဲ့ကြတာတွေ၊ ပြီးတော့ သစ္စတ်ပင်နဲ့ ဆောင်းမနက်ကို သက်သေထူပြီး သစ္စာဆိုခဲ့ကြတာ ဆောင်း ဘယ်လိုမေ့ပစ်ရမလဲ အစ်ကို။ ဆက်ဆက်ပြန်လာခဲ့ပါ့မယ်လို့ အထပ်ထပ်မှာခဲ့ပြီး ခုတော့ သစ္စာမပီကတိတည်ဖို့ အိပ်မက်က လန့်နိုးပြီး ကယောင်ကတမ်းတောင် မပြောတော့ဘူးထင်ပါရဲ့။ ရက်စက်ပါပေ့နော်။

မျက်ဝန်းကို တံခါးမခေါက်ဘဲ မျက်ရည်က ပေါက်ခနဲ ပြေးဆင်းသွားလေသည်။

"မေမေ"

ခေါ်လိုက်မိပေမယ့် ရုတ်တရက် မကြားနိုင်သေးဘူးဆိုတာ သိနေပါတယ်လေ။ တစ်ဆောင်းသစ်လို့ နှင်းတွေတစ်ခါဝေတိုင်း၊ သစ္စတ်ဖြူတွေကို တားစေလို၍ ကောက်လာတိုင်း ဒီအဖြစ်မျိုးတွေနဲ့ ကြုံဆုံခဲ့ရတာလဲ ခဏခဏပါ။ ခုလို မေမေ ငိုတိုင်း သူလည်း လိုက်ငိုရတာ ကြာတော့ မျက်

ရည်တွေလည်း ခန်းလုနေပါပြီ။ လူမှန်းသိတတ်စအရွယ်က တည်းက လက်ညှိုးထိုးပြစရာ အဖေရယ်လို့ မရှိခဲ့တဲ့ဘဝမှာ သောကတွေကိုသာ ဝိုတစ်လုံးလို တီးခတ်နေခဲ့ရသည်။

"မေမေ"

"ဟင်"

ခြေကိုဖွဖွနင်း၍ မေမေ့ဘေးနားမှာ ဝင်ထိုင်လိုက်သည်တွင် . . .

"သားတော် ပြန်လာပြီကိုး"

မျက်ရည်တွေကိုကပျာကသီ သုတ်ပြီး ပြုံးပြလာသော မေမေ့မျက်နှာမှာ အလွမ်းရောင်တွေက ခပ်ရင့်ရင့်။

"မေမေ ငိုနေပြန်ပြီနော်"

"မငိုပါဘူး သားရယ်။ မေမေ ဘယ်မှာငိုလို့လဲ"

"လိမ်ညာခြင်းအလုပ်ဟာ အင်မတန် ပင်ပန်းလှပါတယ် မေမေရယ်။ မေမေ ငိုပါ။ မငိုနဲ့လို့ သား မနှစ်သိမ့်ချင်ဘူး။ မေမေနဲ့အတူ သားလည်း ကူငိုပေးနေဦးမှာပါ"

"သားရယ်"

မျက်ရည်နှစ်စက်ဟာ ပင့်သက်တွေနဲ့အတူ မျောပါသွားခဲ့ပြီ။ အရင်တုန်းကဆို မျက်ရည်သုံးစက် မိုးသုံးရက်





ဆွေခဲ့သလိုပဲပေါ့။ ခုတော့ သမီးလေးက ပညာရေးအတွက်နဲ့ သူမရင်ခွင်သိုက်မြုံထဲကနေ ယာယီပြေးခွာသွားလေရဲ့။

မေမေရယ် . . .

ကျွန်တော်သာ ငှက်ကလေးတစ်ကောင်ဖြစ်ခဲ့ရင် တောင်ပံကိုဆန့်တန်း ပျံသန်းသွားလိုက်ချင်တယ်။ မြားကလေးတစ်စင်း ဖြစ်ခဲ့ရင်လည်း လေဆန်ကိုခွင်း ခြေသံပြင်းပြင်းနဲ့ ထွက်ခွာသွားလိုက်ချင်ရဲ့၊ တီကလေးတစ်ကောင် ဖြစ်ခဲ့ရင်လည်း မြေလွှာကို တိုးရင်း ဟိုးအဝေးကို ပြေးသွားပေးချင်တယ်။ ဖေဖေ့ကိုရှာဖို့အတွက်ပေါ့။ မေမေ့ရဲ့ သောကမျက်ရည်တွေကို သုတ်ပေးနိုင်တာ ဖေဖေပဲလေ။

ဖေဖေ . . .

ကျွန်တော်တို့ကို ဘာလို့ရက်ရက်စက်စက် ထားပစ်ရက်ခဲ့တာလဲ။

"မေမေ"

"ဟင်"

"ဖေဖေက သားတို့ကို ဘာလို့ထားခဲ့တာလဲဟင်"

ရင်ခွင်ထဲမှ သူမမျက်နှာကို မော့ကြည့်နေသော သား၏မျက်နှာချောချောကို ဒေါ်ဆောင်း လက်ဝါးလေးနှင့်

လေးနှင့် ပွတ်သပ်ပြုံးပြလိုက်သည်။

"သားဖေဖေကို အပြစ်မမြင်ပါနဲ့ သားရယ်။ ခရီးကြီး နေမယ်နော်။ သားအပြစ်တင်ရမှာက မေမေတို့ကို ဥပေက္ခာ ပြုနေတဲ့ ကံကြမ္မာကိုပဲ သား"

"ကံကြမ္မာက သားတို့မိသားစုအပေါ် အရမ်းရက်စက်တာပဲနော်"

"အားမငယ်ပါနဲ့ သားရယ်။ ကံကြမ္မာက တစ်နေ့ မေမေတို့ကို ခင်တွယ်လာလိမ့်မယ်လို့ မေမေ ယုံကြည်နေတယ်"

"သားလည်း မျှော်လင့်နေတာပါပဲ မေမေရယ်"

တစ်ဦးကိုတစ်ဦး ရင်ချင်းအပ်၍ အားပေးနှစ်သိမ့်နေကြသော သားအမိကို ဇန်းလေးထဲမှ သခွတ်ပွင့်ဖြူဖြူလေးတွေကလည်း အားပေးစကားတွေ ဆိုချင်သည့်နှယ် ခေါင်းမော့၍ ကြည့်နေကြသည်။

"သား"

"ရှာ . . . မေမေ"

"ဗူးသီးတွေ ဖောက်သည်သွားပို့တာ အဆင်ပြေရဲ့လား"





"အဆင်ပြေပါတယ် မေမေရဲ့။ ဒေါ်စုကတောင် မေမေ့အတွက် မုန့်တွေဝယ်ထည့်ပေးလိုက်သေးတယ်"

စုမှ သတိရသလို သာယာ လွယ်အိတ်ပြာလေးထဲသို့ လက်ထိုးနှိုက်လိုက်သည်။ လက်ထဲမှာ ဘီစကစ်မုန့် တစ်ထုပ်နှင့် တိုတိုထွာထွာမုန့်ကလေးတွေ။

"ရော့ . . . မေမေ"

"ဟယ် . . . ဒီလောက်အများကြီးဝယ်ပေးတာကို ဘာလို့ယူလာရတာလဲ သားရယ်။ အားနာစရာကြီး"

"ဆန်ပေးလို့ ဆီရတဲ့သဘောပဲ မေမေရာ။ ဘာ အားနာစရာရှိလို့လဲ။ သားတို့ခြံထဲကထွက်တဲ့ သီးနှံမှန်သမျှ သားက သူများထက်ဈေးလျှော့ပြီး သူ့ကို ပေးနေတာကိုး"

"ဒါတော့ဒါပေါ့သားရယ်။ သူလည်း မရှိလို့မှ ကုန်စိမ်းရောင်းစားနေရတာ မဟုတ်လား။ စီးပွားရှာသူချင်း ကိုယ်ချင်းစာရတယ်ကွယ့်"

"မေမေ မကြိုက်ရင် သားနောက်ကို မယူတော့ပါဘူး မေမေ"

ဒေါ်ဆောင်းရင်ထဲမှာ ပီတိတွေ လျှမ်းလျှမ်းဝေသွားရတော့သည်။ သာယာဖွယ်ဆိုတဲ့ ဒီသားလေးဟာ မိခင်စိတ်

ကို ငြိုငြင်သွားမှာကို မြူတစ်မှုန်စာပင် မြင်ချင်တဲ့သူမဟုတ်ပါ။ သူမ သား၊ သမီး မွေးရကျိုးနပ်ပါ၏။ သမီးလေးကတော့ ဖအေကို တွေ့ချင်တဲ့နေရာမှာ သားထက် ပို၍ဆန္ဒပြင်းပြသူလေ။

"သား . . . ညီမလေးကို ပိုက်ဆံပို့ဖို့ ဘယ်လောက်စုမိပြီလဲ သား"

သာယာ စဉ်းစားဟန်လေး ပြုလျက် . . .

"သုံးသောင်းရှစ်ထောင်လောက်တော့ ရပြီ မေမေ၊ ငါးသောင်းလောက်ရရင်တော့ ညီမလေးကို ငွေ လိုက်ပို့မယ်လို့ စဉ်းစားထားတယ်၊ သားအတွက် လမ်းစရိတ်ကလည်း လိုသေးတယ်လေ"

"ပညာရေးအတွက်ကြောင့်သာ မေမေ သမီးလေးကို ရင်ခွင်ထဲကနေ ခွဲထုတ်လိုက်ရတာ သတိရနေတာတော့ နေ့တိုင်းပါပဲကွယ်"

"မချစ်လို့ စွန့်ပစ်လိုက်တာမျိုးမှ မဟုတ်ဘဲ မေမေရယ်၊ ညီမလေး ပညာတတ်ကြီးဖြစ်မှ ဒီရွာမှာ မေမေနဲ့သား ခေါင်းမော့ရင်ကော့ပြီး ကြွားလို့ရမှာ"

သာယာကတော့ မျှော်လင့်ချက်တွေ တစ်ထွေး





[...]စ်မကြီးနှင့်ပါ။ အရွယ်လေးရောက်လို့ အလုပ်ကိုလည်း [...]ကြိုးစားသူ၊ ရုပ်ကလေးကလည်း ရှိ၊ ရိုးကလည်းရိုးသားပြန်[...]တော့ ရွာထဲက ကွမ်းတောင်ကိုင်မမတွေ မျက်စိကျစရာ[...]ပေမယ့် သာယာတစ်ယောက်ကတော့ ရည်းစားထားဖို့[...]မိန်းထောင်ပြုဖို့ကို ဘယ်တုန်းကမှ စိတ်ကူးမရှိခဲ့သူ၊ သူ့[...]ာမှာ မေမေနဲ့ညီမလေးကသာ အဓိကလေ။

"မေမေ"

"ဟင်"

"သား ဗိုက်ဆာတယ်၊ ဒီနေ့ ဘာဟင်းချက်လဲ"

"အင်း . . . ဖြစ်ရမယ်၊ ကိုအစားပုပ် ဆာလာမယ်[...]သိလို့ ထမင်းပွဲအဆင်သင့်ပြင်ပြီးသားပါ[...]တယ်၊ ပဲဟင်း[...] ဆူးပုပ်ရွက်အုပ်ပြီး ချက်ထားတယ်၊ ငရုတ်သီးထောင်းနဲ့[...]လိုက်ပေါ့၊ သွားစားချေလေ"

"သား အကြိုက်ချက်ထားလို့ မေမေ့ကို အရမ်းချစ်[...]ပြီ"

"ဟဲ့ . . . သား"

သာယာက မိခင်၏ပါးကွက်ကျားနှင့် ပါးပြင်ကို [...]နန်း၍ ထမင်းပွဲဆီသို့ ထသွားလေသဖြင့် ဒေါ်ဆောင်း

အပြုံးထည်လဲနှင့် ဝါးလုံးကွဲအောင် မရယ်ရှုံတစ်မယ်ပါ။ ...
စိတ်ချမ်းမြေ့စရာအချိန်လေးတွေမှာ မိသားစုတွေ စုစုံ...
လင် ရှိချင်လှပါသည်။ ခုတော့ဖြင့် တစ်ခါ တစ်ခါမှာ သူ...
အဖြစ်က အလွမ်းတွေကို ဖန်းနဲ့သယ်ရောင်းနေရတဲ့ အ...
သည်မလေးဖြစ်နေရ၏။

"မေမေ"

သာယာ မိခင်နှင့်အတူ ထမင်းစားလို၍ လှ...
ခြင်းပါ။

"လာလေ မေမေရဲ့၊ မေမေပါ တစ်ခါတည်းဝင်...
လေ"

"မေမေ မဆာသေးလို့ပါ သားရဲ့"

"မေမေကလည်းဗျာ ရှိတာမှ ဒီသားအမိ...
ယောက်ကို တစ်ယောက်တကွဲစားနေရရင် ဘယ်လို...
ထမင်းစားမြိန်တော့မှာလဲ"

"ကဲ . . . လာပါပြီတော်၊ လာပါပြီ"

ဒေါ်ဆောင်း သား၏ဆန္ဒ အလိုကျ လက်...
ထမင်းပွဲသို့ ဝင်လိုက်သည်။ သာယာမိခင်၏ ထမင်းပန်း...
ထဲသို့ ဟင်းများကိုခပ်ထည့်ဦးချရင်း . . .





"မေမေ"

"ဘာလဲ သားရယ်၊ ပြောစရာရှိတာသာ ပြော။
...ကြာ မေမေဆိုတာခေါ်ရလွန်းလို့ လေပွပြီး ထမင်းမဝင်
...နေဦးမယ်"

"မေမေဆိုတဲ့နာမ်စားလေးက လျှာဖျားပေါ်မှာ
...အားလုံးထက် ချိုမြိန်တယ်လေ မေမေရဲ့၊ ဖြစ်နိုင်ရင်
...မေဆိုတဲ့ စကားလုံးလေးနဲ့ အရာအားလုံးကို ပြီးပြည့်စုံနိုင်
...င် အခြားစကားလုံးသုံးကို မသုံးချင်တော့တာ"

မိခင်ကို အဲဒီလောက် ရှိသေလေးစားသော သား
...ပါ။

"သားက ဘာပြောချင်လို့လဲ ပြောလေ"

"အဟွန်း"

အပြုံးတစ်ပွင့်ကို ပန်းသို့နယ် ဖန်ဆင်းကာ စိတ်
...သည်ကမ္ဘာတံခါးကို မသိမဂုက်ဘဲ ဂျက်ဖြုတ်၍ ဖွင့်ဟ
...တော့သည်။

"နမကောင်းစားရင် မောင်က အိမ်ဦးခန်းမှာနေရ
...ယ်ဆို မေမေပဲ ပြောတာလေ"

"အင်းလေ . . . အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ မမမရဲ့၊ ညီမလေး ပညာတတ်ကြီးဖြစ်လို့ ကောင်းစားရင် သားက အိမ်ဦးခန်းမှာ မိန့်မိန့်ကြီး ထိုင်ပြီး ဝက်သားတို့၊ ကြက်သားတို့ နေ့တိုင်း စားရမှာ မဟုတ်လား"

သာယာ အိုင်တင်အပြည့်နှင့် ခပ်မိန့်မိန့်ပုံစံမျိုး လက်ပိုက်၍ ခေါင်းကို မော်ကြွားစွာ မော့ပြပုံက မိုးစက်ပွင့်လေးတွေ ကြွေအကျကို မျှော်လင့်နေရှာတဲ့ ဖားတစ်ကောင်လို . . .

"စိတ်ကူးတွေ သိပ်ယဉ်မနေစမ်းပါနဲ့ သားရယ်၊ သားက အစ်ကိုကြီးတော့ အဖအရာလေ။ မိဘဆိုတာ ပန်းကို ပန်ချင်လို့ ပျိုးတာမဟုတ်ဘူး။ အလှကြည့်သက်သက်နဲ့ မေတ္တာကို ထရံလိုသဘောထားပြီး ကာကွယ်တာဟာ ချိုးယူပန်ဆင်ဖို့ မျှော်လင့်ချက်မပါဘူး။ မမမတို့က ဥယျာဉ်မှူးတွေပါ။ ဈေးကောင်းနဲ့ လာဝယ်သူရှိရင် ရောင်းလိုက်ရမှာလား"

"ဒါလဲ ဟုတ်တာပဲနော်"

"ကဲ . . . သား . . . စားဖို့ရှိတာစား။ ဟိုက အိမ်ထောင်ရက်သားကျပြီး ကောင်းစားသွားရင်တောင် ငါ့သားယောက်ဖမျက်နှာကြည့်နေရဦးမှာ။ အဲဒီတော့ ကိုယ့်အား



ကိုယ်ကိုး၊ ကိုယ့်အလုပ်ကိုယ်လုပ်။ စိန်နားကပ်အရောင်နဲ့ ပြောင်ချင်တာ လှပျော့လှည့်တွေရဲ့အလုပ်။ သားက ကိုယ်ပိုင်အလင်းရောင်နဲ့ သာတဲ့ လမင်းပဲ ဖြစ်ပါစေကွယ်"

သာယာသဘောပေါက်သွားလေပြီ။ မိုးပေါ်က လမင်းဟာ ကိုယ်ပိုင်အလင်းရောင်မရှိပဲ လင်းရပေမယ့် သူသာတော့ . . .

## အခန်း ( ၈ )

လွမ်းလိုက်တာ မေမေရယ်။ ကိုကြီးကိုရောပေါ့။

သက်ဆက် ကွန်ပျူတာသင်တန်းတက်မယ်ဆိုပြီး ညာထွက်လာခဲ့တာ။ ညာမိတာကို ခွင့်လွှတ်ကြပါနော်။ သက်ဆက်ရဲ့ ပညာရေးအတွက် မေမေနဲ့ ကိုကြီး ရုန်းကန် လှုပ်ရှားနေရတာကို သက်ဆက် မကြည့်ရက်တော့ဘူး။ အလုပ်ကလေးတစ်ခုရှာပြီး ကိုယ့်ဝင်ငွေနှင့်ကိုယ် ကျောင်း တက်ချင်သည်။ ဒါကြောင့် ရှာက အထွက် ချောင်အောင် ညာလာခဲ့မိတာ။





"သက်ဆက်"

"ရှင်"

"လိမ္မာနေပါလား။ နောက်တစ်ခါလဲ အဲဒီလိုထူးရ ...ပ်နော် ကြားလား"

"အောင်မယ်"

သျှမ်းမျက်နှာက မချိုမချဉ် ပြုံးစိစိနှင့်။ သက်ဆက် ... ရွတ်တရက် ကိုကိုကြီးခေါ်တယ်မှတ်လို့ ရှင်လို့ထူးလိုက် ...တာကို . . .

"နင်ကလည်း ငါ့ကိုမမြင်လိုက်နဲ့ မြင်လိုက်တာနဲ့ ...ဘငင်ငင်ပဲ။ ဘဲငန်းကြီးလို နှုတ်သီးနဲ့လိုက်လိမ်ဖို့ပဲ စိတ် ...နေတာပဲနော်"

"အဲဒါ အရှင်းကြီး အမြင်ကတ်လို့ပေါ့"

"ဟုတ်လား . . . နင်သာ ချွေးဆိုရင် ငါ့အရင်ပေါင်ပဲ့ ...အောင် အကိုက်ခံရမယ်ထင်တယ်"

"ကျိန်းသေတာပေါ့"

သက်ဆက်၏မျက်စောင်းက လေးသည်တော်၏ ...းတစ်စင်းလို။ လက်ကလွှတ်လိုက်တာနဲ့ စွပ်ခနဲစိုက်ပြီး ... . . .

"ဟား . . . ဟား"

"ဘာရယ်တာလဲ။ ငါပြောတာ တစ်ခွန်းမှ ရယ်စရာမပါဘူး"

"အေးပါ . . . နှင့်စကားထဲမှာ ရယ်စရာမပါပါဘူး။ ဒါပေမယ့် နှင့်ပုံစံက ရယ်စရာကောင်းနေတာ"

သက်ဆက် သူမကိုယ်သူမ စိတ်မလုံသလို ငုံ့ကြည့်ပြီးမှ . . .

"ငါက ဘာဖြစ်နေလို့လဲ"

"နှင့်ကို ကြိုက်မယ့်ကောင်တွေအတွက် ရင်လေးလို့"

"ဘာ"

သက်ဆက် နားမလည်သလို သျှမ်းကို ကြည့်လိုက်တော့ သျှမ်းက သက်ဆက်တစ်ကိုယ်လုံးကို ငေ့ကြည့်ကာ . . .

"နှင့်ကိုယ်နှင့် ပြန်ကြည့်ဦးလေ။ အဝတ်နဲ့ခေါင်းစည်းကြိုးကအစ ဖိနပ်အဆုံး တစ်ကိုယ်လုံးအစိမ်းရောင်တွေချည်းပဲ။ ဘာလဲ တွံတေးသိန်းတန်ရဲ့ စိမ်းသရဖူစိမ်းသီချင်းထဲက အစိမ်းရောင်မင်းသမီးကို အားကျလို့လား"

"ထင်ချင်သလိုထင်ပေါ့။ ငါက အစိမ်းရောင်ကြိုက်





ဘယ်လေ"

"အဲဒါကြောင့်ပြောတာပေါ့။ ဒီလောက် အစိမ်းရောင်ကြိုက်နေတာ နှင့်နှလုံးသားတွေလည်း စိမ်းနေမှာပေါ့။ နှင့်ကို ကြိုက်မိတဲ့ကောင်တွေကတော့ ရင်ဘတ်ရော အသည်းရော ဖဆပလဖြစ်မှာ ကျိန်းသေတယ်"

"နှင့်အပူမပါပါဘူး"

သျှမ်း ဟက်ခနဲခေါင်းမော့၍ ရယ်လိုက်သည်။ မိန်းကလေးတွေ ဘယ်လောက်ပဲ အစိမ်းရောင်ဝတ်ရုံကို ခြုံလွှမ်းထားထား၊ သံမဏိမျက်နှာဖုံးကို ဘယ်လိုပဲစွပ်စွပ်၊ မာနနင်တံကို ဘယ်လိုပဲ လက်ကိုင်တုတ်အဖြစ် အသုံးပြုပြု၊ ပျော့ပျောင်းနွဲ့နှောင်းသော နှလုံးသားပိုင်ရှင်တွေဆိုတာ မှတ်ပုံတင်ကြည့်စရာမလိုဘဲ သိနေပါသည်။ ဒါ လောကရဲ့ သဘာဝနိယာမတရားလေ။ သျှမ်း သက်ဆက်၏နှလုံးသားကို ကလိကြည့်ချင်သည်။ ထို့ကြောင့် . . .

"ငါလည်း နှင့်ကိုမချစ်မိအောင် ကြိုးစားနေမှဖြစ်မယ်"

"ဝေးလေကောင်းလေပဲ"

"တစ်ခါတလေ ငါ့စိတ်က နှင့်အနားမှာပဲ ဝဲနေတာ

ဟာ"

"သေလိုက် . . . သျှမ်းနော် နင့်ကို ကြီးကြီးခင်နဲ့ ကိုကိုကြီးမျက်နှာကြောင့် ခေါ်ထူးမေးပြောလုပ်နေတာကို အခွင့်ကောင်းမယူနဲ့။ ငါ့ကို ရီးတီးယားတားလာမလုပ်နဲ့။ ဓား စာမိသွားမယ် ဘာမှတ်လဲ"

"အာ"

သျှမ်း နောက်သို့ လန့်ဆုတ်ခြေတစ်လှမ်းဆုတ်လိုက်သည်။ မဆုတ်လို့လည်း မဖြစ်ဘူးလေ။ သက်ဆက် ကြက်သွန်လှီးနေသောဓားက ပြောက်ခနဲ သျှမ်းမျက်နှာနားမှာ ဝဲသွားတာ။

"နင်ကလည်းဟာ စကားအဖြစ်ပြောရုံပဲ ရှိပါသေးတယ်။ ဓားကြီးနဲ့ တကယ်ရက်စက်မယ့်ပုံပဲ။ ကြောက်စရာကြီး"

တကယ်လန့်တယ်ဟူသောသဘောနှင့် သျှမ်း ပန်းတွန့်လေလျှင် . . .

"ဒီမှာ သျှမ်း"

"ပြော"

"နင် လက်ဖျောက်တီးခေါ်တိုင်း အပြေးတနန့်နန့်နဲ့





လိုက်လာမယ့်အထဲမှာ ငါ မပါဘူး။ အဲဒါ နင်မြဲမြဲမှတ်ထား"

"နင်ပြောပုံက ကျန်တဲ့မိန်းကလေးတွေ ဘာဖြစ်ကုန်ပြီလဲ"

"ဘာဖြစ်ဖြစ် ငါ ဥပမာပေးတတ်သလိုပေးတာ ဘာဖြစ်လဲ"

"Example ကလည်း ကြမ်းလိုက်တာ"

သက်ဆက် ဂရုမစိုက်သလို သျှမ်းကို လှည့်မကြည့်တော့ဘဲ လှီးထားသော ကြက်သွန်များကို ဒယ်အိုးထဲသို့ထည့်လိုက်၏။ မီးဖိုထဲသို့ဝင်လာပြီး ရန်စနေသော သျှမ်းကို ကြာရင် သက်ဆက် ယောက်မနဲ့ ရိုက်မိမလား၊ တစ်ခုခုနဲ့ ပစ်ပေါက်မိမလား မပြောတတ်တော့။ ကိုယ်က အိမ်ဖော်အဆင့်လောက်ပဲရှိတာ သူနဲ့တုရန်ဖြစ်ရင်လည်း သက်ဆက်ပဲ ဒုက္ခရောက်မှာ။

"သျှမ်း"

"အယ်"

"လာဦး"

ခေါ်လိုက်သူက ကိုကိုကြီး။ ဝမ်းသာလိုက်တာ။ ဘုရားသိကြားမလို့ အဆူခံရပါစေတော်။

"မီးဖိုချောင်ထဲဝင်ပြီး ဘာလုပ်နေတာလဲ။ မင်း အကြောင်း ဘာများရှိလို့လဲ"

အဲ . . . မုန့်တိုင်းကတော့ မီးဖိုချောင်ဝမှာ ခါးကြီး ထောက်ပြီး ဇဟိုပြုနေပြီ။ တစ်နာရီကို မိုင်ဘယ်လောက် နှုန်းနဲ့ တိုက်ခတ်ဦးမလဲ မသိဘူး။ သျှမ်း မျက်လွှာပင့်ကြည့် လျက် . . .

"ဗိုက်ဆာလို့ပါ ကိုကိုကြီး"

"စောစောကမှ မင်း ငါနဲ့အတူတူ မုန့်စားပြီး ကော်ဖီ သောက်ထားတာလေ။ ဆာတာမြန်လှချေလား။ မဟုတ်မှ လွဲရော ဖုတ်များဝင်နေသလား"

"အာ . . . ကိုကိုကြီးကလည်း ကျွန်တော်က အပေါ် ထပ်နဲ့ အောက်ထပ် ဆယ့်နှစ်ခေါက်လောက် ပြေးဆင်း ပြေး တက်လုပ်နေတာကို ဗိုက်က ချောင်သွားတာပေါ့လို့"

"ကောင်းပြီ။ ခုတစ်ခါ ဗိုက်မချောင်တဲ့ အစားအစာ ငါ ကျွေးမယ်။ မင်းကျောက်ခဲကို ရေနဲ့မျောချရမယ်။ အဲဒါမှ တစ်သက်လုံး ဗိုက်ပြည့်နေမှာ . . . လာ"

"အား . . . သေပါပြီဗျာ"

ဆွဲခေါ်ပုံက နားရွက်ပြုလှမတတ်။





"အားရတယ် . . . သေမှ"

သက်ဆက် လက်ဝါးကို တစ်ဖက်မှ လက်သီးဆုပ် ဘလေးနှင့်ထုကာ ဝမ်းသာဟန်ရှိသွားလေသည်။

သျှမ်းမှာတော့ နားရွက်ဖျားကလေးတွေ ပူလွန်း လို့ . . .

"လွှတ်ပါတော့ ကိုကိုကြီးရဲ့ နာတယ်"

မျက်နှာကလေး ရှုံ့မဲ့၍အော်လေသည်။ သည် တော့မှ ခွန်အား သျှမ်းကို ချမ်းသာရာပေးပြီး ရှုတည်တည် မျက်နှာထားနှင့် . . .

"မင်း . . . သက်ဆက်ကို သွားရစ်နေတာ မဟုတ် လား"

"မဟုတ်ပါဘူး ကိုကိုကြီးရာ။ တစ်အိမ်တည်းအတူ နေပြီး စကားလေးတောင် ပြောခွင့်မရှိဘူးဆိုတော့ မပိုက် သေးပါဘူး"

ဘာမပိုက်တာလဲ။ မင်းကို ငါ ပြောထားမယ်နော် သျှမ်း။ သက်ဆက်နဲ့ပတ်သက်ပြီး ဘာမှရှုပ်ရှုပ်ယှက်ယှက် ဒါ မကြားချင်ဘူး။ ကောင်မလေးက simple လေး။ ပြီးတော့ ဒယ်ဒီကို ပြုစုဖို့ မာမီခေါ်ထားတာ။ သူတစ်ခုခုဖြစ်ရင် တို့

မိသားစုမှာ တာဝန်ရှိတယ်ကွ"

ကြီးကျယ်လိုက်တာ။ အိမ်ဖော်ကိုများအရေးတယူ လုပ်လို့။ ပန်းဝတ်မှုန်လေးကျနေတာပဲ။ လှတာတော့ သျှမ်း လက်ခံပါတယ်။ ဒါပေမယ့် နှုတ်သီးကောင်းတာက ငှက်ကြီး ဝန်ပိုတောင် ရှုံးလောက်တယ်။ ဒါကို သျှမ်းက ဂရုစိုက်မယ် များ ထင်နေလား မသိဘူး။ ဝေးသေး။

"ငါပြောတာ ကြားရဲ့လား သျှမ်း"

"ကြားပါတယ်"

"ကြားရင် ကင်းကင်းရှင်းရှင်းနေ"

"နေစမ်းပါဦး။ မသိလို့မေးပါရစေဦး ကိုကိုကြီးရဲ့ ကိုကိုကြီးကလေ အဲဒီကောင်မလေးဆိုရင် ဟိုလူခေါ်တာ မကြိုက် ဒီလူပြောတာ မကြိုက်နဲ့။ ဘာလဲ ကိုကိုကြီး သဘော ဆက်ကို ကြိုက်နေတာလား"

"ဘာကွ"

ကိုကိုကြီးအသံက ကျားဟိန်းသံထက် ကြောက် စရာကောင်း၍ တောချုံအုံကြားထဲမှာသာဆိုလျှင် ဘယ်သား ကောင်မှ အနားကပ်ရဲကြမှာ မဟုတ်ပေ။ သျှမ်းကတော့ ...

"ဟဲ ... ဟဲ ... စိတ်မဆိုးပါနဲ့ ကိုကိုကြီးရဲ့



ကျွန်တော်က သိချင်လို့ မေးကြည့်တာ။ ဟုတ်ရင် ဝန်ခံနော်။ သျှမ်း အောင်သွယ်လုပ်ပေးမယ်"

"သျှမ်း"

"ဗျာ"

"မင်း ငါ့ညီဖြစ်နေလို့နော်။ သူစိမ်းဆိုရင် ဂျွမ်းနစ် တော်လောက် ပြန်သွားပြီ သိလား"

"ဟုတ်ကဲ့ ... သိပါတယ်"

"သိရင် ကားထုတ်။ ငါနဲ့လိုက်ခဲ့"

"ဘာမှလဲမဆိုင်ဘူး"

"ဆိုင်ဆိုင် မဆိုင်ဆိုင် လိုက်ဆိုရင်လိုက်ခဲ့"

"ဟုတ်"

သျှမ်းသာ ပလတ်စတိတ်ရွှံ့လေး။ သစ်ရွက်ခြောက် လေးဆိုရင် ခွန်အားဖြင့်မျက်စောင်းအောက်မှာ ပြာကျသွား သည်။ ရှိစေဦးတော့။ သူခိုင်းတဲ့အတိုင်းပဲ သျှမ်း ကား ၍ လိုက်ပါလာခဲ့ရသည်။

ဟင်း ... သူကတော့ နောက်ခန်းမှာ အခန့်သား ထိုင်လို့။ သျှမ်းကတော့ သူ့ဒရိုင်ဘာကျနေတာပဲ။ လုံးဝ လိုက်တာ။

ကိုကိုကြီး မောင်းနိုင်းတာက စင်တာတစ်ခုကို၊ စင်တာထဲသို့ဝင်လာကြရိုက် အဝတ်အစားတွေ ဝယ်နေကြသော စုတွဲတစ်တွဲကို မြင်လိုက်ရသဖြင့် သျှမ်း နီးစပ်ရာနေရာတစ်ခုတွင်ဝင်၍ ပုန်းကွယ်နေလိုက်သည်။

"ဘာလဲ သျှမ်း"

ကိုကိုကြီးက နားမလည်သလို မေးပေမယ့် သျှမ်း ပြန်မဖြေမိပါ။ နောက်မှ ကိုကိုကြီးလည်း သူတို့ကိုမြင်သွားပြီး သျှမ်းနှင့်အတူ ပုန်းကွယ်နေတော့၏။

"ဦး . . . ဒီအဆင်လေး မလှဘူးလားဟင်"

"ဘရဏီ ဝတ်လိုက်ရင် ပိုလှမှာကွ"

"ဦးက ~သ်ပေးမှာမို့လို့လား"

"ဟာ . . . ဝယ်ပေးရမှာပေါ့။ ဘရဏီက ဦးရဲ့ အသည်းနှလုံးလေးပဲဟာ။ ဘရဏီ ကြိုက်တာဝယ်။ ဦးမှာ ရေ အပြည့်ပါပြီးသား"

"ဦးရဲ့ ဘေဘီအတွက်ရော မဝယ်ဘူးလား"

"အဲဒီစုနစ်အိုတွ ရှစ်အိုတွကြီးကို ဦးခေါက်ထားတယ်။ သူ့အကြောင်း ထည့်မပြောစမ်းပါနဲ့။ ပြောရုံနဲ့တောင် လူကြီးစော်နံလို့"





သျှမ်း နှုတ်ခမ်းကို ပြတ်ထွက်လုမတတ် ဖိကိုက်ထားလိုက်သည်။ လက်သီးကို ဆုပ်ထားမိသည်မှာလည်း လက်ဖဝါးထဲမှာ သံမဏိတုံးရှိလျှင်လည်း ကျိုးကြေသွားနိုင်လော၏။

မွေးတုန်းချစ်မယ် နံရင်ပစ်မယ်ဆိုတဲ့စကားအဓိပ္ပာယ်ကို သျှမ်း ရေရေလည်လည် နားလည်သွားခဲ့ပြီ။

"ဘရဏီ အသက်ကြီးရင်ရော"

"ဘရဏီကလည်း . . . ကလေးက ဦးထက် အများကြီးငယ်တာကို ကျန်ရင်းကျန် ဦးက ကျန်ခဲ့ရမှာလေ"

ဘရဏီဆိုတဲ့ အမျိုးသမီးက ခပ်လွှင်လွှင်လေးငယ်ကာ ဒယ်ဒီလက်မောင်းကို တွဲရိုမြူးဆွဲယ်ငနေသည်။ လန်းနုံတင်မက လန်ထွက်နေသော ဘရဏီအလှမှာ ယစ်မူးသာသာနေသူက သျှမ်းရဲ့ဒယ်ဒီ ဦးထွန်းလူ။ ပန်းဖူးရုံလှလှလေးပေါ်မှာ ရစ်ဝဲနေသော ပျားပိတုန်းသည် ဝတ်မှုန်ကိုသာ မြင်၍ ခြေဖွလာသော မုန်တိုင်းသံကို မကြားလေသည့်နှယ်။

"ဘရဏီ ဘာကိုမက်မောတတ်တယ်ဆိုတာ ဦး သိပါတယ်။ အဲဒီမက်လုံးတွေရှိနေသရွေ့ ဘရဏီ ဦး ဘေးနားမှာ ရှိနေမယ်"

"သိပါတယ် ဘရဏီရယ်။ သိလို့လည်း ဦး ကြိုးစား လို့ ရလာသမျှ ရေတွေကို ဘရဏီရှေ့မှာ လာပြီး သွန်ချပေး နေတာ အိမ်ကဟာမကြီး သိရင်တော့ ကျိုင်တက်မှာကွ"

"ဦးက ကြောက်လို့လား"

"အဟွန်း . . . ဘယ်ကြောက်မှာလဲ။ အိမ်ထောင် ဦးစီးဆိုတဲ့ ဂုဏ်ပုဒ်ကလေးကို နည်းနည်းထိန်းရုံပါ။ ဦးရဲ့အိမ် မှာ ဦးက ဟိတ်ဆို ဟိတ် . . . တိတ်ဆိုတိတ်နေကြရတာ၊ ပိုင်ပါတယ်"

မာမို့အတွက် ယူကျုံးမရဖြစ်ကာ ဒေါသမျက်ရည် တစ်ပေါက်က ကဆုန်ပေါက်၍ လိမ့်ဆင်းကြလာသည်။ ခုလို အိမ်ထောင်ရေးဖေ...က်ပြန်ပြီး မိသားစုအပေါ် တာဝန်မကျေ သောသူသည် ဖခင်မဟုတ်ဘဲ အစ်ကိုတစ်ယောက်သာ ဖြစ် ခဲ့မယ်ဆိုလျှင် သျှမ်း ခုလို ကျိတ်ငိုနေစရာအကြောင်းမရှိ ထပြီးပေါက်ကွဲပစ်လိုက်မှာ။ ခုတော့ . . .

"သျှမ်း"

သျှမ်း ဒီနေရာကနေ အမြန်ဆုံးထွက်သွားဖို့ ကြိုး စားလိုက်ပေမယ့် ခွန်အားက လက်ကိုဆွဲထားသဖြင့် မသွား ဖြစ်သေးပေ။





ခွန်အား ညီဖြစ်သူ၏ခံစားချက်ကို မျှဝေ၍ခံစားမိ ပါသည်။ မာမီရှိနေပါလျက် ဒယ်ဒီ အခြားမိန်းမတစ်ယောက် ကို လွမ်းဆွတ်တမ်းတပြနေတော့ ခွန်အား အရမ်းခံစားခဲ့ရ သည်။ ခု အန်ကယ်ထွန်းက တမ်းတနေရုံမျှမဟုတ်သဖြင့် သျှမ်းကိုကြည့်ပြီး သူ စိတ်မကောင်းနိုင်။ ထို့ကြောင့် ကိုယ် ချင်းစာသောအားဖြင့် သျှမ်းအတွက် မှိုပြီး ငိုကြွေးစေဖို့ရာ သူ ရင်ခွင်ကို ကောင်းလိုက်မိတော့၏။

"အင့်"

ပူနွေးသော မျက်ရည်စက်တွေကို စိတ်ရှိလက်ရှိ သွန်မှောက်ပစ်လိုက်ရတာ အားမရလို့ ရှိုက်သံက အလံထူ ၍ စစ်ချီလာပြန်သည်။

"တော်ပြီ . . . မငိုနဲ့တော့ သျှမ်း။ လူတွေမြင်ကုန် ရင် ရှက်စရာကြီး။ ကိုကိုကြီးတို့သွားကြရအောင်"

သျှမ်းကို ဒီစင်တာထဲခေါ်လာမိတာ မှားပြီဟုသော နောင်တနှင့်အတူ သျှမ်း၏ပခုံးကို ဖက်၍ . . .

## အခန်း (၉)

"ဒီလိုကျပြန်တော့ သျှမ်း သနားပါတယ်နော်"

"ဒီကလေးရဲ့ပင်ကိုစိတ်ထားလေးက မဆိုးရှာပါ ဘူး သက်ဆက်ရယ်။ သူ့စိတ်ဓာတ်ကို ဖျက်ဆီးလိုက်တာက သူ့အဖေရဲ့အကျင့်စရိုက်ပေါ့။ အိုးပုံတာနဲ့ စလောင်းက လိုက် ရွှဲတော့ မိုက်တိမိုက်ကန်းပုံစံလေးပေါက်နေတာလေ"

သျှမ်းအကြောင်းလေးကြားရတော့ သက်ဆက် သူ့ကို သနားနေရပြန်ပြီ။ ဆေးရုံနဲ့တောက်တဲ့လို မျက်နှာ ချင်းဆိုင်တာနှင့် ရန်ဖြစ်မိနေကြသော သျှမ်းနဲ့သက်ဆက်၊ အတွင်းကို မသိပဲ အဆင်းကိုကြည့်၍ ပုပ်စော်နံသည်ဟု နှာခေါင်းရှုံ့ခဲ့မိသော သက်ဆက် ခုလို သျှမ်းရဲ့အတ္ထုပ္ပတ္တိ မြေ သွားခဲ့တော့မှ သူ့မဏ်မာရေကြောရေဆက်ဆံမှုတွေအတွက် သျှမ်းကို အားနာမိသလိုလို။





"သူ့အဖေကလည်းနော် ကိုယ့်သားမျက်နှာကိုမှ ထောက်။ ဟင်း . . . အဲဒါမျိုးပေါ့ သေခါနီးတောင် ရိက္ခာယူ ာန်းဆိုတာလေ။ ကိုယ့်အသက်လည်း ပြန်မစမ်းစစ်ဘူး။ သူ့ ရှေ့မှာ မှန်ထောင်ပြပြီး သေလမ်းကို ခြေစုံပစ်ဝင်နေပြီလို့ သျှမ်းက ပြောပစ်ဖို့ကောင်းတာ"

"သျှမ်းကိုယ်စား ညည်းပဲသွားပြောလိုက်ပါတော့ ား သက်ဆက်ရယ်"

"အမယ်လေး . . . သက်ဆက်နဲ့ သျှမ်း ဘာမှ မတော်လို့နော်။ ဆွေမျိုးသာတော်ကြည့် အဲဒီလူကြီးကို ပိုးစိုး က်စက်ကို ပြောပြစ်လိုက်မှာ သိလား"

"တော်လို့ရတယ်လေ"

"ဘယ်လိုတော်လို့ရမှာလဲ ဒေါ်ကြီးစုရဲ့"

"သျှမ်း အဖေကို ယောက္ခမတော်လိုက်ပေါ့"

"အမ်"

သက်ဆက် ပါးစပ်အဟောင်းသားဖြစ်သွားပုံကို ကြည့်၍ ဒေါ်ကြီးစုက ပြုံးလေသည်။ သူမတကယ်ပဲ သျှမ်း နဲ့သက်ဆက်ကို ဆက်ဆံရေးပြေလည်စေချင်၏။ သက်ဆက် ပုံစံလေးက အိမ်ဖော်ပါဟု ပြောမထွက်နိုင်လောက်

အောင် လှသည်လေ။ စိတ်ထားလေးကလည်း မွန်မြတ်ပါရဲ့။ ချမ်းသာသော သျှမ်းတို့အသိုင်းအဝိုင်းနဲ့ဆို အဖြူရောင် တိမ်တိုက်တွေကို ငွေရောင်နဲ့ အနားကပ်ထားသလိုမျိုး သူမဘဝလေး လှပတင့်တယ်ပေလိမ့်မည်။

"ဒေါ်ကြီးစု တကယ်ပြောတာ သက်ဆက်ရဲ့၊ သျှမ်းကလည်း ချော၊ သက်ဆက်ကလည်း လှ။ ယှဉ်သွားလိုက်လို့ကတော့ လူတကာက ငေးကြည့်ရလောက်အောင်ကို လိုက်ဖက်မှာ"

"ဒေါ်ကြီးစုကလည်း မဖြစ်နိုင်တာကို"

လေတိုးခံလိုက်ရတဲ့ ပန်းပွင့်ဖတ်ကလေးလို သက်ဆက် ရှက်စနိုးလေး မျက်လွှာချသွားလေ၏။ လူသားတိုင်း၏ရင်မှာ အချစ်ဆိုတဲ့အမြစ်တွေ တစ်နေ့မဟုတ် တစ်နေ့တွယ် ကုပ်လာတတ်ကြစမြဲပါပဲ။ ဒါပေမယ့် ယောကျ်ားတွေကို သက်ဆက်ချစ်ရမှာ ကြောက်ပါသည်။ မေမေ့လိုသာ ချစ်သူကို နေ့တိုင်းမျှော် မျက်ရည်ကို အဖော်အဖြစ် လက်တွဲ၍ ချစ်သူစွန့်စားသွားသည့်ရက်ကို လက်ချိုးရေတွက်နေရသည့် ခံစားမှုမျိုးကို သက်ဆက်မခံစားနိုင်ပါ။ ဘေးက မြင်နေရတဲ့ သက်ဆက်တို့ပင်လျှင် မေမေ့ဝေဒနာကို ရှုကြည့်ရ တွေ့စာမိသည့်နှယ် ခံစားရတာ ကာယကံရှင် မေမေဆိုလျှင် ဘယ်လောက်ကြေကွဲဝမ်းနည်းနေရှာမလဲ။





"ဘာလို့မဖြစ်နိုင်ရမှာလဲ သက်ဆက်ရဲ့၊ ကိုယ်ကဆင်းရဲလို့ မဖြစ်နိုင်ဘူးလို့ ပြောချင်တာလား။ ရှင်ဘုရင်တွေ မိဖုရားမြှောက်တာ သူတို့ထက် နိမ့်ကျတဲ့ သူဆင်းရဲမလေးတွေပါအေ။ ဘယ်ဘုရင်က အခြေတူဘုရင်မကို မိဖုရားမြှောက်ဖူးသလဲ"

"ဒေါ်ကြီးစုပြောသလို မဟုတ်ပါဘူး"

"ဒါဆို ဘာဖြစ်လို့လဲ"

လှိုးနေသော ကြွက်သွန်က မှန်လို့လား။ နှလုံးသားတွေ နာကျင်သွားတာကြောင့်လားတော့ မသိပေ။ သက်ဆက် မျက်ရည်ကလေးဝဲချင်လာ၏။

"အချစ်နဲ့ဝေးဝေးနေတာ ကောင်းပါတယ် ဒေါ်ကြီးစုရယ်"

သက်ဆက်အသံက တိုးလျလျ။

"သက်ဆက်"

မီးဖိုထဲသို့ဝင်လာသော သျှမ်းကိုမြင်လိုက်ရသဖြင့် သက်ဆက်၏ လက်ချောင်းလေးက မျက်ဝန်းထောင့်ဆီသို့

ရောက်သွားလေသည်။

"ဘာလဲ သျှမ်း။ ဗိုက်ဆာလို့လား"

"မဟုတ်ပါဘူး။ နင့်ကို ဘဘခေါ်ခိုင်းလို့"

"ဒါဆို လာခဲ့မယ်လေ။ ခဏလေးနော်"

သက်ဆက် ကြက်သွန်စော်နံမည်စိုး၍ လက်ဆေး ပြီး သျှမ်းနောက်က လိုက်လာခဲ့သည်။

"ဘဘ . . . သက်ဆက်လိုက်လာပါပြီ"

သျှမ်းအသံပေးလိုက်တော့ ဦးဇေလင်းမောင်၏ အပြုံးမျက်နှာက သမင်လည်ပြန်လှည့်လာသည်။ နှစ်ယောက် စလုံး သူ့ရှေ့မှာ ရှိကျိုးစွာ ရပ်လိုက်ကြစဉ် . . .

"သျှမ်းက သမီးရဲ့ပုံတူကို ပန်းချီဆွဲချင်လို့တဲ့ သမီးရဲ့"

သူမ သျှမ်းမျက်နှာကို တအံ့တဩလေးမော့ကြည့် ရင်း . . .

"ဟင် . . . သျှမ်းက ပန်းချီဆွဲတတ်တယ်လား"

"မတောက်တခေါက်ပါ"

"ဘာဖြစ်လို့ ငါ့ရဲ့ပုံတူကိုမှ ဆွဲချင်တာလဲ"

"နင်က လှတယ်ထင်လို့"

"အို"





ဘဘရှေ့မှာ ပြောလိုက်တာမို့ သက်ဆက်မျက်နှာ လေးမှာ ပန်းနုရောင်လွှင်ပြင်ဖြစ်လျက် . . .

"ငါ ဘယ်မှာလှလို့လဲ"

"သမီးရယ် လှလို့လှတယ်ပြောတာ ရှက်စရာလား"

"ဘဘကလည်း"

"ဘဘကလည်း လုပ်မနေနဲ့။ နင် အလှပြင်ပြီး အဝတ်အစားလဲဖို့ ငါ စီစဉ်ထားတယ်။ လာ . . . ငါနဲ့လိုက်ခဲ့"

သျှမ်းရှေ့မှ ဦးဆောင်၍ထွက်သွားပေမယ့် သက် ဆက်မလိုက်ရဲဘဲဖြစ်ကာ ဘဘ အနားမှာ ပေကပ်၍ရပ်မိ နေဆဲ . . .

"လိုက်သွားလေ သမီးရဲ့"

"ဟုတ် . . . ဟုတ်ကဲ့"

ပထမတော့ သျှမ်းက ပေစောင်းစောင်းနှင့် ပြန် ကြည့်နေပြီး သက်ဆက် ခြေလှမ်းတွေ လှုပ်ရှားတာမြင်မှ စိတ်အေးသွားဟန်နှင့် ပြန်လှည့်သွားလေသည်။

"ကြာလိုက်တာဟာ တုံ့နှေးတုံ့နှေးနဲ့"

ဝင်ရမှာက သျှမ်းရဲ့အခန်း။ ယောက်ျားပျိုလေးတစ် ယောက်ရဲ့အခန်းထဲကို မိန်းမပျိုလေးက ဝင်ရမတဲ့လား။

သက်ဆက် တွေဝေစဉ်းစားနေဆဲ . . .

"ကဲ . . . အမိ ကြီးကြီးခင်သိရင် ဆူမှာစိုးလို့ ဒီ အခန်းထဲမှာ အလှပြင်နိုင်းတာ။ ကျုပ်က ခင်ဗျားကို ကိုက်မစားဘူး။ လာ . . . ဝင်"

ပြောပြောဆိုဆို ဖိုးဖိုးဆတ်ဆတ်နှင့် သက်ဆက် လက်ကိုဆွဲခေါ်ပုံက ပိုင်စိုးပိုင်နင်း . . .

"ဖယ်ပါ . . . ငါ့ဘာသာဝင်မယ်"

"ပြီးတာပဲ"

"နှင်အပြင်မှာစောင့်နေ"

တော်တော်အဖြစ်သည်းတဲ့ ကောင်မလေး။ သျှမ်းက သူမကို ဘာလုပ်မှာမို့လို့လဲ။ စိတ်ထဲမှာ မရိုးမရွပင်ဖြစ်လာမိတော့၏။ ထို့ကြောင့် သူမကို အခန်းထဲသို့ဆွဲသွင်း၍ တံခါးကို ချက်ချပစ်လိုက်သည်။

"သျှမ်း . . . နှင်"

သူက မဲ့ရင် ကိုယ်က ရွှဲပြတတ်သော သျှမ်းလေး။ သနပ်ခါးဘူးတွေကို သူကိုယ်တိုင်ပဲ ဖွင့်၍ . . .

"လာ . . . လိမ်း"

"နှင် အပြင်ထွက်နော် သျှမ်း။ ဘဘ သိရင်မလွယ်





ဘူး။ ပြီးတော့ ကိုကိုကြီးနဲ့ . . ."

"လျှာရှည်လိုက်တာ။ လိမ်းမှာသာ လိမ်း။ တွေ့သွားတော့ရော ဘာဖြစ်လဲ"

"တစ်မျိုးထင်ကုန်မှာပေါ့"

"ထင်ပါစေ။ ထင်တော့လည်း လူပျိုနဲ့အပျိုပဲဟာ ယူလိုက်ကြရုံပေါ့"

"ဘာ . . . သျှမ်း"

ဘယ့်နှယ်ရှိသေးလဲ။ သျှမ်း တမင်ရွဲ့ပြောလိုက်တာကိုပဲ သူမက ဆတ်ဆတ်ခါနေပြန်ပြီ။ သက်ဆက် လှည့်ပြန်မယ်လုပ်တော့ လှည့်မကြည့်ဘဲ သျှမ်း သူမလက်ကို လှမ်းဆွဲ၍ ဖိဆုပ်ထားလိုက်သည်။

"သျှမ်းနော် ငါအော်လိုက်ရမလား"

"အော်ပါလား။ အဲဒါမှ နှင့်ဘဝ မရှုးရဘဲကြွေကျသွားမှာ။ နှင် အဲဒီလိုအဖြစ်သည်းလို့ ငါ တမင်လုပ်တာ"

"တောက်"

သက်ဆက် ဒေါသထွက်သွားပေမယ့် သူက အပြုံးမပျက်။

"ကြီးကျယ်မနေစမ်းပါနဲ့ဟာ။ နှင့်ကို ငါ လက်ဖျားနဲ့

တောင် မတို့ဘူး စိတ်ချ . . . ထိုင်"

ရှုပ်ပုပ်ပုပ်မျက်နှာထားပေါ်သို့ သူ့အလိုကျ မှုန်နှံ့သော ပါးပါးလိမ်းခြယ်လိုက်သည်နှင့် နဂိုရှိရင်းစွဲ မျက်နှာနုနုလေးက မှုန့်ညက်ဝင်းဝါသွားလေလျှင် . . .

အချစ်ကို အဝတ်အထည်များလို ထည်စွပ် ထည်လဲ လဲလှယ်နေခဲ့သော သျှမ်းရင်ထဲ နှလုံးသားနှင့်အနီးတစ်ဝိုက် ရင်ခုန်သံတို့ ထစ်ချုန်းလာသည်မှာ မာနတွေ အရည်ပျော်ဖို့ ရာခိုင်နှုန်းရှစ်ဆယ်ဖြစ်လာခဲ့ပြီ။ မကြည့်မိအောင် ကြိုးစားကြည့်ပေမယ့် မျက်ဝန်းက ဆုံးမလို့မရ။ နှုတ်ခမ်းဖူးဖူးလေးပေါ်သို့ လိမ္မော်ရောင်ကာလာလေးတင်လိုက်သည်တွင် သျှမ်းစိတ်တွေလည်း အရောင်ပြောင်းသွားပြီထင်ပါရဲ့

"သက်ဆက်"

"ဘာလဲ"

သျှမ်း သက်ဆက်အနားသို့ တိုးကပ်သွားမိရာမှ တွန့်ခနဲဖြစ်သွားရသည်။ ဘာလဲဟူသော ထူးသံ မာဆတ်ဆတ်က သက်ဆက်ကို မတို့မထိရဲအောင် ကာကွယ်ထားသည့် မဟာသံတံတိုင်းကြီးတွေလို။

"ခေါ်ပြီး ဘာမှပြောတာလဲ မဟုတ်ဘဲနဲ့"





"မပြောတော့ပါဘူးဟာ။ တော်ပါသေးတယ်။ ပြောရင်လည်း နှင်ယုံမှာမဟုတ်ဘူး။ ခုအချိန်မှာ သိလျှောင်ထားတာ နောင်အချိန်အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ကျောက်ကောင်းတစ်ပွင့်ကို သွေးနေတာလို့ပဲ သဘောထားလိုက်"

"သနပ်ခါးလိမ်းပြီးပြီ။ ဘယ်မှာလဲ အဝတ်လဲဖို့"

"ဟိုမှာလေ"

သျှမ်း မေးငေါ့ပြရာဆီမှ ဝတ်စုံလေးကို သက်ဆက် လှမ်းယူဖြန့်ကြည့်ရင်း နှုတ်ခမ်းမဲ့လေ၏။

"ဟင်း . . . အရောင်ကလည်း အသည်းကွဲရောင်ကြီး။ နိမိတ်မကောင်းလိုက်တာ"

"နှင်က အသည်းကွဲရမှာကြောက်လို့လား"

"ကြောက်လွန်းလို့ ယောကျ်ားတွေနဲ့ကင်းအောင်နေတာ"

သျှမ်း၏နှုတ်ခမ်းလွှာလေး လူးလွန့်သွားလေသည်။ ဒီကောင်မလေးက ခဲမှန်ဖူးတဲ့ စာသူငယ်များလား။ မဖြစ်နိုင်ပါဘူး။ သက်ဆက်ပုံစံက အရိုင်းပန်းလေးတစ်ပွင့်လို လိပ်ပြာတောင်ပံခတ်သံကြားရုံနှင့် အကြောက်လွန်၍ ဆူးခက် ဆူးရွက်တွေကြားမှာ ပုန်းခိုနေတတ်သည့်ပုံစံပါ။

"ဒါဆို ငါက အခြောက်ကြီးလား"

"နင်နဲ့လည်း ကင်းအောင်နေတာပဲဟာ။ ကင်းလို့ မရအောင် နင်ပဲလိုက်ရောနေတာ"

"ဟုတ်ပါတယ်။ ငါကပဲအရှက်မရှိဘူးထားပါတော့"

"အဝတ်လဲမလို့။ နင် အပြင်ထွက်ပေး"

"ဟင်း . . . ဝါဝင်လို့ မကောင်းဆိုးဝါးတွေ ဆန်ကောရိုက် နင်တာကျနေတာပဲ"

မကျေနပ်သံနှင့် ချမ်း အပြင်ထွက်ပေးလိုက်သည်။ မသင့်တော်တာသိနေပေမယ့် တမင်ကတ်ဖိုးကပ်ဖို့လုပ်နေတာ။ အဝတ်လဲရာမှာတော့ သူမနှင့်ပြိုင်ရှဲ့နေလို့ မဖြစ်တော့။

တံခါးကိုပိတ်ရပ်နေရာမှ အထဲက တံခါးတွန်းလိုက်တာကြောင့် နောက်သို့ ဆုတ်ပေးလိုက်၏။

"အား"

သူရှိမှန်းသိလို့ တံခါးကိုတမင်ဆောင့်တွန်းလိုက်တာ။

"နင် ဘယ်လိုလုပ်လိုက်တာလဲ"

"တံခါးမှာ မျက်စိမပါဘူး။ ပါတဲ့လူက ရှောင်ပေါ့"

"တောက်"





အခန်း ( ၁၀ )

လိပ်စာကတ်ပြားလေးကို ငုံ့ကြည့်ပြီး အိမ်ကြီးဆီသို့ မျှော်ကြည့်လိုက်သည်။

"ဒီအိမ်ဆိုတာတော့ ကျိန်းသေနေပြီ"

တစ်ဦးတည်း ရေရွတ်ရင်း အကြံအိုက်စွာ ခေါင်းကို ကုတ်လိုက်မိ၏။ လူတစ်ယောက်မှလည်း သွားတာ လာတာ အရိပ်အယောင်မမြင်ဘူး။ ခြံတံခါးကြီးကလည်း ပိတ်ထားတယ်။ လူခေါ်ခေါင်းလောင်း ရှာကြည့်တော့လည်း မတွေ့ဘူး . . . ရောက်လာပြီးမှတော့ နောက်ပြန်မလှည့်တော့ဘူး။

"သျှမ်းရေ . . . သျှမ်း . . . သျှမ်းသျှမ်းတောက်"

အာခေါင်ခြစ်၍ အသံကုန်အော်ခေါ်ပစ်လိုက်၏။ နယ်မရှောင်တဲ့ ကြယ်ပြောင်ဆိုတာ ဒါမျိုး။

"သျှမ်းသျှမ်းတောက်ရေ . . . သျှမ်း . . . ငါလာ တယ်။ နင့်သူငယ်ချင်းလိုက်လာတယ်။ ထွက်လာခဲ့ပါ သျှမ်း ရေ"

ပုဆိုးတိုတိုနှင့် ကောက်ညှင်းထုပ်တွေကို လက်မှာဆွဲလာသော သာယာ အသံစာစာနှင့် ကုန်းအော်နေသော ကောင်မလေးကို ရပ်ကြည့်နေလိုက်သည်။ တကယ်ဆို သူလည်း ညီမလေးကို ဒီလိုအော်ခေါ်ရမှာ။ စုတော့ အဆင်သင့်လိုက်လေခြင်း။ ဂျိုလိုက်ပွဲမှာ ပုဆိုးရေဆွတ်၍ ဝေဖို့စံသူလို မြှုရှင်ထွက်လာမှပဲ ညီမလေးကို မေးတော့ မည်။

"သျှမ်းရေ . . . သျှမ်း"

"ဝုတ်ဝုတ် . . . ဝုတ်ဝုတ်"

"ဟာခွေး . . . ခွေးလာပြီ"

မြှုထဲက ထွက်လာတာမဟုတ်ဘဲ လမ်းပေါ်က ဘယ်ကခွေးမှန်းမသိ။ ပြေးလာတာကြောင့် သာယာ





ကောင်မလေးအနားသို့ ပြေးကပ်လိုက်၏။

"ဝုတ် . . . ဝုတ်"

"တောက် . . . ခွေးစုတ် . . . ကဲဟာ"

"ခွပ်"

"ဂိန်"

"ဘုတ်"

"ဂိန် . . . ဂိန် . . . ဂိန် . . . ဂိန် . . . ငမ့် . . . ငမ့် . . . ဂိန်"

မှတ်ကရော။ ပြေးဝင်လာသောခွေးကို မီးခဲ ကျောက်ခဲနှင့် ပစ်ထည့်လိုက်တာ။ ခွေးမျော ယောင်၍ပင် လှည့်မကြည့်တော့ဘဲ တစ်ချိုးတည်းပြေး လာတော့သည်။

"မင်း လက်စ တော်တော်ပြင်းသွားတယ်ထင် တယ်။ ခွေးစုတ် ပြေးလိုက်တာ လှည့်ကိုမကြည့်တော့ဘူး"

ကောက်ညှင်းထုပ်တွေ တို့လို့တွဲလွဲနှင့် သာယာ ကို မီးခဲ ဘုကြည့်ကြည့်ကာ . . .

"ယောက်ျားဖြစ်ပြီး သူများအားကိုးတာ မရှက်ဘူး လား"

"အမ် . . . အားမကိုးပါဘူး။ ငါလည်း စော်ထည့်

လိုက်မလို့ပါပဲ။ ဒါပေမယ့် လက်မှမအားတာ"

"အဲဒါ ဘာတွေလဲ"

"မမြင်ဘူးလား။ ကောက်ညှင်းထုပ်တွေလေ"

မီးခဲ ကောက်ညှင်းထုပ်ကလေးတွေကို ငုံ့ကြည့်လျက် ...

"ကောက်ညှင်းထုပ်ဆိုတာ တောစာပဲ။ ဒါဆို ခင်ဗျားက တောသားပေါ့"

"တောသားမှာလည်း အသည်းနဲ့ပါဗျာ ... ဟဲဟဲ"

"ဘာစကားပြောတာလဲ ... တောသား"

"ဟ ... ဟ"

မီးခဲ လက်သီးရွယ်လိုက်သည်နှင့် သာယာ မျက်လုံးကို စုံမှိတ်၍ လက်ကာကာနှင့် ...

"ကြောက် ... ကြောက်ပါတယ်ဗျာ။ ကျုပ်မှာ နှလုံးရောဂါနဲ့ဗျ"

"ကြောက်ရင် ကောက်ညှင်းထုပ်ကျွေး"

"ဟာ ... ကောက်ညှင်းထုပ် ဓားပြတိုက်ခံရပြီ"

"ကျွေး ... ကျွေးပါ့မယ် စားပါ"

သာယာ ကောက်ညှင်းထုပ်တစ်ထုပ်ကို ဖွဲ့ဖြေ





၍ ပေးလိုက်သည်။

"ကျွန်တော် မဖြေတတ်ဘူးဗျ။ ခင်ဗျားဖြေပေး"

"မဖြေတတ်ရင် မစားနဲ့ပေါ့"

"ခင်ဗျား"

လက်သီးက ဝဲလာပြန်သဖြင့် ...

"ဖြေပေးမယ် ... ဖြေပေးမယ်"

သာယာ ဆောင့်ဆောင့်အောင့်အောင့်နှင့်ပင် ဖြေပေးလိုက်ရ၏။

"ရော့"

"ဗိုက်ဆာနေတာနဲ့ အတော်ပဲ"

ကောက်ညှင်းထုပ်ကို ကိုက်စားလိုက်ရင်း မီးခဲ မျက်မှောင်ကြုတ်၍ သာယာကို ကြည့်လိုက်မိသည်။ ဘယ်မှာမြင်ဖူးပါလိမ့်။

"အားမနာနဲ့နော် စား။ မင်း အလွန်ဆုံးစားနိုင် နှစ်ထုပ်ပေါ့"

ဒီပုံစံပါပဲ။ ဘယ်မှာတွေ့ဖူးပါလိမ့်။ စဉ်းစားစမ်း ... စဉ်းစားစမ်း။

"ဟုတ်ပြီ"

"ဘာလဲ"

"ခင်ဗျား"

"အေးလေ"

"ခုမှ ဘာအူကြောင်ကြောင်လုပ်နေတာလဲ။ ဟို တလောက ခင်ဗျားလူစွမ်းကောင်းကြီးဝင်လုပ်လို့ ပွဲကောင်း တစ်ချီလက်လွတ်သွားတာလေ။ အဲဒီတုန်းက ခင်ဗျား သူဌေးလိုလိုဘာလိုလိုပုံစံနဲ့၊ ခုတော့ ဇာတိမှန်ပေါ်လာပြီ။ အဲဒီနေ့က ခင်ဗျား သူများပစ္စည်းတွေငှားလာပြီး ကျွန်တော် အထင်ကြီးအောင် တမင် ဟီးရိုးဝင်လုပ်တာ မဟုတ်လား။ ကဲပြော . . . ဘယ်မှာလဲ ခင်ဗျားရဲ့ကားတွေ၊ ဟမ်းဖုန်းတွေ"

မြတ်စွာဘုရား။ ဒီကောင်မလေး စိတ်မှကောင်းရဲ့ လား မသိဘူး။ သူ့မှာ ကားနဲ့တူတာဆိုလို့ ကော်ရုပ်တောင် မရှိဘူး။ ဟမ်းဖုန်းဆိုတာ ဝေးရော။ ကြေ့ ဒီကောင်မလေး ဘဝင်ရူးရူးနေတာပဲဖြစ်ရမယ်။ အဲ . . . ဒါလည်း မဖြစ်နိုင်ပြန် ဘူး။ ဒီလောက်ချောချောမောမော ရုပ်ကလေးနဲ့ ဒ ဒိုးတန် အဝတ်အစားတွေ ဝတ်ထားပုံက အရူးလကွာကာနှင့်မညီ ပြန်။

"မင်း ဘာတွေလာပြန်နေတာလဲ။ ငါဖြင့် မင်းကို





မှ မြင်ဖူးတာကို။ ငါ့မှာကားမပြောနဲ့ ဂျစ်ကားနဲ့တူတဲ့ ပုစွန် ောင် လက်မနဲ့ညှပ်မှာ ကြောက်လို့ မဖမ်းရဲဘူး"

"ခင်ဗျား လူကြီးလူကောင်းဂိုက် ဖမ်းတုန်းက ဖမ်း ပြီး ခုမှ မှသာဝါဒကဲကို ကျူးလွန်နေပြီလား။ လာမရှီးနဲ့။ ခင်ဗျားရုပ်ကို ခင်ဗျားသေရွာက ပြန်လာတောင် မမှတ်မိ စရာအကြောင်းမရှိဘူး"

"ဖွဟဲ့ . . . လွှဲပါစေ ဖယ်ပါစေ။ ပါးစပ်ပုပ်ကြီးနဲ့ ငါက ဘာလို့ သေရွာကပြန်လာရမှာလဲ။ သေချင်းသေ မင်း အရင်သေပေါ့။ ငါကဖြင့် ရှင်တောင်မပြုရသေးဘူး"

"ဟိ"

နောက်ဆုံးလက်စသတ်မျိုးချလိုက်သော ကောက် ညှင်းတစ်လုတ်က လည်ချောင်းဝမှာ တွယ်ကပ်နေသဖြင့် နည်းမျက်လုံးပြူး၍ ဇိချနိဝ်စက်လိုက်ရသည်။

"ဒီအရွယ်ကြီးက"

"ဘာဖြစ်လဲ"

"ခုထက်ထိ ရှင်မပြုရသေးဘူး"

"အေးလေ"

"ဟား . . . ဟား . . . ဟား"

မီးခဲ အားရပါးရ အော်ရယ်ပစ်လိုက်၏။

"ဟော့ . . . မင်းရယ်ပုံကလည်း သူများကြားရင် ရှက်စရာကြီး"

"ဟား . . . ဟား . . . ဟား"

ဗိုက်ကို နှိပ်၍ အူလှိုက်အသည်းလှိုက် ရယ်နေသော မီးခဲကိုကြည့်၍ သူက စိတ်မလုံသလို ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်ရှုနေပြန်၏။

"ခင်ဗျားရှင်ပြုရင်တော့ ဖိတ်စာရှည်ဦးမှာပဲ . . . ဟား . . . ဟား"

ကြည့်ပုံက စွေစောင်းသွားလေသည်။

"သမီးလေးကို နားသ၊ မြေးကို ရှင်ပြု၊ သားကြီး ရဟန်းခံနဲ့ သားငယ်မင်္ဂလာ ဆွမ်းကျွေး မယားရက်လည် ဆွမ်းသွတ်ပြီး ခင်ဗျားက သာသနာ့ဘောင်သွတ်သွင်း . . . ဟား . . . ဖိတ်စာဖတ်မယ့်သူ မျက်စိရော နားရွက်ပါ ကျင်လည်ခန်းပဲ"

သာယာ တမင်ပြောလိုက်တာကပဲ သူမအတွက် လျောင်စရာဖြစ်ရပြန်ပြီ။ သူမက သာယာလက်ထဲမှ ကောက်ညှင်းထုပ်ကို နောက်တစ်ထုပ်ဆွဲဖြုတ်၍ သူမကိုယ်တိုင်ပဲ





သန်းရွက်တွေကို နွာပြီးစားနေပြန်၏။

"တတ်လည်းတတ်နိုင်တဲ့ဗိုက်ပဲ"

မိုးခဲခွန်းတုံ့မပြန်ဘဲ ကောက်ညှင်းထုပ်ကိုသာ သဲသဲမဲမဲ စားနေသည်။ ဝသွားပြီဆိုမှ ကျောကိုဆန့်၍ . . .

"နည်းနည်းအားတက်လာပြီ။ အော်လိုက်ဦးမယ်"

"ဘယ်လိုအဝေါ်ပြဿနာ ဆိုက်လာတယ်မသိဘူး"

မကြားဟန်ပြုလျက် မီးခဲ ပါးစပ်ကို လက်ဝါးနှစ်ဖက်စုံး၍အုပ်ကာ . . .

"သျှမ်းရေ . . . သျှမ်းသျှမ်းတောက်"

"ရှားမီးခဲတောက်တာလား။ ကျွန်းမီးသွေးတောက်တာကို ပြောတာလားရှင့်"

မြုံတံခါးက ချပ်ခနဲပွင့်လာသည်နှင့်အတူ မျက်နှာလေးတစ်ခု ပေါ်လာသည်။ ထိုမျက်နှာလေးကိုမြင်လိုက်သည်နှင့် ဝမ်းသာအားရဖြစ်သွားသူက သာယာ။

"ညီမလေး"

"အယ် . . . ကိုကြီး"

သာယာ့ကို မြင်လိုက်ရသည်နှင့် သက်ဆက် တုန်လှုပ်ချောက်ချားစွာ သာယာ့လက်ကိုဆွဲ၍ လူရှင်းရာအရပ်

သို့ ပြေးထွက်ခဲ့တော့၏။

"ညီမလေး ဘာဖြစ်တာလဲဟ။ ခွေးလိုက်ဆွဲလို့လား"

"လာမှာသာလာစမ်းပါ ကိုကြီးရာ။ ပြီးမှ ပြောပြမယ်"

သက်ဆက်၏လုပ်ရပ်ကို နားမလည်နိုင်စွာ ရပ်ကျန်ခဲ့သူက မီးမီးခဲ၊

"သူတို့ ဘာဖြစ်သွားကြတာလဲ မသိဘူး"

တစ်ဦးတည်း ရေရွတ်ရင်း သျှမ်းကို ထပ်ခေါ်ဖို့ စိတ်ကူနသွားသဖြင့် ပြန်ရန်ခြေဦးအလှည့် . . .

"မီးခဲ . . . ဟိတ် . . . မီးခဲ"

"ဟယ် . . . သျှမ်း"

"နင် ဘာလာလုပ်တာလဲ"

"နင့်ဆီကို လိုက်လာတာပေါ့။ တကာတည်း ခေါ်လိုက်ရတာ"

"ခေါ်သံကြားလို့ ခုထွက်လာပြီလေ။ ကိစ္စရှိလို့လား"

"ဟုတ်တယ်။ နင့်ကိုတွေ့ချင်လို့။ အန်တီသွန်းဆီ





ဘ ဒီခြံလိပ်စာတောင်းလာရတာ"

"ကဲ . . . ဆို . . . ဘာကိစ္စလဲ"

သျှမ်းမျက်နှာက မီးခဲလာတာကို မလိုလားဟန်ပြနေသဖြင့် ဟုတ်မှဟုတ်သေးရဲ့လားလို့ သျှမ်းကို ခြေဆုံးခေါင်းဆုံး မီးခဲ စူးစမ်းကြည့်နှင့်ကြည့်လိုက်သည်။

"ဘာလဲဟ . . . ဘာကြည့်တာလဲ။ ဟိန်းဝေယံနဲ့ လှမ်းနေလို့လား"

မီးခဲက နှာခေါင်းရှုံ့လျက် . . .

"တူပါလိမ့်မယ် အားကြီး။ နင် တို့ရဲ့သျှမ်းမှဟုတ်သေးရဲ့လားလို့ အကဲခတ်နေတာ။ ဟင်း . . . ဆံပင်တွေလည်း ညှပ်ထားတယ်။ ပြောစမ်း ဒါ ဘယ်သူ့အာဏာကြောင့်လဲ"

"မသိချင်နဲ့။ လာရင်းကိစ္စကိုပဲ ပြော"

"ရှိုးပွဲရှိတယ်။ အဲဒါ ငါကြည့်ချင်လို့"

ကဲဖော်ကဲဖက်မို့ ငြင်းချက်တွေမထုတ်တော့။ သျှမ်း ခေါင်းတချက်အညိတ်မှာ မီးခဲ ပျော်သွားပုံရလေသည်။

## အခန်း ( ၁၁ )

"ဟော့ . . . ခွန်အား"

"အု . . . အဟွတ် . . . အဟွတ်"

ခေါ်လည်းခေါ် လက်ကလည်း ကျောကုန်းကို အားရပါးရ ထုချလိုက်တာကြောင့် မျိုမချရသေးသော ကော်ဖီတွေက ပါးစပ်ကနေ ပန်းထွက်သွားလေ၏။

"အဟွတ် . . . အဟွတ်"

- သာယာ ကော်ဖီသီးနေပုံကို ကြည့်၍ အမျိုးသမီး က ရယ်ကျဲကျဲလုပ်နေသေးသည်။ ချောင်းဆိုးရပ်သွားမှပဲ





ထိုအမျိုးသမီးကို သာယာ မော့ကြည့်လိုက်ပြီး . . .

"ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ။ ကော်ဖီတွေ အကုန်အန်ထွက်ကုန်ပြီ"

"ဘာလဲ သမျှောလို့လား"

"ဟာ . . . သမျှောတာပေါ့ဗျာ။ ဒီကော်ဖီတစ်ခွက် သောက်ဖို့အရေး ကျုပ် တစ်နာရီလောက် စဉ်းစားလာရတာ။ ပိုက်ဆံဆိုတာ တစ်ရာ နှစ်ရာ ရရေးတောင် လွယ်တာမှတ် လို့။ ကျောက်ခဲ သလဲလို လိုရာအချိန်ကောက်ယူလို့ရတဲ့ အရာမျိုးမဟုတ်ဘူးဗျ"

"အတည်ပေါက်ကြီးနဲ့ နောက်မနေစမ်းပါနဲ့ ခွန်အား ရယ်။ နင် လမ်းဘေးက ကလေးကို သနားလို့ မုန့်ဖိုးပေးရင် တောင် အနည်းလေး နှစ်ထောင် သုံးထောင်ပဲဟာ။ ကော်ဖီ တစ်ခွက်နဲ့ ဒီလောက်မျက်နှာပျက်မနေစမ်းပါနဲ့"

"ဗျာ"

အူကြောင်ကြောင်မှ တကယ့်ကို အူကြောင် ကြောင်ပါပဲ။ ဒီအမျိုးသမီး စိတ်မှ နှံ့ရဲ့လား မသိဘူး။ သာယာ လိုကောင်က သူများကို မုန့်ဖိုးပေးဖို့မပြောနဲ့။ ကိုယ် ထမင်း နပ်မှန်အောင် စားရဖို့တောင် ဗူးသီး၊ ခရမ်းသီးတွေနဲ့ ချစ်

ကြည့်ရေးဖွဲ့နေရတာ။

"ခင်ဗျား လှုပ်ရှားနေပြီထင်တယ်"

"ဟင်"

အမျိုးသမီးက သူ့ကို စူးစူးစိုက်စိုက်ကြည့်နေတော့သည်။ အရက်သည်းတတ်သော သာယာမျက်နှာ ဘယ်မှာထားရမှန်း မသိတော့။

"ဆောရီးနော်။ ရုတ်တရက်ဆိုတော့ တို့သူငယ်ချင်း ခွန်အား မှတ်လို့ မင်းပြောလို့ သေချာကြည့်မိမှ မင်းက ခွန်အား မဟုတ်ဘူးဆိုတာ သိတယ်။ အမှတ်တမဲ့မြင်လိုက်ရင်တော့ မင်း၊ ခွန်အားနဲ့တော်တော်တူတယ်။ စူးစိုက်ကြည့်တော့ မတူတော့ဘူး"

ဘယ်တူမှာလဲ။ သာယာက ခွန်အားလောက်မှ အသားမဖြူတာ။ ပြီးတော့ သာယာ နှုတ်ခမ်းညာဘက်ထောင့်ဆီမှ မဲ့နက်မျိုးလေး ခွန်အားမှာမရှိ။ ရုပ်ချင်းကတော့ တော်တော်လေး ဆင်နေသည်။

"နောက်ခေါ်ရင် သေသေချာချာ ကြည့်ပြီးမှ ခေါ်ပါဗျာ" ‸

သာယာ ကော်ဖီခွက်ကို နှမြောတသနှင့် ကြည့်





နေသည်။ ဒါကို အမျိုးသမီးက သဘောပေါက်ဟန်ရှိလျက်

"ဆောရီးနော် . . . တို့တောင်းပန်ပါတယ်။ တို့ကြောင့် ကုန်သွားတဲ့ ကော်ဖီအတွက် ပြန်ပြီး ဒကာခံပါမယ်"

"ရပါတယ်"

"အားနာလို့လား . . . အားမနာပါနဲ့"

ပြောရင်း အမျိုးသမီးက သာယာ မခေါ်တတ်သော မုန့်နာမည်တွေနှင့် ကော်ဖီကို ပြောချမှာလေသည်။ ပြီးမှ . .

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"သာယာဖွယ်ပါ"

"နာမည်နဲ့မျက်နှာလိုက်ပါတယ်။ တို့နာမည်လည်း မှတ်ထားလေ။ မြတ်သွယ်တဲ့။ နောက်တွေ့ရင်ခေါ်ပေါ့"

"နောက်တွေ့ဖို့ မလွယ်ပါဘူး။ ကျွန်တော်က တောကို ပြန်တော့မှာ"

မြတ်သွယ် ရိုးသားစွာ မကွယ်မဝှက်ဘဲပြောသော သာယာ့စိတ်ဓာတ်ကို လေးစားသွားရသည်။ အချို့ဆို တောက တက်လာပြီး မြို့သားတွေနဲ့ပုံမှားရိုက်ကြတာ . . .

"သာယာက ရန်ကုန်ကို ဘုရားဖူးလာတာလား"

"ဘုရားလည်း ဖူး၊ လိပ်ဥလည်း တူးရင်းပေါ့ဗျာ"

"ဘယ်လို"

"ကျွန်တော် ညီမလေးကို လာရှာတာပါ"

"တွေ့ရဲ့လား"

"ဟုတ်ကဲ့ . . . တွေ့ပါတယ်"

သာယာ ညီမလေးပြောတဲ့စကားတွေကို ပြန်ပြီး ကြားယောင်လာမိသည်။ တကယ်တော့ ညီမလေးက ရွာမှာ ပြောသွားသလို ကွန်ပျူတာ သင်တန်းတက်တာ မဟုတ် ပေ။ သူမလေးရဲ့ ကျောင်းစရိတ်အတွက် အိမ်ဖော်ဝင်လုပ် နေတာတဲ့။ ကိုကြီး ပိုက်ဆံတွေပို့နေရတာကို သနားလို့ဆို တဲ့ ညီမလေး။ မေမေသိရင် စိတ်မကောင်းဖြစ်မှာဖြစ်သလို သာယာလည်း ညီမလေးအိမ်ဖော်ဝင်လုပ်တာကို လက်မခံ နိုင်ပေ။ ဒီအလုပ်ကို မနစ်သက်ပေမယ့် စစ်ချက်ကို ဖြေ သွားတဲ့ ညီမလေးရဲ့အဖြေလွှာက သာယာ့ရင်ကို ချမ်းမြေ့ စေခဲ့သည်။

"ညီမလေး အိမ်ဖော်တော့မလုပ်ရပါဘူး။ သူများ အိမ်မှာ သူများမျက်နှာကြည့်ပြီး ထမင်းစားရမယ့်အဖြစ်မျိုး ကိုကြီး လက်မခံနိုင်ဘူး။ ဒီမှာ ညီမလေးရဲ့ ကျောင်းစရိတ်





အတွက် ကိုကြီးမှာ အလုပ်လုပ်ဖို့ အင်အားတွေအပြည့်ပဲ။ အဲဒီတော့ အိမ်ရှင်ကို ပြောပြီး အလုပ်ထွက်တော့"

"ကိုကြီး"

အငိုမျက်လုံး အပြုံးမျက်နှာနှင့် ညီမလေးက သူ့ လက်မောင်းကို ဆုပ်ကိုင်၍ ပြောလာသော စကားလုံးတွေ က သာယာရဲ့ ဆုံးဖြတ်ချက်တွေကို ဝုန်းခနဲ ပြိုကျသွားစေခဲ့ သည်။

"အဲဒီအိမ်မှာ ညီမလေး အိမ်ဖော်ဝင်လုပ်တာ အကြောင်းရှိတယ် ကိုကြီး"

"ဆင်ခြေတွေပေးတော့မယ်"

"ညီမလေး တကယ်ပြောတာပါ ကိုကြီးရယ်။ အစ ကတော့ တကယ်ပိုက်ဆံလိုချင်လို့ ဒီအလုပ်ကို ညီမလေး ဝင်လုပ်တာပါ။ နောက်တော့ ညီမလေး ပိုက်ဆံအတွက် တစ်ခုတည်း မဟုတ်တော့ဘူး"

"နင့်စကားက ဘာကြီးလဲဟ။ ငါ နားမလည်တော့ ဘူး"

"ကိုကြီး"

"ဟင်"

"အဲဒီအိမ်မှာလေ"

"အင်း . . . ဘာဖြစ်လဲ"

"ကိုကြီးနဲ့ရုပ်ချင်းအရမ်းတူတဲ့ လူနှစ်ယောက် ရှိ တယ် သိလား"

"ဟင်"

မယုံနိုင်ပေမယ့် ညီမလေးပုံက ညာနေတာ မဟုတ်ဘူးဆိုတာ သိနေသည်။ မျက်လုံးလေးတွေက တဖျပ်ဖျပ်လက်လို့ အရာတစ်ခုကို မျှော်လင့်နေပုံရသည်။

"တစ်ယောက်က ခွန်အားဆိုတဲ့ ကိုကိုကြီး"

"နောက်တစ်ယောက်ကရော"

"ဘဘ ဦးဇေလင်းမောင်လေ"

"ဦးဇေလင်းမောင်"

"ဟုတ်တယ် . . . ကိုကြီး"

သာယာ သွားတန်ညီလေးတွေပေါ်အောင် ပြုံး လိုက်မိသလို ညီမလေးကလည်း သူနည်းတူ။ နှစ်ယောက် သား တစ်ယောက်လက်ကို တစ်ယောက် ဖိဆုပ်၍ အားပေ လိုက်ကြသည်။ ဖေဖေ့နာမည်ကလည်း ဦးဇေလင်းမောင် ပြီးတော့ သာယာ့ကို အဖေတူသားလေးဟု မေမေပြောခဲ့ဖူး





သော စကား။ သူနဲ့ရုပ်ချင်းဆင်တယ်ဆိုတဲ့ လူနှစ်ယောက်။ ခ်တွေကို ထောက်ရှု၍ စဉ်းစားကြည့်တော့ ဖေဖေ့ကို တွေ့ရ တော့မည်ဟု တွေးလျက် ဝမ်းသာမျက်ရည်လည်ခဲ့ရသည်။

"ဖေဖေနဲ့ ကိုကိုကြီးကို . . . ကိုကြီး တွေ့ချင်လိုက် ာ ညီမလေးရယ်"

"ခုတွေ့လို့တော့ ဘယ်ဖြစ်ဦးမှာလဲ ကိုကြီးရယ်။ အခြေအနေနဲ့ အချိန်အခါတွေက ညီမလေးတို့အတွက် မဟုတ်သေးဘူးလေ"

"ကိုကြီး နားလည်ပါတယ်"

မလွှဲသာလို့ ထားခဲ့ရပေမယ့် ညီမလေးကို သိပ် တော့ စိတ်မချပေ။ မေမေနဲ့တူလွန်းတဲ့ ညီမလေးကို ဖေဖေ ကရော မသိဘူးတဲ့လား။ ရိပ်တော့ ရိပ်မိမှာပါ။ ကျန်တဲ့သူ တွေသိရင် အားလုံးပြဿနာတွေ ရှုပ်ကုန်မှာကိုပဲ သာယာ စိုးရိမ်မိသည်။

"ဟိတ်"

"အင် . . . ချာ"

"ငြိမ်လှချေလား။ ဘာတွေ တွေးနေတာလဲ"

"ဘာရယ်လို့ မဟုတ်ပါဘူး။ ဟိုဟိုဒီဒီပေါ့"

မြတ်သွယ်က သူ့ကိုကြည့်၍ ရယ်လေသည်။ ...
က ရယ်စရာ ဟာသရုပ်ပေါက်နေလို့လား။

"ခင်ဗျား ဘာရယ်တာလဲ"

"မင်းကို သဘောကျလို့"

"ဗျာ"

"ဟို ... တစ်မျိုးမတွေးနဲ့နော်။ တို့ပြောတာ...
မင်းက တော်တော်ရိုးတာပဲ"

"ရိုးသားခြင်းက လူတစ်ယောက်ရဲ့ ဘဝတက်လမ်း...
အတွက် လေ့ကားတစ်ထစ်ပါဗျာ"

"တောသားက စကားတော့အပြောကောင်းသား"

"ထင်လို့ပါ"

မြတ်သွယ် သာယာဆိုတဲ့ကောင်လေးကို ...
သေချာချာ ကြည့်နေမိသည်။ သူ ခွန်အားနဲ့ရုပ်ချင်း ...
လောက်ဆင်တာ တစ်နည်းနည်းနဲ့များ ပတ်သက်နေမလား...
ခွန်အားနဲ့ မြတ်သွယ်က သူငယ်ချင်းတွေ။ ခွန်အားပြော...
စကားတော့ရှိခဲ့သည်။ သူ့ဒယ်ဒီက သူ့မာမီမဟုတ်တဲ့ အခြား...
မိန်းမတစ်ယောက်ကို အမြဲတမ်း တမ်းတနေတာတဲ့။

"မင်း ... တို့ပြောတဲ့ ခွန်အားဆိုတာကို တကယ်...





...သိတာလား သာယာ"

"ဟာ ... ခွန်အား သိတာပေါ့ဗျ"

"ဟင် ... သိတယ်"

မြတ်သွယ် ကိုယ်ကလေး မတ်သွားလေ၏။

"အင်း ... သိတာပေါ့။ ခွန်အားဆိုတာ ဗလကြီး...
...ကို ပြောတာလေ"

"ဟောတော့"

သာယာဖြေလိုက်ပုံကြောင့် မြတ်သွယ် မျက်လုံး...
...လေး ဝိုင်းသွားလေသည်။ အတည်ပေါက်နဲ့ နောက်...
...တတ်တဲ့ ကောင်လေးပဲ။ မြတ်သွယ် လက်မှနာရီကို ငုံ့ကြည့်...
...လိုက်ပြီး ...

"ကဲ ... သာယာ"

"ဗျာ"

"သွားစရာလေးရှိလို့ မမကို ခွင့်ပြုဦးနော်"

"ဟင် ... ဒီဟာတွေ ခင်ဗျားမှာထားတာ စားသွား...
...ဦးလေ"

"မစားတော့ပါဘူး။ မင်းအတွက်မှာပေးတာပဲဟာ။
...င်း မမကို ရင်းရင်းနှီးနှီး မမလို့ပဲခေါ်ပါ။ ကျေးဇူးနပ်ပါ

တယ်"

"အဟဲ . . . ကျေးဇူးတင်ပါတယ်ဗျာ"

မြတ်သွယ် ဝိတ်တာလေးကိုခေါ်၍ ပိုက်ဆံရှင်းပေး ခဲ့ပြီး ဆိုင်ထဲမှ ထွက်လာခဲ့သည်။ သူ့မရင်ထဲမှာ ပဟေဠိတွေ ကတော့ အများကြီးကပ်ပါလာခဲ့ပြီ။ ခွန်အားနဲ့ သာယာ ဘယ်လိုပတ်သက်နိုင်မလဲ။ ဘာကြောင့် ဒီလောက်ရုပ်ချင်း တူနေရတာလဲ။ ဦးဇေလင်းမောင် တမ်းတနေတဲ့ အမျိုးသမီး က ဘယ်သူလဲဆိုတဲ့ လဲပေါင်းများစွာတို့သည် သူမ၏ ဦးနှောက်ထဲမှာ ပြေးလွှားဆော့ကစားနေကြတော့၏။





## အခန်း (၁၂)

မနေ့က သက်ဆက် ကျောင်းကအပြန် ကောင် လေးတွေလိုက်နှောင့်ယှက်လို့တဲ့။ တော်သေးတာပေါ့။ သား နဲ့တွေ့လာလို့။ သက်ဆက်က ယဉ်စစလေးနှင့် အိစက်နေ အောင်လှတော့ ဒါမျိုးတွေရှိလာတာ မဆန်းပါဘူးလေ။ ဒီ ာလေးအတွက် စိုးရိမ်စိတ်တွေ ပြင်းပြကာ ဦးဇေလင်းမောင် င်တွေ ပူနေရ၏။ လိုက်ပို့ကြိုပေးဖို့ဆိုတာ ကြာကြာမွေးမြူထား င် မကောင်းဘူးထင်ပါရဲ့။ သားကို ဖွင့်ပြောပြီးတိုင်ပင်မည် ာ့ စိတ်ကူးလိုက်သည်။ သား သူ့သဘောထားကို လက်မှ ခံ့ခဲ့မလား။ အဆင်ပြေအောင်တော့ ပြောရမှာပဲလေ။ သက်

ဆက်အတွက် သူ စိတ်အေးရပ်ပါသည်။

"ဒယ်ဒီ"

"ဪ . . . သား . . . လာလေ"

"သားကို ခေါ်တယ်ဆို"

"ဟုတ်တယ်။ ဒယ်ဒီ သားကိုပြောစရာရှိလို့"

"ဟုတ်ကဲ့ . . . ပြောပါ ဒယ်ဒီ"

ဦးဇေလင်းမောင် သား၏မျက်နှာချောချောကို ငေး စိုက်ကြည့်လိုက်သည်။ အရာရာမှာ သဘောထားပြည့်ဝ လွန်းတဲ့သားမို့ သူ့ကို နားလည်ခွင့်လွှတ်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါသည်လေ။

"မင်းရဲ့မာမီရှိလား သား"

"မရှိဘူး ဒယ်ဒီ။ ဘုရားကိုးဆူသွားတယ်"

"ဘယ်သူနဲ့သွားတာလဲ"

"သျှမ်းနဲ့ပါ ဒယ်ဒီ"

ဦးဇေလင်းမောင် ခေါင်းတစ်ချက် ညိတ်လိုက် သည်။ အိမ်မှာ ဘယ်သူမှမရှိတော့ ပိုကောင်းတာပေါ့။ ဒါမှ သားနဲ့ အေးအေးဆေးဆေး စကားပြောရမှာ။

"သား"





"ဗျာ . . . ဒယ်ဒီ"

"သားကို ဒယ်ဒီ ပုံပြင်မဟုတ်တဲ့ဇာတ်လမ်းလေး တစ်ပုဒ် ပြောပြချင်တယ်"

ခွန်အား ဒယ်ဒီကို မျက်ခုံး ကျုံ့၍ ကြည့်လိုက် သည်။ ရီဝေဝေမျက်ဝန်းအစုံကြောင့် ဒယ်ဒီပြောချင်သော ဇာတ်လမ်းသည် သာမန်ရိုးရိုးလေးမဖြစ်နိုင်ဟု တွေးထင်မိ သည်။ သူနှင့်ပတ်သက်မှုတစ်စုံတစ်ရာရှိနေမယ်လို့ ခန့်မှန်း လိုက်၏။

"ဇာတ်လမ်းထဲက မင်းသားက ဒယ်ဒီပဲဖြစ်မယ် ထင်တယ်"

ဦးဇေလင်းမောင် ခေါင်းညိတ်လိုက်ပြီး ပြုံးလိုက် တာ . . .

"လိုအပ်လာလို့ ပြောချင်တာပါ သားရယ်"

"ဟုတ်ကဲ့ . . . သား စိတ်ဝင်စားပါတယ် ဒယ်ဒီ။ ပြောပါ"

ဦးဇေလင်းမောင် အသက်ကို ဝအောင်ရှူသွင်း လိုက်ပြီး . . .

"သားရဲ့မာမီနဲ့ ဒယ်ဒီက ကျောင်းနေဖက်သူငယ်

ချင်းတွေလေ"

"မာဓိပြောပြလို့ သား သိထားပါတယ် ဒယ်ဒီ။ ဒယ်ဒီက ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားဘူး။ မိန်းကလေးအတော်များများက ဒယ်ဒီ့အချစ်ကို လိုချင်ကြတယ်။ အဲဒီအထဲမှာ မာဓိလည်းအပါအဝင် မဟုတ်လား"

"သားက တော်တော်သိထားတာပဲ"

"ဆက်ပြောပါ ဒယ်ဒီ။ သားသိတာက ဒီလောက်ပါပဲ"

"အင်း . . . လူငယ်စကားနဲ့ပြောရရင်တော့ နှလုံးသားဆိုတာ နွားတစ်ကောင်လို ကြိမ်နဲ့တို့ပြီး လိုရာသွားနိုင်းလို့ မရဘူး သားရဲ့"

"ဒယ်ဒီ့စကားကို သား လက်ခံပါတယ်"

ဦးဇေလင်းမောင်၏ စိတ်တို့သည် အတိတ်ဆီသို့ ခြေလှမ်းဆုတ်၍ ကုပ်ကုပ်ကလေး ခေါင်းညိတ်လိုက်ပါသွားလေတော့၏။ အတိတ်နဲ့ ပစ္စုပ္ပန်သည် လက်တွဲပေါင်းစပ်လို့မရတဲ့ army (ရန်သူ) များသာဆိုလျှင် ဦးဇေလင်းမောင်တစ်ယောက် အတိတ်ဆိုတဲ့ဘက်ကသာ စစ်ကူပေးမည်ထင်ပါ၏။





## အခန်း ( ၁၃ )

ဇေလင်းမောင် လမ်းလျှောက်လာပြီဆို ငေးမကြည့်တဲ့ မိန်းကလေးက ခပ်ရှားရှား။ သူကတော့ ဘယ်သူ့ကိုမှ စိတ်ဝင်စားသူမဟုတ်ပေ။ အနေတည်တည်နှင့် စာကြိုးစားသည်။ သူ့ခေါင်းမှာ အနီးကပ်ရှိနေသော သူငယ်ချင်းမလေး ခင်လွန်းကြင်သည် တစ်နေ့တခြား ဇေလင်းမောင်ကို ချစ်တဲ့စိတ်တွေ မျိုသိပ်လို့မရဖြစ်နေ၏။ လက်လွှတ်ဆုံးရှုံးခံရမှာကို ကြောက်နေသည်။ ဒါကြောင့် ဘယ်လိုအရယူရမလဲ ကျိတ်၍ကြံနေမိ၏။ တစ်နေ့မှာတော့ အကြံပေါ်ကာ လူကြီးတွေကို အပူကပ်ပြီး ပါတီပွဲလေးကျင်းပလိုက်သည်

နှင့် ပါတီပွဲမှာ . . .

"ဟာ . . . အဲဒါကြီးတော့ ငါ မသောက်ပါရစေနဲ့ ကွာ။ ဘုရားမကြိုက်၊ နတ်မကြိုက်၊ ငါ့အမေလည်း မကြိုက် ဘူးကွ"

"နတ်မကြိုက်ဘူးဆိုတဲ့စကားကိုတော့ ထည့် မပြောနဲ့ ကိုဇေ။ ကိုကြီးကျော်၊ အမေကြမ်းနဲ့ ဟိုနတ် ဒီနတ် တွေ အရက်တို့၊ ထန်းရည်တို့ ဆက်သရတာ ဘယ်လိုလုပ် မလဲ"

"အဲဒါက နတ်စိမ်းတွေလေ။ သမာအာဇီဝ နတ် ကောင်း နတ်မြတ်တွေက မကြိုက်ဘူးကွ"

"လုပ်မနေစမ်းပါနဲ့ကွာ။ တစ်ခါတလေလေး ပျော် ပျော်ပါးပါး လုပ်စမ်းပါကွ။ တို့ကိုခင်တယ်ဆိုရင် မငြင်းနဲ့ကွာ"

သူငယ်ချင်းတွေက အတင်းချုပ်၍ တိုက်လေသ ဖြင့် ခင်မင်မှုစည်းဝိုင်းထဲမှာ ဇေလင်းမောင် မလှုးသာ မလှုပ် သာ ဖြစ်ခဲ့ရသည်။ အရက်တစ်ခွက် ဝမ်းခေါင်းထဲသို့ ဝင် သွားခြင်းသည် သူ့ဘဝတစ်ခုလုံးကို သိမ်းပိုက်ခံရဖို့ ခြေတိုး ၍ ဝပ်စင်းလိုက်သည့်နှယ်။ တစ်ခွက်ကနေ နှစ်ခွက်ဖြစ်လာ တော့ မူးလာပြီပေါ့။ ပါတီပွဲလေးပြီးလို့ အသီးသီးကိုယ့်အိမ်



ကိုယ်ပြန်ကြတော့မည်ဆိုတော့ . . .

"ကိုဇေ . . . အရမ်းမူးနေပြီ။ တစ်ယောက်ယောက် လိုက်ပို့မှထင်တယ်"

"သူ့အဆောင်နဲ့ ဘယ်သူနီးလဲ"

"နေကြပါ။ ကိုဇေ့ကို ခင်လွန်းပဲ လိုက်ပို့လိုက်ပါ့ မယ်။ ဒီပွဲက ခင်လွန်းရဲ့ပွဲဆိုတော့ ခင်လွန်းမှာ တာဝန်ရှိပါ တယ်"

ယောကျ်ားတစ်ယောက်ကို မိန်းကလေးတစ် ယောက်ကလိုက်ပို့ခြင်းသည် ကိုဇေ့အတွက် ဘာမှအန္တရာယ် မရှိနိုင်ဟု ယူဆသော သူငယ်ချင်းတွေအားလုံး သူ့ကို စိတ်ချလက်ချထား၍ ပြန်သွားကြလေသည်။ မူးနေတယ်ဆို ပေမယ့် လူမှန်းသူမှန်းမသိ ရှပ်ပျက် ဆင်းပျက်မျိုးတော့ မဟုတ်ပေ။ ခင်လွန်းကြင်က ဇေလင်းမောင်ကို ကားပေါ်သို့ တွဲပို့လျက် ပြန်ပို့ပေးလေသည်။ လမ်းမှာ ခင်လွန်းက ကား ကို ရပ်ပြီး . . .

"ကိုဇေ"

"ဟင်"

"ကိုဇေ့ကို ခင်လွန်းပြောစရာရှိတယ်"

"အင်း . . . ပြောလေ"

ပြောလေဆိုပေမယ့် မျက်ခွံတွေက လေးလံနေသည်။ ခင်လွှန်းလက်တွေက သူ့လည်ပင်းဆီသို့ ယှက်သိုင်း၍ ဖက်တွယ်လာလေ၏။

"ကိုဇေ့ကို ခင်လွှန်း အရမ်းချစ်တယ်"

ပြောပြီး သူ့ပါးပြင်အနှံ့ကို ခင်လွှန်းက တရှိုက်မက်မက် နမ်းလေသည်။ မူးနေတဲ့လူတစ်ယောက်မှာ ဆင်ခြင်တုံတရားဆိုတာ ရှိပါ့မလား။ ဒီအချိန်မှာ ချစ်တာတွေ မေတ္တာတွေကို နားမလည်။ ယုန်ကမတိုး ပိုက်ကတိုးလာတော့ ဇေလင်းမောင်က ရှောင်ရနေတဲ့ ရဟန်း ပုဂ္ဂိုလ်မဟုတ်ဘူးလေ။ ပုထုဇဉ်လူသားဆိုတော့ မနဲ့ကျား အထိအတွေ့များထဲမှာ သူ ဘယ်လိုစိတ်ကိုထိန်းချုပ်ဆုံးမနိုင်မလဲ။ သူတို့နှစ်ယောက်ရဲ့ အဖြစ်ကို ရုပ်ရှင်ဗီဒီယိုတွေထဲမှာဆိုရင် ပန်းပွင့်လေးကြွေကျသွားတာကို ပြမလား။ ပန်းပွင့်နဲ့ ပျားပိတုန်းကို ယှဉ်တွဲပြီးပြမလား။ ဒါမှမဟုတ် အရောင်ထ္တူလေးတစ်ခု ပြုတ်ကျသွားမလား တစ်ခုခုတော့ တစ်ခုခုပါပဲလေ။





## အခန်း ( ၁၄ )

"ကျွန်တော် ယောကျ်ားပါ။ ကိုယ့်တာဝန်ကိုယ်ယူခဲ့ပါတယ်"

နောက်နေ့မှာ ခင်လွှန်းရဲ့ မေမေနဲ့ အစ်မရောက်လာပြီး ဇေလင်းမောင်ကို ခင်လွှန်းနဲ့လက်ထပ်ပေးဖို့ ပြောတော့ ဇေလင်းမောင် မငြင်းခဲ့ပေ။ ချစ်လွန်းလို့ ခေါင်းညိတ်ခဲ့တာတော့ မဟုတ်ပါဘူး။ စိတ်အလိုလိုက်မိတဲ့ သူ့အမှားအတွက် ပြဿနာကို ရဲရဲရင်ဆိုင်လိုက်တာ။ တမင်ထောင်ချောက်ဆင်ပြီး သူ့ကို အပိုင်ဖမ်းလိုက်တာမှန်းသိပေမယ့်

နမချင်းစာနာတဲ့ စိတ်ကလေးကို မွေးမြူလိုက်တာပါ။ အချ
ဆိုတဲ့အရာကို နားမလည်သေးတဲ့အချိန်ဆိုတော့ လွှ
လွယ်နဲ့ပဲ လက်ခံလိုက်တာပေါ့။

အချစ်မပါတဲ့ အိမ်ထောင်ရေးဟာ ဆားမပါ
ဟင်းလိုပဲတဲ့။ လက်ထပ်ပြီးတဲ့ညမှာပဲ ပြဿနာက စ
တော့သည်။

"ကိုဇေ ဒါကဘယ်ကိုလဲ"

"အပြင်မှာသွားအိပ်မလို့"

စောင်နဲ့ခေါင်းအုံးကို ယူပြီး အပြင်ထွက်အိပ်
ကြိုးစားတဲ့ ဇေလင်းမောင်ကို ခင်လွှန်းက လိုက်တားလေ
သည်။

"ကိုဇေကလည်းကွယ် ခင်လွှန်းနဲ့ကိုဇေက လင်
မယားဖြစ်နေပြီပဲဟာ။ ဘာလို့ အခန်းခွဲအိပ်ရမှာလဲ။ ဒီမှာပဲ
အိပ်နော်"

"ခင်လွှန်း"

"ရှင်"

"မင်းဖြစ်ချင်တာတွေလည်း ဖြစ်ခဲ့ပြီ။ မင်းလိုချင်
တဲ့ ငါ့ကိုလည်း မင်းပိုင်ဆိုင်ရပြီပဲ ကျေနပ်ပါတော့"

ရှူးဒေသ



"ကိုဇေ"

မျက်နှာငယ်ငယ်လေးနှင့် သူ့ကို မော့ကြည့်နေ
သော ခင်လွှန်းကို သနားဖို့ထက် ဇေလင်းမောင် ရှုံ့စရာ
အဖြစ်ပဲ မြင်နေမိသည်။ ယောကျ်ားတစ်ယောက်ကို မာယာ
နဲ့ မြူဆွယ်ပြီး သိမ်းပိုက်ခဲ့တဲ့ မိန်းမ။

"ခင်လွှန်းရဲ့အမှားကို ခင်လွှန်း ဝန်ခံပါတယ်
ကိုဇေ။ ဒီလိုလုပ်ခဲ့မိတာကလည်း ခင်လွှန်း ကိုဇေ့ကို သိပ်
ချစ်လို့ ဆုံးရှုံးရမှာကြောက်လို့ပါ"

"တော်စမ်းပါ . . . မင်းရဲ့ပါးစပ်က အဲဒီလို တချစ်ချစ်
မြည်ပြနေတာကိုပဲ ငါက နားခါးတာ"

"ပြောရက်လိုက်တာ ကိုဇေရယ်"

"ဟ . . . မပြောရက်စရာအကြောင်းမရှိဘူးလေ။
ခင်းကို ငါ မချစ်ဘူးဆိုတာသိသိနဲ့ မင်း ဒီလိုဖြစ်အောင်
ဖန်တီးခဲ့တာပဲ"

ပါတီပွဲညက အဖြစ်အပျက်ကို တွေးမိတိုင်း ဇေ
လင်းမောင် ရင်နာလို့ မဆုံး ဖြစ်ခဲ့ရသည်။ အရက်နဲ့သူ့ဘဝ
ကို ဖျက်ဆီးခဲ့တာ။ ချစ်လာနိုင်ဖို့ ကြိုးစားကြည့်ရမယ့်အစား
ခင်လွှန်းမျက်နှာကိုမြင်တိုင်း ဒေါသတွေက ထွက်ထွက်လာ

ရှူးဒေသ

သည်။

"ဖြစ်ပြီးမှတော့ ခင်လွှန်းကို ချစ်ကြည့်ဖို့ ကြိုးစား
လား ကိုဇေ"

"စိတ်ကူးတွေ သိပ်ယဉ်မနေနဲ့ ခင်လွှန်း။ ငါ မင်း
ဘယ်တော့မှ ချစ်လာမှာ မဟုတ်ဘူး။ နားလည်လား"

"ခင်လွှန်းကတော့ စိတ်ရှည်ရှည်နဲ့ စောင့်နေ
မှာပဲ"

"အဲဒါက မင်းရဲ့အပိုင်းပဲ။ ငါ့အပိုင်းဘက်က
မင်းလို ကောက်ကျစ်ယုတ်မာတဲ့ မိန်းမကို နလုံးနာတယ်"

"ပြောပါ . . . ကိုဇေ။ ကိုဇေ ကျေနပ်တဲ့အထိ ပြော
ပါ။ ခင်လွှန်း ခံပါ့မယ်"

ဇေလင်းမောင်၏ အကြည့်စူးစူးတို့က ခင်လွှန်း
မျက်နှာပေါ်မှာ ကျင်လည်ကျက်စားလျက်၊ သူ့ကိုယ်
လည်း အံ့ဩလို့မဆုံးပါဘူး။ ရှုရှင်သူတွေ ဝိုင်းဝိုင်းလည်
တဲ့ ခင်လွှန်းကြင်လို အလှပဂေးကို သူ ဘယ်လိုမှ စိတ်မ
စား။ ရင်ခုန်လှုပ်ရှားခြင်း မရှိတာ မထူးဆန်းဘူးလား။ အ
မွေးတုန်းက သူ့မှာ နလုံးသားမှ ပါခဲ့ရဲ့လားလို့တောင် တစ်
တစ်ခါ တွေးထင်မိတော့သည်။



"ခင်လွှန်းကြင်"

"ပြောပါ ကိုဇေ"

"မင်းနဲ့ ငါ တစ်ခုဆွေးနွေးကြည့်လို့ရမလား"

"ကိုဇေ ပြောကြည့်လေ"

ဇေလင်းမောင်၏ နလုံးသားမှာ ခင်လွှန်းအတွက်
နေရာမရှိဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ် သိပြီးသားပါ။ ဒါပေ
မယ့် ရှုပ်လည်းရှုပ်သော ပျားလည်းစွဲသာဆိုသလို ကိုယ့်
ကိုယ်ကိုယ် လိမ်ညာ၍ အဖြေတစ်ခုကို ညှိယူကြည့်ချင်
သေးသည်။ စိတ်ဆိုတာ မကြာခဏ ပြောင်းလဲတတ်တယ်
တဲ့။ သူ့စိတ်တွေလည်း ပြောင်းလဲလာနိုင်မလားရယ်လို့။

"မင်းကို သုံးနှစ်အတွင်းမှာ ငါ ချစ်လာနိုင်အောင်
ကြိုးစားကြည့်မယ်လေ"

သူ့စကားကြောင့် ခင်လွှန်းမျက်နှာမှာ ဝင်းလက်
သွားလေ၏။ ထိုအပြုံးတွေ နိဂုံးချုပ်စေမယ့်စကားကို နောက်
ဆက်တွဲပို့လွှတ်ရလေလျှင် . . .

"သုံးနှစ်ပြည့်လို့မှ မင်းကို ငါ ဘယ်လိုမှပြန်မချစ်
နိုင်ဘူးဆိုရင် မင်း ငါ့ကို ကွာရှင်းပေးပါ"

"ရှင်"

"ကောင်းပြီလေ။ ကိုဇေဆန္ဒကို ခင်လွှန်းလိုက်လျှောပါ့မယ်"

"မင်း ကတိတည်ပါစေနော်"

ခင်လွှန်း ခေါင်းညိတ်လိုက်ပေမယ့် သိပ်ဘဝင်မ… တာကိုတော့သိနေသည်။ ဇေလင်းမောင် အချစ်ဆိုတဲ့အ… ကို စူးစမ်းရှာဖွေရဦးမှာလား။ ကျောက်တူးသမားတစ်ယော… လို စမ်းတဝါးဝါးနှင့် အချစ်ကို တူးဖော်ကြည့်ရဦးမည်။

"နောက်တစ်ခု ထပ်ပြီးပြောရဦးမယ်"

"စိမ်ကိန်းတွေက များလှချေလား"

"ဘာလဲ . . . မင်းက မကျေနပ်ဘူးလား"

ဇေလင်း‥ာင်အသံက ပို၍ထန်သွားလေ… ခင်လွှန်း ခေါင်းငုံ့သွားလေသည်။

"ပြော . . . ပြောပါ"

ခင်လွှန်းအသံက တိုးလျလျ . . .

"ခု မင်းနဲ့ငါ အစိန်းခွဲအိပ်တာကို မင်း တားမ… မလိုဘူး။ ငါ မင်းကိုချစ်လာနိုင်ပြီဆိုတဲ့နေ့မှာ ငါ့ဆန္ဒနဲ့… မင်းဆီကို လာခဲ့မယ်"

ယောက်ျားဖြစ်သူက ဆန္ဒမပါဘူးဆိုမှတော့ …





…ွန်း တားနေစရာအကြောင်း မရှိပါ။ သွားပေါ့။ ခင်လွှန်းက …ည်း သူ့ကို ချစ်နေ မြင်နေရရင်ပဲ ကျေနပ်လှပါပြီ။

"ကောင်းပြီလေ . . . ခင်လွှန်းက ချစ်မိတဲ့သူဆို …တော့ အရောရောမှာ စေညွှန်ရာနာခံဖြစ်ရတာ မဆန်းပါဘူး"

"မင်း ငါ့ကို ခနဲ့စရာမလိုဘူး"

"ဒါခနဲ့နေတာ မဟုတ်ဘူး ကိုဇေ။ ချစ်မိတာ အပြစ်…သလားလို့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးရလောက်အောင် …ဇေက ပညာတွေ ပြနေတာကိုး"

"ဒါတွေအားလုံးထဲမှာ ငါ့တိုက်တွန်းချက်တစ်ခုမှ …ပါဘူး"

"ခင်လွှန်း နားလည်ပါတယ် ကိုဇေ"

"ကိုယ့်ကိုယ်ကိုယ် ကြည့်ပြီး မရှိအောင် ခံစားနေရ…တဲ့ ကောင်ကလည်း မင်းရဲ့လုပ်ရပ်အတွက် လွယ်လွယ်နဲ့ …တော့ ကျေအေးပေးနိုင်မှာ မဟုတ်ဘူး"

နောက်ဆုံးပြောခဲ့တဲ့ စကားတစ်ခွန်းရဲ့အဓိပ္ပာယ်ကို …အတွေးအပေါက်ရင်တော့ နေပေါ့။ အတွေးပေါက်ရင်တော့ …သွေးပေါက်တွေယိုစီးလာအောင် မင်းရဲ့နှလုံးသားမှာ ဆန်…ာပေါက်အဖြစ်နဲ့ တန့်နှံ့ခံစားပေဦးတော့ ခင်လွှန်းကြင်။

## အခန်း ( ၁၅ )

ခင်လွန်းမှာ ကိုယ်ဝန်ရှိနေပြီတဲ့၊ ဖြစ်နိုင်ပါ့မလား ဆိုတဲ့အတွေးက ရင်ထဲကို ဒိုင်းခနဲ ဝင်ဆောင့်လေသည်။ သူငယ်ချင်းတွေကတော့ ကိုဇေ့ရင်ထဲက သံသယဆူးတွေကို နုတ်ပယ်ပေးခဲ့သည်။ ဖြစ်နိုင်တယ်တဲ့၊ တစ်ခါကျူးလွန်မိတာနဲ့လည်း ကိုယ်ဝန်ဆိုတာ ရှိတတ်သတဲ့၊ ပြီးတော့ ခင်လွန်းက ယောကျ်ားလေးတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက် မရှိသူဆိုတော့ ဇလင်းမောင် ရင်သွေးဆိုတဲ့အသိနဲ့ ဖခင်ကောင်းတစ်ယောက်ဖြစ်လာအောင် ကြိုးစားခဲ့သည်။ မချစ်ပေမယ့် ခင်လွန်းကို ဂရုစိုက် ယုယခဲ့လေ၏။

"ခင်လွန်း . . . ဒီမှာ ခင်လွန်းအတွက် ကိုယ် အားဆေးတွေ ဝယ်လာတယ်"

"ကိုဇေ"

"ဟင်"

"ကိုဇေ ခုလို ခင်လွန်းကို ဂရုစိုက်တာ ခင်လွန်း





ဝမ်းသာတယ် သိလား"

"မွေးလာမယ့် ကိုယ်တို့ရဲ့ ရင်သွေးလေးဘဝ ာယာလှပစေဖို့အတွက် ကိုယ် ကိုယ့်ရဲ့စိတ်ကို ပြောင်းလဲ င်အောင် အတတ်နိုင်ဆုံး ကြိုးစားမှာပါ"

"ကိုဇေ့ရဲ့စကားတွေက ခင်လွန်းအတွက် အားဆေး ွပါ ကိုဇေရယ်"

ဇလင်းမောင် ရင်သွေးရဲ့မျက်နှာကို ထောက် ာပြီး ခင်လွန်းကို ချစ်ကြည့်ဖို့ ကြိုးစားသည်။ နှလုံးသား ာ လက်မခံ၊ ဘယ်လိုမှ ရင်ခုန်လှုပ်ရှားလာခြင်း မရှိတာကို ာယ်လိုလုပ်ရပါ့မလဲ။

"ခင်လွန်း . . . အပူအစပ်တွေ မစားနဲ့နော်။ ကလေး ို ထိခိုက်နေမယ်"

"အင်းပါ . . . ကိုဇေရဲ့ သိပ်အကဲပိုတာပဲ"

"ပိုတာမဟုတ်ပါဘူး။ ဒါ ရင်သွေးအပေါ်ထားတဲ့ ခ်ဘတိုင်းရဲ့ စေတနာပါ"

"ခင်လွန်းလည်း မိခင်တစ်ယောက်ပါကွယ်"

"ခင်လွန်း"

"ပြောလေ ကိုဇေ"

ဇေလင်းမောင်ရဲ့ပြုံးစုယုယခြင်းကို ခံရတော့ ခင်လွှန်းတစ်ယောက် အရမ်းပျော်နေသည်။

သူမ လိုချင်တောင့်တခဲ့ရသောဘဝမျိုးလေးကို ပိုင်ဆိုင်ခွင့်ရတော့မယ် ထင်ပါရဲ့။

"ကိုဇေ . . . အလုပ်တစ်ခုတော့ လုပ်မှဖြစ်မယ်"

"အို . . . ကိုဇေကလည်း ခုလည်း ကိုဇေအလုပ်လုပ်နေတာပဲဟာ။ ကိုဇေရဲ့ပန်းချီကားတွေက အရောင်းသွက်နေတာပဲလေ"

"ဒီဝင်ငွေလောက်နဲ့ ကိုယ် မရောင့်ရဲနိုင်တော့ဘူးလေ"

"ဒါဆိုလည်း ဖေဖေ့ကုမ္ပဏီမှာဝင်လုပ်ပေါ့ ကိုဇေရဲ့"

"အဲဒါတော့ မေ့ာရီးပဲ ခင်လွှန်း"

ဇေလင်းမောင်၏ မျက်နှာမှာ တည်တင်းသွားလေ၏။ ကိုယ့်ကို အမြဲတမ်း အထင်သေးရှုတ်ချနေတတ်တဲ့ လူတစ်ယောက်ရဲ့လက်အောက်မှာ ဇေလင်းမောင် ဘယ်တော့မှ ဒူးထောက်အညံ့မခံပေ။ သူပြောလေ့ရှိတဲ့စကားက "မင်း ပန်းချီဆွဲလို့ရတဲ့ ပိုက်ဆံက ငါ့သမီးအတွက် စားရေးမပြောနဲ့





ရေးတောင် လုအောင်မဆင်နိုင်ဘူးတဲ့။ ဒါ ဇေလင်း င်ရဲ့မာနကို စိတ်ခေါ်တာလေ။ အစကတော့ သူ့သမီးက ည့်ဘဝကို အညွှန့်ချိုးခဲ့တာဟု အတွေးဖြင့် စောင်မဲနရွဲ နေတာ။ ခုက ရင်သွေးဆိုတဲ့ ဇခင်တစ်ယောက်ရဲ့ ညာစိတ်နဲ့ အလုပ်တစ်ခုခုလုပ်ဖို့ သူ ဆုံးဖြတ်လိုက်တာ။

"ကိုဇေ"

"ဘာလဲ . . . ခင်လွှန်း"

"တခြားမှာတော့ အလုပ်ထွက်မလုပ်ပါနဲ့ ကိုဇေ ည်"

"ဘာဖြစ်လို့လဲ ခင်လွှန်း"

"သူ့ဌေးသမက်ဖြစ်ပြီး သူများဆီမှာ အလုပ်ရှာရ ကိုဇေ သိက္ခာကျမှာပေါ့"

ဇေလင်းမောင်ပြုံးလိုက်မိသည်။ သူ့အပေါ် စေတနာ ဘာကိုတော့ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် . . .

"ကိုယ်က နိုး၊ ဆိုး၊ တိုက်မိုက်နေတာမှ မဟုတ် ။ ဘာရှက်စရာရှိလဲ"

ထိုစကားနှင့်ပဲ စကားစကို ဖြတ်တောက်ပစ်လိုက် ည်။ ဇေလင်းမောင် သူငယ်ချင်းဖြစ်သူ ကောင်းမြတ်၏

ဝင်ရောက်မှာ အလုပ်ဝင်လုပ်သည်နှင့် ထိုအလုပ်ကို အစပျိုး ခင်လွှန်းနှင့် မကြာခဏ စကားများရလေ၏။ ခင်လွှန်းက ကို သူမအဖေရဲ့ကုမ္ပဏီမှာ ဝင်လုပ်စေချင်တာ။ ဇေလင်း မောင်က လုံးဝမလုပ်ပေ။ ဒီလိုပြဿနာတွေကြားကပဲ သား လေးကို မွေးဖွားလာခဲ့သည်။ သားလေးဟာ ဇေလင်းမောင် အတွက် ခွန်အားတစ်ခုပါပဲ။ ဒါကြောင့် နာမည်ကို ဇေလင်း မောင်ကိုယ်တိုင် "ခွန်အား"လို့ ကင်ပွန်းတပ်ခဲ့သည်။ တစ်နေ့

"သားရေ . . . ဒယ်ဒီဆီကို လာပါဦးကွ"

ကလေးကို ခင်လွှန်းလက်ထဲမှ ပွေ့ချီလိုက်စဉ် . . .

"ကိုဇေ . . . ဖေဖေက ကိုဇေ့ကို သူနဲ့ခဏလာတွေ့ ပါတဲ့"

"ဘာကိစ္စရှိလို့လဲ ခင်လွှန်း"

"အဲဒါတော့ ခင်လွှန်းလည်း မသိဘူးလေ"

"ဘာပြဿနာရှာဦးမလဲ မသိဘူး"

"ဖေဖေ့ကို အဲဒီလိုတော့ မပြောပါနဲ့ ကိုဇေရယ်။ ဖေဖေပြောတာတွေက ခင်လွှန်းတို့ကောင်းဖို့အတွက်ပါ"

ဇေလင်းမောင် ဆတ်ဆတ်ခါ နာသွားရလေ၏။ ကောင်းဖို့အတွက် ပြောတာဆိုရင် ဆုံးမသောလေသံသည်





ကြောင့် ဂုဏ်ပကာသနတွေနှင့် တီးခတ်နေခဲ့သနည်း။ ပြောပြကြောင်း ဆုံးမလို့ မနာခံရင် သူ့အပြစ်ပေါ့။ ခုတော့ ပြောလိုက်ရင် . . .

"မင်း ရှာတဲ့ဝင်ငွေက ငါ့သမီးစီးတဲ့ဖိနပ်ဖိုးတောင် ဘူးကွ။ ဒီမင်နဲ့ ရွှေခုတင်ထိုင်ရဖို့တော့ မလွယ်ပါဘူး။ လေ . . . အစကတည်းက အဆင့်အတန်းမြင့်မြင့်က တဲ့ကောင်မှ မဟုတ်တာ။ အတွေးအခေါ်တွေကလည်း ယ်လိုလုပ် အထက်တန်းကျမှာလဲ"

ထိုသို့သောစကားတွေနှင့် သူ့ကို နှိပ်ကွပ်တတ်သူ သူ ဘယ်လိုဖူးထောက်ရမလဲ။ ဇေလင်းမောင် စိတ် ပျက်ဆုံးက အဲဒီဦးစိုးထိုက်ဆိုတဲ့လူကြီးကို ခင်လွှန်းနဲ့ လာဆောင်တုန်းကလည်း . . .

"မင်းတို့ရဲ့ ဆင်းရဲမွဲတေနေတဲ့ လောကအမျိုးတွေ မဖိတ်နဲ့။ ငါ သိက္ခာကျတယ်" တဲ့။

ကဲ . . . ဘယ်လောက် ဒေါသဖြစ်ဖို့ကောင်းလဲ။ ဇေလင်းမောင်ကလည်း ပြတ်သည်။ အမေ့ဆီကို စာရေးတာ တောင် သားမိုက်ကို ခွင့်လွှတ်ပါဆိုတဲ့ တောင်းပန်းစကားက ပဲ့ပြီး မင်္ဂလာပွဲကိုလာခဲ့ဖို့ လုံးဝမဖိတ်ကြားခဲ့ပေ။ တစ်နေ့

တော့ အမေ့ဆီကို ပြန်မယ်လို့ စိတ်ကူးထားတာကိုး။

"ကိုဇေ သွားတွေ့လိုက်ပါနော်။ တော်ကြာ ဖေဖေ စိတ်ဆိုးနေမယ်"

"ကိုယ်သွားတွေ့လိုက်ပါ့မယ်"

ကလေးကို ခင်လွန်းလက်ထဲသို့ ပြန်ထည့်ပေးခဲ့ပြီး မပြင်ရချင်တဲ့ယောက္ခမမျက်နှာကို သွားပြီး ဖူးမြော်လိုက်တော့ ရေဆန်မှာ လေထန်တဲ့ အသံမျိုးက အရင်ထွက်လာသည်။

"မင်းလာသားပဲ . . . သိုင်"

"ယောက္ခမကို အားနာလို့ ထွန်သွားချတ်ပေးတဲ့ အထဲမှာ ကျွန်တော် မပါဘူးနော်။ ကြိုပြောထားတာ"

"ဟ . . . မျက်နှာချင်းတောင် မဆိုင်ရသေးဘူး ပစ်ဝင်လာတဲ့စကားက မိုးတစ်လုံး လေတစ်လုံးပါလား။ အဲဒီ စကားတွေ ဒီကိုသယ်မလာနဲ့။ ကန်ထဲသွားပြီး ငါးစာလုပ်ပြီး ငါးမျှား။ ကံကောင်းရင် နောက်ထပ် ငါ့သမီးလိုတစ်ယောက် မိနိုင်သေးတယ်။ မင်းက ရုပ်ချောတာကိုး"

"ဘာချ"

ဖေလင်းမောင် ဆတ်ဆတ်ခါသွားလေတော့၏။ ဒါ





သူ့ကို ယောက်ျားပိုင်းလုံးလို့ ပြောလိုက်တာပဲ။ ဖေလင်းမောင်က ရုပ်နဲ့အစာရှာဖမ်းတာလား၊ သူ့သမီးက ငါးမျှားချိတ်ကို ကိုက်ချီသွားတာလား မသိဘဲနဲ့။ ရမ်းပြောနေတာ။ ဒါ သက်သက် သူ့သိက္ခာကို စော်ကားတာ။

"ဒီမှာဦး"

"ဘာလဲ"

"ကိုယ့်သမီးကိုလည်း ပြန်မေးကြည့်လိုက်ပါဦး။ သမင်က မျှားခေါ်တာလား၊ ကျားက စားချင်လို့လိုက်တာလားလို့"

"မင်းစကားအဓိပ္ပာယ်က ဘာလဲ"

"ရှင်းပါတယ်။ အရက်သေစာ သောက်စားလို့ တစ်ခေါက်မှားပြီးကတည်းက ယုန်စုန်မှာ ကြောက်လို့ ပိုက်ကို နောက်ဆုတ်ထားတာ ယနေ့ထက်ထိပဲ။ နှမချင်းစာနာစိတ်တစ်စုနဲ့ ခင်ဗျားသမီးကို လက်ထပ်ထားတာကလွဲရင် ခုအချိန်ထိ ကျွန်တော် ဘာလိုချင်ပါတယ်လို့ အိပ်မက်ကယောင်ထပြီးတောင် စကားဟဟ မဆိုခဲ့ဘူး။ ခင်ဗျားတို့ကသာ မက်လုံးတွေပြပြီး ကျွန်တော့်ဘဝကို မြေဇာချဖို့ ကြိုးစားနေကြတာ"

"ဘာကွ"

မာနချင်းပြိုင်နေကြတဲ့ သူနဲ့ ဦးစိုးထိုက်တို့ ဘယ်တော့မှ ငြိမ်းချမ်းရေးရမှာမဟုတ်ဘူးဆိုတာကို လင်းမောင် နားလည်နေပါသည်။ အဆိပ်ရှိတဲ့သတ္တဝါ အဆိပ်မာနတက်သလို ဦးချိုရှိတဲ့သတ္တဝါကလည်း ဦးချို အားကိုးသည်ပေါ့။ ဦးစိုးထိုက်က ပစ္စည်းဂုဏ်မောက်ပြ တော့လည်း ဇေလင်းမောင်က ပညာဂုဏ်ကို ထောက်၍ ထံမှာ ဒူးထောက်အညံ့မခံလိုပါ။

"မင်းကို ငါက ငါ့ကုမ္ပဏီမှာ အလုပ်လုပ်ဖို့ပြောမ ကွ။ ငါ့သမက်ဖြစ်ပြီး သူများနိုင်းတာလုပ်နေရတာ ရှက်စ ကောင်းလို့ကွ။ နားလည်ရဲ့လား။ ခုတော့ ခေါ်မိတဲ့ငါပဲ မှာ ပါတယ်"

"မှားတယ်ဆိုရင်လည်း ကျွန်တော့်ကို ဒီမှာထိုင် နိုင်းထားတာ ဖင်ပူရုံပဲ အဖတ်တင်ပါတယ် ဦး"

"မင်းဟာလေ မွဲချင်တဲ့ခွေး ပြာပုံအိပ်သလိုပဲ သိ လား"

ဇေလင်းမောင် ထိုင်ရာမှ ထရပ်လိုက်ကာ . . .

"အစကတည်းက ကျွန်တော်က ပြာပုံထဲမှာ အိပ်





နေတာပါဦး။ အဲဒီ ပြာပုံကို လှေတ်တိုက်မိတာတောင် ဖနပ်ဒ ကြိုက်ပါတယ်ဆိုပြီး တိုးဝင်လာတာက ဦးရဲ့သမီးပါ"

"တောက်"

ဦးစိုးထိုက်၏ တောက်ခေါက်သံ ကျယ်လောင် သွားလေသည်။ သမီးကစပ်လို့ သမက်တော် နားတော် ကားယား ကျွဲကားယားနှင့်ပါလား။

"မင်း ငါ့ရှေ့ကနေ ထွက်သွားတော့ ဇေလင်းမောင်"

"နှင်စရာမလိုပါဘူး ဦး။ ထောက်ထားစရာ သား လေး မျက်နှာသာမရှိဘူးဆိုရင်လေ ဂုဏ်မေနနဲ့ သိုးရေခြုံ သားတဲ့ ဟောဒီအိမ်မှာ တစ်မိနစ် တစ်စက္ကန့်တောင် ကျွန် တော် မနေဘူး။ ခင်ဗျား မနှင်ခင်ကတည်းက လေလာရော တင်ပေးပြီး အေးအေးလေးထွက်သွားတာ ကြာပြီ သိရဲ့လား"

"သွား . . . သွား . . . မင်း ငါနဲ့ဝေးဝေးနေလေ ကောင်းလေပဲ"

"ကျွန်တော်ကလည်း မလွှဲသာလို့ တစ်ခါကြည့် တောင် ကမ္ဘာမီးလောင်တာထက် ရင်ထဲမှာ ပိုပူရတယ်ဗျ"

"မင်း"

ဦးစိုးထိုက်စကားမဆက်ခင်ပဲ ဒေါသမျက်ဝန်းနား

မှ ဇေလင်းမောင် ထွက်ခွာလာခဲ့တော့သည်။ ကြာကြာ
နေရင် ထပြီးပေါက်ကွဲကုန်တော့မည်လေ။ ဦးစိုးထိုက် သူ
ဒီလိုနိမ့်ချပြောဆိုခဲ့တာ ခုမှမဟုတ်။ ဟိုအရင်ကတည်း
ဆိုတော့ ဇေလင်းမောင် သည်းမခံနိုင်တော့တာ မဆန်း
ဘူးလေ။





အခန်း ( ၁၆ )

ခင်လွန်းအပေါ် ချစ်စိတ်မဝင်ခဲ့ပေမယ့် သားလေး
...ကိုထောက်ထားပြီး ကွဲဖို့ကွာဖို့ မပြောဘဲ အလိုက်
...နေခဲ့တာ လေးနှစ်ကျော်ခဲ့ပြီ။ ဦးစိုးထိုက် ရိုးရိုးဖွဲ့ဖွဲ့ပြော
...တွေကို သည်းခံခဲ့တာလည်း သားလေးကြောင့်ပါပဲ။
...ကိုတော့ ဇေလင်းမောင် မခွဲနိုင်ပါဘူး။ သားလေးဟာ
...အတွက် အား။ အစွမ်းထက်တဲ့ ဆေးတစ်လက်ပါပဲ။ ခင်
...ခမျှာမှာလည်း လင်တော်မောင် အကြင်နာထူးပြီး
...ဆောင်တော်ကူးမလားရယ်လို့ မျှော်လင့်ခဲ့ပေမယ့် သူမ

အခန်းဆီသို့ ဇလင်းမောင်က ခြေတစ်ဖဝါးမျှပင် မလှမ်း ခဲ့ပေ။

"မင်း . . . အလုပျက်မှာစိုးလို့ နို့မတိုက်တော့ . အတူတူ သားကို ငါနဲ့ပဲ ခေါ်သိပ်လိုက်တော့မယ်"

ဆိုပြီး သားလေး အခါလည်ကျော်ကတည်း . သူနဲ့အတူ အိပ်စေခဲ့သည်။ ဒါကြောင့် သားက သူ့ကို ပို၍ . တွယ်လေ၏။

"ဒယ်ဒီ"

"ဗျာ"

"သားကို သီချင်းဆိုပြပါလား"

"ဒယ်ဒီ သီချင်းမဆိုတတ်ဘူး သားရဲ့"

"ဒါဆို ပုံပြင်ပြောပြလေ"

"အင်း . . . အဲဒါတော့ ပြောပြမယ်လေ"

ညအိပ်ရာဝင်ပုံပြင်ပြောပြလေ့ရှိသော ဇလင်း မောင်ကို သားကလည်း သိပ်ချစ်ပါသည်။ ထိုသို့ . ကာလလေးတွေကို ဖျက်ဆီးဖို့ ကြိုးစားလိုက်သူက ဦး . ဇိုက်ပါ။

"ဇလင်းမောင်"



"ဗျာ"

"မင်း . . . ငါ့ကို ဘယ်လိုပဲကလန်ကဆန် လုပ်ခဲ့ လုပ်ခဲ့ သမီးကိုပြတ်မှ သမက်ကိုပြတ်နိုင်မယ်ဆိုတော့ မင်း ကို ငါ ခွင့်လွှတ်ပါတယ်"

အစကတည်းက ဒီလိုအမြင်မှန်ရခဲ့ရင် မသင့်မြတ် . ဆိုတာ လေသံတောင် ကြားရမှာ မဟုတ်ဘူးလို့ ဇလင်း မောင် တွေးခဲ့မိသည်။

"ဦးဘက်က မတင်းမာရင် ကျွန်တော်က မရိုင်းစိုင်း . ဘူး"

"အေးကွာ . . . ဦးလည်း အသက်ကြီးလာပြီဆို တော့ အလုပ်တွေ သိပ်မလုပ်နိုင်တော့ဘူး။ မောင်ဇေကိုပဲ အားကိုးရတော့မှာ"

"ဟုတ်ကဲ့ . . . ကျွန်တော် ဘာကူညီရမလဲ ပြော . ဦး"

ဦးစိုးထိုက် တွေးတွေးဆဆပုံစံနှင့် ဇလင်းမောင် . ကို တစ်ချက်စိုက်ကြည့်ကာ . . .

"အလုပ်ကိစ္စတစ်ခုနဲ့ ဦး နယ်ဘက်ကို ထွက်စရာ . ရှိတယ်။ အဲဒါ ဦး ခုတလောကျန်းမာရေးက မကောင်းဘူး

ဖြစ်နေတယ်ကွာ။ ဖြစ်နိုင်ရင် မောင်ဖေ ကူညီနိုင်မလား မသိဘူး"

"ဟုတ်ကဲ့ ပြောပါ ဦး။ ကျွန်တော် လုပ်နိုင်တာ ရင် လုပ်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် မောင်ဖေရယ်။ အလုပ်က ကလည်း မင်းလုပ်နိုင်မယ့်ကိစ္စမျိုးပါ"

"ဟုတ်ကဲ့"

"ဒီလိုကွ"

ဟု အစချီလျက် ဦးစိုးထိုက်က အလုပ်ကိစ္စ အကြောင်း ရှင်းပြလေသည်။ ထိုကိစ္စက ဖေလင်းမောင် လုပ်မပေးနိုင်စရာအကြောင်း မရှိပါဘူး။ တောရွာကလေး တစ်ရွာက ဦးစိုးထိုက်ရဲ့ အစ်ကိုဝမ်းကွဲဆီကို ထောက်ပံ့ငွေ ပေးသွားပို့ပေးရုံပါ။ အရင်ကတော့ ဒီလိုကိစ္စမျိုးရှိတယ်လို့ တစ်ခါမှ မကြားမိပါဘူး။ ခင်လွန်းလည်း သူမှာ ဘကြီးရှိ အကြောင်း တစ်ခါမှမပြောဖူးဘူး။ သူက ဂရုမစိုက်ဘဲ ပယ်ပယ်နေလို့ဖြစ်မှာပါလို့ တွေးထင်လျက် ထိုရွာကို သွား ပေးဖို့ ဖေလင်းမောင် လက်ခံလိုက်သည်။

"ဒီကိစ္စကို ကျန်တဲ့သူတွေ မသိပါစေနဲ့ မောင်ဖေ





...ဲ့ဒနီးနဲ့သမီးတွေက အစ်ကို့ကို အရက်သမားမို့လို့ မကြည် ...ကြဘူးကွ။ သူတို့မေးရင် မင်း ကြည့်ဖြေလိုက်ပေါ့ကွာ"

"အဲဒီအတွက် စိတ်ချပါဦး"

ဟန်ဆောင်ကောင်းသော ဦးစိုးထိုက်၏စကားတွေ ... ဖေလင်းမောင် ယုံကြည်ခဲ့သည်။ ဒါကြောင့်လည်း ဦးစိုး ...ိုက်ရဲ့ မာယာညွှတ်ကွင်းထဲကို တိုးဝင်မိခဲ့တာ။ ဖေလင်း ...ောင်ဆိုတဲ့သူဟာ သူများရဲ့ထောင်ချောက်ထဲကို တိုးဝင်ရဖို့ ...ူးမှာ စာကပ်မွေးဖွားလာသလားတော့ မသိပါဘူး။ သူများ ... ယုံလွယ်သည်။ တစ်ခါမှားပြီးလည်း အမှတ်မရှိသူလို့ ဆို ...လား။ သူ ဦးစိုးထိုက် လက်ညှိုးထိုးပြရာလမ်းစဉ်ကို ကား ...ငစ်စီးနှင့်လျှောက်ခဲ့ရာ ယမမင်းရဲ့ လေးညှို့သံကို နားမစွင့် ...မိ။

"ဟေ့လူတွေ . . . ရှေ့မှာ ဘာရပ်လုပ်နေကြတာ ...။ လမ်းဖယ်ပေးလေဗျာ"

သူ့ကားရှေ့မှာ လေးယောက်တန်း၍ ရပ်နေကြ သော မိုက်ကန်းကန်းပုံစံနှင့် လူတွေက ဖေလင်းမောင်ကို ...ားပေါ်မှ ဆွဲချကြလေသည်။

"ခင်ဗျားတို့ ဘာလုပ်ကြတာလဲ။ ဓားပြတွေလား"

"ဆိုပါတော့"

"ဒါဆိုရင်တော့ ခင်ဗျားတို့ ကျွန်တော့်ဆီက ဘာမှ ရမှာမဟုတ်ဘူး။ ကျွန်တော့်မှာ ကားကလွဲရင် ဘာမှမပါဘူး"

"တို့က မင်းဆီက ပစ္စည်းလိုချင်တာ မဟုတ်ဘူး"

"ဗျာ"

ဖေလင်းမောင် ဘယ်လိုလူတွေပါလိမ့်ဟု တွေးမိလေ၏။ နှုတ်ခမ်းမွေးနှင့်လူတစ်ယောက်က ဖေလင်းမောင်ကို ခပ်စူးစူးကြည့်ကာ . . .

"တို့လိုချင်တာက မင်းရဲ့အသက်"

အာမေဍိတ်သံတောင် မထွက်နိုင်လောက်အောင် ဖေလင်းမောင် သွေးပျက်ချောက်ချားသွားလေသည်။ နောက်က တစ်ယောက်က ရှေ့သို့တက်လာပြီး . . .

"သူ့အသက်ကို ဘယ်ယမမင်းက ခြွေနိုင်းတာလဲ ဆိုတာ မသေခင်လေး သိသွားအောင် ရှင်းပြလိုက်ပါကွာ"

"အင်း . . . ကောင်းသားပဲ။ ဒါမှ နောင်ဘဝမှာ ဦးစိုးထိုက်နဲ့ဆုံရင် သူ့လက်စားချေလို့ ရမှာပေါ့"

ဦးစိုးထိုက်ဆိုပါလား။

"ဒီမှာ ဖေလင်းမောင် မသေခင် မင်းသိအောင် ..





ပြောလိုက်မယ်။ တို့အဖွဲ့က ကြေးစားလူသတ်သမားတွေကွ။ ...င်းကိုသတ်ဖို့ တို့ကို မင်းရဲ့ယောက္ခမ ဦးစိုးထိုက်ကိုယ်တိုင် ငွေအထပ်လိုက်ပုံပေးထားတာ"

ဖေလင်းမောင် လွတ်လမ်းကို စဉ်းစားနေမိသည်။ လူမိုက်အဖွဲ့က တုတ်တွေ ဓားဆွနှင့် အသည်းယားစရာ။ သူက ဗီဒီယိုထဲက ဇာတ်လိုက်ဖိုက်တင်မင်းသား မဟုတ် ...တော့ လေးယောက်နဲ့ တစ်ယောက် ဘယ်လိုခုခံရမလဲ။ ...တ်သမျှ မှတ်သမျှနဲ့တော့ ခုခံကြည့်ရတော့မှာပဲလေ။

"ကဲ . . . မင်း လိုရာဆုကို တောင်းပေတော့ ဖေလင်းမောင်"

"ကြာတယ်ကွာ"

တစ်ယောက်က အရင်ပြေးဝင်လာသည်နှင့် . . .

"ကဲကွာ"

"ဖတ်"

"ခွပ်"

"ရော့"

"ခွပ်"

"အား"

"ယား"

"ဘုတ်"

"အင့်"

ဇေလင်းမောင် သုံတတ်သမျှ ကိုယ်ခံပညာလေး နှင့် အပြင်းအထန်ခုခံနေရ၏။ နစ်ယောက်လောက်ဆို သူ ထိန်းနိုင်ပေမယ့် လေးယောက်ကျတော့ မတတ်နိုင်။ မှောက် သွားတဲ့နစ်ယောက် ပြန်ထမလာခင် သူ ထွက်ပြေးဖို့ကြိုးစား လိုက်တယ်ဆိုရင်ပဲ တစ်ယောက်က နောက်မှစော်ထည့် လိုက်တာ . . .

"ဒုတ်"

"အား"

ခေါင်းတစ်ခုလုံး ပူလောင်စပ်ဖျင်းဖြစ်သွားရလေ ၏။ ဖြာခနဲထွက်ကျလာသော သွေးတွေ။ ဒါတွေကို ဇေလင်း မောင် ဂရုမစိုက်နိုင်သေးပါ။ ရန်သူ့လက်မှ လွတ်မြောက် ရေးအတွက် အားသွန်ခွန်စိုက် ပြေးခဲ့ရတော့သည်။

"ပြေးပြီ . . . ပြေးပြီ . . . လိုက် . . . လိုက်"

ပြေးမိပြေးရာ ဇေလင်းမောင် စိမ်းညို့မြနေသော လယ်ကွင်းတွေထဲသို့ ပြေးခဲ့မိတော့၏။ ဘာပဲဖြစ်ဖြစ် လွတ်





က အရေးကြီးသည်လေ။ စပါးပင်တွေက လူတစ်ရပ်ကျော် ပေ့။ ပြီးတော့ လယ်ကန်သင်းတွေက ဟိုမှသည်ကွေ့ မှဟိုကွေ့။ ဝက်ပါလှည့်သလိုမို့ လိုက်လာတဲ့သူတွေကို ချက်စိလှည့်ကာ စပါးပင်တွေထဲသို့ ဝင်ပုန်းနေလိုက်သည်။

"မတွေ့တော့ဘူးကွ"

"မတွေ့လည်း နေပစေတော့ကွာ။ ငါ ရိုက်လိုက်တဲ့ ရိုက်ချက်က ပြင်းတယ်ကွ။ ဘာပဲဖြစ်ဖြစ် ဒီကောင်သေမှာပဲ သွားခဲ့တော့"

ဇေလင်းမောင် နှုတ်ခမ်းကို ပြတ်ထွက်လုမတတ် ကိုက်ထားလိုက်သည်။ တစ်ကိုယ်လုံး သွေးစေးတွေနှင့် ရွှဲ နစ်နေ၏။ ခေါင်းထဲမှာ မိုက်ခနဲ မိုက်ခနဲ သတိမလစ်အောင် ထိန်းထားပေမယ့် ဝေဒနာကို ခံစားနေရတာက မချိမဆန့်။ ဒါကြောင့် သေချင်လည်း သေပါစေတော့ဟု စိတ်လျှော့ လိုက်သည်နှင့် အမှောင်ကမ္ဘာထဲသို့ ကူးခတ်ပျံသန်းသွား လေတော့သည်။

## အခန်း ( ၁၇ )

"မဟာကပ်ကမ္ဘာ ××× စကြာဝဠာတိုင်း ××× နိုင်းနှိုင်းမရပါ ××× သူတစ်ယောက်အပေါ်ဲ စွဲလမ်းမိတာ နယ်ချဲ့စည်မှ အိုမင်းရင့်ရော်ရင်း ××× ငို၍သော်လည်းကောင်း ရှိုက်၍ ရိုက်၍သော်လည်းကောင်း ××× စောင့်မျှော်လျက် နေဆဲပါ ××× မောင်ရေးလာမယ့် တချွန်လွှာ ××× မနက်ဖြန်သို့မဟုတ် ဘယ်သောအခါ ×××"

ဖာတ်လမ်းလေးတစ်ပုဒ်ရှိခဲ့ဖူးသည်။ အင်္ဂါဘာသုရင်၏သားတော် အိမ်ရှေ့စံ ကိုယ်တော်လေး စလင်း





င်းသားသည် စစ်မြေပြင်မှာ မြားဆိပ်သင့်၍ မေ့မျောနေခဲ့သော ရက်ပေါင်းများစွာ။ ဘယ်သမားတော် ဘယ်ဇီဝကမှ ကုသို့မရဘဲ လက်လျှော့ခဲ့ကြသည်သာ။ ခန္ဓာနှင့် ဝိညာဉ် ခွဲးတားကွဲနေသော စလင်းမင်းသားလေးသည် ချစ်သူဖြစ်သော ပုလဲမာလာ၊ သစ္စာမာလာ (ဝါ) အနဂ္ဂါလီဆိုတဲ့ ကချေသည်မလေးရဲ့ တေးချင်းသံကိုကြားမှ ဝိညာဉ်က ခန္ဓာကို ပူးကပ်၍ သေအံ့ဆဲဆဲမှ သတိပြန်ရ အိပ်ရာမှ နိုးထလာခဲ့သည်။ အခု . . .

ဒုံးရက်တိုင်တိုင် သတိမေ့မျောနေသော ဇေလင်းမောင်သည် ရှိုးသာသော တေးချင်းသံကို နားထဲမှာ ကြားနေရသည်။ သူ အိပ်မက်မက်နေတာလား။ မျက်လုံးကို အားယူပြီး ဖွင့်ကြည့်ဖို့ ကြိုးစားတော့ မျက်ခွံတွေက လေးလံနေသည်။ ခေါင်းတွေကလည်း တဆစ်ဆစ်နှင့်ကိုက်ခဲနေ၏။ အာခေါင်တွေ ခြောက်ပြီး ရေကဆာလာသည်။ ဒါကြောင့် ရေတောင်းသောက်ဖို့ကို အရင်အားယူ၍ ပါးစပ်ကို ဟလိုက်မိ၏။

"အ . . . အား . . . ရေ . . . ရေ . . . ရေဆာတယ်"

"လှလေး . . . လှလေး"

နားထဲမှာ ခေါ်သံသဲ့သဲ့ . . .

"ရေပေးပါ . . . ရေဆာတယ်"

"အေး . . . အေး . . . တိုက်မယ် လူလေး၊ ခဏနော်"

ခဏနော်ဆိုတဲ့အသံ ပျောက်သွားတော့ ဇေလင်းမောင် သူ အိပ်မက်မက်နေတာ မဟုတ်ဘူးဆိုတာကို သိလိုက်ရသည်။ ဒုတိယအကြိမ် မျက်လုံးကို အားယူ၍ဖွင့်ကြည့်လိုက်တော့ အမြင်တွေက မပီပြင်။ တဖြည်းဖြည်းနဲ့ ဝိုးတဝါးမှ နီးကြားလာခဲ့သည်ဆိုရင်ပဲ ကကျိုးကကျဲရှိနေသော သက်ကယ်ပစ်ကလေးတွေကို မြင်လိုက်ရသည်။

"လူလေး . . . ရေသောက်လိုက်ဦးနော်။ ဖြည်းဖြည်းထ"

အသံရှင်က သူ့ကို ဖေးမ၍တွဲထူပေးလေသည်။ ရေတစ်ခွက်ကို သောက်လိုက်ပြီးမှ . . .

"ကျွန်တော် . . . ကျွန်တော် ဘယ်ကိုရောက်နေတာလဲဟင်"

"လူလေး အဘတို့အိမ်ကို ရောက်နေတာကွယ့်။ အဘ လယ်ကွင်းထဲမှာ ပလုတ်တုတ်ထောင်ရင်း သွေးတွေ





နဲ့ လဲနေတဲ့လူလေးကို တွေ့ခဲ့တာ။ ဒါကြောင့် အဘတို့ မြေးအဘိုး လူလေးကို အိမ်ခေါ်လာခဲ့တာ"

"ဗြော်"

ဖြည်းဖြည်းချင်း စဉ်းစားမှ တရေးရေးနဲ့ပေါ်လာပါပြီ။ ဦးစိုးထိုက်ရဲ့ ယုတ်မာမှုကြောင့် သူ့ အသက်သေရတော့မလို့။ တော်ပါသေးရဲ့ ကယ်တင်ရှင်နဲ့တွေ့ပေလို့။

"လူလေး ကောင်းကောင်းသတိရပြီနော်"

"ဟုတ်ကဲ့ပါ အဘ။ ကျွန်တော့်အိပ်မက်ထဲမှာ မိန်းကလေးတစ်ယောက်ရဲ့ သီချင်းသံကိုကြားလိုက်ရပြီး အမှတ်မထင် သတိရလာတာ"

အဘဆိုတဲ့လူက ဇေလင်းမောင်ကို ကြည့်၍ ပြုံးလေသည်။

"အဲဒါ လူလေး အိပ်မက်မက်နေတာ မဟုတ်ဘူးကွယ့်။ အဘရဲ့မြေးမလေးသီချင်းဆိုနေတာ"

"ဗျာ"

"မြေးလေးက ဒီလိုပဲလေ။ အလုပ်လုပ်ရင် သီချင်းလေး တအေးအေးနဲ့လုပ်ရမှ ကျေနပ်တာကွယ့်"

ထူးဆန်းလိုက်တာ။ ပဋ္ဌပါဝီက သူမအသားကို ထိ

လိုက်ရုံနှင့် အကြောပေါင်းတစ်ထောင် စိမ့် ... သွားအောင် ဆွဲဆောင်နိုင်သတဲ့။ အခု သီချင်းသံရှင်က အသံကိုကြား လိုက်ရရုံနှင့် ဖေလင်းမောင်၏အာရုံတွေကို စုစည်းဖမ်းစား ထားခဲ့ပြီ။ တော်တော်ကုသိုလ်ထူးတဲ့ မိန်းကလေးပဲ။ ဖေ လင်းမောင်၏စိတ်တွေ လှုပ်ရှားနေသည်။

"အဘရေ . . . ခရုတွေ မီးဖုတ်ပြီးပြီ။ ပလုတ်တုတ် ထဲကို တစ်ခါတည်းထည့်လိုက်မယ်နော်"

"အေး . . . အေး . . . အဲဒါတွေပြီးရင် ဒီကို ခဏလာ ဦး မြေးရေ"

"ဟုတ်ကဲ့ အဘ"

ဒီမိန်းကလေးဟာ လွင့်မျောနေတဲ့သူ့ရဲ့စိတ်တွေ ကို ခန္ဓာကိုယ်နဲ့ ပြန်လည်ပူးကပ်ပေးတဲ့ အသက်သွင်းမှော် ဆရာမလေးပါ။

"အဘ . . . သမီးကို ဘာခိုင်းမလို့လဲဟင်"

အဘရဲ့ဘေးမှာ လာထိုင်ပြီးမေးတဲ့ မိန်းကလေး ဟာ သူ့ယောင်မယ်လား၊ နတ်မိမယ်လား ထင်မှားရ လောက်အောင် လှပလေ၏။ ဗိုလ်ဆွဲဆောင်မှုရှိသည်က ရှည်လျားပျော့ပျောင်းလှတဲ့ သူမရဲ့ ဆံနွယ်ရှည်ကြီးတွေ၊





တောလက်ဒေသမှာ ဒီလောက်လှတဲ့ မိန်းကလေးရှိသည်တဲ့ လား။ သူများသိလို့ အပြစ်တင်ရင်လည်း ခံရမှာပဲလေ။ မိန်းကလေးကိုမြင်လိုက်ရတဲ့ ဖေလင်းမောင်ရဲ့ရင်ထဲမှာ တစ် ခါမှ မခုန်ဘူးတဲ့ ရင်ခုန်သံတွေ ဖြောင်းဆန်အောင် ကဆုန် ပေါက်နေကြသည်။ မြင်မြင်ချင်းချစ်၊ တန်းတန်းစွဲဖြစ်တယ် ဆိုတာ ဒါမျိုးကို ပြောတာပဲဖြစ်လိမ့်မယ် ထင်ပါရဲ့။

"ဒါ အဘရဲ့မြေးလေးလေ။ နာမည်က ဆောင်း တဲ့"

"နာမည်က ဆောင်း တစ်လုံးတည်းလား"

"ဟုတ်ကဲ့ရှင့်"

ချိုသာတဲ့အသံအေးအေးကြားမှာ ရောဂါဝေဒနာ တွေ ဘယ်လိုပြေးသွားမှန်းပင် မသိတော့ပေ။

"ဒါနဲ့ လူလေးရဲ့နာမည်ကရောကွယ့်။ ပြီးတော့ ဘယ်ကလာပြီး ဘာတွေဖြစ်ခဲ့တယ်ဆိုတာ အဘကို ပြောပြ ဦးလေ"

"ကျွန်တော့်နာမည် ဖေလင်းမောင်ပါ အဘ။ ဖြစ် ပျက်ခဲ့တာကတော့ ဒီလိုပါ"

ဖေလင်းမောင် သူ့ဘဝအကြောင်းစုံကို မကွယ် မဝှက်ဘဲ အားလုံးရှင်းပြလိုက်သည်။ မညာချင်တာက ရိုး

သားတဲ့ မြေးအဘိုးအပေါ်မှာ သူကလည်း ပြန်ပြီးရိုးသား ချင်လို့ပါလေ။

"ကြားရတာ စိတ်မကောင်းစရာပါပဲလား လူလေး ရယ်။ အင်း . . . လူတွေ . . . လူတွေ . . . အတ္တတွေ မာနတွေ ဖုံးလွှမ်းလာတော့ လူတစ်ယောက်ရဲ့အသက်ကို ပုရွက်ဆိတ် တစ်ကောင်လိုပဲ မြင်တတ်ကြပါလား"

ဇလင်းမောင်၏မျက်နှာပေါ်မှာ နာကြည်းရိပ်တွေ ယှက်သိုင်းဖြိုးလျက်။ ကိုယ့်ကို မလိုလားတော့တဲ့ အသိုက် အပြုံတစ်စုဆီသို့ သူ ပြန်လည်ပျံသန်းသွားဖို့ရာ တွေးလိုက် တိုင်း နာခေါင်းရှုံ့မိတော့လေ၏။

"မြေး"

"ရှင် . . . အဘ"

"မြေးရဲ့အစ်ကိုအတွက် ဆန်ပြုတ်ကလေး ပြုတ် ပေးပါဦးကွယ်။ ပြီးတော့ ငါးပါ မီးကင်ပေးလိုက်။ ဟို ကျွတ် နေအောင်ကင်နော်"

"ဟုတ်ကဲ့ပါ အဘ"

တောသူတောင်သားတွေဟာ အလွန်မှရိုးသားကြ ပါလား။ အဘတို့ မြေးအဘိုးဟာ ဇလင်းမောင်ကို သွေး





သား အရင်းအချာလို ပြုစုယုယခဲ့ကြသည်။ ညနေစောင်းပြီ ဆိုရင် အဘက လယ်ထဲသို့ ပလုတ်တုတ်သွားထောင်လေ့ ရှိရာ နောက်နေ့များမှာတော့ . . .

"အစ်ကို . . . ဆန်ပြုတ်ကလေးသောက်လိုက်ဦး နော်"

"အစ်ကို နေကောင်းနေပါပြီ ဆောင်းရယ်။ ဒုက္ခ ရှာလို့"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ အစ်ကိုရဲ့။ ဆောင်း တို့က အိမ်ရှင်လေ။ အိမ်ရှင်ဆိုတာ ဧည့်သည်အပေါ် တာဝန် ကျေရမှာပေါ့"

"ကဲ . . . ကျေချာ . . . ကျေ"

ဆန်ပြုတ်သောက်နေသော ဇလင်းမောင်ကို ဆောင်းက ခပ်ငေးငေးလေး ကြည့်ရင်း . . .

"အစ်ကို"

"ဟင်"

"ရွာထဲကလူတွေက ပြောကြတယ် သိလား"

"အင်း . . . ဘာပြောကြလဲ"

"အစ်ကိုက အရမ်းချောတာပဲတဲ့။ အစ်ကိုသာ

ဆောင်းရဲ့အစ်ကိုရင်းဖြစ်ရင် သိပ်ကောင်းမှာပဲနော်"

"ဆောင်းရယ်"

ဖေလင်းမောင်၏ ရင်ထဲမှာ ဆောင်းဆိုတဲ့မိန်း လေးက သူ့ရင်ကို လှုပ်ခါစေခဲ့တဲ့ ပထမဆုံးသောအရှင် လေးပါ။ အရိပ်နေနေ အခက်ချိုးချိုးဖြစ်မှာစိုးလို့ ချစ်တဲ့စိ ကို မျိုသိပ်၍ ကျိတ်မှိတ်နေရရှာ၏။ သံယောဇဉ်တွေက ကြ လေလေ ခိုင်မြဲလေလေ။ ပလုတ်တုတ်ထောင်ဖို့ ဆော ခရုတွေ သွားကောက်ရင် ဖေလင်းမောင်ပါ လိုက်ကော ပေးလေသည်။ ခရုကောက်ရင်း ဆောင်းက ရှင်းပြသည်

"ဒီခရုလေးတွေကို မီးဖုတ်ပြီး အထဲကအဆန် ပလုတ်တုတ်ထဲမှာ အစာအဖြစ်ထည့်ရတာ အစ်ကိုရဲ့။ အဲ မှ ငါးဝင်တာ"

"ဟုတ်လား"

"အင်းလေ"

"နောက်နေ့တွေကျရင် အဘကို ဘယ်လိုထော ရလဲဆိုတာ သင်နိုင်းပြီး အစ်ကိုပဲ ပလုတ်တုတ်ထောင်ပေး မယ် ဆောင်းရယ်။ အဘက အသက်ကြီးနေပြီလေ အကုသိုလ်အလုပ်တွေ မလုပ်သင့်တော့ဘူး ဆောင်းရဲ့"



"အို . . . အစ်ကို ပလုတ်တုတ်ထောင်ရင် ရှုံ့တွေ ပြီး အသားတွေ မည်းကုန်မှာပေါ့ အစ်ကိုရဲ့"

"မည်းစမ်းပါစေဗျာ။ အစ်ကိုက ဆောင်းတို့ မြေး ဘိုးရဲ့လုပ်စာကို အခန့်သားကြီးထိုင်စားနေရတာ လိပ်ပြာ ဘဲ့တော့ဘူး ဆောင်းရဲ့"

"ဒါဆိုလည်း အစ်ကို့သဘောပဲ"

ထိုသို့ပြောပြီး နောက်နေ့တွေမှာ ဖေလင်းမောင် ကာယ်ပဲ ငါးရှာဖားရှာအလုပ်ကို လုပ်ခဲ့သည်။ မလုပ်ပါနဲ့လို့ ပြောလို့မရ။ ရွာထဲက ကာလသားတွေကလည်း လူချော လေး ဖေလင်းမောင်ကို ခင်ကြမင်ကြလေတော့ ဖေလင်း မောင် မတတ်တဲ့အလုပ်တွေကို ဝိုင်းဝန်း၍ ဘင်ပေးကြလေ သည်။ ကောက်ရိတ်ချိန် ကောက်ရိတ် စသည်တို့ကို ဖေ င်းမောင်က အလုပ်မရှောင်တမ်း လုပ်ပြီး စားသောက်ခဲ့ ရာ လှုပင်ပန်းပေမယ့် စိတ်ချမ်းသာသော ဒီဘဝမှာ သူ လွန်ပဲပျော်မွေ့နေတော့၏။

**အခန်း ( ၁၈ )**

"လှလေး"

"ဗျာ . . . အဘ"

"ခဏလာပါဦးကွယ်၊ ပြောစရာရှိလို့"

"ဟုတ်ကဲ့ အဘ"

ဖူးပင်တွေကို ရေလောင်းနေရင်းမှ အဘက မေ လေသဖြင့် ဖေလင်းမောင် ရေထမ်းပုံးကိုချခဲ့ပြီး အိမ်ပေါ် တက်လာခဲ့သည်။ အဘရှေ့မှာ ချွေးတွေသုတ်ရင်း ထိုင် လိုက်တော့ . . .

"လှလေးကို အဘ မေးမယ် မေးမယ်နဲ့ အားနာ





မေးဖြစ်တာကွယ့်"

"ဟုတ်ကဲ့ . . . မေးပါ အဘ၊ ကျွန်တော်က အားနာ ရမယ့်သူလား အဘရယ်"

"အေး . . . ဒါဆိုရင် အဘ မေးမယ်နော်"

အဘက သူ့ကို ခပ်ငေးငေးလေး တစ်ချက်စိုက် ကြည့်ကာ . . .

"လှလေး . . . လှလေးရဲ့မိသားစုဆီကို မပြန်တော့ ဘူးလား"

"ဗျာ"

ပြုံးနေသော ဖေလင်းမောင်၏မျက်နှာမှာ ချက်ချင်း ဲ သောကမြူနှိုးငွေ့လေးတွေ ထိကပ်လာသည်။ အဘ သူ့ ကို ဒီမှာမနေစေချင်တော့လို့လား။

"သူတို့ဘဝထဲမှာ ဖေလင်းမောင်ဆိုတာ သေဆုံး သွားခဲ့ပါပြီ အဘရယ်၊ ပြီးတော့ မချစ်မနှစ်သက်သောသူနဲ့ ဲ့ဘက်ပြုတစ်ခုတည်းမှာ အတူနေရတဲ့ဒုက္ခကလည်း ကျွန် တော် လွတ်မြောက်ချင်ပြီ အဘ"

"မင်း ကလေးကို သတိမရဘူးလား"

"ကျွန်တော့်သားလေးကို သတိရလို့ပြန်သွားရင်

သူတို့ ကျွန်တော့်ကို ဒုတိယအကြိမ် ထပ်သတ်မှာပေါ့ အဘရဲ့"

"အင်း . . . ဒါလည်း ဟုတ်တာပဲလေ"

အဘက သူပြောတာကို ခေါင်းညိတ်၍နားထောင်နေသည်။ ကိုယ်က ညှော်သည်ဆိုတော့ အချိန်တန်လို့အိမ်ပြန်စေချင်တာလား။ အဘ သူ့ကို အနှင်ရခက်နေတာပဲဖြစ်မှာပါ။

"အဘ"

"ပြောလေ လူလေး"

"အဘပြန်စေချင်ရင်တော့ ကျွန်တော် ပြန်ပါ့မယ်။ ဒါပေမယ့် ရန်ကုန်ကိုတော့ ကျွန်တော် မပြန်ဘူး အဘ"

"လူလေးရယ် . . . အဘက လူလေးကို ပြန်စေချင်လို့ပြောတာ မဟုတ်ပါဘူးကွ။ လူဆယ်ယောက်တိုးတာကို မမှုပေမယ့် လူတစ်ယောက် လျော့သွားရင် လူတွေက မနေတတ်ကြဘူးလေ။ လူလေးကို အဘတို့က သံယောဇဉ်တွယ်နေကြတာပါကွာ။ လူလေး ပျော်မယ်ဆိုရင် အဘတို့အိမ်မှာ ကြိုက်သလောက်နေပါ။ အဘတို့မှာ အားကိုးစရာ သားယောကျ်ားလေးမှ မရှိဘဲ။ လူလေး ဒီမှာနေရင်တော့ အဘတို့ အားကိုးရတာပေါ့"

ဇေလင်းမောင် ထရုန်းရှင်လောက်အောင်ပဲ ဝမ်းသာ





. . .သွားလေသည်။ သူ ဒီကနေ ဘယ်ကိုမှထွက်မသွားချင်ပါဘူး။ . . .အဘနဲ့ဆောင်းကို သူ မခွဲနိုင်တော့ဘူးဆိုတာ သူကိုယ်သူ . . .သာ အသိဆုံးပါ။ တစ်ခါ တစ်ခါ သားကိုလွမ်းတတ်ခဲ့ပေမယ့် . . .မကုန်ရင် ပြန်ဆုံကြရလိမ့်မယ်လို့ပဲစိတ်ကိုဖြေပစ်ခဲ့သည်။

"အဘဆီက ဒီစကားကြားရတာ ကျွန်တော် . . .မ်းသာလိုက်တာ အဘရယ်။ ကျွန်တော့်အသက်ကို ကယ် . . .ခဲ့တဲ့ အဘတို့ရဲ့ကျေးဇူးတွေကို ကျွန်တော် လုပ်အားနဲ့ ပြန် . . .ဆပ်ပါရစေ အဘရယ်"

"သာဓုကွယ် . . . သာဓု . . . သာဓု . . . ကျေးဇူး . . .သိတတ်တဲ့လူလေး သွားလေရာ လာလေရာ ဘေးမသီ . . .န်မပါစေနဲ့ကွယ်"

ထိုသို့နှင့် ဇေလင်းမောင်ဘဝကို တစ်ကနေ ပြန်စ . . .ခဲ့သည်။ တွေ့စမြင်စကတည်းက ဆောင်းကို တိတ်တိတ် . . .လေး စွဲလမ်းခဲ့သော ဇေလင်းမောင်သည် တွေ့ဖန်မြင်ဖန် . . .များလာလေလေ ဆောင်းကိုချစ်တဲ့စိတ်က ထုထည်ကြီးမား . . .လာလေလေဖြစ်နေ၏။ တစ်နေ့မှာ သစ္စာပန်းတွေ အတူ . . .ကောက်ကြရင်း . . .

"ဒီနေ့ နှင်းတွေ အရမ်းဝေတာပဲနော်"

"ဟုတ်တယ် အစ်ကို။ နှင်းတွေဝေတာကိုကြည့်ပြီး ဆောင်းရင်ထဲမှာ တစ်မျိုးကြီးပဲ။ လွမ်းသလိုလို ပျော်သလို လိုကြီးနဲ့"

"ဟင် . . . ဆောင်းက ဘာလွမ်းစရာရှိလို့လဲ"

"ရှိတာပေါ့ အစ်ကိုရဲ့။ ဒါပေမယ့် အခုတော့ မဟုတ်သေးဘူး"

"ဆောင်းစကားကြီးကလည်း မတင်မကျနဲ့"

"ဆောင်းပြောတာက ဒီလို အစ်ကိုရဲ့၊ အစ်ကို ပြန်သွားရင် ဆောင်းက လွမ်းကျန်ခဲ့ရမှာ။ အဲဒါကိုပြောတာ"

"ဆောင်းရယ်"

ဆောင်းနှင်းပွင့်လေးတွေကြားမှာ တီတီတာတာ စကားဆိုနေရှာသော ဆောင်း၏အလှသည် သူ့ရင်ကို နွေးထွေးစေခဲ့၏။ အချစ်ဆိုတာ ဘာလဲလို့မေးရင် ဘာမှန်းလည်း မသိ၊ ဘာသာမပြန်တတ်တဲ့ ဇလင်းမောင်တစ်ယောက် ခုတော့ဖြင့်လေ အချစ်ကို စက်ဆစ်ဖွင့်တတ်ခဲ့ပါပြီ။

"အစ်ကိုက ဆောင်းတို့နဲ့ တစ်သက်လုံးအတူနေဖို့ ဆုံးဖြတ်ထားတာ ဆောင်းရဲ့၊ ဆောင်းသဘောတူရဲ့လား"

"အစ်ကို . . . အစ်ကို တကယ်ပြောတာလားဟင်"

• —— ရှုမသော —— •



"တကယ်ပေါ့ ဆောင်းရယ်"

"ဆောင်း . . . ဆောင်း ဝမ်းသာလိုက်တာ"

ဝမ်းသာလွန်းလို့ မျက်ရည်လေးတွေတောင် ခြေသည်လာတဲ့ဆောင်းကို မြင်ရတော့ ဇလင်းမောင်၏ရင်ထဲမှ အချစ်တို့သည် ဘယ်လိုမှ မျိုသိပ်ဖုံးကွယ်လို့မရတော့ပေ။ ဒါကြောင့် ဆောင်းရဲ့လက်ချောင်းသွယ်သွယ်ကလေးတွေကို ထွေးဆုပ်လျက် . . .

"ဆောင်း"

"ရှင်"

"အစ်ကို့ကို သားရေပေါ် အိပ် သားရေနားစားတယ်လို့တော့ မထင်ပါနဲ့ ဆောင်းရယ်။ အစ်ကိုလေ ဘယ်လိုမှ မျိုသိပ်လို့မရနိုင်တော့လို့ အစ်ကို့ရင်ထဲကစကားတွေကို ပြောပါရစေတော့နော်"

ဘာမှမသိနားမလည်တဲ့ ကလေးတစ်ယောက်လို ဆောင်းပုံစံလေးက တွေတွေကလေး။ ထိုဟန်လေးတွေကပဲ ဇလင်းမောင်ရဲ့ နှလုံးသားကို ပိုင်စိုးထားခဲ့တာပါ။

"အစ်ကို ဆောင်းကို ချစ်တယ် ဆောင်း"

"ရှင်"

• —— ရှုမသော —— •

"အံ့ဩသွားသလား ဆောင်း။ အစ်ကိုလေ အစ်ကို့ဘဝမှာ ဘယ်တော့မှ အချစ်ရှိလာမှာ မဟုတ်ဘူးလို့ ထင်ထားခဲ့တာ။ ဆောင်းနဲ့တွေ့မှ အချစ်ဆိုတဲ့အရာကို အစ်ကို နားလည်သွားခဲ့တာပါ"

လရိပ်ဖြာတဲ့ ပန်းပွင့်လေးလို ရှက်သွေးဖြာနေတဲ့ ဆောင်းရဲ့မျက်နှာလေးကို မေးဖျားမှကိုင်၍ မော့ယူလိုက်သည်။

"ဆောင်း"

"ရှင်"

"ဆောင်းရော အစ်ကို့ကို ဘယ်လိုသဘောထားလဲဟင်"

"ဟို . . . အစ်ကို့မှာက . . ."

ဇေလင်းမောင် သက်ပြင်းတစ်ချက် ချလိုက်မိသည်။ လူတစ်ယောက်ရဲ့ဘဝမှာ အမည်းစက်တစ်စက် စွန်းထင်းခဲ့ရင် တစ်သက်စာ ဖျက်လို့မရတော့ဘူးဆိုတဲ့စကားဟာ အမှန်ပါပဲလား။ အရက်တစ်ခွက်ကြောင့်မှားခဲ့တဲ့ အစွန်းတစ်စက်ဟာ သူ့ဘဝကို ချေဖျက်ခဲ့ပြီပေါ့။

"ဆောင်း ဒီစကားကိုပဲ ပြောမယ်ဆိုတာ အစ်ကို





သိပါတယ်။ အစ်ကိုက အချစ်ကံခေရမယ့်ဇာတာနဲ့ ဖက်မွေးလာတာ ထင်ပါရဲ့ ဆောင်းရယ်။ ချစ်သောသူနဲ့ တစ်ယူဇနာကွာဝေးပြီး မုန်းသောသူနဲ့ ဘဝမကွာနေရတဲ့အဖြစ်မျိုးပါ"

"အစ်ကိုရယ်"

"အစ်ကို . . . ဆောင်းဆီက တုံ့ပြန်လာမယ့်အချစ်ကို မမျှော်လင့်ရဲပါဘူး။ အစ်ကို ဆောင်းကိုချစ်တယ်ဆိုတဲ့အကြောင်း မမျိုသိပ်နိုင်တော့လို့ ဆောင်းသိအောင် ပြောပြတာပါ"

ကြေကွဲနွမ်းလျနေသော ဇေလင်းမောင်၏အသံမှာ နှင်းပေါက်ကလေးတွေ လက်ခုပ်တီးသံလောက်ပင် ကျယ်လောင်တော့။ ဆောင်းနံနက်ခင်းဟာ သူ့ရင်ကို အေးချမ်းစေခဲ့ပါလား။

"အစ်ကို"

"အစ်ကို ဆောင်းကို နားလည်ပါတယ်"

"မဟုတ်ဘူး အစ်ကို။ ဆောင်းက အစ်ကို တစ်နေ့ ဆောင်းကို ထားခဲ့ပြီး ပြန်သွားမှာကို စိုးရိမ်နေတာပါ။ ဘကယ်တော့ ဆောင်းလည်း . . ."

တံတွေးတစ်ချက်မျိုချလိုက်သော ဆောင်းရဲ့ပုံရိပ်

လွှာပေါ်မှာ ပျော်ရွှင်ခြင်းနှင့် စိုးရိမ်ခြင်းတို့ စစ်ထိုးနေကြ သည် ထင်ပါရဲ့။

"ဘာဖြစ်လဲ . . . ဆက်ပြောလေ ဆောင်း"

"ဆောင်းလည်း . . . အစ်ကို့ကို ချစ်ပါတယ်"

"ဆောင်း . . . ဆောင်း တကယ်ပြောတာလား ဟင်"

"တကယ်ပါ အစ်ကို။ ညောင်သီးကိုစားရင်း လေး သံကို နားထောင်ဆိုသလို အစ်ကို့ကိုချစ်ရင်း တထိတ်ထိတ် ဖြစ်နေရမှာကိုပဲ ဆောင်း ကြောက်တယ်"

"ဆောင်းရယ်"

ဆောင်းမနက်က ကြိုတင်ကာ နိုးနမ်းထားသော ကြောင့် မျက်တောင်များမှာ စိုစွတ်ရာလေးတွေ ကျန်ခဲ့တာ ကိုပဲ ဖေလင်းမောင်က မြတ်နိုးစွာ ထပ်မံနမ်းရှိုက်လိုက် မိသည်။

"အရမ်းချစ်တယ် ဆောင်းရယ်"

"ဆောင်းလည်း ဒီလိုပါပဲ အစ်ကို"

ဖြူလွှလွှသခွတ်ပန်းတို့ကို အငိုစနေသော ကိုရွှေ နှင်းပေါက်တို့သည် ချစ်သူနှစ်ဦး၏ ကြည်နူးမှုလေးတွေကို





အားကျပီတီဖြစ်ကာ ကကြိုးကကျဲ ရောင်လွှဲ၍ လမ်းဖယ်ပေး ခဲ့ကြပြီ။ အချစ်သည် နွေ၊ အချစ်သည် မိုး၊ အချစ်သည် ဆောင်း။ ဒီအချစ်နွေမိုးဆောင်း ရာသီစက်ဝန်းထဲမှ ဖေလင်း မောင်နှင့် ဆောင်းတို့ကတော့ ခုအချိန်မှာ အချစ်ဆောင်းကို ချစ်ကြောင်းမေးလို့ ရင်ခုန်သံတို့က တဒိတ်ဒိတ်။ ချစ်အရိပ် မှာ နီးနားမိကြသည်သာ။

"အစ်ကို"

"ပြောလေ ဆောင်း"

"ဆောင်းကို အစ်ကို ဘယ်တော့မှခွဲမသွားပါနဲ့ နော်"

"စိတ်ချပါ ဆောင်းရယ်။ ဆောင်းမယုံရင်လေ ဒီ သခွတ်ပင်ကြီးရယ်၊ နှင်းမှုန်တွေရယ်ကို သက်သေထူပြီး အစ်ကို သစ္စာဆိုပြမယ်လေ"

ဒီလိုပြောတော့ ဆောင်းက ဖေလင်းမောင်၏လက် ကို ပြန်လည်ဆုပ်ကိုင်ကာ . . .

"သစ္စာဆိုတဲ့စကားနဲ့ ဘုရားကို ညာနေကြတဲ့လူ တွေထဲမှာ အစ်ကို မပါရင်ပြီးတာပဲလေ။ လောကုန်ခံပြီး ချစ် ဘာတွေ သစ္စာတွေ ဘုရားကို စီကာပတ်ကုံး ဖွဲ့နွဲ့ရွတ်ပြနေ

မယ့်အစား လက်တွေကျုံကျုံပဲ သစ္စာကို တန်ဖိုးထားပေး အစ်ကို"

"စကားတတ်လိုက်တာ ဆောင်းရယ်။ အစ်ကို တောင် လိုက်မမီတော့ဘူး။ တောသူမို့လို့ပေပဲနော်။ မြို့သူ သာဆိုရင် ဆောင်းရဲ့စကားလုံးတွေကြားမှာ အစ်ကို့နှလုံးသား တွေ ဘုတ်ခနဲ ဘုတ်ခနဲ ကြွေကျသွားမှာ ... သိရဲ့လား"

"တောသူတွေက မနောဖြူပါတယ် အစ်ကို"

"သိပါတယ် ဆောင်းရယ်။ အဲဒီမနောဖြူတဲ့ တောသူလေးကိုပဲ အစ်ကိုက မြင်ကတည်းက ရင်ထဲမှာ ရှို လမ်းချစ်ခဲ့ရတာ"

ချစ်မျက်စောင်းလေးက ဘယ်ဘက်ရင်အုံကို ပက် ဖျန်းပေးသော နှင်းသာရေမွှေးလေးလို နှလုံးသားတစ်ခုလုံး မွှေးပျံ့လန်းဆန်းသွားလေသည်။

"ပြန်ကြရအောင် အစ်ကို"

"ဆောင်းသဘောပဲလေ"

အိမ်အပြန်လမ်းတွင် ဇေလင်းမောင်နှင့် ဆောင်း သစ္စတ်ပွင့်တွေနှင့် ကောက်သောလက် အားလုံးဟာ အကြောင်းဆက် ပေါင်းဖက်လို့ ရင်ဝယ်မှာ သိမ့်သိမ့်ကိုယ်စီ။





## အခန်း ( ၁၉ )

တစ်စ တစ်စနှင့် သူနှင့်ဆောင်း၏ ချစ်သူဘဝကို အဘ ရိပ်မိလာသည်။ ဒါကြောင့် ဇေလင်းမောင်နှင့်ဆောင်း ကို ပွင့်ပွင့်လင်းလင်းပဲ ဖွင့်မေးလေတော့၏။

"လူလေးနဲ့မြေးကို အဘ မေးစရာရှိတယ်"

"ဟုတ်ကဲ့ ... မေးပါ အဘ"

အဘက သူတို့နှစ်ယောက်ကို အကဲခတ်သလို ကြည့်လျက် ...

"အဘမေးတာကို မညာဘဲ မှန်မှန်ဖြေကြနော်"

"ဟုတ်ကဲ့"

"လူလေးနဲ့မြေး လူငယ်တို့သဘာဝ မေတ္တာမျှ ကြတယ် မဟုတ်လား"

ငုံနေသော ခေါင်းတွေ ဆတ်ခနဲထောင်သွားကြ ဇေလင်းမောင်နှင့်ဆောင်း အကြည့်ချင်းဆုံသွားကြလေ ဇေလင်းမောင် မှန်ရာကို ဝန်ခံဖို့ ဆုံးဖြတ်လိုက်သည်။

"ကျွန်တော် ဆောင်းကို တကယ်မြတ်မြတ်နိုးနိုး ချစ်ခဲ့တာပါ အဘ။ အမဲရိုးက ဟင်းအိုးမှ အားမနာလို့ အဘ ပက်ပက်စက်စက် ပြောချင်လည်း ပြောပါ။ ကျွန်တော့်ဘ မှာ ဆောင်းမရှိလို့ မဖြစ်ဘူး။ ကျွန်တော် ဆောင်းကို ချစ် တယ်"

မျက်နှာပူပူနဲ့ပဲ ဇေလင်းမောင် အရဲစွန့်၍ ပြော လိုက်သည်။ ပြဿနာကို ရှောင်လွှဲဖို့ထက် သတ္တိရှိရှိရင်ဆိုင် ဖြေရှင်းလိုက်တာ အကောင်းဆုံးပါပဲ။

"လူလေးဘက်က နောက်ကြောင်းရှင်းမယ်ဆိုရင် တော့ အဘ ဘာမှပြောစရာမလိုပါဘူး။ အဘ စိုးရိမ်တာက"

"ကျွန်တော် သဘောပေါက်ပါတယ် အဘ။ အဲဒီ အတွက် အဘ စိတ်ချပါ။ ဘယ်လို ဘယ်အကြောင်းမျိုးပဲ





ဖြစ်ဖြစ် ဘယ်လိုအခက်အခဲ အတားအဆီးတွေပဲရှိရှိ ဆောင်း နဲ့ ပတ်သက်လာရင် ကျွန်တော်ဟာ တောင်တန်းကြီးသဖွယ် ဆောင်းရဲ့ရှေ့မှာ ထီးထီးမားမားရပ်တည်ပေးသွားမှာပါ"

"လူလေးဆီက ဒီစကားကိုကြားရတာ အဘ ဝမ်းသာပါတယ်ကွယ်။ မြေးလေးရဲ့နောင်ရေးအတွက် အဘ စိတ်အေးချင်ပါပြီ"

"ကျွန်တော် ဆောင်းအပေါ်ထားတဲ့ မေတ္တာတရား ကို လက်တွေ့သက်သေပြနိုင်အောင် ကျွန်တော်နဲ့ဆောင်း ကို လက်ထပ်ခွင့်ပြုပါ အဘ"

အိမ်ထောင်ကျခဲ့ဖူးသူဆိုတဲ့ ပြစ်ချက်တစ်ခုမှလွဲ၍ ရိုးသားတည်ကြည်ခြင်းနှင့် ပြည့်စုံသော ဇေလင်းမောင်ကို အဘက ဆောင်းနှင့်လက်ထပ်ပေးဖို့ သဘောတူခဲ့သည်။ အဘသည် သည်းခံပါရမီနှင့် ပြည့်စုံပြီး တွေးခေါ်မြော်မြင် တတ်သူမို့ ဇေလင်းမောင်၏ နောက်ကြောင်းရာဇဝင်ကို စေတနာအပြုံသက်သက်နှင့် ပယ်ဖျက်ပြည်ဖုံးကားချပေးခဲ့ သည်။ ဒီလိုနဲ့ ဇေလင်းမောင်နဲ့ဆောင်းတို့ လက်ထပ်ကြပြီး အချစ် . . . အချစ်တွေနှင့် ရစ်ပတ်ဖွဲ့နှောင်ထားလိုက်ကြတာ တစ်ယောက်နဲ့တစ်ယောက် မျက်စိအောက်က အပျောက်

မခံနိုင်အောင်ပင်။

"အစ်ကိုရေ"

"ဟော . . . ဆောင်း . . . ဒီကိုဘာလာလုပ်တာလဲ

ဆောင်းရဲ့ နေပူတယ်"

"နေပူတာများအဆန်းလုပ်လို့ အစ်ကိုရယ်။ ဆောင်း

က တောသူမပါရှင့်"

ဇေလင်းမောင် ပန်းပေါ်က ရေထမ်းပုံးတွေကို ချပြီး

ဆောင်းဆီသို့ လျှောက်လာခဲ့၏။ သူတို့မြေကွက်ကလေး

ဝယ်ပြီး မေမြို့ပန်း၊ ကြက်သွန်၊ ဖရဲ၊ ငုံး၊ သခွား၊ ခရမ်း အစ

ရှိသည်တို့ကို ရာသီအလိုက် စိုက်ပျိုးစားသောက်နေကြတား

အခုလည်း ဇေလင်းမောင် ပန်းပင်တွေကို ရေလောင်းနေ

တာလေ။

"တောသူမတော့ ဟုတ်တာပေါ့ ဆောင်းရဲ့

ဆောင်းက လွတ်လွတ်လပ်လပ် မဟုတ်ဘူးလေ။ မပေါ့မပါး

ကြီးနဲ့။ တော်ကြာ စိုက်ထဲက ရတနာလေး နေပူနေမှာစိုးလို့

ပြောတာ"

"အစ်ကိုကလည်းလေ သိပ်အဖြစ်သည်းတာပဲ"

ဇေလင်းမောင် သူ့ခေါင်းက မြက်ခမောက်ကိုချွတ်





၍ ဆောင်းရဲ့ခေါင်းကို ဆောင်းပေးလိုက်၏။

"ကဲ . . . ပြော . . . ဘာကိစ္စရှိလို့ လိုက်လာတာလဲ"

"အစ်ကို ဗိုက်ဆာနေမှာစိုးလို့။ ဒီမှာ ငှက်ပျောသီး

ဘေ့တာ။ ငှက်ပျောသီးက ဆာမှစားပါ။ လောလောဆယ်

ဒီမှာ ကော်ဖီမစ်ဖျော်လာတာလေ။ အရင်သောက်လိုက်။

ရုပ်ါကော်ဖီမစ်လေ"

ဇေလင်းမောင် ဖန်းချောကို ကြည့်၍ ဟက်ခနဲ

ယ်ကာ . . .

"ဩော် . . . လက်စသတ်တော့ ဆောင်းက အစ်ကို့

ကို စုပါကော်ဖီမစ်ကြော်ငြာနိုင်းနေတာကိုး။ ကျွန်တော် စုပါ

ကော်ဖီမစ်ကို သောက်လို့ ဒီလို ဝလကောင်းပြီး ဒီအလုပ်

တွေကို ဒီလိုလုပ်နိုင်တာလို့ ကြော်ငြာပေးရမှာလား"

ချစ်မျက်စောင်းလေးက ရင်ထဲသို့ သိမ့်သိမ့်ငြိမ့်

ငြိမ့်လေး စီးဝင်နွေးထွေးသွားလေသည်။

"ဘာလဲ . . . အစ်ကိုက မင်းသားဖြစ်ချင်လို့လား"

"အခွင့်အရေးရရင်တော့ လုပ်ချင်တာပေါ့"

"အခွင့်အရေးရလည်း မလုပ်ရပါဘူးနော်"

"ဘာဖြစ်လို့လဲ ဆောင်းရဲ့"

"ဟင် . . . အစ်ကို မင်းသားဖြစ်ရင် ကောင်မလေး

တွေ ဝိုင်းနေမှာပေါ့။ ဆောင်းက ကိုယ့်ယောက်ျားအနား

မဆို ယောက်မတောင် လာချထားချင်တာ မဟုတ်ဘူး

လား"

"တော်တော်အူတိုတဲ့မိန်းမပဲ"

ပြောရင်း ဆောင်း၏ပါးဖောင်းဖောင်းလေးကို

ဆွဲလိုက်လေ၏။ ရာသီဆောင်းဆိုတာ နွေပြတင်းတံခါး

ရင် ရင့်ရော်ခြင်းနဲ့ လောကကို သွေ့ခြောသွားပေမယ့် ရင်

ဆောင်းကတော့ ဖလင်းမောင်ရင်ထဲမှာ ဆယ့်နစ်လရာသီ

အေးချမ်းခြင်းနိမိတ်ကို ဆောင်ကြဉ်းပေးနေခဲ့သည်လေ။

"ဟော . . . ဆောင်း"

"ဟင် . . . ဘာလဲ အစ်ကို"

"အော်သံကြားနေရသလိုပဲ ဆောင်းရဲ့"

ဖလင်းမောင်က ဆောင်းရဲ့ဗိုက်ဆီသို့ လက်ညှိုး

ထိုးပြလျက် . . .

"ဆောင်းရဲ့ဗိုက်ထဲကလေ။ ဖေဖေကြီးရေ မေ

ဆယ်။ မေမေ့ကို ပြန်လွှတ်လိုက်ပါတော့တဲ့"

"အို . . . ဒီက အကောင်းမှတ်လို့ နားထောင်





သာ။ ဘာမှန်းလည်း မသိဘူး"

ဆောင်းက သူ့ရင်ဘတ်ကို ထုလေတော့ ဖလင်း

မောင် သဘောကျစွာ တဟားဟားရယ်လေတော့သည်။

ထိုသို့ အပျော်လေးတွေနှင့် စီးဆင်းနေသော မြစ်တစ်စင်း၏

အလှသည် လှိုင်းပုတ်သံ ငြိမ့်ငြိမ့်လေးကြောင့် ပို၍သာယာ

လှသည်ရှိခဲ့၏။ ဆောင်းနဲ့ဖလင်းမောင်တို့ရဲ့ ရင်သွေး သား

လေးတစ်ယောက် ဖွားမြင်လာတော့ သာယာဖွယ်အိမ်ထောင်

ရေးလေးဟာ ပို၍ အဆင်ပြေလာခဲ့သည်။ သာယာဖွယ်ရာ

မိသားစုဘဝလေးကို ပိုင်ဆိုင်ရပြီဟု နိမိတ်ကောင်းယူလျက်

သားလေးရဲ့ နာမည်ကို "သာယာဖွယ်" ဟူ၍ အမည်ပေးခဲ့ကြ

လေ၏။

## အခန်း ( ၂၀ )

"ဒါဆို သားမှာ ညီတစ်ယောက်ရှိနေတာပေါ့နော် ဒယ်ဒီ"

"ဟုတ်တယ် သား။ အဲဒီသားလေးဟာ သားငယ် ငယ်ကအတိုင်းပဲ။ သားနဲ့ တစ်ပုံစံတည်းတူနေတော့ သား လွမ်းတိုင်း အဲဒီသားလေးကိုပဲ ဒယ်ဒီ အတိုးချပြီးချစ်နေ တာ"

ခွန်အား ဒယ်ဒီမျက်နှာကို စပ်ဆွေးဆွေးလေး စိုက်ကြည့်နေမိသည်။ ဒယ်ဒီ့အကြောင်းတွေကို ကြားရတာ





စိတ်မကောင်းလိုက်တာ။ အဘိုးဦးစိုးထိုက်ရဲ့ ယုတ်မာ ကောက်ကျစ်မှုတွေကြောင့် ဒယ်ဒီ သေရတော့မလို့။ ကယ် တင်ရှင်နဲ့တွေ့လို့ တော်သေးတာပေါ့။

"ဒါနဲ့ ဒယ်ဒီ ဒီအိမ်ကို ဘယ်လိုပြန်ရောက်လာလဲ ဆက်ပါဦး။ ဒယ်ဒီ ဇာတ်လမ်းက တဖြည်းဖြည်းနဲ့ ဇာတ်ရှိန် ဘက်လာပြီ"

ဦးဇေလင်းမောင် မျက်မှန်ကို တစ်ချက် မ,တင် လိုက်သည်။

"ဒယ်ဒီ ဒီအိမ်ကို ဘယ်လိုပြန်ရောက်လာလဲဆိုရင် သားရဲ့အဘိုး ဦးစိုးထိုက်ကြောင့်ပဲပေါ့"

"ဟင် . . . အဘိုးကလည်း အရှုပ်ထုပ်ကြီးပါလား"

ဦးဇေလင်းမောင် ခေါင်းတစ်ချက်ညိတ်လိုက်ရင်း

"သားလေး သာယာဖွယ် လေးနှစ်သားအရွယ်မှာ ပေါ့။ ဆောင်းက ဒုတိယကိုယ်ဝန် ထပ်ဆောင်ပြန်ရော၊ ဒယ်ဒီလည်း အလုပ်ပိုပြီး ကြိုးစားရတာပေါ့ကွ။ ဒယ်ဒီ့စိုက် ခင်းထဲမှာရှိနေတုန်း ဦးစိုးထိုက်ဟာ အငှားလူမိုက်တွေနဲ့ ရောက်လာပြီး ဒယ်ဒီကို ဖမ်းခေါ်လာခဲ့တယ်။ ဒယ်ဒီလည်း ပါးစပ်ကနေ လှမ်းအော်ပြီး ဆောင်းကို "အစ်ကိုဆက်ဆက်

ရောက်အောင် ပြန်လာခဲ့မယ်"လို့ပြောခဲ့ပြီး ဦးစိုးထိုက်နဲ့ ပြန်ပါလာခဲ့တာပေါ့"

"ဪ"

ခွန်အား ဒယ်ဒီ့နေရာမှာ သူကိုယ်တိုင်အစားထိုးဝင်ရောက်ခံစားကြည့်တော့ ရင်ထဲမှာ တော်တော်လေးကြေကွဲသွားရသည်။

"လမ်းမှာ ဒယ်ဒီထွက်ပြေးဖို့ ကြိုးစားရင်းပဲ ကားအက်ဆီးဒင့်ဖြစ်ခဲ့တာ"

ဒါတွေကိုတော့ ခွန်အားသိပါသည်။ အဘိုးကပွဲချင်းပြီးဆုံးသွားပြီး ဒယ်ဒီက အောက်ပိုင်းသေသွားခဲ့သည်။ ကျန်တဲ့သူတွေလည်း ဒဏ်ရာအသီးသီးနဲ့။ ထိုနေ့မှစ၍ ဒယ်ဒီ ဒီရိပ်မြုံကို ပြန်ရောက်လာခဲ့တာ ယခုထက်ထိ။ အစကတော့ မာမီရှိလျက်နှင့် အခြားမိန်းမတစ်ယောက်ကို တမ်းတနေခဲ့သော ဒယ်ဒီကို ခွန်အားသိပ်မကြည်ချင်။ ခုလို ဒယ်ဒီဖြတ်သန်းခဲ့ရတဲ့ ဘဝမှန်ကိုသိရတော့ ဒယ်ဒီ့ကို သနားနေမိသည်။ ကျန်ခဲ့ရတဲ့ ဒေါ်ဆောင်းနဲ့ ကလေးတွေနဲ့ ဘယ်လောက်ဒုက္ခရောက်နေရှာမလဲနော်။

"ဒယ်ဒီ"





"ဟင်"

"သား . . . ဒေါ်ဆောင်းတို့ သားအမိတွေကို ရှာ...ရမလားဟင်"

လေးတွဲ့စွာ ခေါင်းခါလျက် အကြည့်က ပန်းချီကား...ချပ်ဆီသို့ ရောက်သွားလေ၏။

"မလိုပါဘူး သားရယ်။ ကိုယ့်အနားမှာ ရောက်နေ...တဲ့သူကိုပဲ သား ဂရုစိုက်ဖို့ ကြိုးစားပါ"

"ဗျာ"

ဒယ်ဒီ့စကားကို ခွန်အား နားမလည်နိုင်။

"ဒီပန်းချီကားထဲက မိန်းကလေးကို သား သေသေ...ချာချာကြည့်စမ်း"

ခွန်အား မော့ကြည့်လိုက်တော့ ဟိုတလောက ...ဒယ်ဒီဆွဲထားတဲ့ သက်ဆက်ရဲပုံတူပန်းချီကားပါ။ အစိမ်း...ရောင်တွေ လွှမ်းခြုံနေသော သက်ဆက်။

"ဒါ သက်ဆက်ရဲပုံလေ ဒယ်ဒီရဲ့။ . . . သား သိနေတာပဲဟာ"

"မဟုတ်ဘူး သား။ ဒါ ဆောင်းရဲ့ပုံတူပဲ"

"ဟင်"

ပန်းချီကားနှင့် ဒယ်ဒီ့စကားတွေကို ဆက်စပ်

တော့ ပညာတတ်ပီပီ ခွန်အား သဘောပေါက်လာလေ၏။

"ဒါဆို ဒေါ်ဆောင်းရဲ့ဗိုက်ထဲမှာ ကျန်ခဲ့တဲ့ကလေး

က သက်ဆက်များဖြစ်နေမလား ဒယ်ဒီ"

"သေချာတာပေါ့ သားရယ်။ ဒါကြောင့် သူ့ကို

ဒယ်ဒီလက်ခံထားခဲ့တာ"

"အဟင့်"

ရှိုက်သံတစ်ချက်ကြောင့် ဖြိုင်တူပဲ တံခါးဝဆီသို့

ကြည့်လိုက်မိသည်။

"သမီး"

"သက်ဆက်"

ပါးစပ်ကို လက်နှင့်ပိတ်၍ ကျိတ်ငိုနေရှာသော

သက်ဆက်။ ခွန်အား သူမဆီသို့ ထသွားလိုက်သည်။

"ညီမလေး"

မရိုတင်ကဲလေသံကြီးနှင့် သက်ဆက် ပခုံးကို

ခွန်အား ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။ သက်ဆက်က မျက်

ရည်ဝဲတွေမို့တွဲနေသော မျက်ဝန်းနှင့် ခွန်အားကို မော့ကြည့်

နေရှာ၏။ ညီအစ်ကို မောင်နှမမရှိဘဲ တစ်ဦးတည်းသော





သားဘဝနှင့် အထီးကျန်ဆန်နေသော ခွန်အားသည် ညီမ

လေးဆိုသောအသိကြောင့် ရင်ထဲမှာ ရှိန်းမြနွေးထွေးသွား

လေသည်။

"ညီမလေးရယ်"

"သား"

"သားဘဝမှာ လိုအပ်နေတဲ့ကွက်လပ်ဟာ ဒီနေ့

တော့ ပြည့်စုံသွားပါပြီ ဒယ်ဒီ"

"ဒီကိစ္စတွေကို သားရဲ့မာမီ မသိပါစေနဲ့ဦး သား။

သူသိသွားရင် သားတို့မောင်နှမတွေ ဝေးသွားကြလိမ့်မယ်"

ခွန်အား ရင်ထဲမှာ နင့်ခနဲဖြစ်သွားလေ၏။ ညီမ

လေးကို တွေ့တာတောင် ဗိုင်ဗိုင်နိုင်နိုင် ချစ်ခွင့်မရတဲ့ဘဝပါ

လား။

"ညီမလေး"

"ရှင် . . . ကိုကိုကြီး"

"ကိုကိုကြီး ဝမ်းသာလိုက်တာ ညီမလေးရယ်။

ညီလေးကိုလည်း ကိုကိုကြီး တွေ့ချင်ပါသေးတယ်"

"ကိုကြီး . . . ကိုကြီးပြန်သွားတာ သုံးရက်ပဲရှိပါ

သေးတယ် ကိုကိုကြီး"

"ဟင်"

ဦးဇေလင်းမောင်ရော ခွန်အားပါ ကိုယ်တွေ မတ်သွားကြလေ၏။

"ကိုကြီး ဒီကိုရောက်လာပါသေးတယ်။ ကိုကြီးနဲ့ ကိုကိုကြီးက ရုပ်ချင်းအရမ်းတူတော့ ကိုကြီးကို ကြီးကြီးခင် တွေ့သွားရင် ပြဿနာတွေ ရှုပ်ကုန်မှာစိုးလို့ သက်ဆက် ဖြန့်လွှတ်လိုက်တာပါ"

"ဖြစ်မှဖြစ်ရလေ"

သွေးဆိုသောအသိကြောင့် ခွန်အားရင်ထဲမှာ မရှိအောင် ခံစားရလေ၏။ တွေ့ချင်စိတ်တွေက တဖွားဖွား ပေါ်နေသည်။ သူ ဘယ်လိုတွေ့နိုင်မလဲ။

"ညီမလေး"

"ရှင်"

"သာယာဖွယ်က ဘယ်နှတန်းထိ ကျောင်းတက်ဖူးလဲ"

"ရှစ်တန်းအထိပဲ တက်ဖူးပါတယ် ကိုကိုကြီး"

"ဩော်"

သနားစရာကောင်းလိုက်တဲ့ ညီလေးရယ်။ သူ





ခမျာ ပညာရေးတစ်ပိုင်းတစ်စနဲ့ ဘဝကို ကြိုးကျကျနဲ့ ရုန်းကန်လှုပ်ရှားနေရရှာမှာ။ ညီမလေးရဲ့ဘဝကို ရှုံ့ထဲ နှံ့ထဲကနေ ဆယ်ယူဖို့ ခွန်အားမှာ တာဝန်ရှိသည်လေ။ ညီ၊ ညီမအတွက် ခွန်အားဟာ အသွားထက်တဲ့ဓားတစ်လက် ဖြစ်စေရမည်။ သူတို့ဘဝမှာ လိုအပ်သမျှတွေကို ထိုဓားတစ်လက်နှင့် ခုတ်ဖြတ်ပြီး သယ်ဆောင်ပေးလာနိုင်ရမည်လေ။

**အခန်း (၂၁)**

သျှမ်း စာကျက်နေရပေမယ့် စာဆီကို စိတ်က မရောက်ပေ။ နေရင်းထိုင်ရင်း အကုသိုလ်တွေ ပွားများနေမိ၏။ ဘာကြောင့်လဲဆို သရဆိုတဲ့ လူကြီးလေ။ မြက်ခင်းပြင်ပေါ်မှာ ကိုကိုကြီးနဲ့ ထိုင်စကားပြောနေပေမယ့် မျက်လုံးက ဟိုဘက်ခုံတန်းပေါ်မှာ စာကျက်နေတဲ့ သက်ဆက်ဆီက မခွာဘူး။ သျှမ်းကလည်း ခုတလော ဘာဖြစ်နေမှန်းကို မသိပါဘူး။ သက်ဆက်နဲ့ပတ်သက်လာရင် သူ့ပဲမနာလို၊ သူ့ပဲဝန်တို၊ သူ့ပဲ ဒေါသဖြစ်နေရတာ။ သူ သက်ဆက်ဆီသို့





လျှောက်သွားပြီး သက်ဆက်ရှေ့မှာ ရပ်လိုက်တော့ . . .

"ဘာလဲ"

"စာကျက်တာ အိမ်ထဲသွားကျက် . . . သွား"

"ဘာဖြစ်လို့လဲ ဒီမှာကျက်နေတာ"

"လျှာမရှည်နဲ့။ နင် ငါ့ကို ပြန်မေးစရာမလိုဘူး။ သွားဆိုသွား"

"အောင်မာ"

သက်ဆက် စာအုပ်ကို ဘုတ်ခနဲချ၍ မတ်တတ်ရပ်ကာ ခါးထောက်လိုက်သည်။

"နင်က ငါ့ကို အမိန့်ပေးနေရအောင် ဘာကောင်မို့လို့လဲ။ ငါ့အဖေလား"

"အေး . . . ငါသာ နင့်အဖေဆိုရင်လေ နင့်ကို သက်သီးကြိုက်သလား၊ လက်ဝါးကြိုက်သလား။ တစ်ခုခုတော့ ကျွေးပစ်လိုက်မှာ"

"အမယ် . . . ငါကလည်း နင်သာ ငါ့အဖေဆိုရင် မြေမျိုခံရမလား၊ မိုးကြိုးပစ်ခံရမလားပဲ သိလား"

သက်ဆက်ကလည်း ဆတ်ဆတ်ထိမခံ။ သူတို့နှစ်ယောက်က မတည့်အတူနေဆိုသလိုပါပဲ။ တွေ့တော့ရန်ဖြစ်

ကွယ်ရာရောက်မှ တစ်ယောက်အကြောင်းကိုတစ်ယောက်
က စဉ်းစားပြီး သနားနေတာလေ။ သျှမ်းက နောက်သို့ သင်
လှည့်ပြန်တစ်ချက်ကြည့်ကာ . . .

"ငါက စေတနာနဲ့ပြောတာ။ ဟိုမှာတွေ့လား . . .
ဟိုလူကြီး နင့်ကိုပဲ ခဏ ခဏ လှမ်းကြည့်ပြီး မျက်စိအ
ကျေးနေတာ"

သက်ဆက် နှုတ်ခမ်းကို မဲ့ပစ်လိုက်သည်။ မ
ရေး ပူရေး ကြောင်မလေး ရေချိုးပေးဆိုတာ ဒါမျိုးပဲ။

"အဲဒါဘာဖြစ်လဲ။ သူ့မှာ မျက်စိပါလို့ကြည့်တာ
ငါ့အသားပဲ့ပါသွားတာမှ မဟုတ်တာ ကြည့်ပစေ"

"ဒါဆို . . . နင် အဲဒီလူကြီးရှေ့သွားပြီး မော်ဒယ်
လျှောက်ပြပါလား။ အဲဒါမှ ဟိုက နွားပြာကြီးအောက်သွား
မရှိ။ သွားကြီးဖြီးပြီး ငမ်းလို့ကောင်းမှာ"

"သျှမ်း နင် တော်တော်မိုက်ရိုင်းပါလား။ လူကြီး
နင် နွားနဲ့နှိုင်းစရာလား"

သျှမ်း စိတ်ထဲမှာ တင်းခနဲဖြစ်သွားရလေ
စေတနာနဲ့ပြောတဲ့လူကပဲ မိုက်ရိုင်းတဲ့လူ ဖြစ်ရပြန်ပြီ။ သူ
လည်း ကိုယ်နဲ့အနေသာကြီး ကိစ္စကိုပဲ။ ဘာလို့မဆီမဆိုင်





ရက်ဖက်မိမှန်းမသိဘူး။ စိတ်တိုတတ်နေမိတာလည်း လွန်ပါ
ရော။

"သက်ဆက်"

"ဘာလဲ"

"ငါ စပျစ်သီးဖျော်ရည်သောက်ချင်တယ်"

"အဲဒါ ငါနဲ့ဘာဆိုင်လို့လဲ"

"ဟ . . . ဆိုင်တာပေါ့။ နင် သွားယူပေးလေ။ နင်
ဒီအိမ်မှာ ဘာလဲဆိုတာ ကိုယ့်ကိုယ်ကိုယ် မသိဘူးလား"

"သိသားပဲ"

"သိရင် သွားယူပေး"

မျက်စောင်းထိုးပြီး လှည့်ထွက်သွားသော သက်
ဆက်ခြေသံက ခပ်ပြင်းပြင်း။ သျှမ်း ပြုံးလိုက်မိသည်။ ဒီ
ကောင်မလေးကို ဒီလိုပထုတ်ပစ်မှရမှာ။ ဟင်း . . . ဒင်းလေး
က ကျွန်တဲ့လူတွေနဲ့ ဆက်ဆံတဲ့နေရာမှာတော့ ရိုကျိုးလိုက်
တာ အဆင်ကိုချောလို့။ အဲ . . . သျှမ်းနဲ့တွေ့ပြီဆိုရင်တော့
မျက်နှာကြောတင်းနေတာပဲ။ အဲဒါကိုပဲ သျှမ်း မခံချင်တာ။
သူကိုရော သူများတွေနည်းတူ ပြေပြေလည်လည် ဆက်ဆံ
ပေးတော့လား။ တစ်ခါတစ်ခါကျတော့ အဲဒီလိုရန်ဖြစ်နေရတာ

ကိုပဲ သျှမ်းက ကျေနပ်မိသလို။

"ရော့"

မျက်နှာရှေ့သို့ရောက်လာသော ဖျော်ရည်ခွက်

ကြည့်ကာ . . .

"မြန်လှရျေလား"

"မြန်မြန်ပဲ။ နင့်ကြောင့် စာကျက်တဲ့အချိန်

သွားပြီ သိလား။ ငါက နင့်လို သူများလုပ်စာကို လက်

ပြီး ကျောင်းတက်နေရတာ မဟုတ်ဘူး။ ကိုယ့်

စရိတ် ကိုယ် ရှာပြီး တက်နေရတာ။ အချိန်ကို တန်ဖိုး

တာပေါ့"

မငဲ့မှတ်ဘဲ ပြောလိုက်သော သက်ဆက်

က သျှမ်း၏အရှိုက်ကို လက်သီးနှင့်ထိုးချလိုက်သည့်

ဟုတ်တာပေါ့။ ကိုယ့်ဘဝအတွက် ကိုယ်တိုင် ရုန်းကန်

ရှားနေရတဲ့ သက်ဆက်အတွက် သူလုပ်ရပ်ဟာ တ

စက်သလိုဖြစ်နေခဲ့ပြီ။

"ငါ တောင်းပန်ပါတယ် သက်ဆက်။ ငါ

ရဲည်ရွယ်ပြီးလုပ်တာမဟုတ်ပါဘူးဟာ။ ငါ မှားသွားပါ

"နင့်ကို ဘယ်သူက အပြစ်ပြောနေလို့လဲ"





ဒီလိုတော့လည်း တယ်ဟုတ်ပါလားလို့ သျှမ်း တွေးမိလေသည်။ သက်ဆက်စာအုပ်ကလေးကို ကောက်ကိုင်ပြီး လှည့်ထွက်သွားမယ်လုပ်တော့ . . .

"သက်ဆက်"

". . ."

"ဒါက ဘယ်ကိုလဲ"

"နင်ပဲ စာကျက်တာ အိမ်ထဲမှာသွားကျက်ဆို"

"ငါပါလိုက်မယ်"

သျှမ်း စာအုပ်ကိုတစ်ဖက်ကကိုင် ကျန်လက်တစ်ဖက်က ဖျော်ရည်ခွက်ကို ကိုင်ပြီး သက်ဆက်နောက်မှ လိုက်လာခဲ့သည်။ အိမ်ထဲသို့ ရောက်တော့ ကိုယ့်နေရာနှင့်ကိုယ် စာကျက်နေကြရင်း အတန်ကြာတော့ သက်ဆက်ထံမှ စာကျက်သံပျောက်သွားလေသဖြင့် သျှမ်း လှည့်ကြည့်လိုက်တော့ သက်ဆက် သူ့ကိုကြည့်နေတာနှင့် တိုးလေတော့ . . .

"ဟိတ် . . . ဘာကြည့်နေတာလဲ။ စာကျက်လေ"

"အမယ် . . . နင့်ကိုကြည့်တယ်ထင်လို့လား ဝေးသေး"

"ဖြောင်လိမ်တာကိုကြည့်။ နှင့်မျက်လုံးက ငါ့ကို
ကြည့်နေတာ အသိသာကြီး"

"သေပါလား . . . ဟွန်း . . . ကိုယ့်ကိုယ်ကိုယ်
အထင်ကြီးပြီး ဘဝင်တွေဖွတ်မြင့်မနေနဲ့။ ငါ ကြည့်တာက
နှင့်နောက်က ပန်းချီကားဆီကို"

"ဩော် . . . ဩော်"

ဖြောင်ကြီးပဲ လက်တစ်လုံးကြား ညာတာကြည့်
အဲဒါလေးတွေပဲ ချစ်ဖို့ကောင်းတာ။ အဲလေ ခင်ဖို့ကောင်း
တာ။ သက်ဆက်ရဲ့ကလေးဆန်တဲ့အမူအကျင့်လေးတွေကို
ပဲ သျှမ်းက သဘောကျတာ။ တစ်ခါတလေ စိတ်မကောင်း
ရင်တောင် ကောက်အောင် စချင်သည်။

"လေယာဉ်ကို မော့ကြည့်ရင်း ဝိုက်ဆံကောက်
တယ်ဆိုတာ ဒီမျက်လုံးမျိုးပဲ ဖြစ်မယ်ထင်တယ်။ ဘယ်
အချိန်က ဒီလိုစွေစောင်းသွားတယ် မသိဘူး သနားပါတယ်"

"သျှမ်းနော်"

အော်လည်းအော် သက်ဆက်က သျှမ်းကို စအုပ်
နှင့် ပစ်ပေါက်လေလျှင် သျှမ်းက ထိုစာအုပ်ကို ဖမ်းယူပြီး
ဘောပင်(န်)ကို ထုတ်ကာ စာအုပ်ထဲ၌ စာကြောင်းလေး





ဘစ်ကြောင်း ရေးချလိုက်၏။

"အရမ်းချစ်ဖို့ကောင်းတယ်"

ဆိုတဲ့စာကြောင်းလေးကို ရေးပြီး သက်ဆက်ရှေ့
သို့ ပြန်ချပေးလိုက်သည်။ စာကြောင်းလေးကို သက်ဆက်
မြင်တော့ . . .

"ဟင်. . . နှင် ဘာလုပ်တာလဲ သျှမ်း။ ဒီစာကြောင်း
မျိုး ငါ့စာအုပ်ထဲမှာ လာမရေးနဲ့။ ခုဖျက်ပေး"

"ဘာလို့ဖျက်ပေးရမှာလဲ။ အမှတ်တရသိမ်းထား
လေ"

သျှမ်းပုံစံက စပ်ဖြဲဖြဲနှင့်ပါ။

"ငါက ဘာလို့သိမ်းရမှာလဲ။ မီးမီးခဲကို သွားသိမ်း
ခိုင်းပါလား"

"မီးခဲကို သိမ်းခိုင်းလို့ ဘယ်ဖြစ်မလဲ။ သူက ငါ့ရဲ့
သူငယ်ချင်းပဲဟာ"

"ဩော် . . . ငါကတော့ နှင့်သူငယ်ချင်းမဟုတ်ဘူး
တဲ့လား"

"မဟုတ်ဘူး"

"ဘာ"

သက်ဆက် နှုတ်ခမ်းစူသွားလေ၏။ သက်ဆက်က တော့ သူ့ကို သနားပြီး ခင်လိုက်ရတာ။ သူကတော့ သက် ဆက်ကို သူငယ်ချင်းမတော်ဘူးတဲ့။ ဘယ်လောက်ဒေါသ ဖြစ်ဖို့ကောင်းလိုက်တဲ့ သျှမ်းလဲ။

"ငါက နှင်နဲ့သူငယ်ချင်းမဖြစ်ချင်ဘူး"

"ကြီးကျယ်လို့ . . . မဖြစ်ချင်လည်းနေပေါ့။ ဒါ ဝမ်းနည်းစရာမှတ်လို့"

"ဝမ်းနည်းရင်လည်း ဝမ်းနှုတ်ဆေးသောက်ပါ"

"မလိုပါဘူး။ သက်ဆက်တို့အသည်းက ဒေါင်ဒေါင် မြည်ပဲ . . . သိလား"

"ဟုတ်လား . . . စိတ်ဆိုးချင် အရင်မလိုပါနဲ့ဟာ။ ငါ့စကားက မဆုံးသေးဘူး"

သျှမ်းစကားကို နားမထောင်တော့ဘဲ သက်ဆက် စာအုပ်ကိုဖွင့်၍ မျက်နှာရှေ့မှာ ကွယ်ထားလိုက်၏။ ဒါကိုပဲ သျှမ်းက စာအုပ်ကိုဆွဲဖယ်ကာ . . .

"ဆက်ပြောမယ့်စကားကို နားထောင်ဦးလေ"

"မထောင်ဘူး"

"မထောင်လို့မရဘူး"



သက်ဆက်မျက်နှာရှေ့က စာအုပ်ကို သျှမ်းက ဆွဲ ယ်လိုက် သက်ဆက်က ပြန်အုပ်လိုက်နှင့် အလုပ်ရှုပ်နေ ကြလေ၏။

"သက်ဆက်"

"သျှမ်း နှင် ဘယ်လိုဖြစ်နေတာလဲ"

"ပြောတာ နားထောင်ပါဆို"

"ကဲ . . . ပြော . . . ဘာလဲ . . . ဘာလဲ"

အကြည့်ချင်းဆုံသွားကြတော့ သက်ဆက်က ရင်မျက်နှာလွှဲသွားလေသည်။ သျှမ်းကတော့ မျက်ဝန်းကို လွှဲဖယ်မိဘဲ သက်ဆက်မျက်နှာကိုသာ စူးစိုက်၍ကြည့်နေ ၏။ ထိုခဏမှာ ရင်ခုန်သံတွေက စည်းချက်မညီ၊ အသက် ရှုနှုန်းတွေလည်း မမှန်တော့။ ဒီလိုမျိုး တစ်ခါမှမဖြစ်ဖူးပါ ဘူး။ သူ သက်ဆက်ကို တကယ်ပဲချစ်မိနေပြီလား။ ရှုံးစား နေရင်းက ကိုယ့်ကိုယ်ကိုယ်ပင် သတိမထားမိသည့်အဖြစ် က သူ့ရဲ့နှာခေါင်းဖျားလေးက သက်ဆက်၏ ပါးပြင်ဆီသို့ တိုး ကပ်သွားမိခြင်းပင်။

"သျှမ်း . . . သျှမ်း . . . နှင် ဘာလုပ်မလို့လဲ"

တုန်တုန်ယင်ယင်အသံလေးနှင့်အတူ သက်ဆက်

က သူ့မျက်နှာကို လက်နှင့်ကာထားလေတော့မှ လွတ်သွား
သောစိတ်ကို ပြန်လည်ထိန်းချုပ်ရင်း ဟဲခနဲရယ်မိကာ . . .

"ဟိုဟာ . . . နင့်ပါးမှာ ခြင်ကိုက်နေလို့ အဲဒါ ရိုက်
ပေးမလို့"

ပြောပြီး ကိုယ်ချင်းခွာသွားတော့မှ သက်ဆက် မှာ
ခနဲ သက်ပြင်းချမိတော့သည်။ ဪ . . . တော်တော်လည်
တဲ့ သူမ်းပဲ။ သက်ဆက်ပါးကို ခြင်ကိုက်တာများ နှာခေါင်းနဲ့
ရိုက်ပေးမလို့ ကြိုးစားတာပေါ့လေ။ မသိရင်ခက်မယ် . . .
ဟင်း။





## အခန်း ( ၂၂ )

ညီမလေးရေးလိုက်တဲ့စာအရ ဒီကုမ္ပဏီက သူ့ကို
အလုပ်ခန့်မယ်ဆိုလို့ လာသာလာခဲ့ရတယ် စိတ်ထဲမှာတော့
မတင်မကျကြီးပါပဲ။ ဟုတ်မှဟုတ်ပါ့မလားရယ်ပေါ့။ သူလို
ရှစ်တန်းလောက်ပဲ ကျောင်းတက်ရတဲ့ကောင်ကို အလုပ်ခန့်
မယ်ဆိုတဲ့ သူဌေးက ဘယ်လိုလူစားမျိုးလဲ။ ညီမလေးရဲ့
အသိ ဖြစ်မှာပါလေ။

"ညီလေး . . . ဘော့စ်က ရုံးခန်းထဲကိုဝင်ခဲ့တဲ့"

"ဪ . . . ဟုတ်ကဲ့"

ဝန်ထမ်းတစ်ယောက် ခေါ်ဆောင်ရာနောက်သို့ သာယာ လိုက်ပါလာခဲ့သည်။ ရုံးခန်းဆိုတဲ့အခန်းထဲကို ဝင်လာမိတော့ မငံ့မရဲ။ တစ်ခါတစ်ခါ နောက်ကြောင်းပြန်လှည့်ပြေးချင်စိတ်က ပေါ်ပေါ်လာသည်။ စားပွဲရှေ့မှာထိုင်၍ ဘာတွေ ရေးနေမှန်းမသိတဲ့လူက သူ့ကို မော့ကြည့်လေသည်။ သူဌေးဆိုတဲ့လူလား။

"ထိုင်"

"ဟုတ်ကဲ့ခင်ဗျာ"

ထိုင်ဆိုလို့ထိုင်နေတော့ ဘာမှဆက်မပြောဘဲ စာရေးနေတဲ့သူကို သာယာ ဘာစကားစပြောရမှန်း မသိ။ သူ ဒီလိုပဲ ငူငူကြီးထိုင်နေရတော့မှာလား။ နာမည်လေးတောင် ဆက်မေးဖော်မရတဲ့သူဟာ ဘယ်လိုလူလဲ။

"ဒီမှာ"

အရဲစွန့်၍ခေါ်ကြည့်လိုက်တော့ ထိုလူက "ဘာလဲ" ဆိုသောသဘောနှင့် မျက်လွှာကို ပင့်ကြည့်လေသည်။

"သူဌေးဆိုတာ ခင်ဗျားလား"

"အင်း . . . ဟုတ်တယ်လေ။ ဘာဖြစ်လို့လဲ"

"ကျွန်တော့်ကို ဘာမှလည်း မပြောဘူး။ ကျွန်





တော် ဒီအတိုင်းပဲ ထိုင်နေရတော့မှာလား"

သူရ လှစ်ခနဲပြုံးလိုက်မိသည်။ ရိုးရိုးအအ ကောင်လေးကို စချင်နောက်ချင်စိတ်က ပေါ်လာခဲ့၏။

"မင်းကို တို့ကုမ္ပဏီက အလုပ်ခန့်မယ်လို့ ဘယ်သူက ပြောလိုက်တာလဲ"

"ဗျာ"

"မင်း ဘယ်နတန်းအထိ ကျောင်းတက်ဖူးလဲ"

"ရှစ်တန်းအထိပါ"

"ဒါဆို တစ်ခုခုတော့လွဲနေပြီကွ။ တို့ကုမ္ပဏီက အနည်းဆုံး ဆယ်တန်းအောင်ပြီးသားလူတွေကိုပဲ အလုပ်ခန့်တာ"

"ခင်ဗျာ"

သာယာ ထပဲပြန်ရတော့မလို၊ ဆက်ပဲထိုင်နေရတော့မလို ဖြစ်သွားရလေ၏။

"ရှစ်တန်းမအောင်ဘဲနဲ့ နိုင်ငံကျော်သမ္မတ ဖြစ်သွားတဲ့သူတွေဆိုရင် ဘယ်လိုလုပ်မလဲဗျ။ အဓိကက ဦးနှောက်နဲ့တွေးခေါ်ဆင်ခြင်နိုင်စွမ်း အားကောင်းဖို့ပဲ မဟုတ်လား"

အလို . . . ဒီလိုတော့လည်း ကောင်လေးက ဘယ်ဆိုးလို့လဲ။ စကားပြောကောင်းသားပဲ။ ပုံစံကြည့်ရတာ ဖြစ်ထိုးညက်ကောင်းမယ့်ပုံလေးပဲ။ သူပြောတာလည်း ဟုတ်တာပဲလေ။ အချိုပညာတတ်ပြီး လမ်းလွဲရောက်နေတဲ့ ပုဂ္ဂိုလ်တွေ ရှိသေးတာကိုး။ အဓိကက ဘာပဲလုပ်လုပ် ဦးနှောက်ကောင်းကောင်းနဲ့ စဉ်းစားတတ်ဖို့ပဲလိုတာ။

"မင်းက စကားပြောကောင်းသားပဲ။ အစ်ကိုက မင်းကို ခင်လို့ တမင်နောက်လိုက်တာပါ။ မင်းကို အလုပ်ခန့်မယ့် သူဌေးက မလာသေးဘူးကွ။ ဆံပင်တုတွေ၊ တင်တုတွေ တပ်နေရလို့ထင်ပါရဲ့"

"ဟောကောင် . . . နေ့ပြောရင် နောက်ကြည့်၊ ညပြောရင် အောက်ကြည့်တဲ့။ မင်းယောက်ဖလာပြီ"

သရ ခွန်အားအပြောကြောင့် ဟီးခနဲ ရယ်လေတော့ . . .

"အဲ"

ခွန်အား မျက်နှာနီသွားလေ၏။ သရမှာက နမမှ မရှိတာ။ သူမှာသာ . . .

"သေချင်းဆိုး အထကောက်နေတယ်"



ခွန်အားကို မြင်လိုက်ရတော့ သာယာ ဖင်တကြွကြွဖြစ်လေတော့၏။ ဒါ ညီမလေးပြောတဲ့ ကိုကိုကြီးပဲဖြစ်ရမယ်။ သူက သာယာ့ကို စူးခနဲတစ်ချက်ကြည့်ကာ . . .

"သက်ဆက်က အကူအညီတောင်းလို့ မင်းကို ဒီမှာအလုပ်ခန့်မယ်။ ဘာပဲနိုင်းနိုင်း မငြင်းဘူးဆိုရင်ပေါ့"

"ဟုတ်ကဲ့။ ကျွန်တော် လုပ်ပါ့မယ်"

ညီအစ်ကိုတွေ တွေ့နေကြတာတောင် ညီအစ်ကိုမှန်း မသိတဲ့ဘဝပါလားနော်။ အလုပ်ရှင်နဲ့ အလုပ်သမားဆိုတဲ့ဝေဥ်းက ထပ်ခြားပေဦးတော့မည်။

"မင်းက ငါနဲ့တော်တော်ရုပ်ချင်းတူတာပဲ"

တူမှာပေါ့ ညီအစ်ကိုတွေလေလို့ ပြောလိုက်ချင်သည်။ ဒါပေမယ့် ဘဝအခြေအနေချင်းက မတူညီတော့ မပြောရဲပါဘူး ကိုကိုကြီးရယ်။

"လုပ်မနေပါနဲ့တော့ ခွန်အားရာ။ သူ့ခမျာ ငါ ဝထားတာနဲ့တင် စိတ်ညစ်နေရှာမယ်။ စကားပြောတဲ့နေရာမှာတော့ ပါးရည်နပ်ရည်ရှိတယ်နော်။ ဘယ်လိုလဲ သူ့ကို မင်း ဘယ်ရာထူးပေးမလဲ"

"လည်ရာပြန်စားရေး"

"ဟေ"

"ရှာ"

ခွန်အားပြောတဲ့ရာထူးကြောင့် သရေရော၊ သာယ
ပါ အံ့ဩသွားကြလေ၏။ ခွန်အားက ရယ်လိုက်ကာ သ
ဘက်သို့လှည့်၍ . . .

"ဘာလဲ မင်းက မကျေနပ်ဘူးလား"

"ကိုယ့်ယောက်ဖတွေစီစဉ်သမျှ ကိုယ်က ကျေန
ရမှာပေါ့နော်"

"ခွေးသူတောင်းစား"

သူတို့တွေ ရယ်မောနေကြပေမယ့် သာယာက
တော့ ဟိုကြည့် ဒီကြည့်နှင့် ကြောင်တောင်တောင်ဖြစ်နေ
ရှာသည်။ သူက ဘာကိုနားလည်ပြီး ဘယ်လိုလိုက်ရယ်ရ
မလဲ။

"ညီလေး"

ခွန်အား မျက်နှာက ဝမ်းသာလို့ထင်ပါရဲ့ ပြုံးနေ
သည်။ ညီလေးလို့ခေါ်လိုက်တာကြောင့် သာယာ ထူးပဲထူး
ရတော့မလို ငြိမ်ပဲနေရတော့မလို၊ ရမ်းပြီးဝမ်းသာလို့ မဖြစ်
ဘူးလေ။ သူက သိချင်မှသိမှာပဲဟာ။



"ညီလေး"

"ဟို . . . ကျွန်တော့်ကို ခေါ်တာလား"

ခွန်အား သူ့နဖူးသူပြန်ရိုက်ပစ်လိုက်၏။

"သေလိုက်ပါတော့ကွာ။ ဒီနေရာမှာ ငါ့ညီဆိုလို့ မင်း အပြင် ဘယ်နှယောက်ရှိလို့လဲ။ ဦးဇေလင်းမောင်မှာ မင်းနဲ့ငါ သားနှစ်ယောက်ပဲ ရှိတာမဟုတ်ဘူးလား"

"ဒါ . . . ဒါဆို . . . ကိုကိုကြီးက သိနေတာပေါ့နော်"

သာယာ ကိုကိုကြီးက သူ့ကိုသိနေတယ်ဆိုလို့ ထ ခုန်မတတ် ဝမ်းသာသွားလေတော့၏။ ခွန်အားရဲ့ ခေါင်း တစ်ချက်အညိတ်မှာ သာယာ အစ်ကိုဖြစ်သူကို ပြေးဖက်ပစ် လိုက်သည်။ ခွန်အားကလည်း သူ့ကိုပြန်ဖက်ထားလေ၏။

"ကျွန်တော် ဝမ်းသာလိုက်တာ ကိုကိုကြီးရယ်"

နှစ်ယောက်သား ရင်ချင်းအပ် သွေးချင်းနီးစပ်သွား တော့ ဝမ်းသာမျက်ရည်တွေက ဘယ်ချောင်ကနေ တိုး ထွက်လာမှန်းမသိတော့ပေ။ ခုမှ တွေ့ကြရသော ရပ်ချင်းတူ ညီအစ်ကိုနှစ်ယောက်ကိုကြည့်၍ သရေမှာလည်း ဝမ်းသာ ခြင်းတွေ ကူးဆက်လို့ပါ။

"ကိုကိုကြီးက ကျွန်တော့်ကို ဘယ်လိုလုပ်သိတာ

လဲဟင်။ ညီမလေး ပြောပြတာလား"

ခွန်အားက ခေါင်းခါလျက် . . .

"ဒယ်ဒီပြောပြတာလေ"

"ဖေဖေ"

မမြင်ဘူးတဲ့ဖေဖေ့ကို မှန်းဆ၍ ကျေးဇူးတင်စွာ စိတ်ထဲမှနေ ကန်တော့လိုက်မိ၏။

"ကျွန်တော် ဖေဖေနဲ့တွေ့ချင်လိုက်တာ ကိုကိုကြီး ရယ်"

"ခုတော့ မဖြစ်သေးဘူး ညီလေး။ နောက်တော့ တွေ့ရမှာပေါ့ကွာ"

သာယာ ဆွေးသွားရသည်။ အင်းလေ ကိုကိုကြီးရဲ့ အမေ ရှိနေတာကိုး။ သာယာ နားလည်ပေးနိုင်ပါသည်လေ။ ခုလို ကိုကိုကြီးနဲ့ဆုံခွင့်ရတာကိုပဲ ကံကြမ္မာကို ကျေးဇူးတင် လွန်းလှပါသည်။





## အခန်း ( ၂၃ )

"နှင်းဟာက ဟုတ်ရောဟုတ်ရဲ့လား သျှမ်းရယ်"

"ဟုတ်ပါတယ်ဟ။ တကယ်ပါဆို"

မီးခဲက သျှမ်းစကားကို မယုံသလိုပဲ ခပ်လှောင် လှောင်လေး ရယ်လိုက်သည်။ ယုံစရာရော ရှိလို့လား။ သျှမ်း ရဲ့ပါးစပ်ဖျားကနေ ချစ်တယ်လို့ အပြောခံရတဲ့မိန်းကလေး တွေ အများကြီး။ ပြောလိုက်တိုင်း ဘယ်မိန်းကလေးကမှ ငြင်းခဲ့တာလည်း မရှိဘူး။ ခုလည်း လာပြန်ပြီ။ သက်ဆက် ရှင်ဆိုတဲ့ မိန်းကလေးကို သူတကယ်ချစ်မိနေပြီတဲ့။ အဲ . . .

ထူးခြားတာတစ်ခုတော့ ရှိသည်။ ဘာလဲဆိုတော့ ချစ်ပါ တယ်ဆိုတဲ့စကားလုံးကို အဝတ်လဲသလို လူလဲပြီးသုံးနေတဲ့ သူက ခု သက်ဆက်ကိုကျမှ မပြောရဲဘူးတဲ့။ ကဲ . . . ရယ် စရာမကောင်းဘူးလား။

"ဟုတ်တယ်ဆို ဖွင့်ပြောလိုက်ပေါ့"

"မပြောရဲလို့ပါဆိုဟာ။ ငါ ပြောရင် သူ စိတ်ဆိုး သွားမှာပါ"

"ဒီစကားကိုကြားဖူးတာ ဒါ ပထမဆုံးပဲ"

"ငါ့ကို မလှောင်ပါနဲ့ မီးခဲရာ။ နင့်ဆီက အကြံ ကောင်းလေးဘာလေးများရမလားလို့ ငါက တိုင်ပင်တာကို။ သက်ဆက်ကို ဒါ စိတ်မချဘူးဟ။ ဟို သရဆိုတဲ့လူကြီးက လည်း အိမ်ကိုလာရင် သက်ဆက်ကို ငမ်းလိုက်တာမှ မျက်လုံးကြီး ကျွတ်ထွက်မတတ်ပဲ။ ကျောင်းမှာဆိုလည်း ဟိုကောင်က စာပေး၊ ဒီကောင်က လိုက်စကားပြောနဲ့။ ကြာ ရင် ငါ ရှုံးရလိမ့်မယ်"

သျှမ်းပုံစံက တကယ်ကိုပဲ စိတ်ညစ်နေပုံရသည်။ ဟုတ်မှာပေါ့။ သက်ဆက်ကို မီးခဲ တစ်ခါပဲမြင်ဖူးလိုက်တာ။ ရက်ရက်စက်စက်လှတဲ့ ကောင်မလေး။ သူ့ကိုမြင်လိုက်ရ





ငင် မိန်းမချင်းပင် ရင်ခုန်လောက်သည်။

"ဒါဆို ငါအကြံပေးမယ်"

"လုပ်စမ်းပါဦး။ အားကိုးပါတယ်"

မီးခဲက မေးစေ့ကိုလက်နှင့်ပွတ်၍ ဆရာကြီး လေသံနှင့် ပြောလေသည်။

"နင် ငါ့ကို အဲဒီအိမ်ကိုခေါ်သွားလေ။ ပြီးရင် သက် ဆက်နဲ့ ငါ့ကို မိတ်ဆက်ပေး။ ငါ သူနဲ့ရင်းနှီးအောင် ကြိုးစား မယ်။ ပြီးရင် ငါ အောင်သွယ်လုပ်ပေးမယ်လေ"

"နင့်ဟာကလည်း ရင်းနှီးအောင်လုပ်ရတာက တစ်ခါ ကြာဦးမယ်"

"ဟဲ့ . . . ခု ရေတွင်းတူး အရ ရေကြည့်သောက် ချင်လို့တော့ ရမလား"

သျှမ်း တွေခနဲဖြစ်သွားလေ၏။ မီးခဲပြောတာ ည်း ဟုတ်နေတော့ သူ့စကားကို သျှမ်း နာခံရုံသာရှိ တော့သည်လေ။ မဟုတ်ရင် သူမှ သက်ဆက်ကို မပြောရဲ ။ အရဲစွန့်ပြောရင်လည်း ဓားပြ တုတ်ပြလုပ်ဦးမှာ။

"အေးပေါ့လေ။ ငါ မပြောရဲတော့လည်း ဒီလိုပဲ ပ်ရတော့မှာပေါ့"

"ဆရာ့စကားကို နားထောင်စမ်းပါ . . . ဟဲ ဟဲ"

မီးခဲက လက်မထောင်၍ စပ်ဖြဲဖြဲလုပ်ပြသည်။

"ကဲ . . . ဒါဆို ခုပဲလစ်ကြစို့"

"အိုကေ"

နှစ်ယောက်သား အတိုင်အဖောက်ညီစွာ ရိုးတ
ခဲ့ကြသည်။ အိမ်ကိုရောက်တော့ အဆင်သင့်ပါပဲ။ သက်
ဆက်က ညွှန်းထဲမှာ ကြက်မွေးတစ်ချောင်းနှင့် သန့်ရှ
ရေးလုပ်နေသည်။ သနပ်ခါးပါးကွက်ကလေးနှင့် ဆံပင်
ကို ဖြန့်ချထားသော သက်ဆက်ကို မီးခဲပင် အတော်
ငေးယူရ၏။ သျှမ်း ရှူးမယ်ဆိုလည်း ရှူးလောက်စရာပါပဲ။

"သက်ဆက်"

"ဟင်"

သူတို့ကိုမြင်တော့ သက်ဆက် ထရပ်လိုက်သည်
ခြော် . . . တစ်ခါက ခြံဝမှာ သျှမ်းကို တကြော်ကြော်နဲ့
ခေါ်တဲ့ကောင်မလေးပါလားဟု ချက်ချင်းပဲ မှတ်မိ
သည်။

"ကြီးကြီးခင်ရှိလား"

"ရှိတယ်။ အပေါ်ထပ်တက်သွားတယ်။ သွား



ပေးရမလား"

"ရတယ် . . . နေပါစေ။ မီးခဲ ထိုင်လေ"

သျှမ်းက မီးခဲကို ထိုင်ခိုင်းလိုက်သည်။ သက်ဆက်
ခင်ထဲမှာ သူတို့ကိုကြည့်ပြီး ဘာဖြစ်သွားမှန်းမသိပါဘူး။
သူတို့နှစ်ယောက် ကြိုက်များနေကြသလားလို့ တွေးမိပြီး
ခမ်းနည်းသလိုလို ဘာလိုလို။ မီးခဲဆိုတဲ့ကောင်မလေးက လှ
တာကိုး။ သျှမ်း ရင်မခုန်ဘဲနေပါ့မလား။

"သက်ဆက်"

"ဟင်"

"ဒီကိုခဏလာပါဦးဟာ။ ဒီမှာ နင်နဲ့မိတ်ဆက်ပေး
ရလို့"

သက်ဆက် သူမနဲ့မိတ်မဖွဲ့ချင်ဘူးဆိုရင် ရိုင်းရာကျ
ဦးမယ်။ မိတ်ဆက်ပေးတာကို လက်ခံရင်လည်း သျှမ်းက သူ့
ညည်းစားရှေ့မှာ သက်ဆက်ကို ဒီအိမ်က အိမ်ဖော်မလေးပါ
လို့ ပြောပြီး မိတ်ဆက်ပေးမှာကို သက်ဆက် မခံစားနိုင်ပါ။
အိမ်ဖော်ဖြစ်ရတာကို ရှက်လို့မဟုတ်ပါဘူး။ သက်ဆက်ရှေ့
မှာ သျှမ်းက မီးခဲက သူချစ်သူပါလို့ပြောမှာကို မကြားရဲတာ။

"ဟ . . . မတ်တတ်မှေ့နေပြီလား။ လာလေဟာ"

သျှမ်းထဝ်ခေါ်မှပဲ သက်ဆက် သူတို့ရှေ့မှာ ဝင်ထိုင် ဖြစ်တော့သည်။

"ကဲ . . . မီးခဲ ဒါ ငါပြောပြောနေတဲ့ သက်ဆက်ရှင် ဆိုတာပဲ"

မီးခဲက ပြုံးလျက် . . .

"တွေ့ရတာ ဝမ်းသာပါတယ် သက်ဆက်။ သျှမ်းက သက်ဆက်အကြောင်းကို မကြာခဏ ပြောလွန်းလို့ မီးခဲ လည်း ခင်ချင်တာနဲ့ မိတ်ဆက်ပေးနိုင်းတာ"

"ဟင်"

သက်ဆက် သျှမ်းမျက်နှာကို လှမ်းကြည့်လိုက် တော့ မသိသလို စဝ်တည်တည်ပင်။

"သူက မီးမီးခဲတဲ့ သက်ဆက်။ ငါ့ရဲ့ငယ်သူငယ်ချင်း"

"မီးခဲက အရမ်းချစ်ဖို့ကောင်းတာပဲနော်"

"မြှောက်မနေပါနဲ့နော်။ သက်ဆက်ကမှ တကယ် လှတာ။ ဥမ္မာဒန္တီအတိုင်းပဲ။ အဲဒါကြောင့် သိဝိဘုရင်ကြီး ရူး မတတ်ဖြစ်နေတာ"

"မီးခဲ"

သျှမ်း ထိတ်ထိတ်ပျာပျာနှင့် တားလိုက်ပေမယ့် မရပေ။

"ဘယ်ကသိဝိဘုရင်လဲ မီးခဲရဲ့"

"ဒီမှာလေ . . . ဒီသိဝိဘုရင်ကြီးပေ့ါ။ အရှုးထောင် ၃ိရတော့မလားပဲ"

မီးခဲ အပြောကြောင့် သက်ဆက် ရှက်သွေးဖြာ သော မျက်နှာလေးနှင့် ခေါင်းငုံ့ထားလေသည်။ တော်တော် ဆိုးတဲ့ သျှမ်း။ သက်ဆက်အကြောင်းတွေကို မီးခဲဆီမှာ ဘယ်လောက်တောင် ဖွထားလဲမသိဘူး။ ရှက်လိုက်တာ။

"ရှက်မနေနဲ့ သက်ဆက်ရေ။ ဒီကောင် သက်ဆက် အကြောင်းပြောတာ နားပူလွန်းလို့ မီးခဲက လာပြီး အောင် သွယ်လုပ်ပေးတာ"

"အို . . . မီးခဲကလည်း"

သက်ဆက်မျက်နှာမထားတတ်အောင် ဖြစ်ပြီး ထ ပြေးသွားလေတော့သည်။ မီးခဲက သျှမ်းကို တံတောင်နှင့် တွတ်လျက် . . .

"ဟဲ့ . . . ရှက်သွားပြီ။ လိုက်ချော့လိုက်ဦး။ ငါ တာဝန်ကျေပြီ။ ပြန်တော့မယ်"

ပြောရင်း မီးခဲက အလိုက်တသိပြန်သွားလေသ

ဖြင့် သျှမ်း သက်ဆက်နောက်သို့ လိုက်ခဲ့တော့သည်။

"သက်ဆက်"

သျှမ်း သက်ဆက်အနားသို့ ရောက်သွားလေတော့ သက်ဆက်မှာ အိုးကိုင်ရတော့မလို၊ ပန်းကန်ကိုင်ရတော့မလို ဖြစ်နေသည်။ အရေးထဲ ဒေါ်ကြီးစုကလည်း အိမ်သာသွားလေရဲ့၊ သက်ဆက် သျှမ်းကို ရှောင်၍ထွက်ပြေးရန် ကြိုးစားလိုက်သည်။

"ဟိတ် . . . ဘယ်ပြေးမလို့လဲ"

"အို"

သျှမ်းကလည်း လျင်ပါသည်။ သက်ဆက်ပခုံးလေးကို လှမ်းဆွဲပြီး ဖက်ထားလိုက်၏။

"သျှမ်း . . . ဘာလုပ်တာလဲ ဖယ်နော်"

"ဟင့်အင်း . . . နင့်ကို ငါချစ်တယ်"

"မသိဘူး . . . ဖယ်နော် သျှမ်း"

"ချစ်တယ်လို့ပြော"

"မပြောဘူး"

"မပြောရင် တစ်ဆင့်တက်မှာနော်"

ငုံ့ကျလာသော သျှမ်းရဲ့မျက်နှာကို သက်ဆက်





ရှောင်လွှဲနိုင်စွမ်းမရှိပေ။ ပါးပြင်ဆီမှာ နွေးခနဲဖြစ်သွားခြင်းနှင့်အတူ ရင်ခုန်သံတွေကလည်း ကသောင်းကနင်းဖြစ်ကုန်သည်။

"သျှမ်း . . . ဖယ်ပါဆို။ တစ်ယောက်ယောက်မြင်သွားရင် ပြဿနာတွေ တက်ကုန်မယ်"

"နင် ငါ့ကိုချစ်တယ်လို့ ပြောလေ"

"အို . . . မပြောပါဘူး"

သျှမ်းက သက်ဆက်၏နောက်ဘက်သို့ ကြည့်ကာ မျက်လုံးပြူးလျက် . . .

"ဟာ . . . ကြီးကြီးခင်လာနေပြီ။ မြန်မြန်ပြောဟာ သက်ဆက်"

"ဟင် . . . နင် ဖယ်လေ"

"ဟာ . . . ချစ်တယ်လို့ မပြောရင်တော့ ကြီးကြီးခင်လာလည်း ငါ ရင်ဆိုင်မယ်။ လွှတ်မပေးနိုင်ဘူး"

"ဒုက္ခပါပဲ သျှမ်းရယ်။ ကဲ . . . ချစ်တယ် . . . ချစ်တယ် . . . လွှတ်တော့"

လွှတ်တော့ဆိုမှ သျှမ်းက ဟဲခနဲရယ်ကာ ပို၍ပင် တိုးဖက်ထားသေးသည်။

"လွှတ်တော့လေ . . . ကြီးကြီးခင်မြင်ရင် အဆူခံရ တော့မှာပဲ"

"အလကားပြောတာ ဘာကြီးကြီးခင်မှ မလာဘူး"

"ဟင် . . . သျှမ်း . . . လူလိမ် . . . ကဲ . . . လိမ်ဦး"

"အား"

သက်ဆက်က သျှမ်း၏ဗိုက်ကို လိမ်ဆွဲလေတော့ အားခနဲအော်ကာ သျှမ်းမျက်နှာလေးမှာ ရှုံ့မဲ့သွားလေ၏။ ချစ်သူပေးတဲ့ဒဏ်ရာက ပန်းနဲ့ပေါက်တာလောက် မနာပါဘူး နော်။

"သျှမ်း"

"အင်း . . . ပြော"

"နင် ချစ်တယ်လို့ပြောတာ ငါက ဘယ်နှယောက် မြောက်လဲ"

"နှစ်ဆယ့်သုံးယောက်မြောက်"

"ဘာ"

"ဟဲ . . . ဟဲ . . . ငါ တကယ်ချစ်တာက နင်တစ်ယောက်တည်းပါ"

"နင်နော် ရီးတီးယားတားမလုပ်နဲ့။ ဒါဘာလဲ



သိလား"

"သိတယ်လေ . . . ယောက်မ"

သက်ဆက်က ယောက်မကို ကောက်ကိုင်ပြီး ထောင်ပြလေသဖြင့် သျှမ်းက မျက်စိပြူးနှိုက်ပြလေသည်။

"ယောက်မတဲ့ မပိချင်ရင် သွားတော့"

ပြောရင်းက သက်ဆက်၏နဖူးလေးကို သျှမ်းက ငုံ့နမ်းလျက် အရမ်းချစ်တယ်ဟု တိုးတိုးလေးကပ်ပြောသွားလေသည်။ သက်ဆက် သူမ၏နဖူးလေးကို လက်နှင့်စမ်းရင်း တစ်ကိုယ်တည်းပြုံး၍ ကျန်ခဲ့တော့သည်။ အချစ်ဆိုတာ ပန်းပွင့်ပေါ်ကိုကျတဲ့ ပျားရည်တစ်စက်လိုပါပဲလား။ နူးညံ့ခြင်း၊ မွှေးပျံ့ခြင်း၊ ချိုမြိန်ခြင်းတွေနှင့်သာ . . .

## အခန်း ( ၂၄ )

ခွန်အား ဒီနေ့ သူမွေးနေ့မို့ ရွှေတိဂုံဘုရားပေါ်မှာ ပန်းကပ် ရေချမ်းကပ်နှင့် ဘုရားဖူးပြီး နိစာလည်း ကျွေးခဲ့သည်။ ဘုရားပေါ်က ပြန်ဆင်းလာတော့ လူတွေကရှုပ်နေ၏။ ဖိနပ်အပ်သည့်နေရာမှာ လူက ပိုရှုပ်သည်။ ခွန်အားက အပ်ထားတဲ့ဖိနပ်ကို ပြန်ယူမယ့်သူ။ သူလည်း ဝင်တိုးရတော့တာပါပဲ။ သူ့ဖိနပ်နံပါတ်ကို ပြလို့ ဟိုက ပြန်အပေး သူက အလှမ်းအယူ . . .

"ဟာ"





ခွန်အား၏လက်က တစ်ယောက်ယောက်ဆွဲခေါ်ရာနောက်သို့ ပါသွားလေသည်။ ဖိနပ်ကိုလည်း မယူဖြစ်ခဲ့။ လက်ကို လက်နှင့်ဆွဲခေါ်ခြင်းတော့မဟုတ်ပေ။ ဘယ်ကနေဘယ်လို ခွန်အားရဲ့ ဟမ်းချိန်းနဲ့ တစ်ဖက်က ကောင်မလေးရဲ့ အပေါ်အင်္ကျီလက်က ကြယ်သီးနဲ့ ချိတ်မိနေသည် မသိတော့။ ဆောင့်ဆွဲလိုက်ရင်လည်း သူ့ဟမ်းချိန်းပဲပြုတ်မှာ။ ရပ်ပြီး ဖြုတ်ရအောင်လည်း ကောင်မလေးက ပြေးနေဆဲ။

"ဟိတ် . . . ခဏ . . . ခဏ ရပ်ဦးလေ"

သူ့ခေါ်သံကို ကောင်မလေးက ကြားဟန်မတူပေ။ အရှိန်ကောင်းကောင်းနှင့် ပြေးနေဆဲမို့ ခွန်အား လုပ်မိလုပ်ရာပဲ ကောင်မလေး၏ လက်ကို လွတ်နေတဲ့လက်နှင့် ဖမ်းဆုပ်ထားလိုက်၏။ သူတို့အဖြစ်ကို တချို့ကကြည့်ပြီး ရယ်ကုန်ကြသည်။

"ဟော့ . . . ရပ်ဦးလို့ပြောနေတာ မကြားဘူးလား"

သူ ကောင်မလေးလက်ကို ဖိဆုပ်ထားလိုက်မှပဲ ရပ်သွားလေသည်။ ရုတ်တရက် ဆောင့်ဆွဲလိုက်တာမို့ ကောင်မလေးကိုယ်က သူ့ရင်ခွင်ထဲသို့ ယိုင်ကျလာလေ၏။

"ဟာ . . . ဘယ်လိုလုပ်တာလဲ"

သူပါ လဲမသွားအောင် ထိန်းလိုက်တော့ ကောင်မ လေးကို ဖက်ထားသလိုဖြစ်သွားလေလျှင် . . .

"ဖယ်ပါ"

ကောင်မလေးက သူ့ကို ဆောင့်တွန်းလိုက်သဖြင့် ခွန်အား ဒေါ်ပွသွားလေသည်။

"မင်းကိုဖက်ချင်လှလို့ ဖက်တယ်မထင်နဲ့။ ငါ့ဟာမ်း ချိန်းနဲ့ မင်းအင်္ကျီကကြယ်သီး ငြိနေတာ မမြင်ဘူးလား"

"မမြင်လို့ပေါ့ဗျ"

ကောင်မလေးက လက်နှစ်ချောင်း၏အဖြစ်ကို ငုံ့ ကြည့်ပြီး သူမ၏အင်္ကျီလက်ကို ဆောင့်ဆွဲလေလျှင် . . .

"ဖြည်းဖြည်းလုပ်လေကွာ။ ပြတ်သွားရင် မင်း လျှော်နိုင်လို့လား"

"ခင်ဗျားပစ္စည်းက ရွှေချိန်တစ်ပိဿာနဲ့လုပ်ထားလို့ လား။ ဟုတ်ရင်လည်း လျော်နိုင်တယ်"

သူက ဒေါသဖြစ်ဖြစ်နှင့်ပြောတော့ ကောင်မလေး ကလည်း ဆတ်ဆတ်ထိမခံပေ။ နှစ်ယောက်သားအကြည့် ချင်း ဆုံကြတော့ . . .

"ဟင် . . . မင်း"



"ခင်ဗျား"

လက်၏သံယောဇဉ်ကြိုးက ပြတ်တောက်သွားပြီမို့ နှစ်ယောက်သား နောက်သို့ တစ်လှမ်းဆုတ်ပြီးသား ဖြစ် သွားကြလေသည်။

"မင်းမှန်းသိရင် လက်ကို ရိုက်ချိုးပစ်လိုက်ပါတယ်"

"အောင်မာ . . . ချိုးကြည့်ပါလား။ မီးခဲအကြောင်း သိသွားမှာပေါ့"

ခွန်အား ကောင်မလေးရဲ့နာမည်ကြားရုံနှင့် ဖျားချင် ဝိတ်ပေါက်သွားလေသည်။ ခပ်စွာစွာပုံစံကိုကြည့်ပြီး ဖြူသွား သလိုရှိပေမယ့် သဘောကျသွားမိတာကလည်း အမှန်။ ကောင်မလေးကို ဘာကြောင့်မှန်းမသိ စချင်စိတ်က ပေါ်လာ သည်။ ဒါကြောင့် . . .

"နာမည်က မီးခဲလား"

"မီးမီးခဲ"

"ဪ . . . အဆိုတော်ကိုး။ ဘုရားပေါ်မှာ ရှိုးပွဲမရှိ ဘူးထင်တယ်"

"အဲဒါ ခင်ဗျားနဲ့ဘာဆိုင်လို့လဲ"

"ကိုယ်ကလည်း ဆိုင်တယ်လို့ မပြောမိပါလား။

ဒါနဲ့ နေစမ်းပါဦး။ ဘုရားပေါ်မှာ ခွေးပြေးဝက်ပြေး ပြေးနေတာ
ဘာဖြစ်လို့လဲ။ ဪ . . . သိပြီ။ မင်း သူများပိုက်ဆံအိတ်
အလစ်သုတ်လာတာပဲ ဖြစ်မယ်။ ဟုတ်တယ်မို့လား"

"ဘာဗျ"

မီးခဲ၏လက်သီးက ခွန်အား၏မျက်နှာတည့်တည့်
ဆီသို့ တန်းဝင်လာလေသည်။ ခွန်အားက သူမလက်ကို ဖမ်း
ဆုပ်ထားလိုက်ရင်း ပြုံးလိုက်သည်။

"မင်းမှ ဂျူဒိုတွေ၊ ကရာတေးတွေ တတ်တယ်လို့
မထင်နဲ့နော်။ မှားသွားမယ်"

"တောက်"

တောက်ခေါက်သံနှင့် မျက်စောင်းတစ်ချက်က
ရှေ့ဆင့်နောက်ဆင့်ပါ။ သူမက သူမ၏ လက်ကိုဆောင့်ရုန်း
လေသဖြင့် ခွန်အား အလိုက်သင့်ပဲ လွှတ်ပေးလိုက်သည်။

"မင်းကြားဖူးလား။ ကိုက်ချင်တဲ့ခွေး လူမလေးတဲ့
မင်းလက်သီးတရွယ်ရွယ်လုပ်နေတာကိုလည်း ဘယ်သူမှ
လေးစားမှာ မဟုတ်ဘူး"

"ခင်ဗျား"

"ရှင်လို့ပြောစမ်းပါ။ အဲဒါဆိုရင် နားထောင်လို့





ကောင်းချင်မလားပဲ"

"ဒီမှာ . . . ဦး . . ."

"ကိုယ့်နာမည် ခွန်အား။ နာမည်ကြားရုံနဲ့ အားရှိ
သွားတယ်မှတ်လား"

"သေလိုက်ပါလား"

ခွန်အား သူမမျက်နှာကို အတန်ကြာအောင် အကဲ
ခတ်ကြည့်လိုက်သည်။ စိတ်ဆတ်ပြီး ထက်ထက်မြက်မြက်
ရှိမယ့်ပုံပါပဲ။ ဆိုးတာက စွာနေတာပဲ။ သူမ ခြုံထားတဲ့ ဖား
တစ်ပိုင်း ငါးတစ်ပိုင်း အရေခွံကို လှန်ကြည့်လိုက်ရင် စိတ်ဝင်
စားဖို့အကောင်းသားပဲ။

"ဘာကြည့်တာလဲ"

"လှများလှသလားလို့"

"ဘာ"

"သေသေချာချာကြည့်တော့မှ မလှမှန်းသိတာ"

"တောက် . . . ဒီနေ့ ပြဿဒါးမလွတ်ဘူးထင်ပါရဲ့။
ဘယ်လိုလူနဲ့ လာတိုးနေမှန်းကို မသိဘူး"

"မင်းနဲ့ငါဆုံတာ နှစ်ခါရှိပြီနော်။ နောက်တစ်ခါဆုံ
ရင် ပြေပြေလည်လည် ဆက်ဆံတတ်အောင် မြန်မာ

ယဉ်ကျေးမှုသင်တန်းလေး ဘာလေး တက်ထားဦး ...
ကြားလား"

ဒေါ်သမျက်ဝန်းနှင့် နှုတ်ဆက်ကာ သူမက ရှေ့ဆ
လှည့်ထွက်သွားလေသည်။ သူ့လက်ကို ခွန်အား ငုံ့ကြည့်
လိုက်တော့ အကျီကြယ်သီးလေးက ဟမ်းချိန်းနှင့်လက်ကြား
မှ အောက်သို့ပြုတ်ကျသွားလေသည်။ ခွန်အား ကောက်ယူ
လိုက်ပြီး သူ့အကျီအိတ်ထဲသို့ ထည့်ထားလိုက်၏။ ချာတိတ်
နဲ့ သူ့ရဲ့တွေ့ဆုံခြင်း နှစ်ခါမြောက်အမှတ်တရပစ္စည်းလေး
ပေါ့။ ကံမကုန်ရင်တော့ ပြန်ဆုံကြတာပေါ့ချာတိတ်ရယ် ...





## အခန်း ( ၂၅ )

HAPPY WORLD မှာ မောင်နှမသုံးယောက်
သရဲရထားစီး၊ တိုက်ကားမောင်း ကစားနည်းမျိုးစုံ ကစား၍
ပျော်နေကြသည်။ ခွန်အား၊ သာယာနှင့် သက်ဆက်တို့
မောင်နှမသုံးယောက်စုံ၍ ပျော်ပျော်ရှိရတာ ဒါပထမဆုံး
အကြိမ်လေ။ ခွန်အားမှာအကြီးဆိုတော့ အငယ်တွေပူဆာသမျှ
လိုက်လုပ်ပေးနေရတာကိုပဲ ဝမ်းသာပီတိ ဖြစ်နေရှာသည်။

"ကိုကိုကြီး"

"အင်း . . . ဘာပူဆာဦးမလို့လဲ"

"မပူဆာပါဘူး။ သက်ဆက်တို့ မောင်နှမတွေ
အမှတ်တရဓာတ်ပုံရိုက်ရအောင်လို့ ပြောမလို့ဟာကို"

"ညီမလေးအကြံ ကောင်းတယ်။ ကျွန်တော်
လည်း ထောက်ခံတယ် ကိုကိုကြီး"

"ကဲ . . . သဘောဗျာ . . . သဘော"

သဘောဆိုတော့ ဓာတ်ပုံဆရာလိုက်ရာပြီး ဓာတ်... ရိုက်ကြလေသည်။ အစ်ကိုနှစ်ယောက်ကြားမှာ သက်... ပျော်လို့မဆုံးရှိနေ၏။ ဒီလိုအချိန်မျိုးလေးတွေကို ထာဝ... ပိုင်ဆိုင်ချင်ပါသည်။ ခုတော့ အိမ်ပြန်ရောက်ရင် မသိ... နှင့် ကိုယ့် idea နှင့်ကိုယ်နေကြရတာ ရင်မောလှပါ၏။

"အစ်ကိုတို့မောင်နှမတွေကိုကြည့်ပြီး ကျွန်တော် အားကျလိုက်တာ အစ်ကိုရာ။ တစ်ယောက်နဲ့တစ်ယော... သိပ်ချစ်ကြတာပဲနော်။ ကျွန်တော်တွေ့ဖူးတဲ့ ညီအစ်... မောင်နှမတွေများ မျက်နှာချင်းဆိုင်တာနဲ့ ရန်ဖြစ်ကြ... များတယ် အစ်ကိုရ"

ဓာတ်ပုံဆရာလေးက သူတို့ကိုကြည့်ပြီး အား... သလို ခွန်အားကို ပြောပြလေရာ ခွန်အား ပြုံးလိုက်မိ...

"ညီအစ်ကို မောင်နှမဆိုတာ မသေမချင်း အ... အခဲမှန်သမျှ လက်တွဲပြီးဖြေရှင်းကြရမှာပဲ မဟုတ်လား... ရန်ဖြစ်နေလို့ ဘာအကျိုးရှိမှာလဲ။ အတူတူရှိနေတုန်း အ...



...ခါမှာ ကြင်ကြင်နာနာနေကြတာ ကောင်းတာပေါ့"

"ကိုကိုကြီး"

"ဟင်"

သာယာက ခေါ်လေသဖြင့် ခွန်အားလှည့်ကြည့် ...ိုက်သည်။ သာယာက ရယ်ကျဲကျဲနှင့် ခွန်အား၏ ပခုံးပေါ် ...ို့မေးတင်ကာ . . .

"ပြောရမှာအားတော့နာသလိုပဲ . . . အဟွန်း"

"ပြောမှာသာ ပြောစမ်းပါကွာ။ ဘာလဲ . . . ပြော"

သာယာက ခွန်အားကို အားနာသလိုရှိနေသည်။ ...ကိုကြီးကို ပွတ်သီးပွတ်သပ်လုပ်နေသော သာယာကို ...ကြည့်၍ သက်ဆက်က နှာခေါင်းရှုံ့လေ၏။

"ဟင်း . . . တစ်သက်လုံးက သူများချွဲတာ ခံလာ ...ီး ခုမှ ယောကျ်ားကြီးတန်မဲ့ ပြန်ချွဲပြနေတာ ကြည့်လို့ ကောင်းဘူးနော်။ ပက်ကျိနဲ့တူတယ်"

"ညီမလေးနော် . . . နင်က အငယ်ဆုံးဆိုပြီး ချွဲလို့ ...လို့ ဒီစကားပြောနေတာလား။ ကိုကြီးက တစ်ခါမှ ဒီလို ...ဖူးတာ မဟုတ်ဘူး။ တွေ့တုန်းကြုံတုန်း ချွဲထားရတာ ဘာ ...ာလဲ။ နောက်ဆိုတာ ဘာမှမသေချာဘူး"

"ဟုတ်သားပဲ ညီမလေးရယ်။ သူ့ခမျာ ကလေး မလုပ်ဖူးဘူး ထင်ပါရဲ့။ ကဲပြော . . . ဘာလိုချင်လဲ၊ ဘာ ဖြစ်ချင်လဲ"

အစ်ကိုကြီး အဖရာဆိုတဲ့ရာထူးကို တစ်ချိန်က သာယာ ကျေပွန်စွာထမ်းဆောင်ခဲ့သလို အခုထိုတာဝန်ကို ကိုကိုကြီးက ပခုံးပြောင်း၍ ထမ်းနေပြီလေ။

"ဟိုလေ. . ညီ. . . ကန်တော်ကြီးဆိုတာကို တစ်ခါ မှ မရောက်ဖူးသေးဘူး ကိုကိုကြီးရဲ့ အဲဒါသွားချင်တယ်"

ခွန်အား ညီဖြစ်သူကိုကြည့်၍ သနားသွားရလေ သည်။ ကန်တော်ကြီးကို မရောက်ဘူးတဲ့ ညီလေး။ ငြော် ဘောသားလေးကိုး။ ဘယ်ကိုရောက်ဖူးမှာတဲ့လဲ။

"ကန်တော်ကြီးတင် မဟုတ်ဘူး။ ဒီနေ့ တစ်နေကုန် လျှောက်လည်မယ်။ ညီ မရောက်ဘူးတဲ့နေရာတွေကို ကိုကိုကြီး အကုန်လိုက်ပို့မယ် . . . ဟုတ်ပြီလား"

"ကိုကိုကြီးကို ပိုချစ်သွားပြီဗျာ"

ပြောလည်းပြော သာယာက ခွန်အား၏ပါးတစ် ဖက်ကို နမ်းလိုက်လေလျှင် သက်ဆက်က တစ်ခါ ခွန်အား ဘေးသို ရောက်လာပြီး . . .



"ဟိတ် . . . ကိုကြီး တစ်ဖက်ပဲနမ်းနော်။ တစ်ဖက် ကို ချန်ထား"

"ဘာဖြစ်လို့လဲ"

"ဟင် . . . ညီမလေး နမ်းဖို့ပေါ့"

အပြုံးပေါ် အရယ်ဆင့်လို့ ဟောဒီကမ္ဘာမှာ သူတို့ လောက် ပျော်နိုင်တဲ့သူ ရှိပါ့မလားဟုတောင် ထင်မှတ်ရ လေသည်။

"ကိုကိုကြီး"

"ဟေကွာ"

"ကိုကိုကြီး မိန်းမရရင် အဲဒီကောင်မလေးကို မင်္ဂလာလက်ဖွဲ့ပစ္စည်းအဖြစ် ထည့်ပေးလိုက်မယ်။ ခေါ်သွား သိလား"

"မခေါ်ချင်ပါဘူးကွာ။ ဒီကောင်မလေးက အစား ကြီးတယ်ကွ။ ငါပါရောပြီး မိန်းမ မသာထာရေစာ စားနေရ မယ်ကွ"

"ဟာ . . . ကိုကိုကြီးကလည်း စိတ်ကူးလွဲပြန်ပြီ။ သူ့ကိုခေါ်သွားတော့ ကလေးထိန်းခိုင်းလို့ ရတာပေါ့ဗျ"

"အေး . . . ဒါလည်း ဟုတ်တာပဲနော်။ ခေါ်မယ်

ခေါ်မယ်"

ညီအစ်ကိုနှစ်ယောက် ဝိုင်းစလေတော့ သက်ဆက်က နှုတ်ခမ်းလေးစူ၊ ခြေကလေးဆောင့်လျက်နှင့် . . .

"အောင်မာ . . . မလိုက်ပါဘူးနော်။ ရုပ်ကိုကြည့်ကလေးထိန်းမယ့် ရုပ်လားလို့။ လိုက်ချင်းလိုက် ကိုကြီးမိန်းမရရင်ပဲ အတူလိုက်နေမှာ။ ဘာလို့လဲ သိလား။ ဟွန်း . . . အခန့်သားကြီးထိုင်ပြီး ယောက်မကို ဩဇာအာဏာတွေပေးမလို့"

"ပေးရပါလိမ့်မယ် အားကြီး။ ငါက မိန်းမ မယူဘူးနော်။ မေမေ့ကိုပဲ လုပ်ကျွေးမှာ သိလား"

ခွန်အားက သာယာခေါင်းကို ပုတ်ကာ . . .

"အစားကိုသာ ကုန်အောင်စား၊ စကားကို ကုန်အောင်မပြောရဘူးကွ"

သာယာက လျှာကိုတစ်လစ်လုပ်ပြလေ၏။ ခွန်အား၏လက်မောင်းကို ဘယ်တစ်ယောက် ညာတစ်ယောက်အားကျမခံ ဖက်တွယ်၍ လျှောက်လာကြစဉ် . . .

"ဟိတ် . . . ခွန်အား"

ခေါ်သံကြောင့် ဖြိုင်တူလှည့်ကြည့်ကြလေလျှင်





"မြတ်သွယ်"

"ဟုတ်ပါ့"

မြတ်သွယ်က သူတို့ရှေ့မှာရပ်လျက် မျက်နှာတစ်ခုချင်းစီကို လိုက်ကြည့်လေသည်။ သာယာထံမှာ အကြည့်ကို ရပ်ထားလိုက်တော့ သာယာက ပြန်ပြုံးပြလေ၏။

"ဘယ်လိုလဲ နောက်ထပ်မတွေ့နိုင်တော့ပါဘူးဆို။ ခု တွေ့ပြီ"

"ကျွန်တော်က ထင်မထားလို့ပါ မမ"

"အဲဒါကြောင့်ပြောတာ စကားကိုအကုန် မပြောရဘူးကွ"

သာယာရုက်သွားဟန်နှင့် လည်ပင်းကိုလက်နှင့်ပွတ်လေလျှင် သက်ဆက်က မျက်စောင်းလှမ်းထိုးလေ၏။ ခွန်အားက မြတ်သွယ်နှင့် ညီလေးစကားပြောတာ ရင်းရင်းနှီးနှီး ရှိလှချေလားလို့တွေးရင်း . . .

"မြတ်သွယ်နဲ့ ညီက သိနေကြတာကိုး"

"သိဆို . . . ခွန်အားနဲ့ လူမှားရင်း သိသွားကြတာလေ။ နင်မှတ်လို့ ငါလည်း သူ့ကျောကုန်းကို ထုရိုက်တာ သောက်နေတဲ့ ကော်ဖီတွေ ပြန်အန်ထွက်ကုန်တာလေ"

တစ်ခါက အဖြစ်အပျက်ကို ပြန်တွေးမိပြီး မြတ်သွယ်ရော သာယာပါ ပြုံးစိစိ။ ခွန်အားက သူတို့နှစ်ယောက်ကို တစ်လှည့်စီကြည့်ကာ ခေါင်းတဆတ်ဆတ် ညိတ်လေတော့၏။

"လက်စသတ်တော့ ဇာတ်လမ်းက ဒီလိုတောကိုး"

"ခွန်အားနော် . . . ဘာဇာတ်လမ်းလဲ။ ငါတို့က ရိုးရိုးသားသား"

"ငါက ဆန်းပြားတယ်လို့ ပြောနေလို့လားဟာ"

မြတ်သွယ်က ဆရာဝန်မငီငီ ဣန္ဒြေကြီးသူမို့ ခွန်အား ဆက်မစရဲတော့ပါ။ ဆက်စရင် အချက်မပြဘဲ ထွက်ပြေးသွားတော့မှာကို သိနေသည်လေ။

"နင်တို့နှစ်ယောက် တစ်နည်းနည်းနဲ့ ပက်သက်နေမယ်ဆိုတာ ငါထင်တော့ထင်သားပဲ"

"ဟုတ်တယ် . . . သာယာက ငါ့ညီလေ။ ဒါပေမယ့် နင် မာမီ့ကိုတော့ သွားမပြောနဲ့နော်။ မာမီသိလို့ မဖြစ်ဘူး"

"ငါ နားလည်ပါတယ်ဟယ်"

"ခု နင် ဘယ်ကိုလာတာလဲ"

"ငါလည်း အနားယူချင်တာနဲ့ ဒီကိုထွက်လာတာ"





"ဒါဆို တို့နဲ့လိုက်ခဲ့ပါလား။ တို့လည်း လျှောက်လည်ကြတာဟ"

သက်ဆက်က ခွန်အား၏လက်မောင်းကို ခပ်ဖိဖိလေး ဆိတ်ဆွဲလိုက်သဖြင့် ခွန်အားမျက်နှာ မဲ့တဲ့တဲ့ ဖြစ်သွားလေ၏။ ဒါကို မြတ်သွယ်ကလည်း ပါးနပ်သူမို့ သိပါသည်လေ။

"မလိုက်တော့ပါဘူးဟာ။ တစ်ယောက်တည်းပဲ အေးအေးဆေးဆေး လည်တော့မယ်။ သွားတော့မယ်နော်"

"အိုကေ . . . ဆီးယူ"

နှုတ်ဆက်ပြီး မြတ်သွယ် ထွက်သွားလေတော့ သက်ဆက် အစ်ကိုနှစ်ယောက်ကြားသို့ဝင်ကာ လက်နှစ်ဖက်က အစ်ကိုနှစ်ယောက်၏ လက်မောင်းကို လိမ်၍ မိတ်ဆက်လေတော့သည်။

"အား"

"သေပါပြီ"

"ဘာဖြစ်တာလဲ ညီမလေးရာ"

"ဘလိုင်းကြီးပါလားဟ"

လိမ်ဆွဲလိုက်သော သက်ဆက်ရဲ့ လက်တွေကို

တစ်ယောက်မှ ဖယ်ရှုခြင်း မပြုပါချေ။ တွန့်လိမ်၍သာ တောင့်ခံနေကြ၏။

"ကဲ . . . မှတ်ပြီလား။ ပြောတော့ဖြင့် လူပျိုကြီးတွေပဲ လုပ်ကြမတဲ့။ ခု ကြည့်စမ်း၊ ဟိုမကိုလည်း မြင်ရော တစ်ယောက်ကလည်း မျက်နှာပိုး မသေဘူး။ ရုက်မျက်နှာကြီး တဝဲဝဲနဲ့၊ ဟိုတစ်ယောက်ကလည်း စကားတွေကို ရွှန်းရွှန်းကိုဝေနေတာပဲ"

"ကိုကိုကြီးက သူနဲ့သူငယ်ချင်းလေ ညီမလေးရဲ့"

သက်ဆက် မျက်စောင်းက သာယာ့ဘက်သို့ လှည့်လာသဖြင့် သာယာ ခပ်ကုပ်ကုပ်ကလေး ခေါင်းငုံ့နေရ၏။ ကြောက်လို့တော့မဟုတ်ပါဘူး . . . ချစ်လို့လေ။

"ကိုကြီး"

"ဗျာ"

"ကြပ်ကြပ်သတိထား"

"ဟုတ်ကဲ့ခင်ဗျာ"

သက်ဆက် ခြေဆောင့်၍ထွက်သွားတော့ သာယာ ဟဲခနဲရယ်ကာ ကိုကိုကြီးနှင့် လိုက်ခဲ့ရတော့သည်။

"မင်းကလည်း မင်းပဲ"

ရွှေသော



## အခန်း ( ၂၆ )

ဦးဇေလင်းမောင် သားသမီးတွေ၏ ဓာတ်ပုံကို ကြည့်ကာ ပြုံးမိလေ၏။ ခု သူ့အနားမှာ သားတွေရော သမီးပါရှိနေပြီ။ ခုလိုဖြစ်အောင် စီမံပေးခဲ့တဲ့ သားကြီးကို ကျေးဇူးတင်ရမှာ။ သားငယ်ကိုတော့ ခင်လွန်းသိမှာစိုးလို့ မတွေ့ရသေးပါဘူး။ ဒါပေမယ့် အနီးအနားမှာ ရှိနေတယ်ဆိုတဲ့စိတ်နဲ့ ဖြေသိမ့်လို့ရပါသေးသည်။

"သား"

"ဗျာ . . . ဒယ်ဒီ"

ရွှေသော

"သားကို ဒယ်ဒီ အရမ်းကျေးဇူးတင်ပါတယ်"

"မလိုပါဘူး ဒယ်ဒီရယ်။ သား နှလိုလုပ်ပေးတာ ဒယ်ဒီ့ဆန္ဒကို ဖြည့်ဆည်းပေးရုံသက်သက် မဟုတ်ပါဘူး။ သားကိုယ်တိုင်က သွေးဆိုတဲ့အသိနဲ့ လိုလိုချင်ချင် လက်ခံခဲ့တာပါ။ သား . . . ညီနဲ့ညီမလေးကို အရမ်းချစ်ပါတယ် ဒယ်ဒီ"

ဦးဖေလင်းမောင် ဝမ်းသာလွန်းလို့ မျက်ရည်များ ပင် လည်ရလေ၏။ သူ့အပေါ်မှာ အင်မတန်မှသိတတ် နားလည်လွန်းသော သားရယ်ပါ။

"ဒယ်ဒီ သားကိုပြောစရာရှိတယ်ဆို"

"ဟုတ်တယ် သား"

"ဒါဆိုပြောလေ"

ဦးဖေလင်းမောင်က ဓာတ်ပုံလေးကို သိမ်းဆည်း လိုက်သည်။ ဒီဓာတ်ပုံက သေသေချာချာသိမ်းမှ ဖြစ်မည် လေ။ မတော်လို့ ခင်လွန်း တွေ့သွားရင် ကံကြမ္မာက သူတို့ ကို မျက်နှာသာပေးမှာ မဟုတ်ဘူး။

- "သားရဲ့ အသက်မငယ်တော့ဘူးနော်"

ဒယ်ဒီ ဘာကိုပြောချင်တာလဲ။



"ဒယ်ဒီကလည်း သားရဲ့အသက်ကို ရန်ရှာပြန်ပြီ"

"ရန်ရှာတာ မဟုတ်ဘူး သား။ ကံကြမ္မာဆိုတာ ကိုယ်မြင်နိုင်တာ မဟုတ်ဘူး။ ဖေဖေ မျက်ကွယ်မပြုခင်မှာ သားကို အိမ်ထောင်ရက်သားကျပြီး ဘဝအခြေတကျနဲ့ မြင်သွားချင်တာ"

ခွန်အား မျက်ခုံးနှစ်ဖက် မြင့်တက်သွားလေ၏။ ဇာတ်လမ်းက စလုံးရေ စလာပြီ။ မိန်းမပေးစားဖို့ ပြောဦး မလားပဲ။

"ဒယ်ဒီ သားအတွက် ရှာတွေ့ထားလို့လား"

"သားက အမွေးမြင်တာနဲ့ အပင်ကိုသိနေတာပဲ"

"ဒယ်ဒီ့စကားကို ဆက်စပ်ပြီး တွေးကြည့်တာပါ"

ဦးဖေလင်းမောင် ခေါင်းတစ်ချက် ညိတ်လိုက်ကာ

"ဟုတ်တယ် သား။ ဒယ်ဒီ့သူငယ်ချင်းရဲ့ သမီး လေးပဲ။ သူနဲ့ဒယ်ဒီ အရင်ကတည်းက ပြောထားကြတာ"

"ဗျာ"

အရင်ကတည်းက ပြောထားတယ်ဆိုတဲ့ စကား က ခွန်အားကို ချုပ်ပြီး တုတ်နှင့် ရိုက်လိုက်သလိုပါပဲ။ ငြင်း လိုက်ရအောင်ကလည်း reason က မရှိ။

"ဘယ်လိုလဲ သား။ ဒယ်ဒီစကားကို သား နား ထောင်မှာလား"

"လူချင်း တစ်ယောက်နဲ့တစ်ယောက် မမြင်ဘူးသဲ နဲ့ သား ဘယ်လိုလက်ခံရမလဲ ဒယ်ဒီ"

"လာမယ့်ဆန်းဒေးမှာ ဒယ်ဒီ သူတို့မိသားစုကို ထမင်းစားဖိတ်ထားတယ်။ သား အဲဒီအခါကျမှ အဆုံး အဖြတ်ပေးပေါ့"

"ဘာတွေကို အဆုံးအဖြတ်ပေးခိုင်းနေတာလဲ ကိုဇေ"

အသံနှင့်ထပ်တူဝင်လာသူက ဒေါ်ခင်လွှန်းကြင်။ ဖြည်းဖြည်းချင်း လျှောက်လာပြီး ခင်ပွန်းနှင့်မျက်နှာချင်းဆိုင် မှာ ဝင်ထိုင်လိုက်သည်။ အခြားနေရာမှာ ဘယ်လောက်ပဲ စိတ်ညစ်စရာရှိခဲ့ ရှိခဲ့ ဦးဇေလင်းမောင်၏ ရှေ့သို့ ရောက် လျှင် အမြဲတမ်း ပြုံးရွှင်နေတတ်သော ဒေါ်ခင်လွှန်းကြင်ပါ။

"ကဲ . . . စကားဆက်ပါဦး"

ဦးဇေလင်းမောင်က ခင်လွှန်းကို တစ်ချက်ငဲ့ကြည့် လျက် . . .

"သားကို မိန်းမပေးစားမလို့ ပြောနေတာ"



ဒေါ်ခင်လွှန်းကြင်၏ နှုတ်ခမ်းမှာ ပြုံးယောင်သမ်း သွားလေ၏။ သူမကလည်း ဒီကိစ္စအတွက်ပဲ ပြောမလို့လာ ခဲ့တာ။ ဒါပေမယ့် . . .

"ဒါဆိုရင် ကိုဇေက ခင်လွှန်းထက် ခြေတစ်လှမ်း ဦးသွားပြီ"

ခွန်အား ဒယ်ဒီမျက်နှာကိုတစ်လှည့် မာမီမျက်နှာ ကိုတစ်လှည့် ကြည့်လိုက်မိသည်။ ဒယ်ဒီက သူ့သူငယ်ချင်း ရဲ့သမီးဆိုတော့ မာမီ မသိနိုင်ပေ။ ဘာကြောင့်လဲဆို ဒယ်ဒီ က သူငယ်ချင်းတွေကို မာမီနှင့်စိတ်လိုလက်ရ မိတ်ဆက် ပေးတာမျိုးမရှိချေ။ ဒါကြောင့် မာမီက အခြားတစ်ယောက် ဖြစ်နိုင်သည်။ ခွန်အားတော့ အချစ်နှက်ရကြားက ကိုယ် ဖြစ် တော့မလား။

"မင်းကရော သားနဲ့သင့်တော်မယ့် မိန်းကလေး တွေ့ထားလို့လား"

"အင်း . . . တွေ့ထားတာပေါ့။ ခင်လွှန်းရွေးချယ် ထားတဲ့ မိန်းကလေးက ဆင်းရဲပေမယ့် ရိုးသားအေးချမ်း တယ်။ အိမ်ရှင်မပီသပြီး အိမ်ထောင်မှုကို ထိန်းသိမ်းနိုင်မယ့် မိန်းကလေးမျိုးပဲ"

ပွဲကတော့ ကြည့်ကောင်းဦးတော့မည်။

"ဒါဆိုရင် ကိုယ်တစ်ကိုယ်ကောင်းမဆန်ပါဘူး။ နှစ်ယောက်တည်းက တစ်ယောက်ကို သား စိတ်ကြိုက် ရွေးချယ်ပါစေ"

"ကျွန်မ သဘောတူတဲ့မိန်းကလေးက အချိန်တွေ ယူပြီး အကဲခတ်လေ့လာနေစရာမလိုပါဘူး။ နေ့တိုင်းမြင် နေကျပါ"

"ဘယ်လို"

"ဟင်"

ဦးဇေလင်းမောင်နှင့် ခွန်အား အကြည့်ချင်း ဆုံသွားကြလေသည်။ ဘယ်သူလဲဟု အပြေးအလွှား စဉ်းစားရင်း မဟုတ်ပါစေနဲ့ဟူ၍လည်း ဆုတောင်းနေရသည်။

"မင်း . . . မင်းပြောတာ ဘယ်သူလဲ ခင်လွှန်း"

"အခြားသူမဟုတ်ပါဘူး။ သက်ဆက်လေ"

"ဘာ"

"ဟာ"

သားအဖနှစ်ယောက်စလုံး၏မျက်နှာမှာ ချက်ချင်းပဲ လေပုပ်ဖမ်းထားသည့်နှယ်။ ရွှေးမှရွှေးတတ်လေပါ။ အလို





လိုနေရင်း ကျားချောင်းခံရတော့မည်။ မိုးတွင်းများသာဆို လျှင် မိုးကြိုး ချက်ချင်းအပစ်ခံရမယ့်ကိန်းပဲ။

"သား လက်မခံနိုင်ဘူး မာမီ"

"ဘာဖြစ်လို့လဲ သားရဲ့။ သက်ဆက်နဲ့သားက ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင်လည်း ရှိကြတဲ့ဟာကို။ သား ဘာကိုသဘောမကျတာလဲ"

"ကျစ်"

ခွန်အား ဒီနေရာကနေ ထပြီးသာပြေးလိုက်ချင် တော့၏။

"သားနဲ့သက်ဆက်က ဘယ်လိုမှ မဖြစ်နိုင်ဘူး မာမီ။ သားတို့က မောင်နှမလို ခင်ခင်မင်မင်နေကြတာ"

"နောက်တော့လည်း အရောင်ပြောင်းသွားမှာပေါ့ သားရယ်"

"ဘယ်တော့မှ အရောင်ပြောင်းလို့မရဘူး မာမီ။ သား ဒယ်ဒီ့စကားကို နားထောင်ဖို့ဆုံးဖြတ်ပြီးပြီ။ သားက ဆုံးဖြတ်ပြီးရင် ပြန်မပြင်တတ်ဘူးဆိုတာ မာမီလည်း သိသားနဲ့"

ဦးဇေလင်းမောင် သားကို ယုံကြည်ပါသည်။ ဒီ

အခက်အခဲကို သား ဖြေရှင်းနိုင်မှာပါ။ ဒါကြောင့် ဘာစ မှ မပြောတော့ဘဲ ခေါင်းရှောင်နေလိုက်၏။ အဖြစ်မှန် သာ ခင်လွှန်းသိလို့ကတော့ နလုံးခုန်ရပ်သွားနိုင်သည်

"သားက သားဒယ်ဒီရဲ့ဆန္ဒကို ဦးစားပေးတာ

"သားကိုယ်တိုင် လိုလိုချင်ချင်နဲ့ လက်ခံတာ မာမီ"

"အဲဒီမိန်းကလေးကို သား မြင်ဖူးပြီးပြီလား။ သူ့ အကြောင်းကိုရော လေ့လာထားပြီးလို့လား"

မှသားမပါ လက်ာမချောဆိုသလို ဒီလက်ာချော အတွက မှသားကို ခရုန္နကစားသလို လက်ပြောင်းလက် လုပ်ရတော့မည်သာ။

"သား အားလုံးလေ့လာပြီးပါပြီ မာမီ။ သားကိုယ် တိုင် နှစ်ခြိုက်သဘောကျလို့ ခေါင်းညိတ်လိုက်တာပါ"

"ဒါဆိုလည်းပြီးတာပဲလေ။ သား သဘောကျရင် မာမီက ဘာမှမပြောလိုက်တော့ပါဘူး"

ဦးဇေလင်းမောင် ခုမှပဲ ရင်ထဲမှာဆို့နေသော အလုံးကြီးကျသွားလေတော့၏။ ဒီပြဿနာက ကျားခေါင်း ကို သန်းရှာရသလိုပါပဲ။ ဒေါ်ခင်လွှန်းကြင် သူမ၏အလို

•———ရွှေငသော———•



ပြည့်သောကြောင့် အခန်းထဲမှ ပြန်လည်ထွက်ခွာသွား လျှင် ဦးဇေလင်းမောင်နှင့် ခွန်အား တစ်ဦးကိုတစ်ဦး ကြည့်လျက် ပြိုင်တူ သက်ပြင်းချမိတော့သည်။

"သားတော့ မာမီ့ကို အကျိုးအကြောင်းရှင်းပြပြီး နှင့်ပြောလိုက်ချင်ပြီ ဒယ်ဒီရယ်"

"မဖြစ်ဘူး သား။ ဒယ်ဒီနဲ့ပတ်သက်လာရင် သားရဲ့ မာမီက ကျားရိုင်းတစ်ကောင်လိုပဲ။ ကျန်တဲ့အချိန်မှာ နူးညံ့ သိမ်မွေ့ပေမယ့် အချစ်နဲ့ပတ်သက်လာရင် အတ္တကြီးတယ်။ ဒယ်ဒီ့ဆီကအချစ်ကို သူ မရခဲ့သလို ဘယ်သူမှမရစေရဘူး လို့ ကြွေးကြော်ထားတဲ့သူလေ။ ဒါကြောင့် ဒယ်ဒီ ဒယ်ဒီရဲ့ မိသားစုနဲ့ပတ်သက်ပြီး သူ့ရှေ့မှာ ဘာတစ်ခွန်းမှ မဟခဲ့ဘူး။ မဆိုင်တဲ့သူတွေကို သွားပြီး ဒုက္ခပေးမှာစိုးလို့လေ"

"မာမီက ဒီလောက်တောင်ပဲလား ဒယ်ဒီ"

ဦးဇေလင်းမောင်၏ မျက်ဝန်းနှင့်နှုတ်ခမ်းတို့မှာ နာကျင်ကြေကွဲရိပ်တို့ ကူးလူးပျံသန်းနေကြသည်။

"ဒယ်ဒီ သူ့မေတ္တာရိပ်ကနေ ဒုတိယအကြိမ် ထွက် ခွာသွားခဲ့ရင် ကျူပင်ခုတ် ကျူငုတ်မကျန်အောင် ဒယ်ဒီရဲ့ မိသားစုအားလုံးကို အပြတ်ရှင်းပစ်မယ်လို့ ကြိမ်းဝါးခဲ့တာ

•———ရွှေငသော———•

သူပဲလေ။ ဒါကြောင့် ဒယ်ဒီအသက်ရှင်လျက်နဲ့ ဘဝ အဓဲသ ခံခဲ့တာ"

"ဒယ်ဒီရယ်"

ခွန်အား ဒယ်ဒီ့ကို သနားလွန်း၍ ခေါ်တိုးတိုးညည်းသွားလိုက်သည်။ နှင်းတွေဝေတဲ့အချိန်၊ သစ္စတ်ပန်းတွေကို မြင်တိုင်း ဒယ်ဒီငိုခဲ့တာကို အရင်က အပြစ်တစ်ခုအဖြစ် မြင်ခဲ့ပေမယ့် ခုတော့ ခွန်အား နားလည်သွားပါပြီ။ ဒယ်ဒီ့ခမျာ တော်တော်ခံစားနေရရှာမှာပဲ။

"သူက ချစ်ပဲချစ်တတ်တာပါ။ အချစ်ဆိုတဲ့အရာကို နားလည်နိုင်ဖို့ မကြိုးစားဘူး။ ဒါကြောင့်လည်း သူ့အချစ်တွေက ကြာလေလေ ရေပေါ်ဆီဖြစ်သွားတာပဲ။ သူ ဘယ်လောက်ပဲလိုက်ရောရော ဒယ်ဒီ့နှလုံးသားက သူ့ကို သပ်သပ်ဘေးဖယ်ထားမိတာ ဒယ်ဒီ့မှာ အပြစ်ရှိသလား သား"

"ဒဿဘီလူးဟာ သီတာဒေဝီကို ဘယ်လောက်ပဲ ချစ်ပြချစ်ပြ သူ့ရဲ့အတ္တဆန်တဲ့ ပိုင်ဆိုင်လိုမှုတွေဟာ ခပ်ကြမ်းကြမ်းဖြစ်နေတော့ သနားစရာကောင်းတာ မှန်ပေမယ့် လူတွေ့က မုန်းကြတာပဲ မဟုတ်လား ဒယ်ဒီ"

"မှန်တာပေါ့ သားရယ်။ ဒယ်ဒီကတော့ လက္ခဏာ

ရှုမဝသာ



လိုပဲ စွန့်လွှတ်အနစ်နာခံခြင်း အချစ်မျိုးနဲ့ပဲ ဆောင်းအပေါ် ချစ်ပြခဲ့တာ"

နှစ်ဦးသားစကားသံတွေက တိတ်ဆိတ်သွားလေသည်။ အတွေးကိုယ်စီနှင့် ငြိမ်သက်နေကြခြင်းပါ။

အနေကွာဝေးနေကြပေမယ့် နှလုံးသားချင်းကတော့ အမြဲတမ်း လက်တွဲမဖြုတ်ပါဘူး ဆောင်းရယ်။ ဖေဖေ ထောင်းလို့ ဘဝပြောင်းခဲ့ရင်တောင် သစ္စာနဲ့ ဝိညာဉ်ကို ချည်နှောင်ပြီး ဆောင်းရဲ့ဘေးမှာ ထာဝရပဲပျံ့ခွင့်ပေးခဲ့ဦးမှာပါ။

ခွန်အားရင်ထဲမှာလည်း ဒယ်ဒီနဲ့ ပတ်သက်ပြီး ဒေါ်စပ်ခဲ့ရတဲ့ ညီနဲ့ညီမအတွက် အရာရာကို ရင်ဆိုင်ဖို့ ခွန်အားတွေ အပြည့်ရှိနေသည်။ မဖြစ်မနေ ရွေးချယ်ရတော့မယ့် အိမ်ထောင်ဖက်ဟာ ဘာကြီးပဲဖြစ်နေ ဖြစ်နေ သူ လက်ထပ်ဖို့ဆုံးဖြတ်လိုက်သည်။ ကိုယ့်စေတနာမေတ္တာတွေ မှန်ကန်ခဲ့လို့ ဇနီးကောင်းမဟုတ်တောင် ဇနီးဆိုးတော့ မဖြစ်နိုင်ဘူးလို့ သူ ယုံကြည်ပါ၏။ ပြီးတော့ ဒယ်ဒီ ရွေးချယ်ပေးတဲ့လမ်းဟာ သူ့အတွက် ရွှေလမ်းငွေလမ်းပဲဖြစ်မှာပါ။

"သား"

"ဗျာ . . . ဒယ်ဒီ"

ရှုမဝသာ

"ဒယ်ဒီ ရွေးချယ်ပေးတဲ့ အိမ်ထောင်ဖက်ကို သား တကယ်ပဲ လက်ခံတာလား"

"သား တကယ်လက်ခံလိုက်တာပါ ဒယ်ဒီ"

"ဘာကြောင့်လဲ"

"မာမီ သံသယတွေနဲ့ ခြံခတ်ထားမှာကို မလိုလားလို့ပါ"

ဒါမှန်တယ်လေ။ နှစ်ယောက်စလုံးကို လက်မခံရင်လည်း သူသာ သားမိုက်။ ပြီးတော့ ညီမလေးနဲ့ ရင်းရင်းနှီးနှီးနေတာကို သံသယက ဖြစ်ဦးမည်သာ။

"ဒယ်ဒီ ရွေးချယ်ပေးတဲ့ မိန်းကလေးကို သား မနှစ်သက်ရင်ရော"

"သားရဲ့ကုသိုလ်ပေါ့ ဒယ်ဒီ။ ဒယ်ဒီတောင် ကလေးတွေကို ငဲ့ပြီး ဒီရိဝ်မြုမှာ ဒယ်ဒီ့ဘဝကို မြှုပ်နှံတာမဟုတ်လား။ အစ်ကိုကြီး အဖအရာဆိုတဲ့စကားအရ သားလည်း ဒယ်ဒီ့အမွေကို ဆက်ခံမှာပါ။ ပြီးတော့ ဒယ်ဒီက ခဲမှန်ဖူးတဲ့ တသူငယ်လေ။ နှလုံးသားချင်း ကိုယ်ချင်းစာပြီး သား မနှစ်သက်နိုင်တဲ့ပုံစံမျိုးကို ဒယ်ဒီ ရွေးချယ်မှုမဟုတ်ဘူးလို့ သား ယုံတယ်"





အမြော်အမြင်ကြီးလှသော သားကို ဦးဇေလင်းမောင် မချီးကျူးဘဲ မနေနိုင်ပါ။

"သား တော်ပါတယ်။ ဒယ်ဒီကလည်း သား ချစ်နိုင်မယ့် မိန်းကလေးမျိုးကိုပဲ ရွေးချယ်ထားတာပါ"

"သား . . . ချစ်နိုင်မယ်လို့ ဘာလို့ဒယ်ဒီ အတပ်ပြောနိုင်တာလဲ"

"ဒါကြောင့်ပေါ့ သားရယ်"

ဒယ်ဒီဆုပ်ထားသောလက်ကို ဖြန့်ပြလိုက်တော့ ဒယ်ဒီ့လက်ဝါးထဲမှာ ကြယ်သီးလေးတစ်လုံး။ ထိုကြယ်သီးလေးကို ခွန်အား အမှတ်တရ လက်စွပ်ထည့်တဲ့ဘူးလေးနဲ့ ထည့်သိမ်းထားခဲ့တာ ဒယ်ဒီ ဘယ်လိုတွေ့သွားပါလိမ့်။

"ဒါ . . . ဒါကို ဒယ်ဒီ ဘယ်လိုတွေ့လာတာလဲ ဟင်"

"ဒါ . . . သားသိမ်းထားတဲ့ကြယ်သီးမဟုတ်ပါဘူး"

"ရှာ"

ဦးဇေလင်းမောင် သားကို ပြုံးပြုံးကြီးစိုက်ကြည့်ကာ . . .

"ဒယ်ဒီ့သား ရှုံးတယ် . . . ရှုံးတယ်နဲ့ ဒယ်ဒီ

တအုပ်တွေရှာရင်းနဲ့ လက်စွပ်ဘူးထဲက ကြယ်သီးကို တွေ့လိုက်တော့မှ . . ."

"ဒယ်ဒီကလည်း"

ခွန်အား ရှက်မျက်နှာကြီးကို ငုံ့ထားလိုက်တော့၏။

"မနေ့က ဒယ်ဒီ့သူငယ်ချင်း ကောင်းမြတ်တို့သားအဖ အိမ်ကိုလာတယ်လေ။ ကောင်းမြတ်သမီးလေး ဝတ်လာတဲ့အင်္ကျီကကြယ်သီးတွေက သားသိမ်းထားတဲ့ကြယ်သီးနဲ့ တစ်ပုံစံတည်းဖြစ်နေတယ်။ ဒါနဲ့ ဒယ်ဒီလည်း မသင်္ကာဖြစ်ပြီး ကြယ်သီးတွေကို လိုက်ကြည့်တော့ ကလေးမလေးရဲ့ ညာဘက်လက်မှာ ကြယ်သီးမရှိဘူးလေ"

ဦးဇေလင်းမောင်က စကားစကို ဖြတ်၍ တံတွေးတစ်ချက်မျိုချလိုက်သေးသည်။ ပြီးမှ ဆက်၍ . . .

"ဒါနဲ့ ဒယ်ဒီလည်း သမီးအင်္ကျီလက်ကကြယ်သီးမရှိပါလားလို့ အစ်အောက်မေးကြည့်တော့ ကလေးမလေးက သားနဲ့တွေ့ခဲ့ဖြစ်ခဲ့သမျှကို ပြောပြတယ်လေ။ အဲဒီလူရဲ့နာမည်က ခွန်အားလို့လည်းပြောသွားတယ်။ ဒါပေမယ့် ဒယ်ဒီ့သားဆိုတာကို လုံးဝမသိကြဘူး"

"ဒါ . . . ဒါဆို . . . ဒယ်ဒီ သားနဲ့လက်ထပ်ပေးဖို့





ပြောတာ မီးမီးခဲပေါ့"

ဦးဇေလင်းမောင်က ခေါင်းညိတ်ပြလေလျှင် ခွန်အား မျက်နှာကြီး ပြုံးဖြီးဖြီးဖြစ်သွားလေ၏။ တိုက်ဆိုင်လိုက်တာ ချာတိတ်ရယ်။ ကံမကုန်လို့ ပြန်ဆုံကြရတော့ မည်ဆိုတော့လည်း အခြေအနေက ကိုယ်တောင် ကြိုးစားစရာမလိုတော့ပြီ။

"သူ . . . သူကရော သားနဲ့လက်ထပ်ဖို့ကိစ္စကို သိရဲ့လား ဒယ်ဒီ"

"ဘယ်သူမှန်းသာမသိတာ လက်ထပ်ဖို့ကိစ္စကိုတော့ သိတယ်။ သူက မိဘစကားကို နားထောင်တဲ့ သမီးလိမ္မာလေးပါ။ ပြီးတော့ သူ ဒီအိမ်ကိုနှစ်ခေါက်ရောက်ဖူးတယ်တဲ့။ သျှမ်းရဲ့သူငယ်ချင်းတဲ့လေ"

ဝမ်းသာမှုကြောင့် ခွန်အားရင်တွေ တအားခုန်နေသည်။ ခုအသက်အရွယ်အထိ အချစ်ဆိုတာ အနစ်ထူထူနဲ့ ဘဲဥလားလို့မေးရလောက်တဲ့ ခွန်အား။ ချစ်မိပြီဆိုတော့ ဘယ်လို ဆက်ဆံရမလဲ ကျနေ့ဆည်ရကောင်းမှန်းပင် မသိတော့ပေ။

"သား . . . သူ့ကို တစ်ခုတော့ ခွင့်ပြုရလိမ့်မယ်"

"ဘာများလဲ ဒယ်ဒီ"

"သူက ကျောင်းမပြီးသေးဘူး။ လက်ထပ်ပြီးလည်း ကျောင်းဆက်တက်မှာကိုလေ"

"သားက လူမျိုးဖျန်းလေးမှ မဟုတ်တာ ဒယ်ဒီရယ်"

"ဒါဆို သား သူနဲ့အဆင်ပြေအောင် ကြိုးစားပေတော့"

"စိတ်ချပါ ဒယ်ဒီ"

ဦးဇေလင်းမောင် သား၏လက်ကို တင်းတင်းဆုပ်၍ အားပေးလိုက်၏။ သူ့သားသမီးတွေကို ချစ်သောသူများနှင့်သာ ဘဝမကွာရှိစေချင်ပါသည်။ သူ့လို ချစ်သောသူနှင့် ဝေးကွာရခြင်းဒုက္ခမှ ကင်းလွတ်စေချင်၏။ ခွင့်လွှတ်ပါ ခင်လွှန်း။ မင်းဆန္ဒတွေမပြည့်ဝခြင်းဟာ ခွန်အားနဲ့သက်ဆက်တို့က မောင်နမတွေမို့ပါ။ ဘာပဲလုပ်လုပ် မင်းရဲ့လုပ်ရပ်တွေ လွှဲချော်ခြင်းဟာ မင်းမှာ ဝဋ်ကြွေးရှိလို့ ဒဏ်ခတ်ခံရတာပဲ ဖြစ်ပါလိမ့်မယ် ခင်လွှန်း။





## အခန်း ( ၂၇ )

"သျှမ်း . . . နင် ငါ့ကို ဘယ်ခေါ်လာတာလဲ"

"ငါ့သူငယ်ချင်းအိမ်ပါဟာ။ နင်နဲ့ငါက ချစ်သူတွေသာဆိုတယ် တစ်ခါမှ လွတ်လွတ်လပ်လပ်တွေ့ခွင့်ရတာ မဟုတ်ဘူး။ နင်နဲ့ငါ အေးအေးဆေးဆေး စကားပြောချင်လို့"

သက်ဆက် ဘာမှမပြောတော့ဘဲ သျှမ်းခေါ်ရာနောက်သို့ လိုက်လာခဲ့သည်။ ချစ်သူတွေဖြစ်ကြပြီဆိုတော့ အေးအေးဆေးဆေး ချစ်စကားတွေ ခွန်းဆိုဖွဲ့ချင်ကြတာ သဘာဝပဲ မဟုတ်လား။

"သျှမ်းရယ် အခြားနေရာမှာ အေးအေးဆေးဆေး တွေ့လည်း ရရဲ့သားနဲ့"

"နင် မသိပါဘူးဟာ။ တို့နောက်မှာ ကင်မရာတွေ အမြဲရှိတယ်။ အဲဒါ နင် သိလား"

"ဘယ်လို"

သက်ဆက်က နားမလည်သလိုမေးလေတော့ သျှမ်းက ပြန်မဖြေခင် သက်ဆက်ကို ဆိုဖာပေါ်မှာ ထိုင်ခိုင်းလိုက်သည်။

"နင် မေ့နေပြီလား။ ကိုကိုကြီးက လုပ်ငန်းရှင်ကြီးဆိုတော့ မိတ်ဆွေတွေပေါတယ်။ သူနဲ့ပတ်သက်ပြီး ငါ့ကိုလည်း သူ့ညီအဖြစ်နဲ့သိနေကြတာလေ။ ဘယ်နေရာပဲသွားသွား ငါ လှုပ်ရှားသမျှ သတင်းပို့မယ့်သူတွေက လက်ညှိုးထိုးလို့ မလွဲဘူး။ အဲဒါကြောင့်"

သျှမ်းပြောတာလည်း ဟုတ်နေတော့ သက်ဆက်မှာ ဆက်စရာစကား မရှိတော့ပေ။ သက်ဆက် ခုမှပဲတွေးမိတော့တယ်။ သက်ဆက်က ပိုဆိုးတာပေါ့။ ကိုကိုကြီးက သူ့အလုပ်နဲ့သူမို့ သက်ဆက်နောက်ကို ခြေရာခံစောင့်ကြည့်တာမျိုး မဲလုပ်ပေမယ့် ကိုကြီး တစ်ခါတစ်ခါ အရိပ်လို သက်ဆက်နောက်မှာ တိတ်တဆိတ်လိုက်ကြည့်နေတဲ့သူ။ ကိုကိုကြီးရဲ့အမိန့်ကြောင့်လည်း ပါတာပေါ့။ ခုတောင် ကိုကြီးကို မေမေမှဆီ ငွေပြန်ပို့ခိုင်းလို့ ကိုကြီး မရှိဘူးဆိုတာသိပြီး သျှမ်းခေါ်တဲ့နောက်ကို လိုက်လာခဲ့တာ။





"ဒီအိမ်ကလူတွေလည်း တစ်ယောက်မှ မမြင်ပါလား သျှမ်း။ ဘယ်တွေသွားကုန်ကြလဲ ဟင်"

"ဒီအိမ်ကလူတွေက မိုးလင်းကနေမိုးချုပ် အိမ်ကပ်ကြတာ မဟုတ်ဘူးလေ။ ခြံစောင့်တော့ရှိတယ်။ အပြင်မှာနေမှာပေါ့။ အိမ်ဖော်ဒေါ်ကြီးက တောပြန်သွားတယ်ဆိုလား"

"သျှမ်းသူငယ်ချင်းရဲ့အိမ်ဆို။ အဲဒီသူငယ်ချင်းကရော"

"စောစောက သက်ဆက်ရှေ့တင်ပဲ စားစရာတစ်ခုခု သွားဝယ်ဦးမယ်ဆိုပြီး ထွက်သွားတာလေ မမြင်ဘူးလား"

"ဪ"

သက်ဆက် ဟိုကြည့်ဒီကြည့်နှင့် လိုက်ကြည့်နေမိ၏။ သျှမ်းရဲ့သူငယ်ချင်းက သူတို့ကို ရှောင်ပေးတာများလား။ သက်ဆက်ရင်ထဲမှာ တစ်ခုခုကို စိုးရိမ်သလို ရှိနေသည်။ တစ်ခါမှ ရည်းစားမထားဘူးတဲ့ သက်ဆက် ဒီလိုနှစ်

ယောက်တည်း တိတ်တိတ်ဆိတ်ဆိတ်ကြီးရှိနေတော့ သိမ်ပြီး ကျောမလုံချင်။

"သက်ဆက်"

"ဟင်"

သျှမ်းက သူမပခုံးကိုဖက်၍ ခေါ်လိုက်လေလျှင် သက်ဆက် ကိုယ်လေး ကျုံ့သွားမိသည်။ သျှမ်းက သက်ဆက်၏လက်ဖျားလေးကို ဆွဲယူဆုပ်ကိုင်ရင်း . . .

"ဘာဖြစ်နေတာလဲ သက်ဆက်ရဲ့ လက်ဖျားတွေ အေးစက်နေပါလား။ ဘာလဲ ကြောက်လို့လား"

သက်ဆက်က ခေါင်းညိတ်ပြတော့ သျှမ်းက ဟက်ခနဲ ရယ်လေသည်။

"နင်ကလည်းဟာ ငါတစ်ယောက်လုံးရှိနေတဲ့ဟာကို ဘာကြောက်စရာရှိလို့လဲ"

သက်ဆက်က သျှမ်းကို လက်ညှိုးထိုးလျက် မျက်နှာလေးမဲ့ကာ . . .

"ငါ . . . ငါ ကြောက်တာ နင့် . . . နင့်ကို"

"ဘာလဲ ငါကသရဲကြီးနဲ့တူနေလို့လား"

"အဲဒီလိုတော့ဘယ်ဟုတ်မလဲ"

"တော်ပြီ . . . မပြောနဲ့တော့"



သျှမ်းက သက်ဆက်၏နှုတ်ခမ်းဖူးဖူးလေးကို သူ့လက်နှင့်ပိတ်လိုက်ပြီး သက်ဆက်၏ပါးပြင်လေးကို သူ့ပါးနှင့် ထိကပ်ထားလေ၏။

"နင် ငါ့ကို တကယ်ချစ်တာရော ဟုတ်ရဲ့လား သက်ဆက်ရယ်"

"အဲဒီစကားကို ငါကမေးရမှာပါ သျှမ်း။ ငါက တစ်ခါမှ ရည်းစားထားဖူးတာမဟုတ်ဘူး။ နင်ကသာ ဇရှိတဲ့သူ"

"ဘာဇရှိတာလဲ"

"ရည်းစားတွေအများကြီးထားခဲ့တာလေ"

ဒီတစ်ခါတော့ သျှမ်း မရယ်ရက်တော့ပါဘူး။ သက်ဆက် စိုးရိမ်မယ်ဆိုလည်း စိုးရိမ်စရာပါပဲလေ။ သျှမ်း ရည်းစားတွေထားခဲ့ဖူးတာ မှန်ပါတယ်။ ဒါပေမယ့် ခုလို ရင်ခုန်တိမ်းမူးဖွယ်ကောင်းတာမျိုး တစ်ခါမှ မဖြစ်ဘူးခဲ့ပါ။ အချစ်စစ်ကို ရှာဖွေတွေ့ရှိလာပြီဆိုတော့ ရင်ထဲမှာ တချစ်ချစ်နှင့် အချစ်မီးတွေ တောက်နေတော့၏။

"နင့်ကို ငါ တကယ်ချစ်တာပါ သက်ဆက်ရယ်"

"အရင်ကောင်မလေးတွေတုန်းကလည်း နင် ဒီလိုပဲ ပြောခဲ့တာ မဟုတ်လား"

"နီး . . . လုံးဝမပြောခဲ့ဘူး။ စိတ်ဝင်စားတယ်လို့ပဲ သုံးခဲ့တာ။ အဲဒါကို ကောင်မလေးတွေက တစ်မျိုးအထာပေါက်ပြီး ချစ်တယ်လို့ အဖြေပြန်ပေးပြီး တွဲဖြစ်ခဲ့ကြတာချည်းပဲ။ ငါ ချစ်တယ်လို့ပြောတာ နှင်းတစ်ယောက်ပဲ ရှိသေးတယ်။ အဲဒါ ယုံ"

သက်ဆက်ယုံချင်ပါသည်။ စိတ်ကမယုံရဲသေးတော့ ခက်တာပေါ့။ သျှမ်းရဲ့ရင်ခွင်ဟာ သူမအတွက် နွေးထွေးနေတာ မှန်ပါရဲ့။ ထိုနွေးထွေးခြင်းတွေက အပူရှိန် ဒီဂရီမြင့်ပြီး မီးထတောက်မှာကို သက်ဆက် ကြောက်ပါသည်။

"နှင့်ကိုငါ စိတ်မချဘူး သက်ဆက်"

"စိတ်မချရအောင် ငါက ဘာတွေလုပ်နေလို့လဲ"

"နှင်ကတော့ ဘာမှမလုပ်ဘူးပေါ့။ ဒီလောက်လှတဲ့ ပန်းကလေးကို လိပ်ပြာတွေ၊ ပိတုန်းတွေ ဝိုင်းနေတာ ငါ ဘယ်လိုရင်အေးရမလဲ ပြော"

သက်ဆက် ဘာပြောရမလဲ။ သျှမ်းပြောသလို စာပေးသူတွေ၊ ရည်းစားစကားလိုက်ပြောသူတွေက ပတ္တတ်တုတ် ခေါက်နေတာကို သျှမ်းကိုယ်တိုင် မြင်ခဲ့သည်လေ။ တစ်ခါတလေလှတာသည်ပင် စိတ်ညစ်စရာဟု သက်ဆက် တွေးထင်မိသည်။



"နှင် မဖြေနိုင်တော့ဘူး မဟုတ်လား သက်ဆက်"

သက်ဆက် မျက်စောင်းကလေးဝင့်တော့ သျှမ်းနှလုံးသားထဲမှာ ရှိန်းမြသွားလေသည်။ အနီးကပ်ကြည့်လေ ချစ်စရာကောင်းလေ၊ မျက်နှာလေးကို နမ်းမည်ပြုတော့ . .

"သျှမ်းနော် . . . နှင် မကဲနဲ့ သိလား"

"ဘာဖြစ်တာလဲ။ ချစ်သူချင်း ချစ်လို့နမ်းတာ အဆန်းလား"

"မနမ်းနဲ့"

"လူတွေက မရတာကိုမှ ပိုလိုချင်ကြတယ်တဲ့"

"သျှမ်း"

သက်ဆက်က သျှမ်းရင်ဘတ်ကို တွန်းလေသည်။ ဘယ်ရလိမ့်မလဲ။ သက်ဆက်က ရုန်းလေ သျှမ်းက ပို၍ တိုးဖက်ထားလေပါပဲ။

"အရမ်းချစ်တယ် သက်ဆက်ရယ်"

"သျှမ်း . . . တို့ပြန်ကြရအောင်နော်"

"နှင်ကလည်းဟာ အေးအေးဆေးဆေးတောင် စကားမပြောရသေးဘူး"

"ပြန်ရင်းနဲ့ပြောပေါ့"

"ဟာ . . . အဲဒါကြီးက ဘယ်လိုလုပ်ဖီလင်လာ

မှာလဲ"

"မသိဘူး . . . ပြန်မယ်"

"မပြန်ရဘူး"

သက်ဆက်က ပြန်ဖို့ထလိုက်တာကို သျှမ်းက ပြန်ဆွဲချလေသဖြင့် သက်ဆက် သျှမ်းရင်ခွင်ထဲမှာ နစ်မြုပ် သွားလေသည်။

"တို့နှစ်ယောက် လက်ထပ်ကြရအောင်နော်"

"ကျောင်းမှမပြီးသေးတာကို"

"ကျောင်းပြီးအောင် ငါ မစောင့်နိုင်ဘူး"

"ဖယ်စမ်းပါ သျှမ်းရယ်။ ငါ အသက်ရှူကျပ်လာပြီ"

"အသက်ရှူကျပ်ရင် အောက်ဆီဂျင်ပေးမယ်လေ"

"သျှမ်း"

သက်ဆက်၏ တားဆီးသံက နောက်ကျသွားလေပြီ။ နှုတ်ခမ်းဖူးဖူးလေးဆီသို့ အနမ်းတွေ အလီလီ အလာ လာကြွေကျနေ၏။ ရင်ခုန်သံတွေက သံစဉ်လွဲ၍ မညီသည့် တေးကိုမှ မဟာစ်ကြွေးနိုင်။

"သျှမ်း . . . ငါ စိတ်ဆိုးမှာနော်"

"စိတ်မဆိုးပါနဲ့ အချစ်ရယ်။ မြင်သာမြင်ရ မကြင် ရတဲ့ဘဝနဲ့ တစ်အိမ်တည်းနေပြီး ချစ်စကားပြောခွင့်မရတဲ့



ဒီကောင့်အဖြစ်ကိုလည်း သနားပါဦး"

"မသနားဘူး"

"ဘယ်လိုအသနားခံမှ သနားမှာလဲ"

"မသိဘူး"

"နင် ငါ့ကိုမချစ်ဘူးလား"

"မချစ်ဘူး"

"ရတယ်လေ။ မချစ်ဘူးဆိုတဲ့ကောင်မလေးကို မမုန်းနိုင်အောင်တော့ ချည်နှောင်ထားရမယ်"

ဇွတ်ခနဲ ပွေ့ချီခံလိုက်ရသဖြင့် သက်ဆက် ကမ္ဘာ ပျက်မတတ် ကြောက်လန့်တုန်လှုပ်သွားလေသည်။ သူ့ လက်ထဲမှာ ရုန်းလို့မရ၊ အချည်နှောင်ခံဘဝနှင့် မွေ့ရာ တစ်ခုပေါ်သို့ ရောက်သွားလျှင် . . .

"သျှမ်း . . . နင် . . . နင်နော်"

ယောကျ်ားနှင့်မိန်းမ ရုန်းကန်လို့မရနိုင်အောင် ခွန်အားချင်းမျှမျှတတ မပေးတဲ့ ကမ္ဘာ့နိယာမတရားကိုပဲ အပြစ်တင်ရတော့မလား။ သျှမ်း၏အချစ်တွေက ဒီဂရီမြင့် လာခဲ့ပြီလေ။ သူ့ရဲ့အနမ်းကြမ်းတွေကြားမှာ ပန်းပွင့်ကလေး ၏ ရှိုက်သံများက တိုးတိုးသဲ့သဲ့ နွဲ့နွဲ့လျလျ။

## အခန်း ( ၂၈ )

"တီတီ . . . တီတီ"

ကားဟွန်းတီးသံကြောင့် မီးခဲ ခြံဝဆီသို့ လှမ်းကြည့်လိုက်သည်။ ဟပ်ဖ်ကားအနက်ရောင်တစ်စီး မီးခဲတို့ခြံထဲသို့ဝင်လာလေ၏။ ဒီနေ့ မီးခဲနဲ့ လက်ထပ်ရမယ်ဆိုတဲ့လူ အိမ်ကိုလာလိမ့်မယ်လို့ ဒယ်ဒီမှာထားသဖြင့် ရင်ခုန်လှုပ်ရှားစွာဖြင့် စောင့်မျှော်နေရခြင်းပါ။ သူ ဘယ်လိုလူစားလဲ ရယ်ပေါ့။ ကားလေးက သူမရှေ့မှာပဲ ရပ်လာလေသည်။ ပါဝါဝင်းဒိုးမှန်က လျှောကျသွားပြီး မျက်နှာတစ်ခုပေါ်လာ



လေလျှင် . . .

"ဟင်"

မီးခဲ ထရပ်ပြီးသားဖြစ်သွားလေ၏။ ဟိုလူကြီး . . သေချာတယ်။ ထူးခြားပြီး စွဲဆောင်မှုရှိတဲ့ ဒီမျက်နှာကို ဘာမှမမှတ်မိစရာ အကြောင်းမရှိပေ။ ဒီအိမ်ကို ဘာလာလုပ်တာပါလိမ့်။ သူက ကားပေါ်မှဆင်းပြီး မီးခဲဆီသို့ တည့်တည့်လျှောက်လာလေသည်။

"ဦးကောင်းမြတ်ရှိလား"

"မရှိဘူး"

ခွန်အား မျက်ခုံးနှစ်ဖက်ကို တွန့်ကုပ်၍ သူမကို ကြည့်လိုက်လေ၏။

"ဦးကောင်းမြတ် မရှိတာ သေချာလား"

"ခင်ဗျား ဒီကိုဘာလာလုပ်တာလဲ"

"အဲဒါ မင်း စပ်စုစရာမလိုပါဘူး။ ငါက အလုပ်ကိစ္စတစ်ခုနဲ့ ဦးကောင်းမြတ်နဲ့ ချိန်းထားတာ။ မရှိဘူးဆိုတော့ ပြန်ရုံပေါ့။ အလုပ်ကိစ္စက အရမ်းအရေးကြီးနေတာ။ ဦးကောင်းမြတ်က တော်တော်ကတိမတည်တဲ့လူပဲ။ ချိန်းပြီး စောင့်မနေဘူး"

အလုပ်ကိစ္စဆိုပါလား။ သူ့ကို ညာလွှတ်လို့ စီးပွားရေးကိစ္စတစ်ခု တိမ်းလွဲချွတ်ချော်သွားရင် ကိုယ့်ဒယ်ဒီပဲ ဆုံးရှုံးနစ်နာမှာ။ သူက ကားပေါ်သို့ ပြန်တက်ရန် ပြင်လိုက်တော့။ မီးခဲ မနေသာပါပြီ။

"ဒီမှာ . . . ဦးလေးကြီး"

"မင်း မျက်စိမမှုန်ဘူးဆိုရင် ခေါ်တာလေး ပြင်ဦး"

"အောင်မာ"

ရုပ်ချောသလောက် စကားပြောရင် တော်တော် စီးပိုးတဲ့သူပဲ။

"ဒယ်ဒီ အထဲမှာရှိတယ်"

"ငါထင်သားပဲ။ မင်း ညာတယ်ဆိုတာ။ လူကြီးကို ညာရင် သွားကျိုးတတ်တယ်ကွ"

"ခင်ဗျားကို့ အမြင်ကတ်လို့ တမင်ညာပြောတာ သိပြီလား"

"မင်း မြန်မာ့ယဉ်ကျေးမှုသင်တန်းမတက်ရသေးဘူး ထင်တယ်"

"ဘာ"

မီးခဲ စိတ်ဆိုးသွားပုံလေးကိုကြည့်၍ ခွန်အား ပရုံး





တွန့်၍ ရယ်လိုက်သည်။ ဒီအိမ်ကိုလာခဲ့ရတဲ့အကြောင်းရင်းက သူတို့နှစ်ယောက် နားလည်မှုတွေယူပြီး ပြေပြေလည်လည်ဖြစ်အောင် ညှိနှိုင်းကြဖို့။ သူမကို မြင်လိုက်ရတော့ ခွန်အား စိတ်တွေက ပြောင်းလဲကာ စချင်စိတ်ကလည်း ဘွားခနဲပေါ်လာလေသည်။

"မီးမီးခဲ"

"ခင်ဗျား ဒယ်ဒီနဲ့တွေ့လာတာမဟုတ်လား။ သွားတော့"

"ဟ . . . အာဏာကလည်း ပြင်းလိုက်တာ"

မီးခဲနဲ့သူ ဘယ်လိုရေစက်ကြောင့် လာလာပြီးဆုံနေမှန်းကို မသိပါဘူး။ တွေ့လိုက်ရင်လည်း တစ်ခါမှ ပြောရဆိုရတာ အပေါက်အလမ်းမတည့်။

"ခင်ဗျားနဲ့မီးခဲ စကားပြောရတာ အပေါက်အလမ်းတည့်တာ တစ်ခါမှမရှိဘူး။ ကဲ . . . ခင်ဗျား သွားပါတော့"

"အဲဒီမတည့်တဲ့အပေါက်အလမ်းကို တည့်အောင်လုပ်ဖို့အတွက် ငါ လာခဲ့တာ"

"ဘာ"

"အဲ . . . ငါပြောတာက ဒီလိုပါ။ မင်းနဲ့ငါ တွေ့

တိုင်း ရန်ဖြစ်နေကြတာကို နောင်ရန်မဖြစ်ဖို့ ပြေပြေလည်လည်ဖြစ်ဖို့အတွက် လာခဲ့တာ"

"ရန်ဖြစ်တော့ရော ဘာဖြစ်လဲ"

"မင်းမသိဘူးလား။ ယောက်ျားနဲ့မိန်းမ တကျက်ကျက် ရန်ဖြစ်ကြတယ်ဆိုတာ ဟိုဟာ . . . လင်မယားတွေမှလေ"

"ဦးခွန်အား"

မီးခဲ ဒေါသဖြစ်ဖြစ်နှင့် သူ့ကိုထုလေတော့၏။

"ဟာ . . . ဟေ့ . . . ချာတိတ်"

"သမီး"

ခွန်အား ရှောင်တိမ်းနေတုန်းပဲ ဦးကောင်းမြတ် ရောက်လာလေ၏။ တော်သေးတာပေါ့ ယောက္ခမကြီး ရောက်လာလို့။ မဟုတ်ရင် ဘယ်ပြေးရမှန်းမသိဖြစ်နေတာ။

"အန်ကယ်"

"မောင်ခွန်အား . . . လာ အထဲကိုဝင်လေကွာ"

"အန်ကယ်တို့အိမ်က ခွေး ကိုက်ချင်တယ်နော်"

"ဘာ"

"သမီး"



ဦးကောင်းမြတ် ဟန့်တားလိုက်လို့သာ လက်သီးက ခွန်အားဆီကို ရောက်မလာတာ။

"လူကြီးကို ရှိရှိသေသေ ဆက်ဆံတာမဟုတ်ဘူး။ မောင်ခွန်အားကိုလည်း အန်ကယ် တောင်းပန်ပါတယ်ကွယ်။ ဒီကောင်မလေးက ဒီလိုပဲ။ ခပ်ဆိုးဆိုးလေးကွယ့်"

"ရပါတယ် အန်ကယ်။ ကျွန်တော်ကလည်း စပီတာကိုး"

ဦးကောင်းမြတ် ခွန်အားကို ညှော်ခန်းထဲသို့ ခေါ်လာခဲ့သည်။ တစ်ခါတည်း သမီးကိုပါခေါ်လာခဲ့၏။ ဒီကလေးနှစ်ယောက်ကို ပြေပြေလည်လည်ဖြစ်စေချင်ပါသည်။ သင့်မြတ်အောင် ဆောင်ရွက်ပေးရမှာက သူ့တာဝန်။

"သမီး"

"ရှင်"

အလို့ . . . သူ့အဖေခေါ်တော့ ရှင်လို့ထူးသားပဲ။ ဘယ်ဆိုးလို့လဲ။

"သူဘယ်သူလဲ သမီး သိရဲ့လား"

"မသိပါဘူး ဒယ်ဒီ"

"မသိရင် မှတ်ထား။ ဒါ သမီးနဲ့လက်ထပ်ပေးမယ့်

မောင်ခွန်အားပဲ"

"ဟင်"

မီးခဲ မျက်လုံးလေးဝိုင်းသွားလေ၏။ ဒီလူကြီးနဲ့ မီးခဲက လက်ထပ်ရမှာလား။

"သမီးတို့အချင်းချင်း ပြေလည်အောင် ဆွေးနွေးစေချင်တယ်"

ခွန်အားက ဘယ်လိုလဲဟူသောသဘောနှင့်ကြည့်လေလျှင် . . .

"ဟုတ်ကဲ့ပါ ဒယ်ဒီ"

တော်ပါသေးရဲ့။ သူ့အဖေကိုတော့ အတော်ကြောက်တဲ့ပုံပဲ။

"ကိုယ် မီးခဲကို စတယ် နောက်တယ်ဆိုတာ ခင်လို့ပါ။ အဲဒီအတွက် တောင်းပန်ပါတယ်။ ကျေနပ်ပါနော်"

"အစကတည်းက ဒီလေသံမျိုးနဲ့ဆိုရင် လေကုန်ခံပြီး ဘယ်ရန်ဖြစ်နေပါ့မလဲ"

ကောင်းကင်အခြေအနေက ခွန်အားနှင့်မီးခဲရဲ့အနီးတစ်ဝိုက်မှာ သာယာသွားခဲ့ပါပြီ။ နောက်များမှာလည်း . . .





## အခန်း (၂၉)

ခွန်အား ကော်ဖီသောက်နေရင်းမှ ညီမလေးကို မျက်လုံးကစား၍ ရှာနေမိသည်။ အရင်တုန်းက အသံလေးစာစာနှင့် လှုပ်ရှားသွားလာနေသမျှ ခုတော့ ဘယ်ပျောက်နေမှန်းမသိ။ ညီမလေး ဘယ်သွားလဲမေးဖို့ထက် မာမီ ဘယ်သွားလဲဆိုတာကိုပဲ အရင်မေးရတော့မည်။

"ဒေါ်ကြီးစု"

"ပြောလေ မောင်ခွန်အား"

"မာမီ့ကိုမမြင်ပါလား။ ဘယ်သွားလဲ"

"သွေး နည်းနည်းပြန်တိုးနေလို့တဲ့ ဆေးခန်းသွား တယ်ကွယ့်"

"ဪ"

မာမီ သွေးပြန်တိုးနေတယ်ဆိုပါလား။ သူ အလုပ်ကိစ္စတွေနှင့် မအားတော့ မာမီ့ကို မေးတောင်မမေးမိပေ။ တာဝန်လစ်ဟင်းသလိုများ ဖြစ်နေပြီလား။ လောလော ဆယ်တော့ ညီမလေး ဘယ်ရောက်နေပါလိမ့်။

"သက်ဆက်ရော ဒေါ်ကြီးစု"

"သက်ဆက်က ရှိပါတယ်။ ကောင်းကောင်းနေ မကောင်းလို့ အခန်းထဲမှာ အိပ်နေတယ်"

"ဟုတ်လား"

ခွန်အား တွေခနဲဖြစ်သွားလေ၏။ မာမီက နေမကောင်းရင် ဆေးခန်းသွားပြလို့ရသည်။ သက်ဆက်က သူတို့အိမ်သားတွေထဲက တစ်ယောက်ယောက် သွားခိုင်းမှ သွားလို့ရမှာ။ စိုးရိမ်စိတ်နှင့် သူ သက်ဆက်အခန်းဘက်သို့ လျှောက်လာခဲ့သည်။

"ဒေါက် . . . ဒေါက် . . . ဒေါက် . . . ဒေါက်"

"ဘယ်သူလဲ"





တံခါးခေါက်လိုက်တော့ သက်ဆက်က တံခါး လာဖွင့်ပေးလေသည်။ သူ့ကိုမြင်တော့ . . .

"ဟင် . . . ကိုကိုကြီး"

"ညီမလေး နေမကောင်းလို့ဆို"

"နည်းနည်းပါးပါးပါ"

"နည်းနည်းပါးပါး လုပ်မနေနဲ့။ ရောဂါနုတုန်း ဆေးခန်းပြမှဖြစ်မယ်။ တော်ကြာ ပေလို့ နည်းရာကနေ များများ ဖြစ်လာမယ်။ ကဲ . . . အဝတ်လဲ၊ ကိုကိုကြီး ဆေးခန်းလိုက်ပို့မယ်"

သူမအပေါ် အရမ်းဂရုစိုက်လွန်းသော ကိုကိုကြီးကို သက်ဆက် ကျေးဇူးတင်ပါသည်။ သက်ဆက်ကြောင့် ကိုကိုကြီးကို အလုပ်တွေ ပိုမရှုပ်စေချင်ပါဘူး။ ဒီလို ယုယခံခွင့်ရတာကိုပဲ သက်ဆက် ကျေနပ်လှပါသည်။

"ဆေးသောက်လိုက်ရင် ပျောက်သွားမှာပါ ကိုကိုကြီးရဲ့၊ ခေါင်းကိုက်တာလေးပဲဟာ။ ဘာမှ စိတ်မပူနဲ့နော်"

"တော်တော်ခေါင်းမာတဲ့ ကလေးပါလား။ ဘာလဲ ရိုက်ခေါ်ရမှာလား"

"ကိုကိုကြီးကလည်း တကယ်ရိုက်ရက်လို့လား"

"ဘာလို့မရိုက်ရက်ရမှာလဲ"

"ဟင်"

သက်က် နှုတ်ခမ်းစူတော့ ခွန်အားက ရယ်လေသည်။ ပြီး သက်ဆက်၏ဆံနွယ်စလေးတွေကို သိမ်းတင်ပေးရင်း . . .

"တုတ်နဲ့တော့ ဘယ်ရိုက်မှာလဲ၊ နှာခေါင်းနဲ့ရိုက်မှာပေါ့"

ဒီတော့မှ သက်ဆက်မျက်နှာလေးက ပြုံးလာပြီး

"ဒါဆိုသက်ဆက်ကလည်း နှာခေါင်းနဲ့ပဲ ပြန်ကန်တော့မှာပေါ့"

ခွန်အား ညီမလေး၏ နဖူးလေးကို လက်နှင့်စမ်းလျက် . . .

"ကိုယ်တော့မပူပါဘူး။ ခေါင်းကိုက်ရုံတင် သေချာရဲ့လား"

"သေချာပါတယ်ဆို။ ဒါ ညာစရာလား"

"ကိုကိုကြီးကို အားနာပြီး ညာနေမှာစိုးလို့ မေးနေရတာပေါ့"

ကိုကိုကြီး ဒီလိုလွယ်လွယ်နဲ့ ရောက်လာပြီဆိုကတည်းက ကြီးကြီးခင် မရှိလို့ဆိုတာ သက်ဆက် သိပြီးသားပါ။ လူကြွယ်မှ ချစ်ခွင့်ရတဲ့မောင်နှမတွေမို့ သက်ဆက်





ကိုကိုကြီး၏ခါးကို လှမ်းဖက်လိုက်သည်။ ကလေးလို ဆိုးချင်လို့လေ။

"ကိုကိုကြီး"

"ဟင်"

"ကိုကိုကြီး . . . ညီမလေးကို အရမ်းချစ်တာပဲလားဟင်"

"ဘယ်လိုပြောလိုက်တာလဲ ညီမလေးရယ်။ ကိုယ့်ညီမလေးပဲဟာ ချစ်တာပေါ့။ ဖြစ်နိုင်ရင် ကိုကိုကြီးက အဖြစ်မှန်တွေ မာမီ့ကို ဖွင့်ပြောပြီး ပေါ်တင်ပဲ ချစ်လိုက်ချင်တာ။ ခုဟာက မောင်နှမချင်း ချစ်တာတောင် နိုးကြောင်နိုးဝှက်ချစ်နေရတယ်"

"ကြီးကြီးခင်ကိုတော့ မပြောလိုက်ပါနဲ့ ကိုကိုကြီးရယ်။ တော်ကြာ ပြဿနာတွေတက်ကုန်လို့ ခုလောက်ကလေးတောင် အတူနေခွင့်မရဖြစ်နေဦးမယ်"

သက်ဆက်က စိုးရိမ်ဟန်လေးနှင့် ဆိုလေ၏။ ခွန်အား စိတ်မကောင်းဖြစ်ရတာက ဒယ်ဒီ့သားသမီးချင်း အတူတူ သူကတော့ ဒယ်ဒီ့မေတ္တာရိပ်မှာ နိုခွင့်ရပြီး ညီနဲ့ညီမလေးမှာတော့ ကိုယ့်အဖေကို တွေ့နေတာတောင် ဖေဖေလို့ ပိုင်ပိုင်နိုင်နိုင် ခေါ်ခွင့်မရကြရှာပေ။ ဒါကိုပဲ

ကလေးတွေကို သူ သနားတာ။

"ကဲ . . . ဆေးခန်းမသွားဘူးဆိုရင်လည်း ကိုကို ကြီး ကုမ္ပဏီကို သွားတော့မယ်။ ကျန်းမာရေးကို ဂရုစိုက် နော်"

"ဟုတ်ကဲ့"

"ဟိုက အစ်ကိုကို ဘာမှာဦးမလဲ"

သက်ဆက်က စဉ်းစားဟန်လေးပြုလျက် . . .

"အင်း . . . ဘာမှာရမလဲဆိုတော့ ကုမ္ပဏီက ကောင်မလေးတွေကို လိုက်ငမ်းမနေနဲ့လို့။ တစ်ယောက်က မိန်းမယူတော့မယ်ဆိုတော့ ညီမလေးကို ဂရုစိုက်ဖို့ တစ်ယောက်ကိုတော့ မိန်းမတွေနဲ့ ကင်းကင်းနေဖို့ တားမြစ်ထား ရဦးမှာပေါ့"

တော်တော်ကလေးဆန်တဲ့ ညီမလေးပါလား။ ခွန်အား ညီမလေးကို နှုတ်ဆက်၍လှည့်ထွက်မည်ပြုပြီးမှ နောက်သို့ပြန်လှည့်ကာ . . .

"ညီမလေး"

"ဘာလဲဟင် . . . ကိုကိုကြီး"

ခွန်အားက ရယ်လျက် . . .

"ရှိက်မလို့လေ"





လို့ဆိုတော့ သက်ဆက်က အလိုက်သိစွာပဲ မျက်နှာလေးကို မော့ပေးလေ၏။ ပြီးတော့ သူမက ပြန် လည်၍ . . .

"ညီမလေးလည်း ကန်တော့ချင်တယ်"

"ကဲ . . . ကန်တော့စေဗျား"

ပြောပြီး ခွန်အားက ခေါင်းငုံ့ပေးလိုက်လေသည်။ ထိုမြင်ကွင်းကို တစ်နေရာကနေ မမိုတ်မသုန်ရပ်ကြည့်နေ သူက သျှမ်း။ စကားသံတွေကို မကြားရဘဲ လှုပ်ရှားမှုတွေ ကိုသာ မြင်နေရတော့ ရင်ထဲမှာ ဒေါသလှိုင်းတွေ ထန်နေ မိတော့သည်။ သူတို့က လူကွယ်ရာမှာ ကျိတ်ပုန်းခုတ်နေ ကြတာကိုး။

"တောက်"

ဒေါသမာန်တွေ ပြင်းကာ ရပ်နေရာမှ ရှာခနဲလှည့် ထွက်ခဲ့တော့သည်။ ကြာကြာမြင်နေရရင် အကုသိုလ်တွေ များဦးတော့မည်။ သက်ဆက် သစ္စာမရှိတဲ့မိန်းမ။ သျှမ်း သူမကို တကယ်ချစ်တာမှန်းသိလို့ မာယာနဲ့ ဖြားယောင်းပြီး သျှမ်း အသည်းကိုခွဲဖို့ ကြိုးစားနေတာ။ ပါးစပ်ကတော့ လေ ကို ဝယ်မသုံးရတိုင်း ချစ်တယ် ချစ်တယ်နှင့် တချစ်ချစ် မြည်ပြခဲ့ပြီး ခုတော့ သူကွယ်ရာမှာ ရင်ခွင်ပြောင်း၍ ပျော်

မှေ့နေသည်။ ကိုကိုကြီးကရော လူတွေရှေ့မှာတော့ ဟန်ကြီးတစ်ခွဲသားနဲ့ ကြောင်သူတော်ကြီးလုပ်နေပြီး ကွယ်ရာရောက်မှ ကြွက်ခိုးစားနေတာ ကောင်းသလား။ သျှမ်းရင်ထဲမှာ တနုံ့နုံ့နှင့် ခံစားနေရပြီ။ သက်ဆက်ကိုမှ ရွေးပြီးချစ်ခဲ့တာ သူမှားတာပါ။ အေးလေ . . . ကိုကိုကြီးက ကုမ္ပဏီပိုင်ရှင်သူဌေးဆိုတော့ သျှမ်းထက် အထင်ကြီးစရာမက်လုံးတွေက အများကြီးရှိတာပေါ့။ နင် လုပ်ရက်လိုက်တာ သက်ဆက်ရယ်။ ချစ်ပြီးမှ အမုန်းစကားဆိုရမယ့်အစား မချစ်ခင်ကတည်းက ငါ့ကို အသေသတ်လိုက်ပါတော့လားဟာ။

"သျှမ်း"

နံရံကိုမှီ၍ ကြက်ကြီးလည်လိမ်ထားသလိုဖြစ်နေသော သျှမ်းကို မြင်လိုက်ရ၍ ခွန်အား ခေါ်လိုက်ခြင်းပါ။ သူမှာလည်း ညီတွေနဲ့ ညီမ၏မျက်နှာကို ပျော်နေသလား ဝမ်းနည်းနေသလား အရိပ်လို လိုက်ကြည့်နေရတာတစ်ခုကျ

"ဘာဖြစ်နေတာလဲ။ နေမကောင်းဘူးလား"

"ကောင်းပါတယ်"

"ကောင်းပါတယ်သာဆိုတယ် မင်းပုံစံက ဘာဖြစ်နေတာလဲ"

သျှမ်း ကိုကိုကြီးကို တစ်ချက်စိုက်ကြည့်လိုက်၏



မေးမှမေးရက်လေတယ်နော်။ ကိုကိုကြီးနဲ့ သက်ဆက်ရဲ့အဖြစ်တွေကို မြင်ရလို့လို့ ပြောလိုက်ချင်တာ။

"သျှမ်း . . . ကိုကိုကြီးကို ပြောစမ်း။ မင်းတစ်ခုခုဖြစ်နေတယ်မို့လား"

"ဟုတ်တယ်။ ကျွန်တော် အသည်းကွဲနေတာ"

"ဟော"

ခွန်အား ရယ်ရမလို မဲ့ရမလိုဖြစ်သွားလေသည်။ သျှမ်းလိုကောင်မျိုးရဲ့ ပါးစပ်က အသည်းကွဲပါတယ်ဆိုတဲ့စကားကိုကြားရတာ စပါးဖျာထဲက အပ်တစ်ချောင်းကို ရှာတွေ့လိုက်သလိုပါပဲ။

"အထူးအဆန်းပါလားကွ။ အသည်းကွဲတာ ပုဆိုးပြဲတာလောက် အရေးမပါပါဘူးဆို။ မင်းပဲပြောခဲ့တာလေ။ ခု ဘယ်လိုဖြစ်တာလဲ"

"မှန်ပါတယ်။ အသည်းကွဲတာက ကျွန်တော့်အတွက် Never mind ပဲ။ နှလုံးသားတစ်ခုလုံး တဆစ်ဆစ်နာကျင်ကိုက်ခဲအောင်ဖြစ်ရတာက ကျွန်တော့်အနီးဆုံးကလူက ကျွန်တော့်ရဲ့နောက်ကျောကို ဓားနဲ့ထိုးလိုက်လို့ပဲ"

"ဖြစ်မှဖြစ်ရလေ"

သျှမ်းရဲ့သူငယ်ချင်းတွေထဲက ဘယ်ကောင်များ

သျှမ်းကို ဒုက္ခပေးလိုက်သလဲဟု စဉ်းစားရင်း ခွန်အား စိတ်မကောင်းဖြစ်သွားရလေ၏။ လူငယ်တွေရဲ့ နှလုံးသားရေးကိစ္စကို သူ ဘယ်လိုဖြေရှင်းပေးရမလဲ။

"သျှမ်း"

"ခုအချိန်မှာ ကျွန်တော်တစ်ယောက်တည်းပဲ အေးဆေးနေပါရစေ ကိုကိုကြီး။ ကျွန်တော့်ကို အနှောင့်အယှက်မပေးပါနဲ့"

"သျှမ်း . . . မင်း ဘယ်လိုပြောလိုက်တာလဲ"

"ကြားတဲ့အတိုင်းပဲ။ ကိုကိုကြီး နားကောင်းတယ်မဟုတ်လား"

"သျှမ်း"

သျှမ်းက သူ့ရှေ့ကထွက်သွားလေသည်။ ဒီကောင်လေး သူ့ကို တစ်သက်လုံး ချစ်ကြောက်ရိုသေလာခဲ့တာ ခုပြောသွားတဲ့ပုံစံကို ကြည့်ပါဦး။ သူ့ကိုပဲ စိတ်မရှည်တဲ့လေသံနဲ့။ ပြောပါစေ။ သူ ဘယ်လိုပဲပြောသွား ပြောသွား ခွန်အား ခွင့်လွှတ်ရမှာပေါ့။ အသည်းကွဲနေတဲ့သူဆိုတော့ စိတ်တိုနေမှာပေါ့လေ။ အရာရာကို မကျေမနပ်ဖြစ်ကာ စကားပြောတာလည်း ဘုကျချင်ကျနေမယ်ဆိုတာ ခွန်အား နားလည်ပေးလို့ရပါသည်။





## အခန်း ( ၃၀ )

သျှမ်းက ဒီအိမ်မှာ မနေချင်တော့ဘူးဟုဆိုကာ သူ့အိမ်ကို ပြန်သွားလေတော့ သက်ဆက် လွမ်းရပြီပေါ့လေ။ သျှမ်းက ဘာကြောင့် ဒီမှာမနေချင်တော့တာလဲ။ သက်ဆက်ရှိနေလို့ ကိုကိုကြီးများ သျှမ်းအပေါ် အချစ်ပေါ့ပြီး ဂရုမစိုက်လို့လား။ သက်ဆက်တစ်ယောက်တည်း အတွေးပေါင်းစုံနှင့် ငူငူကလေးထိုင်နေမိသည်။ သတိရလိုက်တာ သျှမ်းရယ်။ ဝေးတော့မှပဲ သက်ဆက် သျှမ်းအပေါ် ဘယ်လောက်ထိချစ်ခဲ့သလဲဆိုတာကို ပိုပြီး သိရတော့တယ်။

"သက်ဆက်ရေ"

ခေါ်သံကြောင့် ခေါင်းထောင်ကြည့်လိုက်တော့ ကြီးကြီးခင်။

"သမီးရဲ့ ဘဘက ခေါ်လာခဲ့ပါဦးတဲ့"

"ဪ . . . ဟုတ်ကဲ့ ကြီးကြီးခင်။ သက်ဆက် ခုပဲ သွားလိုက်ပါ့မယ်"

ဘဘခေါ်သည်ဆို၍ သက်ဆက် အမြန်သွားဖို့ ထရပ်လိုက်စဉ် ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားလေ၏။

"အား"

ကမ္ဘာကြီးတစ်ခုလုံး အိုးထိန်းစက်ကဲ့သို့ ချာချာလည်သွားပြီလား။ အရာအားလုံးဟာ သက်ဆက်အတွက် ပတ်ချာလည်နေခဲ့ပြီ။ ခေါင်းကိုကိုင်၍ လဲကျမသွားအောင် ထိန်းထားလိုက်ရ၏။

"အို . . . သမီး သက်ဆက် ဘာလိုဖြစ်တာလဲ သမီး"

ဒေါ်ခင်လွန်းကြင် သက်ဆက်အဖြစ်ကိုမြင်ပြီး ပြေးထိန်းလိုက်တော့ သက်ဆက်သည် ဘယ်လိုမှမဟန်နိုင်တော့ဘဲ ဒေါ်ခင်လွန်းကြင်၏ ရင်ခွင်ထဲမှာ ပျော့ခွေ၍ကျ





သွားလေတော့၏။

"သမီး . . . သက်ဆက် . . . အို . . . ဟဲ့ . . . လာကြပါဦး . . . လုပ်ကြပါဦး"

ဒေါ်ခင်လွန်းကြင်၏ အော်သံကြောင့် ခွန်အား အပေါ်ထပ်မှ ပြေးဆင်းလာလေသည်။

"မာမီ . . . ဘာဖြစ်လို့လဲ"

"သား . . . လုပ်ပါဦး။/ သက်ဆက် ဘာဖြစ်သွားမှန်းမသိလို့"

"သက်ဆက်"

ခွန်အား စိုးရိမ်စိတ်တို့က ရင်ဝကို ဒိန်းခနဲ ပြေးဆောင့်လေသည်။ သက်ဆက်၏ကိုယ်လေးကို ပွေ့ယူလိုက်ပြီး . . .

"မာမီ . . . ဒေါက်တာထွန်းမြင့်ဆီကို ဖုန်းဆက်"

"အေး . . . အေး"

သားအမိနှစ်ယောက် ပျာယာခတ်သွားကြလေ၏။ ကံကြမ္မာသည် မုန်တိုင်းတိုက်ခတ်ဖို့ရာ သက်ဆက်ကို ဖယ်၍ ဝေတင်ခြေလှမ်းလာခဲ့ပါပြီလေ။

"ကဲ . . . မာဇီတို့ ဘယ်လိုလုပ်ကြမလဲ သား"

"ဘယ်လိုလုပ်ရမလဲ မာဇီရယ်။ ပိုင်ရှင်ဘယ်သူလဲဆိုတာ သက်ဆက်ကို မေးကြည့်ရမှာပေါ့"

"ဒါဆိုလည်း သွားရအောင် သား"

သားအမိနှစ်ယောက် သက်ဆက်၏အခန်းထဲသို့ ဝင်ခဲ့ကြလေသည်။ သက်ဆက်မှာ ဘယ်လောက်တောင် ငိုထားသလဲဆိုရင် မျက်လုံးများပင် မို့အစ်နေတော့၏။ ခွန်အား ရင်နာလို့မဆုံးဖြစ်နေရပြီ။ ဒီလောက်အထိပဲ မိုက်လုံးကြီးရသလား ညီမလေးရယ်။

"သက်ဆက်"

သက်ဆက်က မျက်နှာငယ်ငယ်လေးနှင့် မာဇီကို မော့ကြည့်ရှာလေသည်။

"ခုမှတော့ ရှက်နေလို့လည်း မဖြစ်တော့ပါဘူး သမီးရယ်။ သမီး ဘယ်သူနဲ့ဖြစ်ခဲ့တယ်ဆိုတာ ကြီးကြီးခင်ကို ပြောပြနော်"

နမလင်နေ မောင်ဖင်ကျိန်းဆိုတဲ့စကားရှိသည် မဟုတ်လား။ သက်ဆက် သူမ၏မိုက်ပြစ်အတွက် ကိုကိုကြီးကို တောင်းပန်သလို မော့ကြည့်လိုက်စဉ် ခွန်အားကလည်း





ညီမအတွက် ရင်နာမှုတွေကို မျိုသိပ်ရင်း ပြန်ကြည့်လေလျှင် ဒါကိုပဲ ဒေါ်ခင်လွန်းကြင်က အဓိပ္ပာယ်ကောက် လွဲသွားလေ၏။

"သမီး . . . သက်ဆက် . . . ဘယ်သူပဲဖြစ်ဖြစ် ပြောပါ။ ဒီကိစ္စက အားနာနေလို့၊ ကြောက်နေလို့ မရဘူးလေ။ သားနဲ့ဆိုရင်လည်း . . ."

"အို . . . မဟုတ်ပါဘူး ကြီးကြီးခင်ရယ်။ ကိုကိုကြီးနဲ့သက်ဆက်က ဘာမှမပတ်သက်ပါဘူး"

"သား"

သက်ဆက် သားကို ကြောက်လို့ မပြောတာထင်ပြီး ဒေါ်ခင်လွန်းကြင် သားဘက်သို့ လှည့်၍မေးလေတော့သည်။

"မာဇီ အကဲခတ်မိသလောက် ပြောရရင် သားရင်တွေ သိပ်ပူနေပုံရတယ်။ ဟုတ်တယ်ဆိုရင် ဝန်ခံပါ သားရယ်"

"ဟာ . . . မာဇီ . . . သား"

"မာဇီ ဆက်ပြောပါရစေဦး"

ဒေါ်ခင်လွန်းကြင်က လက်ကာ၍ တားဆီးလေသ

ဖြင့် ခွန်အား ပြောမည့်စကားတွေ လည်ချောင်းဝမှာတင် ရပ်တန့်သွားလေ၏။

"သက်ဆက်က ဒီအိမ်မှာနေတာလေ။ ဒီကိုယ်ဝန်ကို ဘယ်သူနဲ့ရခဲ့တယ်ဆိုတာကို သက်ဆက် မပြောဘူးဆိုရင်တော့ မာမိက သားကိုပဲ စွပ်စွဲရလိမ့်မယ်"

"မဟုတ်ဘူး ကြီးကြီးခင်။ ကိုကိုကြီးကိုတော့ အထင်မလွဲပါနဲ့နော်။ သက်ဆက် . . . သက်ဆက် ပြောပါ့မယ် ကြီးကြီးခင်ရယ်"

သက်ဆက်က တသွင်သွင်စီးကျနေသော မျက်ရည်တွေကို သုတ်လိုက်ကာ . . .

"ဒီ . . . ဒီကိုယ်ဝန်ရဲ့ဖခင်က . . ."

သက်ဆက်စကားက ပြတ်တောက်သွားလေသဖြင့် ခွန်အားရော ဒေါ်ခင်လွန်းကြင်ပါ နားစွင့်နေမိကြလေ၏။

"သျှမ်း . . . သျှမ်းနဲ့ပါ ကြီးကြီးခင်"

"ဟင်"

"ဟာ"

ဘယ်လိုမှ ထင်မှတ်မထားကြပါ။ မထင်ဆို သျှမ်း





နဲ့ သက်ဆက်က တည့်မှမတည့်ကြတာကိုး။ သူတို့အမြင်မှာက မကြာခဏ ရန်ဖြစ်နေကြတော့ . . .

"သျှမ်းနဲ့သက်ဆက် ချစ်သူတွေဖြစ်နေကြတာကြာပါပြီ"

"စောစောက ပြောရောပေါ့ သက်ဆက်ရယ်။ အခြားသူလားလို့ ကြီးကြီးခင်က စိတ်ပူနေတာ။ သျှမ်းကို ကြီးကြီးခင် ပြောပြီး လက်ထပ်ဖို့ စီစဉ်ပေးမယ်နော်"

ခွန်အား ရင်ထဲက အပူလုံးကြီး ခုမှပဲပြုတ်ကျသွားလေတော့၏။ ခုမှပဲ သတိရတယ်။ သျှမ်း မပြန်ခင်နေ့က ပြောသွားတာလေ။ သူ အသည်းကွဲနေတယ်ဆိုတာ။ ဒါ သက်ဆက်နဲ့ အဆင်မပြေလို့ ပြောတာပဲဖြစ်ရမယ်။ တော်ပါသေးရဲ့ သျှမ်းနဲ့ဆိုလို့။ မဟုတ်ရင် ညီမလေးအတွက် ခွန်အား ရင်ထဲမှာ မီးတွေတောက်နေရဦးမှာပဲ။

## အခန်း (၃၁)

"ဘာ"

ဘာဆိုတဲ့အသံက ကျယ်လောင်သွားသလို သျှမ်းရဲ့ မျက်ဝန်းတွေက မီးထပွင့်သည့်အလား မှတ်ထင်ရလေ၏။

"သက်ဆက်မှာ ကိုယ်ဝန်ရှိနေပြီ ဟုတ်လား . . . ကြီးကြီးခင်"

"ဟုတ်တယ်လေ။ ဒါကြောင့် မင်းကို လက်ထပ်ဖို့ လာပြောတာ"

"ဟာ . . . ကျွန်တော်နဲ့ဘာဆိုင်လို့လဲ"





"သျှမ်း . . . မင်းအဲဒီလို တာဝန်မဲ့တဲ့ စကားမျိုး မပြောနဲ့လေ။ သက်ဆက်နဲ့ မင်းဘာတွေဖြစ်ခဲ့တယ်ဆိုတာ မင်း အသိဆုံးဖြစ်မှာပါ"

သျှမ်း ကြီးကြီးခင်နှင့် မျက်နှာချင်းဆိုင်ပြီး တည့်တည့်ကြည့်လိုက်ကာ . . .

"ကျွန်တော်ပါလို့ ကြီးကြီးခင် ဘာလို့အတပ်ပြောတာလဲ"

"ဟဲ့ . . . မိန်းကလေးကိုယ်တိုင်က မင်းနဲ့ပါလို့ ပြောတာလေ။ သက်ဆက်က မဟုတ်ဘဲနဲ့ ကလီကမာလုပ်ပြီး အပိုင်ဖမ်းမယ့် မိန်းကလေးမျိုးမှ မဟုတ်တာ။ သက်ဆက်စကားကို ငါယုံတယ်"

"ခြော်"

သျှမ်း ခြောက်ကပ်ကပ် ရယ်သံပြုလိုက်မိ၏။ ကြီးကြီးခင်က သက်ဆက်ကို ယုံသတဲ့လား။ မာယာတစ်သိန်း အပလိန်းအနန္တနဲ့ သျှမ်းဘဝကို ဖျက်ဆီးဖို့ ကြိုးစားတဲ့ မိန်းမ။ ကြီးကြီးခင်ရယ် . . . ကြီးကြီးခင်ရဲ့ သားကိုရော နည်းနည်းပါးပါး ပြန်မေးကြည့်ပါဦးလား။ သူကလည်း ရပာန္တာကြီးမှ မဟုတ်တာ။ ကိုယ်ပိုးတဲ့ပန်းကို ကိုယ် နိုးနမ်း

နေတဲ့အဖြစ်ကို ကြီးကြီးခင် တကယ်မသိတာလား။ ဒါမှ မဟုတ် သူသားရဲ့ ဂုဏ်သိက္ခာအတွက် သျှမ်းကို ရှောက်ထဲ တွန်းချပြီး ထမ်းပိုးကြိုးဝင်ထမ်းနိုင်းတာလား။

"အဲဒီကိစ္စအတွက် ကျွန်တော့်ကို နားလာချတာ ဆိုရင်တော့ ကြီးကြီးခင် ပြန်တော့"

"ဘာပြောတယ် သျှမ်း"

"ကျွန်တော်ပြောတာ ရှင်းပါတယ်။ အဲဒီကိစ္စအတွက် ကျွန်တော် တာဝန်မယူနိုင်ဘူးလို့ ပြောတာ"

"သျှမ်း"

ဒီတစ်ခါ ခေါ်လိုက်သူက ခွန်အားပါ။ ရှောက်က တည်းက ဒီကိစ္စ သူဝင်ပါရမယ့်အရာမဟုတ်လို့ ငြိမ်နေခဲ့ တာ။ ခု . . . ဝင်မပါလို့ မရတော့တဲ့ အခြေအနေမို့ သျှမ်း အနားသို့ ရှောက်သွားမိတော့သည်။

"မင်း . . . မိန်းကလေးတစ်ယောက်ရဲ့ ဘဝကို ဖျက်ဆီးပြီးမှ တာဝန်မယူနိုင်ပါဘူး ဆိုတဲ့စကားနဲ့ ပြီးသွား ရောလား။ မင်း ယောကျ်ားမဟုတ်ဘူးလား"

"အဲဒီစကားကို ကိုကိုကြီး ကျွန်တော့်ကို လာမေး မယ့်အစား ကိုကိုကြီးဘာသာပဲ နဖူးပေါ်လက်တင် စဉ်းစား





ပြီး ကိုယ့်ကိုကိုယ် ပြန်မေးကြည့်ပါလား"

"ဘာကွ"

သျှမ်း လုပ်နေပုံက မခိုးမခန့်။ ခွန်အားကို ကြည့် နေတဲ့ မျက်လုံးတွေက အထင်သေးခြင်း မကျေနပ်ခြင်းတွေ နှင့် ယှက်သမ်းနေသည်။ သျှမ်းက သူ့ပခုံးကိုသူ လက်နှင့် ပြန်ပုတ်ပြပြီး . . .

"ကျွန်တော် ပခုံးမကောင်းလို့ပါ ကိုကိုကြီး။ ခွင့်လွှတ်ပါ"

သျှမ်း လှည့်ထွက်သွားမည်လုပ်တော့ ခွန်အား သျှမ်း၏ အင်္ကျီကုပ်ကို ဆွဲထားလိုက်သည်။

"သျှမ်း"

ဒေါသကြောင့် ခွန်အား မျက်နှာတွေပင် နီလာ သည်။ သျှမ်းက ခွန်အားလက်ကို ဖယ်ချပစ်လိုက်၏။

"မင်း ဘာကြောင့် သက်ဆက်ကို တာဝန်မယူချင် တာလဲ။ သက်ဆက်နဲ့ မင်းက ချစ်သူတွေ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်။ ကျွန်တော်နဲ့သက်ဆက်က ချစ်သူ တွေဖြစ်ခဲ့ကြပါတယ်။ ဒါပေမယ့် သက်ဆက်မှာက ချစ်သူ ဆိုတာ ကျွန်တော်တစ်ယောက်တည်းမှ မကတာ။ အဲဒါကို

ကိုကိုကြီး အသိဆုံးဖြစ်မှာပါ။ ကျွန်တော်နဲ့ သူ့ရဲ့ ချစ်သူဖြစ်ခဲ့တဲ့ ကာလတစ်လျှောက်လုံး သူ ကျွန်တော့်ကို တစ်ခါမှ ပြန်ပြီးမနမ်းခဲ့ဖူးဘူး"

သျှမ်း၏ စကားတွေက ခွန်အားအနေနဲ့ နားရှက်စရာတွေမို့ ခွန်အား နှုတ်ခမ်းကို ဖိကိုက်၍ မျက်လုံးကို မှိတ်ထားလိုက်မိသည်။

"ပါးပြင်လေးကို ပြန်ပြီးအနမ်းခံလိုက်ရတဲ့ ကိုကိုကြီးကရော ဘာသားနဲ့ထုထားတာလဲ။ သက်ဆက်နဲ့ကင်းပြီး ဘယ်လို အာမခံနိုင်လား"

မျက်ဝန်းက ဖျတ်ကနဲပွင့်သွားပြီး . . .

"မင်း ဘာတွေလျှောက်ပြောနေတာလဲ သျှမ်း။ ငါနဲ့သက်ဆက်က ရှုခမေတ္တာနဲ့ ဖြူဖြူစင်စင်ချစ်ခဲ့ကြတာကွ"

"ဘာဖြူစင်တာလဲ။ တစ်ယောက်တစ်ပြန် နမ်းနေကြတာ ဖြူစင်တာလား"

"မဟုတ်ဘူး သျှမ်း။ အဲဒါ မင်းအထင်လွဲနေတာ"

သျှမ်းစကားကြောင့် ခေါင်းလွှန်းကြိုး သားအနားသို့ ရောက်သွားလေ၏။

"သား . . . သျှမ်းပြောတာ ဟုတ်လားဟင်"





"မဟုတ်ဘူး မာမီ . . . မဟုတ်ဘူး"

ခွန်အား ဘယ်လိုရှင်းပြရမလဲ။ ရှင်းလေရှုပ်လေဖြစ်နေမယ့် ဒီဇာတ်လမ်းမှာ ငဲ့ညှာစရာတွေ၊ ထောက်ထားစရာတွေက ခွန်အားကို ကြိုးနှင့်တုပ်ပြီး ရိုက်နက်နေသည့်နှယ်။ သူဘယ်လိုရှင်းပြရမလဲ။

"သား"

"သားကိုယုံပါ မာမီရယ်။ သား ဘယ်လို ရှင်းပြရမလဲ"

"ရှင်းမပြနိုင်ဘဲနဲ့ လေကုန်ခံပြီး တော်ကီတွေ ပစ်သွင်းမနေစမ်းပါနဲ့ဗျာ။ ယောကျ်ားပဲ ဝန်ခံလိုက်စမ်းပါ"

"သျှမ်း"

ခွန်အား သျှမ်း၏အင်္ကျီရင်ဘတ်ကို ဒေါသဖြစ်ဖြစ်နှင့်ဆွဲထားလိုက်၏။ ညီမဖောနှင့် ဒေါသပေါင်းကာ မျက်ရည်တွေက ဘယ်ကရောက်လာမှန်းမသိ။

"မင်းမို့လို့ ငါ့ကိုထင်ရက်တယ် သျှမ်း။ ငါ မင်းအပေါ်ထားခဲ့တဲ့ စေတနာတွေ၊ မေတ္တာတွေကို မင်းက ဒီစကားလုံးတွေနဲ့ တုံ့ပြန်လိုက်တာပေါ့ ဟုတ်လား"

"ကျွန်တော်ကမှ ဒေဝဒတ်ကို ဆရာတင်မိတာပါ

ဗျ။ ကိုကိုကြီးကို ကျွန်တော် ဘယ်လောက်ရှိသေလေးစား ခဲ့သလဲ ကိုကိုကြီး အသိဆုံးပါ။ နောက်ဆုံး အဲဒီလေးစားမှု တွေနဲ့ မတန်အောင် ကိုကိုကြီး လုပ်ရက်ခဲ့တာကိုလည်း ထည့်ပြောဦးလေ"

"မင်းကွာ . . . တောက်"

ခွန်အား သျှမ်းကို ဆောင့်တွန်းပစ်လိုက်၏။

"သွား"

ခွန်အား အသားများပင် တဆတ်ဆတ် တုန်လာ လေ၏။ သျှမ်းရဲ့အထင်လွဲမှုကြီးကို သူဘယ်လို ဖြေရှင်းပြရ မလဲ။

"မင်းကို ပြောရက်တယ် သျှမ်းရယ်။ အေးပေါ့လေ မင်းပြောသလို သက်ဆက်နဲ့ ငါတစ်ယောက်နဲ့တစ်ယောက် ချစ်ခဲ့ကြတယ်ဆိုတာ မှန်ကောင်းမှန်ပါလိမ့်မယ်။ ဒါပေမယ့် အဲဒီအချစ်မှာ ဘာကာလာမှ မပါဘူး။ ယုတ်မာတဲ့အကြံ အစည်မျိုးလည်း ဘယ်တုန်းကမှ မရှိခဲ့ဘူး"

"တော်စမ်းပါ . . . လက်ကာပုတီးကိုင်ပြီး မျက်လုံး က သားကောင်ကို ဘယ်လိုချောင်းရမလဲဆိုတာမျိုး ယုံတမ်း စကားတွေ လာပြောမနေနဲ့ နလုံးနာစရာကောင်းလို့။ အဲ





တစ်ခုတော့ ရှိတယ်။ ကိုကိုကြီးက ဟုတ်ပါတယ်လို့သာ ဝန်ခံလိုက်။ မိန်းကလေးတစ်ယောက်ကို အစ်ကိုဖြစ်သူက ခြေတော်တင်ပြီး လက်မထပ်နိုင်ပါဘူးဆိုလို့ ညီက တာဝန် လုပ်ပြီး ကောင်မလေးကို အစ်ကို့အတွက် အနစ်နာခံပြီး လက်ထပ်တာမျိုးပေါ့။ ကျွန်တော် သက်ဆက်ကို လက်ထပ် မယ်။ ဘယ့်နယ်လဲ"

"သျှမ်း"

ခွန်အား ဘယ်လိုမှ သည်းခံနိုင်စွမ်း မရှိတော့ပါ၊ သျှမ်းစကားတွေက သူ့သိက္ခာတွေကို စော်ကားလွန်းလာပြီ။

"ဘာလဲ . . . ဘာမှမဟုတ်တဲ့သိက္ခာတွေ သမာဓိ တွေကို အမွှန်းတင်ပြီး ယုံပါ . . . ယုံပါလို့ အသံကောင်းဟစ် ဖြီးမလို့လား"

"မင်း . . . လူစိတ်မရှိတဲ့ကောင်။ ကဲကွာ"

"ခွပ်"

"အ"

"သွား"

ဒေါ်ခင်လွန်းကြွင် သားကို ပြေးဆွဲလိုက်လေ၏။ သျှမ်းက ခွန်အားကို စူးစူးရဲရဲကြည့်လျက် . . .

"ကိုကိုကြီး ကျွန်တော့်အပေါ် ချစ်တာတွေ၊ မေတ္တာတွေကို ဒီနည်းနဲ့ သက်သေပြလိုက်တာပေါ့ . . . ဟုတ်လား။ ကိုကိုကြီး ထိုးပါ။ မကျေနပ်ရင် ကိုကိုကြီး ကျွန်တော့်ကို ထပ်ထိုးလိုက်ဦး။ သက်ဆက်ရဲ့ ကိုယ်ဝန်ကိစ္စကိုတော့ ကျွန်တော့်ခေါင်းကို ပုံမချနဲ့"

"ရတယ် ချွမ်း။ မင်း သက်ဆက်ကို လက်မထပ်နိုင်လည်း ရတယ်။ ငါ့နည်း ငါ့ဟန်နဲ့ ဖြေရှင်းမယ်။ အေး ငါ တစ်ခုတော့ မင်းသိအောင် ပြောခဲ့မယ်။ သက်ဆက်နဲ့ ငါ ဘယ်လိုပက်သက်မှုရှိလဲဆိုတာကို မင်း သိလာတဲ့နေ့မှာ တော့ နောင်တမရနဲ့"

ခွန်အား ရှာခန်းလှည့်ထွက်ခဲ့တော့၏။ ညီမလေး အတွက် ရင်ထဲမှာ မီးတောက်တွေက မြင့်သထက်မြင့်လာသည်။ သူဘယ်လိုလုပ်ရမလဲ။ အဆင်ပြေနိုင်မယ့် ဆုံးဖြတ်ချက်တစ်ခုတော့ ချမှဖြစ်မည်။ ဘာပဲဖြစ်ဖြစ် ခုအချိန်မှာ အရေးကြီးနေတာက ညီမလေးရဲ့ အရှက်ကိုကာကွယ်ဖို့။ သူက အစ်ကိုကြီးပဲ။ ဘာပဲဖြစ်ဖြစ် ခွန့်စားရတော့မှာပဲ။ မိုက်လိုက်တာ ညီမလေးရယ် . . .။





## အခန်း (၃၂)

"ခုန်း"

သာယာ စားပွဲကိုလက်သီးနှင့် ထိုးပစ်လိုက်၏။ ကျွန်တဲ့နေရာမှာ ဖားလိုရေငုပ်ပြီး ခန္ဓာဆိုတဲ့ သည်းခံခြင်းတရားတွေ ရင်မှာပိုက်ထားနိုင်ပေမယ့် ညီမလေးနဲ့ ပက်သက်လာရင်တော့ သာယာဆိုတာ မာန်စွယ်ထက်ကဲ့ ကျားတစ်ကောင်ပါပဲ။

"ဒီကိစ္စကို ကျွန်တော်ရှင်းမယ် ကိုကိုကြီး"

"ညီလေး"

"သာယာ"

ခွန်အားရော သရပါ ထရပ်လိုက်၏။

"မုန်းစကို မရည်ရွယ်ပါနဲ့ သာယာ။ ကိုယ်ပြောပြီးပြီပဲကွာ။ မင်းတို့ညီအစ်ကိုရဲ့ အရေးကိစ္စဟာ ကိုယ်နဲ့လည်း ဆိုင်တာပဲ။ သက်ဆက်ရဲ့ အရှက်နဲ့သိက္ခာအတွက် ကိုယ် တာဝန်ယူပါ့မယ်လို့"

"မဟုတ်တာပဲ သရရာ"

ခွန်အား သရရဲ့ မေတ္တာတရားကိုတော့ ချီးကျူးပါသည်။ သက်ဆက်ကို သရက လက်ထပ်မယ်တဲ့။ ဘယ်လို လုပ်ပြီးဖြစ်နိုင်မှာလဲ။ သူများ ခါးခုတ်ရာကို လက်ထိုးခံပြီး ဘဝတစ်ခုလုံး ပေးဆပ်ရမယ့် အနစ်နာခံခြင်းမျိုးကို ခွန်အား လက်မခံနိုင်ပါ။ သရကို နှိပ်စက်သလိုဖြစ်နေမှာပေါ့။

"ကိုသရ အဲဒီလောက်ထိ အနစ်နာခံဖို့ မလိုပါဘူး။ လူစိတ်မရှိတဲ့ ဟိုခွေးသားနဲ့ကျွန်တော် ရှင်းမှဖြစ်မယ်။ အဆင်မသင့်ရင်တော့ ဒင်းကိုသတ်ပြီးမှ ထောင်ထဲဝင်မယ်"

"ညီလေး"

သာယာ ကိုကိုကြီးလက်ကို ဖယ်ချခဲ့ပြီး ကားဆီသို့ ပြေးသွားလိုက်သည်။ ကားပေါ်သို့ရောက်တာနှင့် မောင်းထွက်သွားလိုက်ပုံက ဝူးခနဲ။ စိတ်တွေက လောကြီးနေတာ





ကြောင့် သျှမ်းအိမ်ကို ဘယ်ကနေ ဘယ်လိုရောက်သွားမှန်းပင် မသိတော့။ တံခါးတွေက အဆင်သင့်ပွင့်နေသည်မို့ သာယာတက်လာခဲ့တာ ဧည့်ခန်းဆီသို့အရောက်တွင် ခေါင်းချင်းဆိုင် တွတ်ထိုးနေသော အမျိုးသမီးကြီးနှစ်ယောက်ကို တွေ့လိုက်ရလေသည်။

"ဒီမှာဗျ"

သူ အသံပေးလိုက်တော့ အမျိုးသမီးကြီးနှစ်ယောက်က လှည့်ကြည့်လေသည်။ သူ့ကိုမြင်တာနှင့် တစ်ယောက်က ထလာပြီး . . .

"သား"

"သျှမ်းသျှမ်းတောက် ရှိလား"

"ရှိတယ် သား။ ဘာလုပ်မလို့လဲဟင်။ စိတ်လိုက်မာန်ပါတော့ မလုပ်ပါနဲ့ သားရယ်။ မာမီတို့ တိုင်ပင်နေကြပါတယ်"

ထိုစကားတွေကို မကြားဟန်ပြုကာ မျက်လုံးက သျှမ်းသျှမ်းတောက်ကို ရှာဖွေနေမိတော့၏။ လာပါပြီ သျှမ်း။ သာယာ သျှမ်းကိုမြင်လိုက်သည်နှင့် အာဃာတက ဘုံဗိမာန်အလုခံရသလို ရှူးရှူးရှားရှား ဖြစ်သွားလေ၏။ သူများအိမ် သူများပိုင်နက်ဆိုတာတွေကို သူနားမလည်။ သျှမ်းအနားသို့

ရောက်သွားပြီး သျှမ်း၏အကျီရင်ဘတ်ကို ဆွဲဆုတ်ထား လိုက်၏။

"သျှမ်းသျှမ်းတောက်ဆိုတာ မင်းလား"

သျှမ်းက ဟက်ခနဲရယ်လိုက်ကာ

"လုပ်မနေစမ်းပါနဲ့ ကိုကိုကြီးရာ။ အိုက်တင်လုပ် ပြီး သရုပ်ဆောင်ပြနေလည်း ဘယ်သူကမှ အကယ်ဒမီ မပေးဘူး။ ဘာလဲ ကိုယ်လုပ်တဲ့အမှားအတွက် တုန်လှုပ် ချောက်ချားပြီး သွေးရူးသွေးတန်းဖြစ်နေတာလား . . . ဟင်"

"ဟေ့ကောင်"

တစ်ချက်ဆောင့်ဆွဲလိုက်တာနှင့် သျှမ်းမျက်နှာ က သူနှင့်နီးစပ်လာသည်။

"ငါ့မျက်နှာကို သေသေချာချာကြည့်စမ်း။ ကိုကို ကြီးက မင်းကို သူညီမို့လို့ လက်သီးတစ်ချက်နဲ့တင် စိတ် လျှော့ပြီး လှည့်ပြန်လာပေမယ့် ငါဆိုတဲ့ကောင်ကတော့ ဘဝအဆက်ဆက်ကို မင်းကိုသတ်ရလည်း မဆန်းဘူး . . . သိလား"

"ဟင်"

ယုတ်ပါရဲ့ . . . သျှမ်း ခုမှပဲ သူ့မျက်နှာကို သေသေ ချာချာ ကြည့်မိတော့တယ်။ သူ ကိုကိုကြီးမှ မဟုတ်ပဲ။





ကိုကိုကြီးနဲ့ တော်တော်ရုပ်ချင်းတူပေမယ့် သူက ကိုကိုကြီး ထက် နုပျို၍ အသက်လည်း ငယ်ပုံရလေသည်။ ပြီးတော့ သူ့ရဲ့ ညာဘက်ထောင့်မှာက မှဲ့နက်တစ်လုံးနဲ့။

"ခင်ဗျား . . . ခင်ဗျား ဘယ်သူလဲ"

"ငါက သက်ဆက်ရဲ့ အစ်ကို။ ငါ့ညီမကိစ္စအတွက် မင်းဆီကို လာခဲ့တာ"

သျှမ်း ဘာစကားတစ်ခွန်းမှ မဆိုနိုင်အောင်ဘဲ အံ့ဩသွားရလေသည်။ သက်ဆက်ရဲ့အစ်ကိုက ဘာလို့ ကိုကိုကြီးနဲ့ ဒီလောက်ရုပ်ချင်းတူနေရတာလဲ။ သူတို့တွေ ဘယ်လိုပက်သက်မှု ရှိနေကြသလဲ။ သျှမ်းရဲ့ ဦးနှောက်ထဲ ကို အတွေးပေါင်းစုံက နှောင့်ယှက်ဝင်ရောက်လေတော့ သည်။

"မင်း . . . မင်းက ငါ့သားခွန်အား မဟုတ်ဘူးဆို တော့ ဘယ်သူလဲ"

ဒေါ်ခင်လွှန်းကြင်၏ အသံက တုန်တုန်ယင်ယင်။

"သက်ဆက်ရဲ့ အစ်ကို။ နာမည်က သာယာဖွယ်။ သာယာဖွယ်ဆိုလို့ ဆည်းလည်းသံ ကြြုသံလို့တော့ မမှတ်နဲ့။ ကျုပ်ညီမအတွက်ဆိုရင် ကျုပ်က သေမင်းခေါ်တဲ့ အုန်း မောင်းသံပဲ"

"မင်း . . . ငါ့သားနဲ့ ဘယ်လိုပက်သက်နေလဲ။ ငါ့သား ဘယ်မှာလဲ"

"ဒီမှာ အဒေါ် ကျွန်တော် အဒေါ့်မေးခွန်းတွေကို ဖြေဖို့ လာခဲ့တာမဟုတ်ဘူး။ ဒီကောင် ကျုပ်ညီမကို လက်ထပ်မှာလား။ လက်မထပ်ဘူးလားဆိုတဲ့ အဖြေကို လိုချင်လို့ လာခဲ့တာ"

သာယာဆိုတဲ့ လူရဲ့ပုံစံက တကယ်စားတော့ ဝါး တော့မယ့် ကျားတစ်ကောင်လို။ ညီမအတွက် တကယ် ခွန့်စားရဲကြတာ အစ်ကိုတွေ မောင်တွေပဲလေ။ သျှမ်း ကြောက်လို့ ငြိမ်နေတာတော့ မဟုတ်ပါဘူး။ အခြေအနေ ကို ပြန်ပြီးသုံးသပ်နေတာ။ သက်ဆက်နဲ့သူက မှားခဲ့တာ အမှန်။ ကိုကိုကြီးနှင့် မပက်သက်ဘူးဆိုရင်တော့ . . .

"ညီလေး"

"သာယာ"

ခွန်အားနှင့် သရ ရှေ့ဆင့်နောက်ဆင့်ပဲ ပြေးတက်လာကြလေ၏။

"ကိုကိုကြီး ဘာလို့လိုက်လာတာလဲ။ ဒီကိစ္စက ကျွန်တော် ရှင်းမှရမှာ။ ဒီကောင်ကို သတ်ပစ်မှ အေးမှာ"

"ကိုကိုကြီးပြောတာကို နားထောင်ပါဦး ညီလေး





ရယ်။ ပြဿနာတစ်ခုကို ခေါင်းအေးအေးနဲ့ စဉ်းစားပြီးမှ ဆုံးဖြတ်ပါ။ အရာရာမှာ စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့။ ညီလေးရော သျှမ်းပါ နှစ်ယောက်စလုံးက ကိုကိုကြီးရဲ့ ညီတွေလေ။ ညီလေးထင်တိုင်းကြဲလို့ တစ်ခုခုဖြစ်ရင် ဘယ်သူပဲဖြစ်ဖြစ် ရင်ကျိုးရမှာက ကိုကိုကြီးပဲ"

"ဟုတ်သားပဲ သာယာ။ ကိုယ့်ညီမအတွက် ဘယ်အစ်ကိုက ဒေါသမဖြစ်ဘဲ နေမှာလဲ။ သက်ဆက်အတွက် မင်း စိတ်ပူသလို ခွန်အားလည်း ပေါက်ကွဲချင်တာပေါ့။ ဒါပေမယ့် မဖြစ်သင့်တာတွေ ဖြစ်ကုန်မှာစိုးလို့ မင်းကို တားနေတာ"

"ဟင်"

ကြားလိုက်ရတဲ့ စကားကြောင့် သျှမ်း ကိုကိုကြီးကိုတစ်လှည့် သာယာဆိုသူကို တစ်လှည့်ကြည့်နေမိတော့၏။ ဘာတွေဖြစ်ကုန်ကြပြီလဲ။

"ကျွန်တော်တို့ ညီမလေးကို ဒီကောင် ပန်းကောင်းအညွန့်ချိုးလုပ်တာ ကိုကိုကြီးရဲ့။ ကျွန်တော် သူ့ကို သတ်ရမှ ကျေနပ်မယ်"

"ညီလေး"

သာယာကို ခွန်အား ဖက်ထားလိုက်သည်။ ပြဿ

နာဝေ့ ရှုပ်ထွေးနေချိန်မှာ ထိန်းချုပ်သင့်တာတွေ မရှိတော့ပေ။ အရာအားလုံးကို မေ့လျော့၍ ရင်ထဲမှာ သောကတွေကသာ ကြီးစိုးနေတော့၏။ မာမီ့ကိုလည်း သူမမြင်၊ သျှမ်းရေ့မှာ မပြောသင့်တာတွေလည်း နားမလည်တော့။ ညီမလေးအတွက်သာ ကြည့်နေရသည့်အချိန်မှ . . .

"သား"

မာမီက မျက်ရည်အဝဲသားနှင့် သူ့လက်မောင်းကိုလာ၍ ဖက်တွယ်လေမှ . . .

"မာမီ"

"သား . . . ဘယ်လိုတွေ ဖြစ်ကုန်တာလဲ သားရယ်။ ဒီကလေးနဲ့ သက်ဆက်က သားရဲ့"

မာမီ့မျက်ရည်တွေကို မြင်ရပြန်တော့ ခွန်အား ရင်နင့်ရပြန်ပြီ။ မျက်လုံးကို စုံမှိတ်ချလိုက်ရင်း ခေါင်းတစ်ချက်အညိတ်မှာ ရှိုက်သံက အင့်ခနဲ ရောထွေးလိုက်ပါသွားလေသည်။ သားကို ခွင့်လွှတ်ပါတော့ မာမီရယ်။ ခွန်အားမှာ ဖြေရှင်းပြဖို့ အင်အားမရှိတော့ဘူးဆိုတာ သိလိုက်ရ၍ သူရသူပဲဖြေရှင်းပြဖို့ ရှေ့သို့တိုးထွက်လိုက်၏။

"ဟုတ်ပါတယ် အန်တီခင်။ အန်တီ ခွန်အားကို သက်ဆက်နဲ့ လက်ထပ်ပေးဖို့ ပြောခဲ့တုန်းက ခွန်အား ဗီဗီခ





အောင် ငြင်းခဲ့တာ အဲဒီကိစ္စကြောင့်ပါ။ ဒီက သာယာဖွယ်နဲ့ အန်တီ့အိမ်မှာ ရှိနေတဲ့ သက်ဆက်ဟာ ဦးဇေလင်းမောင်နဲ့ ဒေါ်ဆောင်းတို့ရဲ့ သားနဲ့သမီးပါ"

ဒေါ်ခင်လွန်းကြင် ဒေါသ၊ မောဟတွေ ဖုံးလွှမ်းလျက် သားဖြစ်သူကို အံ့ကြိတ်၍ ကြည့်ပစ်လိုက်သည်။

"ခွန်အား"

"ဗျာ"

"မင်း ငါ့ကို ညာရက်တယ်နော်"

"မာမီ . . . သား"

"တော်တော့ . . . မင်းဘာမှမပြောနဲ့တော့။ သူတို့ကို ငါဘယ်လောက် မုန်းတယ်ဆိုတာ မင်းသိရဲ့သားနဲ့"

"မာမီ . . . သွေးဆိုတာ မခေါ်ချင်လို့သာ ရချင်ရမယ်၊ မတော်ချင်လို့မရဘူးလေ။ သူတို့က သားရဲ့ သွေးသားအရင်းအချာတွေ။ ဘယ်လိုလုပ်ပြီး သား ဥပေက္ခာပြုရက်မှာလဲ"

ဒေါ်ခင်လွန်းကြင် ကျလာသည့် မျက်ရည်တွေကိုသုတ်၍ သာယာနှင့် မျက်နှာချင်းဆိုင်လိုက်သည်။ သူမနှလုံးသားကို အစိတ်စိတ်အမွှာမွှာ ခွဲခဲ့တဲ့မိသားစု။ ဒင်းတို့လည်း အသည်းတွေရော နှလုံးတွေရော တဆစ်ဆစ်

ကိုက်ခဲသွားစေရမယ်။

"ဒီမှာသူငယ် . . . မင်းညီမကိုခေါ်ပြီး ဒီကနေ အမြန်ဆုံး ထွက်သွားပါ။ မင်းတို့မျက်နှာတွေကို ငါမမြင်ချင်ဘူး။ ရန်ကုန်မြေကို မင်းတို့ ဘယ်တော့မှ ခြေမချပါနဲ့။ ခြေချလာမယ်ဆိုရင်တော့ ငါ့ကိုအဆိုးမဆိုနဲ့။ ငါ့တူ မင်းညီမကို ဘယ်တော့မှ လက်မထပ်စေရဘူး သိလား"

"အခုဒေါ်မှာ မိခင်စိတ်မရှိဘူးလား။ ကျုပ်ညီမနေရာကနေ ခင်ဗျား နည်းနည်းလောက် ကိုယ်ချင်းစာကြည့်ပါဗျ"

"ဘာမှကိုယ်ချင်းစာစရာ မလိုဘူး။ ငါ့တူက ငါ့ကိုယ်စား လက်စားချေလိုက်တာပဲ ငါကျေနပ်တယ်၊ ငါကျေနပ်တယ် . . . ဟား . . . ဟား"

ဒေါ်ခင်လွန်းကြိုင်က ခြောက်ကပ်ကပ်နှင့်ရယ်လေသည်။ သက်ဆက်ဆိုတဲ့ ကောင်မလေးအတွက် သောကတွေ ဖိစီးပြီး သေကြစမ်း။

"ခင်ဗျားဗျာ . . . တောက်"

"ညီလေး"

ရှေ့တိုးလာသော သားယာနှင့်မာမီကြားမှာ ခွန်အားရပ်လိုက်သည်။ ပဝါတားလို့ ကမ္ဘာခြားတယ်ဆိုတာမျိုး မာမီ့ရဲ့ အာဃာတတရားတွေ ထူထူ၊ ပါးပါး ညီ၊ ညီမတွေနှင့်



ဘဝမခြားလိုတော့ပါပြီ။ အေးအေးဆေးဆေးနဲ့ ဖြေရှင်းလို့မရတော့တဲ့အတူတူ ခွန်အား အကောင်းဆုံး နည်းလမ်းတစ်ခုကိုပဲ မိုက်မိုက်မဲမဲ ရွေးချယ်ရတော့မည်။

"ကိုကိုကြီးရဲ့မျက်နှာကို ထောက်ထားပြီး ညီလေးစိတ်လျှော့လိုက်ပါနော်။ ဘယ်သူ့ဘက်က နာလို့မှ ကိုကိုကြီးပြောတာ မဟုတ်ပါဘူးကွာ။ ကိုကိုကြီးက ညီလေးတို့ဘက်မှာ အမြဲတမ်းရပ်တည်နေမှာပါ။ ကိုကိုကြီး စကားကိုယုံပါ"

"ပါးစပ်နဲ့ပြောတာ လွယ်တယ် ကိုကိုကြီးရဲ့။ ခုညီမလေးမှာ မဖုံးနိုင် မဖိနိုင်ဖြစ်နေတာကို ဘယ်လိုရှင်းမလဲ။ ရွာကိုရော ကျွန်တော်တို့ မောင်နှမ ဘယ်လိုမျက်နှာမျိုးနဲ့ ပြန်ရမှာလဲ . . . ကိုကိုကြီးရဲ့"

သားယာတို့ ငိုရပြန်ပြီ။ အုဝဲဆိုကတည်းက အမှုခံကိုကိုင်ပြီး မွေးခဲ့ရသလို နေ့ကိုနေ့ဆင့် ကျိန်စာသင့်ခံနေရတဲ့ သူတို့သားအမိတစ်တွေရဲ့ မျက်ရည်တွေဟာ မိုးစက်အဖြစ် တည်ရှိနေခဲ့ရင် လောကကြီးကို ရေလွှမ်းမိုးသွားနိုင်သည်။

"ညီလေး"

"ငှက်ကလေးကို လေးနဲ့ပစ်သူ၊ ပစ်သူကိုထား

ငုက်ကိုသွားပြီး ဝဠ်ဘက်ကြမ္မာ မလွတ်သာလို့ သေခြင်းတရားဆိုတာ မလွန်ဆန်နိုင်ပါဘူးကွာလို့ သေအံ့ဆဲဆဲငုက်ကို တရားလာချမနေပါနဲ့တော့ ကိုကိုကြီးရယ်”

“ကိုကိုကြီးပြောတာ အဲဒီသဘောမျိုး မဟုတ်ပါဘူး ညီလေးရယ်”

“ကျွန်တော်နားလည်သွားပြီ ကိုကိုကြီး။ စိတ်ချပါ။ ကျွန်တော်တို့ မောင်နှမရဲ့မျက်နှာကို ကိုကိုကြီးတို့ မိသားစု ဘယ်တော့မှ မမြင်စေရပါဘူး”

သာယာ လှည့်ထွက်သွားဖို့ပြင်လိုက်တော့ ခွန်အားက သွားခွင့်မပေးဘဲ သာယာ့ပခုံးကို ဆွဲ၍ဖက်ထားလိုက်သည်။

“ညီလေး”

လူနှစ်ယောက်၏ ပခုံးနှစ်ဖက်မှာ သောကမိုးရေစက်တွေ စိုစွတ်သွားလေ၏။

“ကိုကိုကြီးက အကြီးပါ ညီလေးရာ။ ရလာသမျှ ဒုက္ခကို ကိုကိုကြီးလည်း မျှဝေခံစားမယ်။ ဘယ်လိုအခက်အခဲတွေပဲရှိရှိ ကိုကိုကြီးက ညီလေးနဲ့ ညီမလေးရဲ့ရှေ့မှာ တာတမံလို ကာရံထားမယ့်သူပါ”

ကိုယ်ချင်းစာလိုက်ပြီး ခွန်အား သျှမ်းကို စူးစူးစိုက်





စိုက် ကြည့်ပစ်လိုက်သည်။

“တို့မိသားစုရဲ့ မျက်ရည်စက်တွေကို ခြေဆေးခွင့်ရတဲ့မင်း ပျော်နိုင်ပါစေလို့ ငါ ဆုတောင်းပေးတယ် သျှမ်း။ မင်းကို တို့အရှုံးပေးပါတယ်”

ပြောပြီးတာနှင့် ခွန်အား သာယာ လက်ကိုဆွဲကာ အိမ်ထဲမှ ပြေးထွက်သွားလေတော့သည်။

“သား”

“ကိုကိုကြီး”

ပြေးလိုက်သွားပေမယ့် မဗီတော့။ ကိုကြီးရဲ့ကားက ဝေါခနဲ မောင်းထွက်သွားလေပြီ။ ကားသော့ယူပြီး လိုက်ဖို့ ကြိုးစားပေမယ့် . . .

“အန်တီခင် . . . အန်တီခင်”

“မမ . . . မမ”

ဇာတ်ဝင်ခန်း အစမှအဆုံးအထိ စကားတစ်ခွန်းမျှ ဝင်မပြောလိုက်ရသော ဒေါ်ခင်သွန်းကြင်၏နှုတ်မှ မမ ဖြစ်သူကို စိုးရိမ်စွာခေါ်လိုက်သောအသံနှင့်အတူ . . .

## အခန်း (၃၃)

"ဒယ်ဒီ"

"သား"

အဝတ်အိတ်တွေကို လက်မှာဆွဲလျက် အခန်းဝ
မှာ ပေါ်လာသော သားၡ၏မျက်နှာကို မြင်လိုက်ရတော့
ဦးဇေလင်းမောင် ရင်ထဲမှာ ဆို့သွားလေသည်။ သူ့ အားလုံး
ကို မခင်စု ပြောပြလို့ သိပြီးပါပြီလေ။ ညီ၊ ညီမတွေနှင့်အတူ
သားကြီးက ဒီအိမ်ကနေ ထွက်ခွာသွားတော့မည်တဲ့။ အထီး
ကျန်ဆန်တဲ့ သူ့ဘဝကြီးမှာ အကျည်းတန်စွာ ရက်စက်တဲ့



ကံကြမ္မာကြောင့် သောကတွေက စီးပိုးနေသည်။

ခွန်အား ရှေ့သို့တက်လာသည်နှင့် နောက်မှ
ထက်ကြပ်မကွာ လိုက်လာသူက ဦးဇေလင်းမောင်၏ ရှေ့သို့
အရောက်တွင် ဒူးထောက်၍ ထိုင်ချလိုက်၏။

"ဖေဖေ"

မျက်ရည်တွေ ဝေ့နေသော မျက်ဝန်းအစုံနှင့်
သားယာ ဖေဖေ့ကို မော့ကြည့်လိုက်သည်။ နှစ်ပေါင်းများစွာ
ဝေးကွာနေခဲ့ရသော ဖခင်၏မျက်နှာကို ပထမဆုံး မြင်တွေ့
ခွင့်ရရခြင်းပဲ။ ခွဲခွာခြင်းဆိုတဲ့ လက်နက်၏ ပစ်ခတ်ခြင်းကို
ခံရပြန်ပြီ။

"ဖေဖေ"

"သား"

"ဖေဖေရယ်"

"သားငယ်"

ဆို့နစ်ကြေကွဲသံကြီးအဆုံးမှာ ဦးဇေလင်းမောင်
သားငယ်ကို ရင်ခွင်ထဲသို့သွင်း၍ ဖက်ထားလိုက်သည်။
ဖခင်၏မေတ္တာရင်ခွင်နှင့် ဝေးကွာနေသော သား။ သနား
စရာကောင်းလိုက်တာ။

"ညီလေး"

"ရှာ . . . ကိုကိုကြီး"

"ဒယ်ဒီကို ကန်တော့ကြရအောင်နော်"

"ဟုတ်ကဲ့ပါ . . . ကိုကိုကြီး"

ညီအစ်ကိုနှစ်ယောက် ထိုင်ကန်တော့မယ်လုပ်တော့ . . .

"သားကြီး . . . သမီးလေးရော"

"သူ . . . ဒယ်ဒီကို ဘယ်လိုရင်ဆိုင်ရဲမှာလဲ ဒယ်ဒီရယ်။ တစ်နေ့နေ့တော့ ဒယ်ဒီနဲ့သားတို့ ပြန်ဆုံကြမှာပါ"

"ဖေဖေ"

"ပြောပါ . . . သားငယ်"

"ဖေဖေ ဘာမှတွေးပြီး စိတ်ဓာတ်ကျမနေပါနဲ့နော်။ သားတို့တွေရဲ့ မျှော်လင့်ချက်ပန်းတိုင်ဟာ ဖေဖေ့ရင်ခွင်မှာ ခိုလှုံဖို့ပါ။ သားတို့ မောင်နှမတွေအတွက် ဖေဖေ့ရင်ခွင် တံခါးကြီးကို ထာဝရဖွင့်ထားနိုင်အောင် ကြိုးစားပါ"

"စိတ်ချပါ . . . သားငယ်ရယ်"

သားနှစ်ယောက်က ကန်တော့လေတော့ ဦးဇေလင်းမောင် ဆုတွေ တသီကြီးပေးပြီး ငိုလေတော့၏။ ရင်ထဲမှာ ငိုတာပါလေ။ မျက်နှာပေါ်မှာတော့ ဟန်ဆောင်အပြုံး



ကို လွှမ်းခြုံထားရလေသည်။ သားတွေ စိတ်မကောင်းဖြစ်မှာ စိုးလို့ပါ။

"သားတို့သွားမယ် ဒယ်ဒီ"

"ဖေဖေ . . . သား သွားတော့မယ်နော်"

နှုတ်ဆက်ထွက်ခွာသွားသူများနှင့် အထီးကျန်စွာကျန်ခဲ့ရသူ။ အားလုံး၏ ရင်ထဲမှာတော့ သောကတွေ၊ အလွမ်းတွေ၊ နာကျင်ကြေကွဲခြင်းတွေ ကိုယ်စီကိုယ်ငှနှင့်သာ။

ညီအစ်ကိုနှစ်ယောက် ညီမလေးရှိရာ အခန်းသို့ လာခဲ့ကြသည်။ အခန်းထဲမှာ ညီမလေးတစ်ယောက်တည်း ကျိတ်ငိုနေမှာ ကျိန်းသေသည်လေ။ သူလည်း သူ့အဖေနဲ့ ဘယ်ခွဲချင်ပါ့မလဲ။

"ဒေါက် . . . ဒေါက်"

"ညီမလေး"

"သက်ဆက် . . . ညီမလေး"

တံခါးလည်းခေါက် ပါးစပ်ကလည်း ခေါ်ပေမယ့် အထဲက ဘာတုံ့ပြန်သံမှ မကြားရပေ။ ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားကြလေ၏။

"ညီမလေး"

"ဒုန်း . . . ဒုန်း"

"ညီမလေး"

တံခါးကို တဒုန်းဒုန်းထုသော်လည်း အခြေအနေက မထူးခြား။ နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။

"ကိုကိုကြီး လုပ်ပါဦး။ အထဲမှာ ညီမလေး တစ်ခုခုဖြစ်နေပြီ ထင်တယ်"

"ဟုတ်တယ်။ တံခါးက အထဲကနေ လော့ခ်ချထားတာ။ ဘယ်လိုလုပ်ကြမလဲ ညီလေး"

"တံခါးကိုဖျက်ဝင်ရမှာပေါ့"

နှစ်ယောက်စလုံး ပျာယာခတ်ကုန်ပြီ။ သာယာသစ်သားထိုင်ခုံတစ်လုံးကို ပြေးယူပြီး တံခါးကို ရိုက်ဖွင့်လေ၏။ တဝုန်းဝုန်း ထုသံတွေကြောင့် ဦးဇေလင်းမောင်လည်း သမီးလေး တစ်ခုခုဖြစ်ပြီထင်တယ်ဟု စိုးရိမ်လျက် ဗိုးလ်ချကို သူ့ဘာသာပဲ ဘီးကို လက်နှင့်တွန်း၍ လာခဲ့သည်။

သာယာနှင့်ခွန်အား တံခါးကို ပခုံးနှင့်တိုက်ဖွင့်လိုက်တော့ တံခါးကပွင့်သွားလေလျှင် အထဲမှာမြင်လိုက်ရသော မြင်ကွင်းကြောင့် မျက်လုံးများပင် ပြာဝေသွားကြလေ၏။

"ဟင်"





"ညီမလေး"

အိပ်ဆေးပုလင်းကိုပါ မြင်လိုက်ရ၍ ခွန်အားအံ့အားသင့်သွားဆဲမှာပဲ သာယာက အိပ်ပျော်နေသောသက်ဆက်ကိုယ်လေးကို ပွေ့ထူလိုက်သည်။

"ညီမလေး . . . ညီမလေး"

ဦးဇေလင်းမောင် ဗိုးလ်ချကိုတွန်းဖို့ မေ့သွားပြီး သမီးဇောနှင့် ထရပ်လိုက်သည်။ ဒူးတွေဆီမှ နာကျင်မှုဝေဒနာတွေကို ဂရုမစိုက်နိုင်တော့။

"သမီး"

"ဝုန်း"

ခြေလှမ်းကိုစပြီး ရွှေ့လိုက်သည်နှင့် စိတ်လောမှုကြောင့် လဲကျသွားလေ၏။ ခြေထောက်ကို လက်နှင့်ဖိ၍ ကုန်းထဖို့ ထပ်ကြိုးစားပြန်သည်။

"ညီမလေး . . . ညီမလေး . . . ကိုကိုကြီး လုပ်ပါဦးဗျ။ ညီမလေးကို ကယ်ပါဦး . . ညီမလေး"

ဒီတော့မှ ခွန်အားသတိရကာ ညီမလေးအနားသို့ ပြေးသွားလိုက်၏။

"ဟာ . . . ဒီအတိုင်းကြည့်နေလို့ မဖြစ်ဘူး ညီလေး။ ဆေးရုံတင်မှဖြစ်မယ်။ ညီမလေးကို ပွေ့လာခဲ့။

ကိုကိုကြီး ကားထုတ်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ကိုကိုကြီး"

ခွန်အားက ကားပြေးထုတ်၊ သာယာက သက်ဆက်ကို ပွေ့ချီပြီးခေါ်နှင့် အလုပ်ရှုပ်သွားကြလေသည်။

"သား"

"ဖေဖေ"

"ဖေဖေပါ လိုက်မယ်သား"

အားလုံးကားပေါ်သို့ ရောက်ရှိသွားကြသည်နှင့် ကားက လျှောခနဲ ပြေးထွက်သွားလေသည်။

ဦးဇေလင်းမောင်မှာ သမီးလေး ဘာမှမဖြစ်ပါစေနဲ့ဟု ဆုတောင်းရင်း ဘုရားစာတွေကိုသာ တတွတ်တွတ် ရွတ်နေမိတော့၏။

"ကိုကိုကြီး . . . မြန်မြန်မောင်းပါဗျာ"

"အေး . . . အေးပါ ညီလေးရာ"

"စိတ်အေးအေးထားပါ သားရယ်။ အရမ်းမောင်းလို့ ဒုက္ခတွေများကုန်ပါ့မယ်"

"ခုမှတော့ မထူးပါဘူး ဖေဖေရာ။ အကုန်သေလည်း အေးတာပဲ"

"သား"





ကားလေးက ဆေးရုံရှေ့မှာ တုံ့ခနဲရပ်သွားလေ၏။ သက်ဆက်ကို ပွေ့ချီပြီး ဆေးရုံထဲသို့အဝင် အထဲမှ ပြေးထွက်လာသော သျှမ်းနှင့် ထိပ်တိုက်ဆုံမိကြတော့ သာယာအံ့ကို တင်းခနဲ ကြိတ်ထားလိုက်သည်။ ညီမလေးသာ တစ်ခုခုဖြစ်ရင်တော့ ဒီကောင်ကို သာယာသတ်မှာ။

"ကိုကိုကြီး"

"မင်း ငါ့ကိုမခေါ်နဲ့။ မင်းကြောင့် ငါ့ညီမလေး ခုလိုဖြစ်ရတာ"

"သက်ဆက်"

သျှမ်းရင်ထဲမှာ မီးတောက်သွားလေ၏။ လာရင်းကိစ္စကလည်း မပြောလို့မဖြစ်။

"ကိုကိုကြီး . . . သက်ဆက်ကိစ္စကို ကျွန်တော်တို့ဆက်စီစဉ်မယ်။ ကိုကိုကြီး ကြီးကြီးခင်ဆီကို သွားပါ"

"မာဇီ"

"ဟုတ်တယ်။ ကိုကိုကြီးဆီကို ဖုန်းဆက်တာဆက်လို့မရလို့ ကြီးကြီးခင် ဆေးရုံကိုရောက်ရောက်ချင်းပဲဆုံးသွားပြီ"

"ဘာ"

ခုမှပဲ ဒုက္ခတွေပိုများကုန်ပြီ။ သာယာနှင့် ဦးဇေ

လင်းမောင်က သွားနှင့်ပြီ။ ခွန်အားမှာသာ ဘယ်ကိုသွားရမှန်းမသိ။

"ဟိုမှာ ကိုသရရှိတယ် ကိုကိုကြီး။ ကြီးကြီးခင်ဆီကို သွားလိုက်ပါ။ သက်ဆက်နောက်ကို ကျွန်တော် လိုက်သွားမယ်"

"ဒါဆို ငါစိတ်ချနေမယ်နော်"

"စိတ်ချပါ"

ခွန်အား မာမိုဆီသို့ ပြေးခဲ့ရပြန်သည်။

"ခွန်အား"

သရက ခွန်အားကို လှမ်းခေါ်လေ၏။ မာမိုကို မြင်လိုက်ရတော့ ခွန်အား အသက်ရှူဖို့ပင် မေ့သွားလေသည်။ ကံကြမ္မာရယ် သူတို့မိသားစုအပေါ်မှာ ဒီလောက်တောင် ရက်စက်ရသလား။

"မာမီ"

ခွန်အား မာမိုဘေးမှာ အရုပ်ကြိုးပြတ် ဒူးတွေညွှတ်ကျသွားလေတော့၏။ သားကို ခွင့်လွှတ်ပါတော့ မာမီရယ်။



## အခန်း ( ၃၄ )

ယောကျ်ားချင်း ဒူးထောက်တောင်းပန်ရသည်ဆိုတာ သျှမ်းဘဝမှာ ဒါပထမဆုံးအကြိမ်ပါပဲ။ အချစ်အတွက် အသက်ပင်သေသေဆိုတဲ့ အချစ်သူရဲကောင်းထဲမှာ သျှမ်းလည်း အပါအဝင်ပဲ ဖြစ်လိမ့်မည်။ သူမှားခဲ့တဲ့ အမှားအတွက် ကိုသာယာ သူ့ကိုသတ်မယ်ဆိုရင်လည်း သတ်ပါစေတော့။

"ကျွန်တော့်အမှားအတွက် ကိုသာယာ ကျွန်တော့်ကို ကြိုက်တဲ့အပြစ်ပေးပါ။ ကျွန်တော် တောင်းပန်ပါတယ်

ဗျာ။ သက်ဆက်နဲ့ တွေ့ပါရစေ"

"တောင်းပန်တိုင်းသာ ခွင့်လွှတ်ရမယ်ဆိုရင် လောကကို လူမိုက်တွေ အုပ်စိုးခြယ်လှယ်သွားမှာပေါ့ကွ။ မင်းကို ငါ ဘယ်တော့မှ ခွင့်မလွှတ်ဘူး"

"ကိုသာယာ"

"မင်းပါးစပ်ကို ပိတ်ထား။ မင်းမျက်နှာကို ငါမမြင်ချင်ဘူး . . . ထွက်သွား"

"သားငယ်"

ဦးဇေလင်းမောင် မနေသာတော့ပါ။ ဒီပြဿနာကို သူမဝင်ပြီး ဖြေရှင်းမပေးဘူးဆိုရင် အမုန်းတရားတွေ၊ ဒေါသမာနတွေ၊ အာယာတတွေ သံသရာရှည်ဦးတော့မည်။

"သျှမ်းက သူမှားပါတယ်လို့ ဝန်ခံနေပြီပဲ သားရယ်။ ရန်သူကိုတောင် ရန်ရန်ချင်း မတုံ့နှင်းနဲ့လို့ ဆိုကြသေးတာပဲ။ သျှမ်းက သားရဲ့ရန်သူမှ မဟုတ်ဘဲကွ သားရဲ့ မုန်းစကိုတို့ပြီး ချစ်စတွေ ရှည်လိုက်စမ်းပါ"

"ဖေဖေ ပြုသူအသစ် ဖြစ်သူအဟောင်းဆိုတဲ့ စကားကိုကျတော့ ဘာလို့ ပစ်စလက်ခတ် လွှင့်ပစ်ရတာလဲ။ ကျွန်တော်က ညီမတစ်ယောက်လုံး အဆုံးရှုံးခံရတော့ မလို့ ကံကောင်းလို့။ ညီမလေးသာ တစ်ခုခုဖြစ်သွားရင်



ကျွန်တော်လည်း ဘဝပျက်ပြီ။ အဲဒါ သူ့ကြောင့်လေ"

"ညီလေး"

ခွန်အား ညီဖြစ်သူ၏ပခုံးကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။ အရင်းအဖျား ခွဲခြားမထားသော ခွန်အားရင်ထဲမှာ မိသားစုတွေအားလုံး ပြေပြေလည်လည် ရှိစေချင်ပါသည်။ ထို့ကြောင့် ရယ်သွမ်းသွေးလျက် . . .

"သူများချစ်ခြင်းကို မခွဲကောင်းဘူး ညီလေးရဲ့။ ဝဋ်လည်တတ်တယ်။ ဝဋ်လည်မှာ မကြောက်ဘူးလား"

"မကြောက်ပါဘူး ဘာလို့ကြောက်ရမှာလဲ။ ကျွန်တော်က ချစ်သူရည်းစား မထားဘူး"

"ဟုတ်လို့လား . . . စကားကို အကုန်မပြောနဲ့လေ"

သာယာ့မျက်နှာ ပြုံးတုံ့တုံ့ဖြစ်သွားလေသဖြင့် သရနှင့် မီးခဲက သျှမ်းကိုလက်ကုတ်ပြီး သက်ဆက်ဆီကို သွားရန် အချက်ပြလေသည်။ သျှမ်းက သာယာကို မျက်စပစ်ပြပြီး ကြောက်တယ်ဟု ပခုံးတွန့်ပြလေသဖြင့် သရက ငါ့တာဝန်ထားဟု တိုးတိုးကပ်ပြောလေ၏။ ပြီးတော့ သာယာအနားသို့ကပ်၍ သရက . . .

"ကိုသာရယ် . . . ကိုသာက ချစ်သူရည်းစား

မထားဘူးဆိုတော့ ထားခဲ့ဖူးတဲ့ ဒီကမီးကို ဘယ်လိုလုပ်မှာလဲဟင်။ ဒါပဲနော် . . . မီးအသည်းကို ခွဲမယ်တော့မကြံနဲ့။ ကိုသာနဲ့ ဖဝါးမကွာ အနားမှာပဲနေချင်တာ သိရဲ့လား"

သျှမ်း အခွင့်အရေးရတာနှင့် လစ်ထွက်သွားလေတော့၏။ ခွန်အားကို တစ်ချက်လှည့်ကြည့်တော့ ခွန်အားပြုံးပြလိုက်သည်။ ဦးဇေလင်းမောင်က သူ့ခြေထောက်ကို ပြန်ငုံ့ကြည့်လျက် . . .

"ဒယ်ဒီ့အတွက်ကတော့ အဆိုးထဲက အကောင်းဖြစ်သွားလို့ ဝမ်းသာစရာပဲကွာ"

"ဟုတ်တယ်နော် . . . အန်ကယ်။ မီးခဲလည်း သတင်းကြားကြားချင်းပြေးလာတာ။ ဒီရောက်လို့ အန်ကယ့်အခြေအနေကို မြင်လိုက်ရတော့ မီးစတစ်ဖက် ရေမှုတ်တစ်ဖက်ဆိုတာမျိုးဖြစ်သွားတာ။ အန်တီ့အတွက် စိတ်မကောင်းဖြစ်ရပေမယ့် အန်ကယ့်အတွက်ကတော့ ဝမ်းသာစရာပဲ"

အားလုံး စကားကောင်းနေတဲ့အချိန်မှာ သျှမ်းတစ်ယောက် သက်ဆက်ဘေးကို ရောက်နေပြီး ချစ်သူ၏ လက်ဖဝါးနုနုလေးကို ဆုပ်ကိုင်လျက် . . .

"မသေကောင်း မပျောက်ကောင်း သက်ဆက်





ရယ်။ ဘာလို့ အဲဒီလိုလုပ်ရတာလဲ။ သက်ဆက်သာ တစ်ခုခုဖြစ်ရင် ကိုယ်ရင်ကျိုးရမှာ"

သက်ဆက်က မျက်စောင်းဝင့်ကာ . . .

"သွားပါ . . . ခုမှအပိုတွေ လာပြောမနေနဲ့"

"မပိုပါဘူး သက်ဆက်ရယ်။ မသောက်ခင်က မှောက်ကျသွားတဲ့ အိပ်ဆေးပုလင်းကို ကိုယ် ကျေးဇူးတင်တယ် သိလား။ သူမှောက်မကျလို့ သက်ဆက်သာ အကုန်သောက်မိရင် ခုလိုကြည်နူးစွင့်လေးတွေကို ကိုယ်တို့ ရတော့မှာ မဟုတ်ဘူးနော်"

သက်ဆက် သူ့ကို စိတ်နာချင်ပါသည်။ ဒါပေမယ့် နာလို့မရတော့ အခက်သား။ သျှမ်းက သူမကို ငြင်းလိုက်တယ်ဆိုတော့ အရမ်းရှက်သွားမိတာ။ ဒါကြောင့် အကောင်းဆုံးလမ်းကို ရွေးချယ်လိုက်တာလေ။ တော်ပါသေးရဲ့ ဘာမှ မဖြစ်လို့။ ကြီးကြီးခင်အတွက်တော့ စိတ်မကောင်း ဖြစ်ရပါသည်။ ရောက်ရာဘဝကနေ ကြီးကြီးခင် သက်ဆက်ကို ခွင့်လွှတ်နိုင်ပါစေ။

"သက်ဆက်"

". . ."

"သက်ဆက်"

"အင် . . . ဟင်"

"ခေါ်တာမကြားဘူး ဘာဖြစ်နေတာလဲ"

"ကြီးကြီးခင်အကြောင်းတွေးမိပြီး စိတ်မကောင်းဖြစ်လို့ပါ"

"သက်ဆက်ရယ်"

သျှမ်း ချစ်သူ၏ကိုယ်လေးကို ထွေးပွေ့ထားလိုက်သည်။ ကြီးကြီးခင်အတွက် အားလုံးစိတ်မကောင်း ဖြစ်နေကြရတာပဲလေ။ သက်ဆက် ဘာမှမဖြစ်တာကိုပဲ သျှမ်း ဝမ်းသာလှပါသည်။ ဒီချစ်သူလေးကို မချစ်လို့ သူငြင်းခဲ့တာမှ မဟုတ်တာ။ ချစ်လွန်းလို့ သဝန်ကြောင်ခဲ့တာပဲလေ။ သူ့ရင်ခွင်ဟာ စပ်တလင်း မဟုတ်တော့။ နှလုံးသားချင်း စီးချင်းထိုးဖို့ ခွင့်မပြုနိုင်တော့ပါဘူး။ သူပဲ ဒူးထောက်၍ အညံ့ခံပါတော့မည်လေ။ ချစ်သူနှင့်မှ မခွဲနိုင်တာကိုး။

"နှင် ကံကောင်းတယ်နော် သျှမ်း"

"ဟင် . . . ဘာဖြစ်လို့လဲ"

"နှင့်ကို ကိုကိုကြီးနဲ့ ကိုကြီး လက်သီးနဲ့ထိုးမလွှတ်လိုက်လို့ပေါ့"

သျှမ်းက သူ့မျက်နှာကို လက်နှင့်ပြန်စမ်းရင်း ရှုံ့မဲ့မဲ့လေး လုပ်ပြပြီးမှ ရယ်လေသည်။





"နေမလားဟ . . . ကိုကိုကြီးကငါ့ကို လက်သီးနဲ့ထိုးတယ်။ ကိုကြီးက သတ်မယ်ဖြတ်မယ် တကဲကဲနဲ့။ နှင်ပြန်ကောင်းလာလို့ ငါလည်း ခုလိုကောင်းကောင်းမွန်မွန်ရှိနေတာ။ နှင်သာ တစ်ခုခုဖြစ်ရင် ငါလည်းအရိုးနဲ့အသားအိုးစားကွဲနေလောက်ပြီ"

"ကောင်းတယ် . . . နည်းတောင်နည်းသေးတယ်"

"ဒီလောက်တောင် မေတ္တာထားတယ်ပေါ့"

"နှင်နဲ့ ငါ့မေတ္တာတရားနဲ့ တန်မှမတန်တာ"

"အဲဒီလိုတော့ မပြောပါနဲ့ သက်ဆက်ရယ်။ ကိုကိုကြီးနဲ့ နှင့်ကို တစ်မျိုးထင်ပြီး ငါဘယ်လောက် ကြေကွဲခဲ့ရလဲ နှင်သိလား"

"မသိပါဘူး"

သက်ဆက်က မကျေမချမ်းပုံစံနဲ့ ဆိုလေတော့ သျှမ်း အသည်းယားသွားရ၏။ ဒါကြောင့် သက်ဆက်မျက်နှာလေးကို ငုံ့နမ်းမည်လုပ်တော့ . . .

"ဟိုး . . . ဆရာ . . . ဒါဆေးရုံနော်။ ကန်တော်ကြီးမဟုတ်ဘူး။ စည်းကမ်းရှိပါ"

သျှမ်း ဟုတ်သားပဲဟု ပတ်ဝန်းကျင်ကို မျက်လုံးကစားကြည့်တော့ ဘယ်သူမှမရှိပေ။ ကိုကိုကြီးတို့တွေ

လည်း အပြင်မှာ စကားကောင်းနေကြသဖြင့် ရုတ်တရက် ဝင်မလာနိုင်ပါဘူးဟု တွေးကာ စောစောကလို သက်ဆက် မျက်နှာနားသို့ ဒုတိယအကြိမ် တိုးကပ်လိုက်စဉ် . . .

"ဟောကောင် . . . အဲဒါ ဘာလုပ်တာလဲ။ ငါ့ညီမ လေးကို နှုတ်လွှတ်လိုက်စမ်း"

"ကိုကြီး" .

ပူးကပ်နေသော ရင်ခွင်နှစ်ခုဟာ ဝေးကွာသွားကြ လေပြီ။ သျှမ်း မျက်နှာငယ်ငယ်လေးနှင့် ထရပ်လိုက်မိ သည်။ သာယာ့မျက်လုံးတွေက အေးစက်စက်။ သွေးအေး အေးနဲ့ ရက်စက်တော့မလို။

"ကျွန်ုတော် . . . ကျွန်တော် တောင်းပန်ပါတယ် ကိုသာယာရယ်။ ကျွန်တော်တို့နှစ်ယောက်ကို မခွဲပါနဲ့။ လက်ထပ်ခွင့်ပြုပါနော်"

"ခွင့်မပြုနိုင်ဘူး။ ငါ့ညီမလေးရဲ့ဗိုက်ထဲက ကလေး ရဲ့အဖေဟာ ဘယ်တော့မှ မင်းမဖြစ်စေရဘူး"

"ဟာ . . . ကိုသာယာ အဲဒီလိုမပြောနဲ့လေ။ ကျွန် တော့်ရဲ့သွေးပဲဟာ ကလေးရဲ့အဖေဟာ ကျွန်တော်ပဲ ဖြစ်ရ မှာပေါ့"

"မဟုတ်ပါဘူးလို့ မင်းပဲ ငြင်းခဲ့တာလေ"





"အဲဒါက ကျွန်တော် သက်ဆက်ကို အထင်လွဲပြီး ပြောခဲ့တဲ့စကားပါ"

သျှမ်း အသံကမာလာပြီ။ ဒီအချိန်မှာ သူ သက် ဆက်ကို ထပ်ပြီး စိတ်ဒုက္ခမပေးချင်တော့ပါ။ ပြီးတော့ သူ ကိုယ်တိုင်လည်း သက်ဆက်နဲ့ မခွဲနိုင်ဘူး။ အချစ်အတွက် သတ္တိတွေ၊ ခွန်အားတွေ သူ့မှာအပြည့်ပါ။

"ကျွန်တော် မှားခဲ့တာကို မှားပါတယ်လို့ ဝန်ခံပြီး ပြီပဲဗျာ။ မလုံလောက်သေးဘူးလား"

"ငါ မင်းကိုမကျေနပ်ဘူး"

"ကဲ . . . မကျေနပ်ရင်လည်း ခင်ဗျား ကျွန်တော့် ကို သတ်လိုက်တော့ဗျာ"

သျှမ်း စိတ်မရှည်စွာ ပြောပစ်လိုက်၏။ သာယာက ရှုတည်တည်နှင့် သူ့ကိုကြည့်နေဆဲ။ ထိုစဉ် . . .

"ကဲပါ . . . ညီရာ လုပ်မနေစမ်းပါနဲ့။ တော်ကြာ မင်း စကားကို တကယ်ထင်ပြီး မင်းဘာမှမလုပ်ရပဲ သူ့ ကိုယ်သူ သတ်သေနေပါဦးမယ်"

"သရုပ်ဆောင်တော့ ကောင်းပါရဲ့။ တော်ကြာ အကယ်ဒမီမရဘဲ ထောင်မင်းသားဘွဲ့ထူး ခံနေရမယ်"

တစ်ယောက်တစ်ပေါက် ပြောလေတော့ သာယာ

နှီးခံနဲ့ရယ်ကာ သျှမ်း၏ပခုံးကို လာဖက်လေ၏။ သျှမ်းက မရယ်နိုင်မပြုံးနိုင်ဘဲ ရှိနေဆဲ။

"မင်း တော်တော်အတဲ့ကောင်ပဲ"

"ဟင် . . . ဒါဆို"

"အမလေး . . . သျှမ်းရယ် လမင်းသာနေတာ တောင် ဖယောင်းတိုင်ပေးပါလို့ တောင်းချင်တုန်းလား။ နှင်းကို တကယ်သာ ခွင့်မလွှတ်နိုင်ရင် ခုလိုရပ်စကား ပြောနေမယ့်အစား သာယာလက်သီးနဲ့ နှင်းပါးညားနေတာ ကြာပြီဟဲ့ သိလား"

မီးခဲ၏စကားအဆုံးမှာ သျှမ်းရင်ထဲ လှိုက်ခနဲ နွေးဖြာသွားလေသည်။ ပြီးမှ သာယာ့ပခုံးကို ပြန်ဖက်လျက်။

"ဒါမှ စပါယ်ရှယ် ရွှေယောက်ဖကွ"

သာယာ့ပါးကို ရွှတ်ခနဲ နမ်းလိုက်တော့ အားလုံးပြုံးစိစိဖြစ်ကုန်ကြလေသည်။ ခုတော့လည်း အရာအားလုံးဟာ အေးချမ်းခြင်းတို့နှင့် ပကတိ။ မချစ်တတ်သူ မရှိသမျှတော့ ပစ်မှတ်တစ်ခုဆိုတာ သစ္စာ၊ မေတ္တာရှင်တွေအတွက် မဟုတ်ပေ။ ယုတ်မာကောက်ကျစ်သော သားကောင်များကိုသာလျှင် ပစ်မှတ်ထားစ်ခုအဖြစ် ချိန်ရွယ်ခဲ့ကြသည် မဟုတ်လား။



## အခန်း (၃၅)

"ဟေ့ . . . ခွန်အား . . . ဘယ်လိုဖြစ်တာလဲကွ။ နောက်ကားက ကျော်တက်တော့မယ်။ မင်းက ဆိုကုန်နေတာလား"

ညီမလေး၏ မင်္ဂလာဆောင်အတွက် ဖိတ်စာတွေလိုက်ကမ်းတော့ သူငယ်ချင်းတွေက စကြလေသည်။ မီးခဲပါ ပါနေလို့ တော်သေးတာပေါ့၊ အဖြေရလွယ်သည်လေ၊

"ငါလည်း မကြာမီလာမည် မျှော်ပေါ့ကွာ။ ဒီမှာလေ ရယ်ဒီပဲ"

မီးခဲ၏ ပခုံးကိုဖက်၍ဆိုလေတော့ မီးခဲက မျက်စောင်းထိုးလေသည်။

"ကဲ . . . သွားလိုက်ဦးမယ် သူငယ်ချင်းရေ"

သူငယ်ချင်းကို နှုတ်ဆက်၍ ပြန်လာခဲ့တော့ ကားပေါ်မှာ မီးခဲတစ်ယောက် ငြိမ်နေသည်။ ခွန်အား သူမ မျက်နှာကို တစ်ချက်စောင်းငဲ့ကြည့်ပြီး ရင်ဖိုသွားလေ၏။ တော်တော်ချစ်စရာကောင်းတဲ့ ကောင်မလေးပဲ။ အရင်တုန်းကလို ဘောင်းဘီတကားကားနှင့် မဟုတ်တော့ဘဲ ဂါဝန်လေး ပြောင်းဝတ်လာတာ လျှာထိုးဦးထုပ်နေရာမှာ ရောင်စုံကလစ်ကလေးတွေကို အစားထိုးလာတာ ဘာကြောင့်လဲ။ ပြီးတော့ အရင်လို နှုတ်သီးကောင်းလျှာပါးလေး မဟုတ်တော့ဘဲ တည့်တည်ငြိမ်ငြိမ်လေး ဖြစ်လာတာတွေ ဒါတွေအားလုံး အချစ်၏တန်ခိုး စွမ်းအားကြောင့် ပြောင်းလဲခဲ့တာလား။

"မီးခဲ"

"ဟင်"

"ငြိမ်လှချေလား။ ဘာတွေ စိတ်ကူးယဉ်နေတာလဲ"



"ဘာကိုစိတ်ကူးယဉ်ရမှာလဲ"

"မသိဘူးလေ။ ကိုယ်နဲ့ လက်ထပ်ပြီးရင် ဘု၊ စု၊ ခရုတွေနဲ့အကြောင်း စဉ်းစားနေသလားလို့"

"စဉ်းစားစရာလား။ လက်တောင်မထပ်ရသေးဘူး။ ဘု စု ခရုတွေက ဘယ်ကပါလာတာလဲ"

"လောကဓမ္မတာအရတော့ သူတို့မပါလို့ ပွဲမပြီးဘူးလေ"

အဆင့်ကလည်း ကျော်လွန်းလိုက်တာ။ လက်ထပ်ဖို့ကိစ္စ လူကြီးတွေ သဘောတူထားလို့ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုယူပြီး ပြေပြေလည်လည် ဆက်ဆံရုံပဲ ရှိသေးတာ။ သူကလည်း ချစ်ပါတယ်လို့မဆို၊ ကိုယ်ကလည်း ချစ်ရိပ်မပြရဲ။ တောင့်လွှဲနေတဲ့ သူတို့ရဲ့ ဇာတ်လမ်းမှာ ကလေးတွေအကြောင်း ကြိုတွေးစရာလား။ စိတ်ကူးယဉ်တော့ဖြင့် သူက၊ ပြောတော့ သူများကို။

"ဟိတ် . . . ဘာကြည့်နေတာလဲ။ ကိုယ်က ချောလို့လား၊ သိပ်မကြည့်နဲ့နော်၊ တော်ကြာ စိတ်မထိန်းနိုင်ဖြစ်ပြီး ကိုယ့်ကိုဖက်နမ်းရင် ကိုယ်ကရှက်တတ်တယ်ဗျ"

"ဦးခွန်အားနော် . . . သိပ်ပေါက်ကရ ပြောတာပဲ"

မီးခဲက ထုမယ်လုပ်တော့ ခွန်အားက မျက်စိ မှိတ်ပြလေ၏။ ရွယ်တဲ့လက်က သူ့အပေါ်ကို မကျရောက်ဘဲ ပြန်လည်၍ ရုပ်သိမ်းသွားလေသည်။ မီးခဲမှာ ရှက်သွားတာကိုး။

"မီးခဲ"

"..."

"ဦးခွန်အားဆိုတဲ့ အခေါ်ကြီးကို ပြောင်းတော့ကွာ။ ကိုယ်အသည်းယားတယ်"

"ဦးခွန်အားမို့လို့ ဦးခွန်အားခေါ်တာ ဘာဖြစ်လဲ"

"မခေါ်နဲ့တော့ တစ်ခုခုပြောင်းခေါ်"

"ဘယ်လိုခေါ်ရမှာလဲ"

"ကိုကိုလို့"

"အမလေး"

ခေါ်ခိုင်းသည့် နာမ်စားကြောင့် လန့်အော်ခြင်းတော့ မဟုတ်ပါ။ ကားက ရုတ်တရက်ရပ်သွားခြင်းကြောင့် ကိုယ်က ယိုင်သွားလေသဖြင့် အော်လိုက်ခြင်းပါ။ ထိုအသံနှင့်အတူ မီးခဲ သူ့ရင်ခွင်ထဲသို့ ရောက်သွားလေသည်။

"ဘယ်လိုလဲ ခေါ်မှာလား"



"ဖယ်ပါ"

"မေးတာ ပြန်ပြောဦးလေ"

"အဲဒါတော့ ဦးခွန်အား သက်သက်ရစ်တာ"

"ဘယ်လို"

"စဉ်းစားကြည့်လေ။ ဦးခွန်အားနဲ့ မီးခဲက လူကြီးတွေ သဘောတူထားတဲ့ အဆင့်ပဲရှိတာ။ ချစ်သူတွေမှ မဟုတ်တာ။ ဘယ်လိုလုပ်ပြောင်းခေါ်ရမလဲ"

ခွန်အား ကိုယ့်နဖူးကိုယ် ရိုက်ပစ်လိုက်သည်။ ဟုတ်သားပဲ။ မီးခဲပြောတာ နည်းလမ်းကျသည်ပဲလေ။ သူတို့နှစ်ယောက်က ချစ်သူတွေမှ မဟုတ်ကြသေးတာ။

"ဒါဆို ကိုယ်တို့နှစ်ယောက် ခုပဲ ချစ်သူဖြစ်လိုက်ကြရအောင်လေ"

"ဘာလဲ ... ချစ်သူဖြစ်လိုက်ကြရအောင် ဆိုတာနဲ့ပဲ ချစ်သူဖြစ်လိုက်ကြရမှာလား"

ခွန်အား ... ဘာကို မီးခဲသဘောမကျ ဖြစ်နေပါလိမ့်ဟု စဉ်းစားလိုက်မိသည်။ အတန်ကြာအောင် စဉ်းစားမှပဲ သဘောပေါက်သွားလေတော့၏။

"ကိုယ် သိပြီ။ ကိုယ် မီးခဲကို တစ်ခါမှ ရည်းစားစကား မပြောရသေးဘူးပဲ။ ကဲ ... အခုပြောမယ်နော်"

နားထောင်"

မီးခဲမျက်နှာကို ခွန်အား တစိမ့်စိမ့်စိုက်ကြည့်လေတော့ မီးခဲ ရှက်စနိုးလေး ခေါင်းငုံ့သွားလေသည်။

"ဟော့ . . . ခေါင်းမော့ပြီး ကိုယ့်မျက်နှာကို ကြည့်လေကွာ။ အဲဒါမှ ရင်ထဲကစကားကို ပြောရမယ့်သူက အနစ်ပါမှာပေါ့"

"အာ . . . မမော့ကြည့်ပါဘူး"

"ကြည့်ပါဆို"

ပြောရင်း ခွန်အားက သူမ၏မျက်နှာလေးကို ဆွဲမော့၍ ယူလိုက်သည်။

"မီးခဲကို ကိုယ်ချစ်တယ်။ အဲဒါ စမှမဟုတ်ဘူးနော်"

"ဒါဆို ဘယ်တုန်းကလဲ"

"ဘုရားမှာဆုံခဲ့တုန်းကတည်းကလေ။ မီးခဲရဲ့အကျီကြယ်သီးလေးကိုတောင် ကိုယ်အမှတ်တရ သိမ်းထားသေးတယ်"

"ဟင် . . . တကယ်"

"အင်း . . . တကယ်ပေါ့"

မီးခဲ အပျော်ကို ဖုံးဖိနိုင်အောင် နှုတ်ခမ်းလေးကို





ကိုက်ထားလိုက်သည်။ ဒါပေမယ့် ဖုံးထားလို့ ရမတဲ့လား။ တလက်လက်တောက်နေတဲ့ မျက်ဝန်းတွေမှာ ပီတိတွေက ကပ်ငြိခင်တွယ်နေသည်လေ။ ခွန်အားက မီးခဲ၏မျက်နှာလေးကို မြတ်နိုးစွာ ငုံ့ကြည့်လျက် . . .

"ကိုယ့်ကို အဖြေပေးဦးလေ"

ဖြေဖို့ပါးစပ်တောင် မဟာနိုင်အောင် ရင်ခုန်သံတွေက ဆူညံနေသည်။ နလုံးသား နိကာလပ်ပွဲလေး ထင်ပါရဲ့ သူမကိုလိုက်ပြီး စကြ၊ နောက်ကြ၊ ရည်းစားစကားလိုက်ပြောတဲ့သူတွေကို အမြဲတမ်း လက်သီးတံဆိပ် ကပ်ပေးလိုက်တဲ့ မီးမီးခဲ၊ ခုတော့ဖြင့် မီးကိုရေနဲ့ ဖျန်းလိုက်သလို အေးစက်တည်ငြိမ် နူးညံ့သိမ်မွေ့နေ၏။

"ဟော့ . . . ဘာလို့ နှုတ်ခမ်းကိုကိုက်ထားတာလဲ။ တော်ကြာ နှုတ်ခမ်းမှာ အသီးထွက်နေလိမ့်မယ်"

"ဦးခွန်အားနော် . . . ဘာမှန်းမသိဘူး"

"သိပါတယ် . . . ချစ်တယ်လို့ပြော"

"မပြောပါဘူး"

"တကယ်မပြောဘူးလား"

"အင်း"

"ဒါဆို မှန်ရာကို ဝန်မခံတဲ့ နှုတ်ခမ်းကို အကျော်ခတ်

မယ်"

"ဘယ်လိုဖြစ်နေတာလဲ"

"ဖြေမှာလား"

မီးခဲ ခေါင်းညိတ်လိုက်တော့ ခွန်အားမျက်နှာက ရှေ့သို့တိုးလာလေသည်။ မျက်ဝန်းတံခါးမှတစ်ဆင့် ချစ်ခြင်း၏ တံခါးခေါက်သံတွေကို ကြားနေရ၏။ အချစ်ဆိုတာ စက္ကန့်ပိုင်း မိနစ်ပိုင်းလေးနဲ့တင် နှလုံးသားတွေကို အမြစ်တွယ်ကုပ်၍ ရှန်းမထွက်နိုင်အောင် ချည်နှောင်တတ်သည် ဆိုရင် ယုံကြပါ့မလား။

"မိန်းကလေးတစ်ယောက်က ယောကျာ်းလေးတစ်ယောက်ကို မချစ်ဘဲနဲ့တော့ လက်ထပ်ဖို့ လက်ခံပါ့မလား။ ဒါ ဓလေ့တာအတွက် မဟုတ်ဘူးလေ။ တစ်ဘဝတာ လက်တွဲရမှာရှင့်"

"ဒါဆို မီးခဲကိုယ့်ကို ချစ်တယ်ပေါ့"

"အင်း"

"ကိုယ်နဲ့မသိခင် လက်ထပ်ဖို့ လက်ခံတာကရော ဘယ်လိုရှင်းမလဲ"

"ဟင် . . . အဲဒီတုန်းက လက်မခံသေးပါဘူး။ လူရှင်းတွေ့ပြီး ဆွေးနွေးကြည့်ဦးမယ်လို့ပဲ ပြောထားတာကို"





"ဘာပဲဖြစ်ဖြစ်ကွာ ကိုယ်ကတော့ အရမ်းဝမ်းသာသွားပြီ"

ပြောရင်း ခွန်အား မီးခဲ၏ကိုယ်လေးကို ရင်ခွင်ထဲသို့ ဆွဲသွင်းပစ်လိုက်၏။ ချစ်သူတိုင်းကို သူတို့လိုပဲ အဆင်ပြေစေချင်ပါသည်။

"ဦးခွန်အား"

"ချစ်သူတွေ ဖြစ်သွားပြီလေ"

ခွန်အား ဘာကိုရည်ညွှန်းသည်ဆိုတာ မီးခဲ သိပါပြီ။ ဒါကြောင့် ရှက်ပြုံးလေး မနိုတရိုနှင့် ချစ်သူရင်ခွင်ကျယ်ကို ခေါင်းနှင့်တိုးဝှေ့ရင်း . . .

"မီးခဲ ဘာလို့ပုံစံပြောင်းသွားတာလဲ ကိုကိုသိလားဟင်"

"သိတာပေါ့"

"သိရင်ပြောပြ"

"ကိုကို့ကိုချစ်လို့ ကိုကိုနဲ့ လိုက်ဖက်မယ့်ပုံစံမျိုးပြောင်းတာလေ"

ထိုစကားက အမှန်အကန်ဖို့ မီးခဲ ခေါင်းညိတ်ဝန်ခံလိုက်ရှုသာ။ အချစ်သည် အရာရာကို ပြောင်းလဲစေတတ်၏။ ကောင်းနေတဲ့သူကို ဆိုးအောင်လုပ်တာလည်း

အချစ်၊ ဆိုးသူကို လိမ္မာစေအောင် ပြောင်းလဲပေးနိုင်တာလည်း ဒီအချစ်။ အနိမ့်မှ အမြင့်သို့ရောက်စေသလို အမြင့်ကို အောက်သို့ ဆွဲချနိုင်တာလည်း အချစ်ပါပဲလေ။

"ကိုကို"

"ဟင်"

"မီးခဲကို ဘယ်တော့မှမထားခဲ့ပါနဲ့နော်"

"အင်း . . . အိုမင်းလို့ သေမင်းခွဲမထားသရွေ့ ကိုကိုဟာ မီးခဲရဲ့ ထာဝရကိုကိုအဖြစ် ရှိနေမှာပါ"

"ကတိနော်"

"ကတိ . . . ကတိ"

"ကိုကို့ကို ပိုချစ်သွားပြီ . . . သိလား"

ပြောပြီး မီးခဲက ခွန်အား၏ရင်ဘတ်ကို နမ်းလိုက်လေလျှင် ခွန်အားက သူမ၏ဆံစလေးများပေါ်သို့ ပြန်လည်၍ ငုံ့ကျသွားလေ၏။ မေတ္တာနဲ့ ဆုံးခက်ထားတဲ့ အကြင်နာ ထိုပန်းလေးတွေ ကမ္ဘာမြေပြင်မှာ ထာဝရမွှေးပျံ့ခြင်းနဲ့ လန်းဆန်းနေမယ်ဆိုရင် သောကမြူနိုးတွေဟာ အချစ်လက်နင့် ပုတ်ထုတ်ခြင်းခံရပြီး သူ့အလိုလိုပဲ ပျောက်ကွယ်သွားကြလိမ့်မည်သာ။





## အခန်း ( ၃၆ )

ဂျင်း(န်) ကျောပိုးအိတ်ကို လွယ်လျက် လေးဖင့်သော ခြေလှမ်းများနှင့် ဖေဖေ့အခန်းထဲသို့ သာယာဝင်လာခဲ့သည်။ ဒီရိပ်မြုံဟာ သာယာတို့နဲ့ ဘာဆိုင်လို့လဲလေ။ ဒေါ်ခင်လွန်းကြင်ရဲ့ အရိပ်အာဝါသမှာ မနိုလှုံချင်တာက ယောကျာ်းမာန။ ပြီးတော့ မေမလည်း တစ်ယောက်တည်း အထီးကျန်နေရှာမည်။ မေမေရယ် မေမေ့ရင်ခွင်ထဲကို သားပြန်လာခဲ့ပါတော့မယ်။

"ဖေဖေ"

"သား"

သာယာအိတ်ကိုဘေးမှာချ၍ ဖေဖေ့ကို ကန်တော့လိုက်သည်။ သူ့မျက်ဝန်းမှာ မျက်ရည်ဥတွေ စို့တွဲနေသလို ဖေဖေလည်း သူ့ထက်ပို၍ ခံစားနေရမယ်ဆိုတာ သာယာသိတာပေါ့။ ဆုတောင်းမပေးနိုင်ရှာပဲ တိတ်ဆိတ်နေသော ဖေဖေ့မျက်နှာကို သာယာတဝကြီး စိုက်ကြည့်ပစ်လိုက်သည်။

"ဖေဖေ"

"..."

"သား သွားတော့မယ်နော်"

"အေးလေ . . . တားမရတော့လည်း သွားပေါ့။ အစစအရာရာ ဂရုစိုက်ပါ သား။ မင်းရဲ့အမေကိုရောပေါ့"

"စိတ်ချပါ ဖေဖေ။ သားလိမ္မာတစ်ယောက် မဖြစ်ရင်တောင် သားမိုက်တစ်ယောက် မဖြစ်စေရပါဘူး"

သားအဖနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် တွေတွေကလေး ကြည့်နေမိကြ၏။ ဖေဖေလည်း မေမေ့ကို သတိရနေတယ်ဆိုတာ သာယာတင် မဟုတ်ဘူး။ အားလုံး သိနေကြပါတယ်။ မေမေ့ဆီကို ဘာလို့မသွားတာလဲလို့





အပြစ်မတင်ရက်ပါ။ ဒေါ်ခင်လွန်းကြင် ဆုံးသွားတာ မကြာသေးသလို သက်ဆက်ရဲ့ မင်္ဂလာပွဲကလည်း ရှိသေးတယ်လေ။ ညီမလေးရဲ့ မင်္ဂလာပွဲမှာ ပါဝင်ဆင်နွှဲခွင့်မရတဲ့ အတွက် ကိုကြီးကို ခွင့်လွှတ်ပါ ညီမလေးရယ်။

"ညီလေး . . . သာယာ"

"ကိုကိုကြီး"

"ဒီလောက် အားလုံးကဝိုင်း၍ အတန်တန် တားနေတဲ့ကြားက ဘာဖြစ်လို့ မင်း တောကို ပြန်ချင်နေရတာလဲ"

သာယာမှာ ဖြေဖို့အဖြေမရှိပါ။ အားလုံးပျော်ရွှင်နေကြမယ့်အချိန်မှာ အထီးကျန်ဆန်နေတဲ့ မေမေ့အတွက် အနားမှာ အားပေးဖော်တစ်ယောက်တော့ ရှိသင့်သည်လေ။

"မင်း မပြန်ရဘူး"

"ကျွန်တော် မပြန်လို့မဖြစ်ဘူး ကိုကိုကြီး"

"ဘာဖြစ်လို့လဲ။ မနက်ဖြန်ပဲ ညီမလေးရဲ့ မင်္ဂလာပွဲလေ။ မင်း ရှိနေသင့်တယ်"

သာယာ ခေါင်းငုံ့ထားလိုက်သည်။ ခွန်အား စိတ်

မရှည်သလို သာယာ့ပခုံးပေါ်မှာ လွယ်ထားသည့် ဂျင်းလ်အိတ်ကို ဆတ်ခနဲ ဆွဲယူလိုက်၏။

"မင်း ပြန်သွားရင် ညီမလေး စိတ်ကောင်းမှာ မဟုတ်ဘူး"

ညီမလေးဆိုလို့ ညီမလေး ဘယ်ရောက်နေပါလိမ့်။

"ညီမလေးရော ကိုကိုကြီး"

"ဧည့်သည်တစ်ယောက်ကို ကားဂိတ်မှာ သွားကြိုနေရတယ်"

ကိုယ်နှင့်မဆိုင်တာမို့ ဘယ်ကလဲ၊ ဘယ်သူလဲ မေးမနေတော့ပါ။ ဖေဖေကတော့ သူပြန်မယ်ဆိုလို့ ကျိတ်ငိုနေပြီထင်ပါရဲ့။

"ကျွန်တော် ပြန်မှဖြစ်မယ်။ ကျွန်တော့်ကို ပြန်ခွင့်ပြုပါ ကိုကိုကြီးရယ်"

"သာယာ"

ညီလေးဆိုရာကနေ သာယာဟု ခေါ်လိုက်တာကြောင့် ကိုကိုကြီး ဒေါသဖြစ်နေပြီဆိုတာကို သိပေမယ့်

"ကျွန်တော့်ကို နားလည်ပေးပါ ကိုကိုကြီး။ မေမေ





တက်ခွင့်မရတဲ့ ညီမလေးရဲ့မင်္ဂလာပွဲမှာ ကျွန်တော် ပျော်မှာမဟုတ်ဘူး။ ဒါကြောင့် မေမေ့အနားမှာပဲ ကျွန်တော် မေမေ့ကို အားပေးနှစ်သိမ့်ပါရစေ"

"သူပြောတာ နည်းလမ်းကျပါတယ်လေ။ သားငယ်ကို သွားခွင့်ပြုလိုက်ပါ သားကြီးရယ်"

သာယာ ကိုကိုကြီးလက်ထဲက အိတ်ကို ပြန်ဆွဲယူလိုက်၏။ ပြီး ကိုကြီး၏မျက်နှာကိုတစ်ချက်ကြည့်ကာ . .

"ကျွန်တော့်ကို သွားခွင့်ပြုပါတော့ ကိုကိုကြီးရယ်။ ညီမလေးကိုလည်း ကျွန်တော်နှုတ်ဆက်သွားတယ်လို့"

စကားက ရှေ့သို့မဆက်နိုင်တော့။ ပင့်သက်ရှိုက်သံနှင့်အတူ မျက်ရည်ပွင့်တွေက သို့လော၊ သို့လော။ ကျောနိုင်းပြီးမှ ခြေလှမ်းတွေက ရပ်တန့်သွားပြီး ရှေ့သို့ဆက်ရန်ခက်ခဲနေသည်။ မြေမန်းကွင်းစွပ်ခံလိုက်ရတဲ့ ကြက်တူရွေးလိုတော့ မဟုတ်ပါဘူး။ ဒါပေမယ့် သူ့ခြေလှမ်းတွေကိုသံယောဇဉ် မြေမန်းကွင်း စွပ်ခံလိုက်ရသည် ထင်ပါရဲ့။ မျက်လုံးကိုမှိတ် အံကိုကြိတ်၍ အားတင်းကာ ခြေလှမ်းလေးလေးကို စလိုက်သည်တွင် . . .

"မဟာကပ်ကမ္ဘာ စကြာဝဠာတိုင်း ××× နိုင်းနှိုင်း

မရပါ ××× သူတစ်ယောက်အပေါ်သာပဲ စွဲလမ်း ××× မိတာ ××× နပျိုစဉ်မှ အိုမင်းရင့်သော်လည်းကောင်း ငို၍သော်လည်းကောင်း ××× ရှိုက်၍သော်လည်းကောင်း စောင့်မျှော်လျက်နေဆဲပါ ××× မောင်ရေးလာမဲ့ တစ္ဆန်လ္ဘာ ××× မနက်ဖြန် သို့မဟုတ် ဘယ်သော×× အခါ ×××

"မေမေ"

နှုတ်မှ ဖွဖွခေါ်မိသည်။ မမှားနိုင်ပါဘူး။ ဒါ မေမေ့ အသံမှ မေမေ့အသံအစစ်ပါ။

"မေမေ"

"ညီလေး"

ပြေးထွက်သွားဖို့ ကြိုးစားလိုက်ပေမယ့် မအောင် မြင်ခဲ့ပါ။ ခွန်အားက သာယာလက်ကို လှမ်းဆွဲ၍ ဖိအုပ်ထား လိုက်သည်။ သာယာက အံ့ဩသလို ကြည့်လေတော့ ခွန်အား ပြုံးပြုံးကြီးနှင့် ခေါင်းညိတ်ပြလေ၏။ ပြီးမှ ဖေဖေ့ကို မျက်စပစ်ပြလေသဖြင့် သာယာ သဘောပေါက်ကာ ပြုံးမိ သွားလေသည်။

"မဟာကပ်ကမ္ဘာ ကြောဝဋ္ဋာတိုင်း ××× နိုင်းနှိုင်း



မရပါ ××× သူတစ်ယောက်အပေါ်ပဲ အစွဲအလမ်းကြီးမား လှတာ ×××

သီချင်းစာသားကို ဒုတိယအကြိမ် ပြန်အကျော့မှာ ဦးဇေလင်းမောင် ဖင်ကြွသွားလေ၏။

"ဆောင်း"

မမှတ်မိစရာ အကြောင်းမရှိပါဘူး။ ဒီသီချင်းကို "ဆောင်း" မှတစ်ပါး ဘယ်သူက လာဆိုဦးမှာလဲ။ ဒီအသံနှင့် ဒီသီချင်းဟာ သူ့ရဲ့ဝိဉာဉ်နဲ့ခန္ဓာကို ပြန်လည်ပေါင်းစည်းပေး ခဲ့သည့် သီချင်းနှင့် အသံလေး။ သူ့တစ်သက် ဘယ်လိုမှ မမေ့နိုင်ခဲ့သည့်အသံ။ နှလုံးသားထဲမှာ အထပ်ထပ်စွဲငြိ ကြားယောင်ခဲ့ရသည့် အသံ။ ထိုအသံကြောင့် ငိုက်မြည်း နေသော ဦးဇေလင်းမောင်၏ နှလုံးခုန်သံတို့သည် မျက်လုံး ဖွင့်၍ နိုးထလာခဲ့တော့၏။

"တစ္ဆန်လ္ဘာ ××× မောင်ရေးမှာ ××× မေ့တပါ ရင် ပေးပါလို့ ××× မေးရမှာများတောင် ××× မရက်နိုင် ပါ ××× တကယ်သနားမညှာလှည့်စား ××× ရက်တာ သံသယတွေထား ××× ထားခဲ့မိတာ×××

"ဆောင်း"

ဦးဇေလင်းမောင်၏ ခြေထောက်တွေက ဘယ်လိုမှ ဟန်ဆောင်ထိန်းချုပ်လို့ မရတော့ပေ။ အခန်းထဲမှ ပြေးထွက်လာပြီး . . .

"ဆောင်း . . . ဆောင်း"

အသံကြားရာဘက်သို့ အပြေးရှာမိတော့သည်။

တကယ်ဆိုသော မေတ္တာ ××× သစ္စာတရားဟူသည် ကိုးကွယ်ရမှာ ပြန်ကြားပေးပါပြီကော တစ်ခါ ××× ကြယ်တွေ လတွေစုံသောညမှာ မောင်နဲ့မေ တွေ့စဉ်တုန်းက ××× ပြုံးပြုံးလေး ကတိပေးခဲ့မိတာ

"ဆောင်း . . . ဆောင်းရေ မင်းဘယ်မှာလဲ"

သီချင်းသံက ဒီဘက်ရှာတော့ ဟိုဘက်ရောက်လိုက် ဟိုဘက်ပြေးရှာတော့ ဒီဘက်ပြန်ရောက်လိုက်ဖြစ်နေတော့ ဦးဇေလင်းမောင် ချွေးတွေပျံကာ အရူးတစ်ယောက်လို ဖြစ်နေတော့၏။

နပျိုစဉ်မှ ××× အိုမင်းရင့်သော်လည်းကောင်း ငို၍သော်လည်းကောင်း ××× ရှိုက်၍ ××× ရှိုက်၍သော်လည်းကောင်း၊ ××× စောင်းမျှော်လျက်နေဆဲပါ ××× မောင်ရေးလာမဲ့ စာချွန်လွှာ ××× မနက်ဖြန် သို့မဟုတ်





ဘယ်သောအခါ ×××

"ဆောင်း . . . ဆောင်းရေ . . . ဆောင်းဘယ်မှာလဲ . . . အစ်ကိုကို မကျီစားပါနဲ့ ဆောင်းရယ်၊ မင်းဘယ်မှာပုန်းနေတာလဲ ထွက်လာခဲ့ပါတော့၊ အစ်ကိုမခံစားနိုင်တော့လို့ပါ ဆောင်းရယ်"

ဦးဇေလင်းမောင် အော်ဟစ်၍ခေါ်နေချိန်မှာ ခွန်အားနှင့် သာယာ ခြေဖွ၍ အခန်းပြင်သို့ ထွက်လာကြသည်။

"ဆောင်း . . . အစ်ကိုကို သနားပါဆောင်းရယ်။ အစ်ကိုကို အရူးမလုပ်ပါနဲ့ ဆောင်း။ မင်းဘယ်မှာလဲ"

"ဆောင်း . . . ဒီမှာပါ အစ်ကို"

"ဆောင်း"

ထွက်မဲ့ထွက်လာတော့လည်း ဦးဇေလင်းမောင်၏ ရှေ့နံရံကွယ်မှနေ ဒေါ်ဆောင်းက ပြုံးပြုံးကလေးနှင့် ထွက်လာလေသည်။

"ဆောင်း . . . ဆောင်း တကယ်ဟုတ်ပါတယ်နော်"

"တကယ်ပါ အစ်ကို။ ဆောင်းမှ ဆောင်းအစစ်ပါ။ နှင်းတွေဝေတိုင်း သခွတ်ပင်အောက်မှာ အစ်ကိုနဲ့ သခွတ်

ပန်းတွေအတူ ကောက်ခဲ့ဖူးတဲ့ တောသူမလေး ဆောင်းပါ"

"ဆောင်းရယ်"

မချိတင်ကဲ လေသံနှင့်ခေါ်ပြီးမှ ဦးဇေလင်းမောင် သတိလက်လွတ် ငယ်မူပြန်ကာ ဆောင်းကိုလွတ်ထွက်သွားမှာ စိုးသည့်အလား ပွေ့ဖက်ထားမိသည်။ ဒီအချိန်မှာ ပတ်ဝန်းကျင်ဆိုတာကို မေ့လျော့နေကြပြီ။ နှစ်ပေါင်းများစွာ ဝေးကွာနေခဲ့ရသည့် ချစ်သူနှစ်ဦး ခုမှပဲပြန်လည် ဆုံစည်းခွင့်ရကြတော့သည်။ အသက်တွေက ဘယ်လောက်ပဲကြီးကြီး အချစ်ဆိုတာ အိုမင်းဟောင်းနွမ်းသွားသည် မရှိ။ အမြဲတမ်းဆန်းသစ် နုပျိုလန်းဆန်းနေဆဲပါပဲလေ။

"လွမ်းလိုက်ရတာ ဆောင်းရယ်"

"ဆောင်းက ပိုရပါတယ်ရှင်"

"ဆောင်း"

"ရှင်"

"အစ်ကို့ကို ဘယ်တော့မှ ခွဲမသွားပါနဲ့တော့နော်"

"ဆောင်းက အစ်ကိုထားခဲ့တာကို ခံခဲ့ရသူပါ အစ်ကိုရယ်" -

"အစ်ကိုနဲ့ဆောင်း ဘယ်တော့မှ မခွဲတော့ပါဘူး





ကွာ"

အလွမ်းစကားတွေက လမ်းသလားလို့ မကုန်နိုင်။ နှစ်ပေါင်းများစွာ ကျခဲ့ရတဲ့ မျက်ရည်တွေ ဒီနေ့မှစ၍ ခန်းခြောက်ပါစေသား။ ဦးဇေလင်းမောင်က မြတ်နိုးယုယစွာပင် ချစ်ဇနီး၏ခေါင်းကို ငုံ့နမ်းလေတော့ . . .

"ဟေး . . . ဒါမှ တို့ဖေဖေကွ"

"ဖြောင်း . . . ဖြောင်း"

"ဟင်"

"ဟာ"

ဟိုဘက် ဒီဘက်မှ ထွက်လာကြသော ကလေးတွေကိုမြင်တော့ လူကြီးစုံတွဲ ရှက်သွားကြလေသည်။

"မျက်နှာတစ်ခုလုံးကိုထားပြီး ဘယ်ကိုနမ်းတာလည်း ဒယ်ဒီရာ"

ခွန်အားက အားမလို အားမရဆိုလေ၏။

"ဖေဖေ . . . အဲ . . . အန်တီ . . . အဒေါ် . . ဟာ"

ခွန်အား "ဒေါ်ဆောင်း"ကို ဘယ်လိုခေါ်ရမှန်း မသိဘဲ အယောင်ယောင်အမှားမှားဖြစ်နေသဖြင့် သာယာက

"မထူးပါဘူး ကိုကိုကြီးရာ။ ကိုကိုကြီးမှ အမေမှ

မရှိတော့တာ ကျွန်တော်တို့မေမေကလည်း ကိုကိုကြီး မေမေပဲပေါ့၊ ဟုတ်တယ်မို့လား ဒယ်ဒီ။ အဲ . . . ဖေဖေ ဟာကွာ . . . ရောကုန်ပြီ။

"ကဲပါကွာ . . . ဒီလောက်ရောကုန်တာ ရှုပ်တယ်။ အကုန်လုံး မြန်မာလိုပဲ ခေါ်ကြကွာ"

"ကိုကိုကြီး ကြားတယ်နော်"

"ကြော် . . . ဟုတ်ကဲ့ပါခင်ဗျာ"

သက်ဆက်က မေမေ့ကို လှမ်းကြည့်ကာ . . .

"မေမေ ဘယ်လိုလဲ။ ကိုကိုကြီးကို သားအဖြစ် လက်ခံလား"

"လက်ခံပါတယ် သမီးရယ်။ အားလုံးဟာ မေမေ့ သားသမီးတွေပဲပေါ့။ သမက်တွေ ချွေးမတွေနဲ့ စုမှပဲ မိသား စုရဲ့ပျော်ရွှင်စရာ အစစ်အမှန် ဘဝလေးကို ရတော့တယ်"

"ချွေးမတွေဆိုတော့ မီးပါပါလားဟင်"

သျှမ်းနှင့်သက်ဆက်၊ ခွန်အားနှင့် မီးခဲ၊ ပြီးတော့ ဦးဇေလင်းမောင်တို့ ဇနီးမောင်နှံအတွဲ ကိုယ်စီကြားမှာ အဖော်မဲ့နေသော သာယာပန်းကိုဖက်၍ သရက အရွှန်းဝင် ဖောက်စေသဖြင့် ရယ်သံတွေ ဝါးခနဲညံသွားလေသည်။

ရှုမဝ



"ညီလေး . . . အဲဒီမီးကိုတော့ ရေနဲ့ဖျန်းသတ်လို့ ရမှာမဟုတ်ဘူးနော်။ ရှူးရှူးနဲ့သာ ပန်းပစ်လိုက်"

"တို့ . . . ရွံစရာကြီး"

သက်ဆက်က အပြင်ဘက်သို့လှမ်းကြည့်ရင်း . .

"ဖေဖေ အပြင်မှာ နှင်းတွေဝေနေတယ်။ မျက်ရည် သုတ်ဖို့ လက်ကိုင်ပဝါ ယူပေးရဦးမလား"

"ရတယ် . . . သမီးရေ . . . မလိုတော့ဘူး . . . မေမေပဲ သုတ်ပေးလိုက်တော့မယ်"

သျှမ်းက ကိုကိုကြီးအနားသို့သွားကာ ဘာတွေ တိုးတိုးကပ်ပြောလိုက်သည် မသိတော့၊ ကိုကိုကြီးက ခေါင်းညိတ်ပြ၍ ရယ်လေသည်။ မီးခဲက ဘာလဲဟုသော သဘောနှင့် မေးဆတ်မေးတော့ သျှမ်းလက်ကာပြတာကို မြင်လိုက်ရ၏။ ကိုကိုကြီးက တစ်ယောက်ချင်းစီ၏ မျက်နှာ ကိုလိုက်ကြည့်ပြီး တစ်ခုခုကို အမိန့်ပေးတော့မလို ခပ်တည် တည် လုပ်ထားလေ၏။ ရွှေ့လျားနေသော အကြည့်က သာယာနှင့်သရေထံမှာ ရပ်သွားလေ၏။

"မင်းတို့နှစ်ယောက်"

"ဘာလဲ"

ရှုမဝ

"ဒေါ်ကြီးစု တောပြန်သွားတယ်။ ထမင်းချက်ဖို့ တာဝန်ယူ"

"ဟာ . . . မဟုတ်တာ"

"လျှာမရှည်နဲ့။ သွားဆိုသွား"

ခွန်အားက မျက်စိမှိတ်ပြလေသဖြင့် အားလုံး သဘောပေါက်သွားလေသည်။

"ဩော် . . . ဟုတ် . . . ဟုတ်ကဲ့"

"သျှမ်းတို့လင်မယား"

"ရှင်"

"ခင်ဗျာ"

"မင်္ဂလာဝတ်စုံ သွားရွေးကြ"

"ဟုတ်ကဲ့"

အားလုံးကို အမိန့်ပေးပြီး သူက မီးခဲပန်းကို ဖက်လိုက်ကာ . . .

"တို့ချစ်သူနှစ်ယောက်ကတော့"

"ဘာလဲ . . . ဘာလဲ"

"အဖော်ထပ်မှာ အပန်းသွားဖြေမယ်လို့"

"ဟာ"



ခွန်အား အချက်ပြလိုက်သည်နှင့် ကိုယ်စီကိုယ်င ပြေးထွက်သွားကြလေတော့၏။ ကျန်ခဲ့တာက ဦးဖေလင်းမောင်နှင့် ဒေါ်ဆောင်းတို့ နှစ်ယောက်တည်းသာ။ အချစ်တွေကို စုပုံမျိုသိပ်ခဲ့ရသော ကာလတို့ကို ကျော်လွန်ခဲ့ပါပြီလေ။ ဦးဖေလင်းမောင် ချစ်ဇနီး၏လက်ကလေးကို တွေးဆုပ်ထားလိုက်၏။

"ဆောင်း"

"ရှင် . . . အစ်ကို"

"အစ်ကို့ကို အရင်တုန်းကလိုပဲ ချစ်သေးတယ်မို့လားဟင်"

"ချစ်တာပေါ့ အစ်ကိုရယ်။ ချစ်လို့လည်း ဟိုး အဝေးကြီးကနေ ပြေးလာခဲ့ရတာပေါ့"

"အပြင်မှာ နှင်းတွေဝေနေတယ် ဆောင်း"

"ဆောင်း မငိုပါရစေနဲ့တော့ အစ်ကို။ တစ်ဆောင်းသစ်လို့ နှင်းတွေတစ်ခါဝေတိုင်း အစ်ကို့ကို သတိရလို့ ငိုခဲ့ရတာ မျက်ရည်တွေလည်း ခန်းခြောက်ကုန်ပါပြီ အစ်ကိုရယ်"

"ဆောင်းရယ်"

ကြီးမှဝက်သက်ပေါက်တယ်လို့ ပြောချင် ပြောကြပါစေတော့ ကာလများစွာ ဝေ်မှတ်တောင့်တခဲ့ရသော ချစ်ဇနီး၏ပါးပြင်လေးကို ဦးဇေလင်းမောင် ဖွဖွနမ်းရှိုက်လေတော့သည်။

"အစ်ကိုနော် . . . မကဲနဲ့။ ကလေးတွေ ချောင်းကြည့်နေလိမ့်မယ်"

"ကြည့်ပါစေကွာ . . . သူတို့ကိုယ်ချင်းစာတတ်ကြပါတယ်"

ဒုတိယ အနမ်းပွင့်လေးတွေ ခြွေချလိုက်တော့ နှစ်ဦးစလုံး၏ရင်ထဲမှာ ရင်ခုန်သံတွေက ကသောင်းကနင်းဖြစ်ကုန်ပြီး၊ ခုတော့လည်း သောကလျှပ်စီးတို့သည် မေတ္တာလေပြင်း ထန်မှုတို့ကြောင့် ရွှေ့လျားပျောက်ကွယ် ကုန်ကြပါပြီ။ အပျော်လေးတွေ စီးဝင်နေတဲ့ ဒီရိပ်မြုံမှာ အချစ်ပျိုးသူ၊ အချစ်ပန်းပွင့်သူ၊ အချစ်ရွက်နုဝေသူ ထိုထိုလူတွေရဲ့ ရင်ထဲမှာလည်း **အချစ်** . . . အချစ်များနှင့်သာ။

ပရိသတ်များကို ထာဝရလေးစားလျက်

**မိုးစက်ပွင့်**

•——ပြီး——•